www.burmeseclassic.com

# သိုး

ရှင်မတောင်သနပ်ခါးမွှေးမွှေး

ချစ်သူရဲ့ပါးမွှေးမွှေးပေါ်မှာ




GRAPHIC DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



# သို့

## ရှင်မတောင်သနပ်ခါးမွှေးမွှေး ချစ်သူရဲ့ပါးဖွေးဖွေးပေါ်မှာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်

အတွင်းဖလင်
ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး
ဗျူးစာပေ
၀၁-၈၅၀၀၆၉၆၊ ၀၉-၇၃၀၈၁၅၄၁၊ ၀၉-၅၀၃၀၁၀၆၊ ၀၉-၅၁၈၅၀၈၄

၈၉၅. ၈၃
သျှိုး
ရှင်မတောင်သနပ်ခါးမွှေးမွှေး ချစ်သူရဲ့ပါးမွှေးမွှေးပေါ်မှာ
ဗျူးစာပေ ၊ ၂၀၁၃။
၂၄၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရှင်မတောင်သနပ်ခါးမွှေးမွှေး ချစ်သူရဲ့ပါးမွှေးမွှေးပေါ်မှာ

BURMESE CLASSIC .com

## အခန်း (၁)

"ကိုကို ကော်ဖီရပါပြီ"

အသံတိုးတိုးချိုချိုလေးနှင့်အတူ ရှင်မတောင်သနပ်ခါးနံ့သင်းသင်းလေးကို သူ ရှူရှိုက်မိသည်။

မော့အကြည့်မှာ နုညက်ရှင်းသန့်သော မျက်နှာလေးပေါ်မှာ ပါးကွက်ကြားလေးတွေ ညီညာလိမ်းခြယ်ထားသော 'ရွှေမိုးညို' ကော်ဖီဘန်းလေးကို စားပွဲလေးပေါ်တင်ပေးလာ၏။

"မိုးလေး ဘာကူညီပေးရဦးမလဲ ကိုကို"

စားပွဲပေါ်က စာရင်းဖိုင်တွဲတွေကို တစ်ချက်ကြည့်ပြီး ရွှေမိုးညို မေးတော့ သူ ခေါင်းကိုခါရမ်းပြရင်း

"ရတယ် မိုးလေး ဘာမှကူစရာမရှိပါဘူး"

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မိုးလေး စာကျက်လိုက်ဦးမယ်နော် ကိုကို"

နှုတ်ခမ်းနီရဲရဲလေးတွေ လွန့်ခနဲ ပြုံးကာပြောတော့ ဖြူဖွေးသွယ်တန်းသော သွားလေးတွေ လက်ခနဲ ပေါ်သွားခဲ့သည်။ သူ ခေါင်းညိတ်ပြတော့မှ ရွှေမိုးညို အခန်းထဲက လှည့်ထွက်သွားခဲ့သည်။

ပန်းနုရောင် ဒူးဖုံးဂါဝန်အပါးလေးနှင့် ရွှေမိုးညိုအလှတွေကို သူ ငေးငေးလေးလိုက်ကြည့်မိသည်။

နက်မှောင်သော ဆံနွယ်တွေကို ဂုတ်ပိုးနောက်မှာ စုနှောင်ကာ အေးလျားချထားသည်က ခါးစပ်အထိရှည်သည်။ အနီမှိုအမြင့် အကွေ့အကောက် ကောက်ကြောင်းပြေပြစ်ကျော့ရှင်းသော ခန္ဓာကိုယ်အချိုးအဆစ်လေးတွေ အခန်းတံခါးမှာ ကွယ်ပျောက်သွားမှ သူ ပင့်သက်ရှိုက်ရင်း အကြည့်တို့ ပြန်သိမ်းဆည်းမိ၏။

ဟိုးငယ်ငယ်ကလေးထဲက သူ့မျက်စိရှေ့မှောက်မှာ ရှင်သန်ကြီးပြင်းလာခဲ့သော မိုးလေး၏အလှတွေကို သူ သတိပြုမိခဲ့တာလည်း ကြာပြီ။ ဒါပေမဲ့ ဒီကောင်မလေးကို ဘယ်တုန်းကမှ ဦးနှောက်ထဲ မထည့်ခဲ့ဘူးပါ။

အခုတော့ သူ့ရဲ့အချစ်ဆုံးသူငယ်ချင်း ပန်းတိုင်ကြောင့် မိုးလေးကို သူ အရင်ထက်ပိုတောင် သတိထားမိခဲ့ခြင်း ဖြစ်သည်။

"မာန် ရွှေမိုးညိုက တော်တော်လှလာတယ်နော်၊ တကယ်ဆံစကနေ ခြေဖျားအထိလှတယ်ဆိုတာ အဲဒီလို အလှမျိုးကွ"

ကျောင်းသားဘဝကတည်းက သူ့အိမ်ကို ဝင်ထွက်နေဖူးသော ပန်းတိုင်နှုတ်က ထိုစကားတွေ ကြားခဲ့ရပြီးနောက်ပိုင်းမှာ မိုးလေးကို





သူ သတိထားမိခဲ့တာ ဖြစ်သည်။

ပန်းတိုင် နှုတ်က ထုတ်ဖော်ချီးကျူးလောက်အောင်လည်း မိုးလေး လှပါသည်။

မကျဉ်းမကျယ် ပြေပြေလေးနှင့် လှနေသော ကကြီးပုံ နဖူးလေးနှင့် နက်မှောင်ရှည်လျားသော ဆံနွယ်တွေက လိုက်ဖက်သည်။

ထူရှည်ကော့သော မျက်တောင်နက်နက်တွေ ဝန်းခထားသည့် မျက်နက်ဝန်းလေးတွေက တမင်ဖန်တီးထားတာမဟုတ်ဘဲ ညို့ဓာတ်တို့ အပြည့်ရှိသည်။

ပြေညက်ချောမောသော ပါးပြင်နှင့် နှာတံစင်းစင်းလေးအောက်က နှုတ်ခမ်းဖူးဖူးလေးသည်လည်း အလှတစ်ပါး။

မိန်းကလေးချင်း ငေးလောက်အောင် ပြေပြစ်သည့် ခန္ဓာကိုယ်ကောက်ကြောင်းအလှတွေသည်လည်း မိုးလေး၏အရပ်အမောင်းနှင့် လိုက်ဖက်ပါသည်။

စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူကြီးတောင် ဖြစ်ခဲ့ပြီဆိုတော့ မိုးလေးအလှတွေက အလှဆုံးပွင့်နေသည့် ပန်းလေးတစ်ပွင့်ပမာ ရှိနေခဲ့တာ မဆန်းပါ။

"အလင်းဗိမာန်"ဆိုသော သူ့အာရုံထဲမှာ မှတ်မိနေဆဲ မိုးလေးပုံရိပ်လေးကိုတော့ မမေ့နိုင်သေးပါ။

ရွှေမိုးညို ဆိုသော ကောင်မလေး အိမ်ကိုရောက်လာသော ထိုနေ့လေးကို သူ ပြန်အမှတ်ရမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲမှာ ကြီးကြီး ခွံ့ကျွေးနေသော ထမင်းစားနေ ရင်း ကားဟွန်းသံနှစ်ချက် ကြားလိုက်သည်နှင့် သူ ထိုင်ခုံပေါ်က လျော ခနဲ ခုန်ဆင်းပြီး ဖြစ်နေ၏။

"ဟာ ဖေဖေနဲ့မေမေ ပြန်လာပြီထင်တယ်"

ပါးစပ်ထဲက ထမင်းတွေ ပလုပ်ပလောင်းနှင့်ပြောရင်း သ ည့်ခန်းဘက်ပြေးထွက်တော့ နောက်က ကြီးကြီးအသံက ထပ်ကြပ်မကွ လိုက်လာသေးသည်။

"ဟဲ့ သားလေး အလင်း ချော်လဲမယ်လေ ဖြည်းဖြည်း"

စိုးရိမ်တကြီး သတိပေးသည့် ကြီးကြီးကိုယ်တိုင်လည်း ထမင် ပန်းကန်ကြီး ထားရစ်ခဲ့ကာ သူ့နောက်ကပါလာတာ သိနေသည်။

ဆင်ဝင်အောက်ကို ထိုးရပ်လာသော ကားပေါ်က ဆင်းလာ သည့် ဖေဖေနှင့်မေမေတို့ကြားမှာ မြင်လိုက်ရသော ကောင်မလေးကြော ဗိမာန် မျက်လုံးတွေ အံ့ဩဝိုင်းစက်သွားခဲ့၏။

"သား ထမင်းစားနေတာလားကွ"

ဖေဖေက သူ့ကို ပြုံးပြုံးကြီးမေးရင်း အနားလျှောက်လာက ခေါင်းက ဆံပင်တွေကို ညင်သာစွာသပ်ကာ နှုတ်ဆက်သည်။

"ဟုတ်ပ့ါတော် မင်းတို့ကားသံကြားတာနဲ့ စားနေရင်း ထွက် ပြေးတော့တာ"

အနောက်က ရောက်လာသည့် ကြီးကြီး စကားကြောင့် ဖေဖေ ခေါင်းညိတ်ပြုံးရင်း သူ့ပါးပြင်ကို တစ်ချက်ငုံ့နမ်းသည်။ သူကတော ပါးစပ်ထဲက ထမင်းတွေကိုတောင် ဝါးဖို့မေ့လျော့ကာ မေမေ လက်





ထားသော ဖာဂါဝန်အဖြူလေးနှင့် ကောင်မလေးကို ငေးကြည့်နေမိ၏။

မေမေက ကောင်မလေးလက်ကို ဆွဲကာ သူ့ရှေ့အထိ ခေါ် ဆောင်လာသည်။

မျက်နှာဝိုင်းပြည့်ပြည့်လေးမှာ မျက်တောင်မွှေးရှည်ရှည်ကော့ ကော့ကြီးတွေနှင့် ဝိုင်းစက်နေသော မျက်ဝန်းတွေနှင့်ကောင်မလေးကို ဗိမာန် မျက်မှောင်လေးကျုံ့ကြည့်မိသည်။

ဒီကောင်မလေးကို သူ ချက်ချင်းမှတ်မိသည်။ ဖေဖေ မေမေ တို့နှင့်အတူ ဒီကောင်မလေးအိမ်ကို အလည်ရောက်ဖူး၏။ သူတို့အိမ်လို မဟုတ်ဘဲ ခြံကျဉ်းကျဉ်းလေးထဲမှာ ပျဉ်ထောင်အိမ်လေးသာဖြစ်သည်။

"သား ဒီညီမလေးကို မမှတ်မိဘူးလား"

မေမေက သူ့ပခုံးလေးကို ဆုပ်ကိုင်ကာ ပြုံးပြုံးလေး မေးတာမို့

"မေမေတို့သူငယ်ချင်း ဦးဦးနဲ့အန်တီရဲ့သမီးမဟုတ်လား၊ သား မှတ်မိပါတယ်"

သူ့အဖြေစကားကြောင့် ဖေဖေနှင့်မေမေ သဘောကျစွာ ရယ် နေကြတော့ သူ မကျေနပ်သလို မျက်မှောင်ကြီးကုပ်ကြည့်မိ၏။

"မေမေတို့ ဘာလို့ရယ်တာလဲ၊ သားပြောတာ မဟုတ်လို့လား"

"ဟုတ်ပါတယ် သားရဲ့၊ သားပြောပုံလေးကို သဘောကျလို့ ရယ်မိတာပါကွယ် အဟင်း ဟင်း ဒီညီမလေးနာမည်ကိုကော မှတ်မိသ လား သားလေး"

ဖေဖေ ထပ်မေးတော့ ဗိမာန်မဖြေဘဲ ပါးစပ်ထဲက ထမင်းကိုပဲ ဘာမင်ဝါးနေလိုက်သည်။ ဒီကောင်မလေးနာမည် ရွှေမိုးညို ဆိုတာ ကြား



www.burmeseclassic.com

www.burmeseclassic.com



ကသည်အာ ထူဆန်းနေလို့ မှတ်မိနေခဲ့တာပဲ။

ဒီကောင်မလေးကို ခေါ်လာပြီး ဖေဖေနဲ့မေမေ မေးခွန်းတွေ ထုတ် ရယ်နေတာကို မကျေနပ်ချင်။ ပြီးတော့ မေမေက သူ့ကိုနှုတ်ဆက် အနမ်းလေးတောင် မပေးဘဲ ကောင်မလေးလက်ကို ကိုင်ထားတာလည်း မကျေနပ်ပါ။

"မမှတ်မိဘူးလား သားလေးရဲ့"

"ဟဲ့ မင်းတို့ကလည်း ပြောမှာဖြင့် ပြောတာမဟုတ်ဘူး၊ ငါ့ သားလေးကို စိတ်မတိုတိုအောင် လုပ်နေကြတယ်"

ကြီးကြီး ကြားကမျက်စောင်းချိုကာ ဝင်ပြောတော့မှ မေမေက ရွှေမိုးညို ခေါင်းလေးကိုအသာပွတ်သပ်ရင်း

"မိုးလေးလေ သားရဲ့၊ ရွှေမိုးညို တဲ့"

"သား မှတ်မိပြီမဟုတ်လား၊ ဖေဖေတို့တောင် သမီးလေးအိမ် အလည်ရောက်ဖူးတယ်လေ"

ဖေဖေကပါ သူ့ဘေးမှာ ဒူးထောက်ထိုင်ချရင်း ပြောလာတော့ ဗိမာန်ကောင်မလေးမျက်နှာကို စူးစူးနစ်နစ် စိုက်ကြည့်ရင်း

"အစတည်းက မှတ်မိသားပဲ၊ နာမည်ကိုသာ မိုးသားနာမည် ကြီးမှည့်ထားတာ ဘာမှန်းလဲမသိဘူး"

ဗိမာန် စကားကြောင့် ကောင်မလေး မျက်တောင်လေးတွေ ပုတ်ခတ် ခေါင်းလေးငုံ့သွားသည်။ မေမေက ရွှေမိုးညို ပခုံးလေးကို ဖေးမဆုပ်ကိုင်ထားရင်း

"သမီးလေး ဖေဖေနဲ့မေမေက သမီးလေးမွေးတဲ့နေ့တုန်းက





မိုးတွေညိုမှိုင်းနေလို့ ရွှေမိုးညိုလို့ မှတ်မှတ်ရရ ပေးခဲ့တာကွဲ့ သားရဲ့"

"နေပါဦး သူလေးက ဘယ်လိုလုပ် ညည်းတို့နဲ့ပါလာတာလဲ"

ကြီးကြီး မနေနိုင်တော့ဘဲ ဝင်မေးတော့ ဖေဖေက

"မိုးလေးကို ကျွန်တော်တို့ အပြီးခေါ်လာတာ မမရေ"

"ဘာရယ်"

ကြီးကြီး မျက်ခုံးတွေပင့်တက်ကာ တအံ့တသြဖြစ်သွားခဲ့သလို ဗိမာန်စိတ်ထဲမှာလည်း ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ မေမေက ရွှေမိုးညို လက်လေးကိုဆွဲထားရင်း

"ကဲ ကဲ ညေ့ခန်းထဲမှာထိုင်ပြီး မမကို ရှင်းပြပါ့မယ်.. လာ သမီးလေး လာနော်"

မေမေ ရွှေမိုးညိုကို တွဲခေါ်ကာ အိမ်ထဲဝင်သည်။ ဖေဖေက လည်း သူ့ကိုလက်ဆွဲကာ ညေ့ခန်းဆိုဖာထိုင်ခုံဆီ လှမ်းသည်။

"မင်းတို့စကားတွေ မရှင်းဘူး၊ ဒီကလေးမလေးမှာ မိဘတွေ ရှိတော့တာ ငါသိတယ်၊ ဒါပေမဲ့ အဘိုးအဘွားနဲ့ ဦးလေးသားချင်းတွေ ကျန်ရစ်ခဲ့တယ်မဟုတ်လား"

ဆိုဖာထိုင်ခုံတွေမှာ ထိုင်မိသည်နှင့် ကြီးကြီးစိတ်မရှည်နိုင်စွာ မေးပါတော့သည်။ ဗိမာန်ကတော့ မေမေ့နံဘေးမှာ ကုပ်ကုပ်လေးထိုင်နေ သော ရွှေမိုးညိုကိုပဲ စူးစိုက်ကြည့်နေမိဆဲ။

"ဒီလို မမရဲ့၊ သမီးလေးမိဘနှစ်ပါး ဆုံးပြီးကတည်းက ဦးလေး လင်မယားနဲ့ အဘွား၊ အဘိုးတွေနဲ့ နေနေခဲ့တာလေ၊ အခု သမီးလေး အဘွားကလည်း ကျန်းမာရေးမကောင်းတော့ဘူး၊ ဦးလေးဖြစ်တဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း စီးပွားရေး သိပ်အဆင်မပြေတော့ တောကိုပြန်ပြောင်းကြတော့ ခေါ်တဲ့လေ၊ သမီးလေးရဲ့ပညာရေးနဲ့အနာဂတ်အတွက် အခု ညီမလေးတို့ တာဝန်ယူ ခေါ်ထားလိုက်တာပါ၊ မွေးစားတဲ့သဘောပေ့ါ မမရယ်''

''အမလေးတော် ကိုယ့်မှာချစ်စရာ သားလေး တစ်ယောက် ရှိနေရဲ့သားနဲ့ သူများကလေးကို နင်တို့က မွေးစားချင်သေးတယ်''

ကြီးကြီးမဲ့ကာရွဲ့ကာနှင့် အလိုမကျသလို ပြောတော့ ဖေဖေ ကြားဝင်ရှင်းပြန်သည်။

''ဒါ သူများကလေးမှ မဟုတ်တာဘဲ မမရယ်၊ ကျွန်တော်နဲ့ မေတို့ရဲ့အချစ်ဆုံးသူငယ်ချင်း ရွှေဝင်းရဲ့သမီးလေးပဲ၊ တကယ်ဆို ရွှေဝင်း ဆုံးပြီးကတည်းက သမီးလေးကို မွေးစားချင်ခဲ့တာပါ၊ မေကလည်း သမီး ရင်းလိုချစ်နေတာလေ၊ ဟုတ်တယ်မို့လား မေ''

ဖေဖေ့စကားကို မေမေက ထောက်ခံခေါင်းညိတ်ရင်း ရွှေမှုံညို ပခုံးလေးကို သိုင်းဖက်ထား၏။

''နှစ်ယောက်ကတော့ အတိုင်အဖောက်ညီနေကြတာပဲ၊ ငါ့ကို လည်း ဘာမှမတိုင်ပင်ဘဲ လုပ်လိုက်ကြတာပေ့ါ ဟုတ်လား''

''ဒီသဘောမဟုတ်ပါဘူး မမရဲ့၊ အခုလည်း မထင်မှတ်ဘဲ ဒီ အစီအစဉ် ဖြစ်သွားခဲ့တာပါ၊ သမီးလေးကို ငွေကြေးထောက်ပံ့ဖို့သွားရင်း ဒီအစီအစဉ်တွေသိလိုက်တော့ တစ်ခါတည်း ခေါ်ခဲ့တာပါ၊ အဘိုးအဘွား တွေ ဦးလေးတွေကလည်း လက်ခံကြတယ်လေ၊ ဘာပဲဖြစ်ဖြစ် ရွှေဝင်း ဆိုတာကလည်း ကျွန်တော်တို့ငယ်သူငယ်ချင်းဖြစ်သလို ကျွန်တော့် အကျိုး စီးပွားအတွက်လည်း ကူညီပေးခဲ့တဲ့သူပါ''





''ဆန်ပေးလို့ဆီရတာပါ မောင်ရဲလင်းရယ်၊ တကယ်ဆို ရွှေဝင်း အိမ်ထောင်ကျတော့ မင်းကုမ္ပဏီမှာခေါ်ပြီး အလုပ်ခန့်ခဲ့တာ သူတို့အတွက် အဆင်ပြေသေးတာပေ့ါ''

''ဒီလိုလည်း မပြောပါနဲ့ မမရယ်၊ ရွှေဝင်းက လူယုံတော်လို သစ္စာရှိရှိ တာဝန်ကျေခဲ့သူပါ''

ဖေဖေနှင့်ကြီးကြီး အတိုက်အခံ စကားစစ်ထိုးနေတော့ မေမေ ကလည်း ဖေဖေ့ဘက်က စစ်ကူသည်။

''ဟုတ်ပါတယ် မမရယ်၊ သမီးလေးခမြာ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘနှစ်ပါးစလုံး တိမ်းပါးသွားတာ သနားစရာကောင်းပါတယ်၊ ညီမတို့ သားလေးနဲ့ စာနာပြီး မွေးစားလိုက်တာပါ''

နှစ်ယောက်တစ်ယောက် အခြေအနေမှာ ကြီးကြီး ဘယ်လို အတိုက်အခံပြုလို့ မရတော့ဟု နားလည်သွားတော့ တစ်ထစ်လျော့သွား ခဲ့၏။

''ငါက မွေးစားလို့ပြောနေတာထက် ကိုယ့်သားလေးဘက်က ပြန်ကြည့်ဖို့ ပြောတာ၊ ငါ့သားလေး အလင်း စိတ်ထိခိုက်မှာစိုးလို့ ပြော နေရတာပါ''

''ဘာစိတ်ထိခိုက်စရာရှိလဲ မမရဲ့၊ သားက ချစ်စရာညီမလေး တစ်ယောက်ရလို့ ပျော်တောင်နေဦးမှာ နော် သားလေး''

ဖေဖေက သူ့ကိုပေါင်ပေါ်ဆွဲတင် ပွေ့ဖက်ထားရင်းမေးသလို မေမေကလည်း

''သား ဟောဒီက ညီမလေးနဲ့ အတူတူနေရမှာ မပျော်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ညီမလေး ရွှေမိုးညိုလေ''

ဗိမာန် ဘာပြောရမှန်းမသိ ဖြစ်နေခဲ့တာအမှန်။

မေမေ့နံဘေးမှာ သူ့ကိုမျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် လှမ်းကြည့်နေသော ကောင်မလေးကို သနားလည်းသနားသည်။ ဖေဖေတို့ပြောသလို ချစ်စရာကောင်းသော ညီမလေးရမှာလည်း ပျော်မိ၏။

ဒါပေမဲ့ ဒီအိမ်ကြီးမှာ ဖေဖေနှင့်မေမေ့ရဲ့သမီးအဖြစ်တော့ ဗိမာန် လက်မခံချင်ပါ။ ဖေဖေနဲ့မေမေရဲ့အချစ်တွေ ခွဲဝေယူသွားမှာစိုးရိမ်သည်။

ဗိမာန်ဘဝမှာ ဖေဖေ မေမေနှင့်ကြီးကြီးတို့ရဲ့အချစ်တွေကို ပြည့်ဝစွာ ပိုင်ဆိုင်နေခဲ့ရ၏။ ရွှေမိုးညိုဆိုသော ကောင်မလေးက လုယူသွားတော့မှာလား။

အခုပဲကြည့် မေမေ့အနားမှာ ဒီကောင်မလေး ပူးပူးကပ်ကပ်ရှိနေခဲ့ပြီ။

''သား ဘာတွေစဉ်းစားနေတာလဲ မေမေမေးတာ ဖြေဦးလေ''

ဗိမာန် ဘာပြောရမှန်းမသိပါ။ ဇာဂါဝန်အဖြူလေးနှင့် ရွှေမိုးညိုဆိုသည့် ကောင်မလေးကိုလည်း သနားသည်။ ပြီးတော့ မေမေ့အနားမှာ ထိုင်နေတာကိုလည်း မနာလိုဝန်တို ဖြစ်နေမိသည်။

နောက်ဆုံးတော့ ဖေဖေ့အနားက ဗိမာန် ထွက်ခဲ့လိုက်ပါသည်။ ဖေဖေနှင့်မေမေ ဘယ်လိုထင်သွားသည်မသိ ကြီးကြီးအသံကိုတော့ ကြားလိုက်ရပါသေးသည်။

''ဟော အဲဒါ မကြိုက်ဘူးဆိုတဲ့သဘောဟဲ့''





ထမင်းစားခန်းထဲ ပြန်ရောက်ခဲ့ကာ စားပွဲရှေ့မှာဝင်ထိုင်လိုက်သော်လည်း ထမင်းစားချင်စိတ်လည်း မရှိတော့ပါ။

ခဏကြာတော့ ဖေဖေ ရောက်လာကာ သူ့နံဘေးက ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လာ၏။

''သား ဖေဖေတို့ကို စိတ်ဆိုးသွားတာလားဟင်''

''ဟင့်အင်း မဆိုးပါဘူး ဖေဖေ''

''ဒါဆို ဘာဖြစ်လို့လဲ၊ ချစ်စရာကောင်းတဲ့ ညီမလေးက ဖေဖေတို့အိမ်မှာလာနေမှာ သား မကြိုက်လို့လား''

ဖေဖေက သူ့နဖူးပေါ်က ဆံပင်တွေကို အသာလေးပွတ်သပ်ပေးနေရင်းမေးတော့ သူ ဖေဖေ့မျက်နှာကိုမော့ကြည့်ရင်း

''ဖေဖေမေမေတို့ကကော သားထက် သူ့ကိုပိုချစ်သွားကြမှာလားဟင်''

သူ့စကားကြောင့် ဖေဖေ သဘောကျသလို ဟက်ခနဲ ရယ်မောရင်း သူ့ကိုပွေ့ချီကာပေါင်ပေါ်မှာ ထိုင်စေ၏။

''သားကို ဖေဖေကော မေမေကော သိပ်ချစ်တာ သားသိတာပဲလေ၊ သမီးလေးရောက်လာလို့လည်း အချစ်တွေလျော့မသွားပါဘူးကွယ်၊ သားလို ဖေဖေ မေမေ မရှိတော့တဲ့သမီးလေး ရွှေမိုးညိုကို ဖေဖေတို့နဲ့အတူ သားက သနားစေချင်၊ ချစ်စေချင်တာပါ။ သားအတွက် ညီမလေးတစ်ယောက်ရတာ သား ဝမ်းသာရမှာပေါ့''

ဖေဖေ့စကားကို ဗိမာန် ခေါင်းညိတ်လက်ခံမိပါသည်။ ဘာပဲဖြစ်ဖြစ် ရွှေမိုးညိုဆိုသော ကောင်မလေး ရောက်လာတာ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆော့ရတာကောင်းမှာ သေချာသည်။

ခြံထဲမှာ အဖော်အပေါင်းမရှိပါဘဲ ခြံစောင့်ဘဘနှင့် ကြီးကြီးတို့ မကြီးတော်တို့နှင့်ကစားရတာ ပျင်းစရာကောင်းသည်။

ရွှေမိုးညို ဆိုသော မိုးလေးကတော့ သူနဲ့အတူတူ ကစားဖော် ဖြစ်ချည်ထင်ပါရဲ့။

■ ■ ■



## အခန်း (၂)

ဖေဖေ့ရဲ့စကားကြောင့်ပဲ ရွှေမိုးညိုလေးအပေါ် စာနာသနားစိတ်လေး ဖြစ်တည်ခဲ့ရကာ ညီမလေးတစ်ယောက်အဖြစ် သူ လက်ခံခဲ့မိ၏။

သူ့ထက် လေးနှစ်ကျော်ငယ်သည့် ရွှေမိုးညိုလေးက နောင်နှစ်မှာ ကျောင်းစတက်ရမှာဖြစ်သည်။ ဖေဖေနှင့်မေမေတို့က မူကြိုဆရာမတစ်ယောက်ခေါ်ကာ အိမ်မှာပဲ စာသင်ပေးသည်။

သုံးတန်းကျောင်းသား ဗိမာန် ကျောင်းကပြန်ရောက်ချိန်တွေမှာ ရွှေမိုးညိုလေးက ခြံဝက စောင့်ကြိုနေတတ်သည်။

"ဟေး ကိုကို ပြန်လာပြီ၊ ကိုကိုပြန်လာပြီ"

ခြံထဲဝင်လာသော ကားလေးအနောက်က အသံစာစာလေးနှင့် အော်ဟစ်ကာ ကြိုဆိုတတ်သော ရွှေမိုးညိုကို ဗိမာန်လည်း ခင်တွယ်သံယောဇဉ်ဖြစ်မိတာ အမှန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးလေး ကိုကို့ကို စောင့်နေတာလား"

"ဟုတ်ကဲ့ ကိုကို၊ ကိုကိုနဲ့ကစားကြမယ်လေ"

"မိုးလေး စာတွေသင်ပြီးပြီလား၊ ဆရာမက အိမ်စာမပေးခဲ့ဘူးလား"

"အေဘီစီဒီ တစ်ပုဒ်ရေးပြီးပါပြီ ကိုကိုရဲ့၊ ညကျမှ ကကြီးခကွေး နှစ်ပုဒ်ရေးမယ်လေ၊ အခု ကိုကိုနဲ့ကစားဦးမယ်"

"ဒါဆို ခဏလေးစောင့်နော်၊ ညီမလေး ကိုကို အဝတ်အစား သွားလဲလိုက်ဦးမယ်"

ခေါင်းလေးညိတ်ပြုံးပြနေသော မိုးလေးအနီးက ပြေးထွက်ကာ ဗိမာန် အိမ်ထဲဝင်ခဲ့တော့ ကြီးကြီးနှင့် ရင်ဆိုင်တိုးမိမတတ်။

"ဟဲ့ ဟဲ့ အို သားလေးရယ် ဘာလို့ ပြေးလာရတာလဲ၊ ချော် ချက်လဲမှဖြင့်ကွယ်"

"ညီမလေးနဲ့ ကစားမလို့ ကြီးကြီးရဲ့"

"ဘာရယ် မိညိုနဲ့ဟုတ်လား"

ရွှေမိုးညိုကို ကြီးကြီးက မိညိုဟုပဲခေါ်သည်၊ ဖေဖေနှင့်မေမေက သမီးလေး မိုးလေးဟု နှုတ်ကမချတမ်း ခေါ်တတ်ကာ သူ့ကိုလည်း ညီမလေး မိုးလေးဟုပဲ ခေါ်စေခဲ့သည်။

မိုးလေးကလည်း မေမေတို့ သင်ထားသည့်အတိုင်း သူ့ကို ကိုကိုဟုပဲ ခေါ်သည်။

"သား ဘာလို့ အဲဒီကောင်မလေးနဲ့ ကစားရမှာလဲ၊ မိမော်တို့ ဘဘကြီးတို့နဲ့ပဲ ကစားပေါ့"





"ဟာ ကြီးကြီးကလည်း ဘဘကြီးတို့နဲ့ မကစားချင်ပါဘူး ပျင်းစရာကြီး"

"ဒါဆို ကြီးကြီးနဲ့ ကစားမယ်လေ ဟုတ်လား"

"ကြီးကြီးက သားလိုမှ မပြေးနိုင်တာ၊ မိုးလေးနဲ့ပဲ ကစားမလို့ ရော့ ကျောပိုးအိတ်ယူထားလိုက် ကြီးကြီး"

ကြီးကြီးလက်ထဲ ကျောပိုးအိတ်ထိုးထည့်ခဲ့ကာ ဗိမာန်အခန်းထဲ ဝင် အဝတ်အစားတွေ လဲလိုက်သည်။ ပြီးတော့ ခြံထဲပြေးဆင်းခဲ့ကာ မိုးလေးစောင့်နေသည့်အနား ရောက်ခဲ့သည်။

"စိန်ပြေးတမ်း ကစားရအောင် မိုးလေး"

"ကစားမယ် ကိုကို၊ ကိုကိုပြေးလေ မိုးလေး လိုက်မယ်"

"ဟုတ်ပြီ မိအောင်လိုက်ပေတော့ ပြေးပြီ"

ခြံထဲကို ဗိမာန်ပတ်ပြေးတော့ မိုးလေးက နောက်ကမီအောင် ပြေးလိုက်သည်။ သူ့ခြေလှမ်းတွေကို မိုးလေး လိုက်မမီနိုင်ပေမယ့် ဘဘတို့ ကြီးကြီးတို့ထက် မိုးလေးက ပိုပြေးနိုင်သည်။

သူ့ကို မမီမချင်း မရပ်မနား ပြေးလိုက်နေသည့် မိုးလေးကို သနားလာမှပဲ သူ အပြေးရပ်ကာ အမိခံလိုက်၏။

"ဟေး ကိုကို့ကိုမိပြီ၊ ကိုကို လိုက်ရမယ့်အလှည့်နော်"

"အင်း လိုက်ပေးမှာပေါ့ မိုးလေး ပြေးနော်"

ဂါဝန်ပွယောင်းယောင်းလေးမကာ ပြေးဖို့ဟန်ပြင်နေတုန်းမှာပဲ ခြံထဲဆင်းလာသည့် ကြီးကြီးအော်သံက မိုးလေး ခြေလှမ်းတွေကို တန့်ခနဲ ရပ်သွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ လာတော့ ရေချိုးရအောင်"

"ဟာ ကြီးကြီးကလည်း ဒီမှာ သားလိုက်ရမယ့်အလှည့်မို့ လိုက်ပေးလိုက်ဦးမယ်"

"တော်ပြီ တော်ပြီ လာတော့ ချွေးတလုံးလုံးနဲ့ ပတ်ပြေးနေတာ ချွေးသိပ်ရင် အသားတွေပွန်းပဲ့ကုန်မယ်၊ ဟဲ့ မိညို လာစမ်း လာစမ်း"

ကြီးကြီးခေါ်တော့ မိုးလေး တွန့်ဆုတ်ဆုတ်နှင့် ကြီးကြီးအနားကို လျှောက်သွားခဲ့ကာ မဝံ့မရဲလေး ရပ်နေ၏။

"ကြည့်စမ်း အဝတ်အစားအကောင်းတွေဝတ်ပြီး ပေကျံအောင် ကစားနေတယ်ပေါ့လေ ဟုတ်လား"

"ဟို မေမေ ဝတ်ခိုင်းလို့ပါ ကြီးကြီး"

ကြီးကြီးမျက်နှာမဲ့သွားခဲ့သည်။ မေမေ့ကို မိုးလေးက မေမေဟု ခေါ်ဝေါ်တာကို ကြီးကြီး နှစ်မြို့ပုံမရတာ ထင်ရှားလာသည်။

"ခင်မြတ်မေတို့ကတော့ တန်ရာတန်ရာ မလုပ်ဘူး၊ ပစားပေး လွန်းတယ် ဟဲ့ မိညို ညည်း ကြပ်ကြပ်သတိထား သွား ရေမိုးချိုး ကိုယ့်အဝတ်အစား ကိုယ်လျှော်နော်"

"ဟုတ်ကဲ့ရှင့်"

"အေး ပါးစပ်က ဟုတ်ကဲ့လုပ်ပြီး ငါ့စကားနားမထောင်လို့က တော့ နာမယ်မှတ် သွား"

အိမ်ပေါ် စရောက်လာကတည်းက မိုးလေးအပေါ် ကြည်ဖြူ စိတ် အလျဉ်းမရှိသော ကြီးကြီးကတော့ မိုးလေးကို လုံးဝပစားမပေးဘဲ ဆက်ဆံတတ်သည်။





အခုလည်း မိုးလေး ထွက်သွားသည်နှင့် သူ့ကိုကြီးကြီးက စကားတွေ ရေပက်မဝင်အောင် ခြွေပါတော့သည်။

"သား အဲဒီကောင်မလေးနဲ့ ဘယ်တော့မှ ရင်းရင်းနှီးနှီးမနေနဲ့ မဆက်ဆံနဲ့ သိလား၊ ရွှေမိုးညိုဆိုတာ သားနဲ့ဘာမှ သွေးသားမတော်စပ် တဲ့သူစိမ်းပဲ၊ သားမိဘတွေက စာနာသနားလို့ မွေးစားစောင့်ရှောက်တယ် ဆိုပေမယ့် သားလေးနဲ့ မောင်နှမအရင်းအချာမဟုတ်ဘူး။ ဒီတော့သား သူနဲ့ကစားစရာမလိုဘူး၊ ရင်းရင်းနှီးနှီး နေစရာအကြောင်းမရှိဘူး။ ကြီးကြီး ပြောတာ သဘောပေါက်လား သား"

ကြီးကြီးစကားတွေကို သူ နားလည်ဖို့ခက်ခဲနေခဲ့တာအမှန်ပဲ ဖြစ်သည်။ မိုးလေးကို ဖေဖေနှင့်မေမေက ချစ်သည်။ မိုးလေးက သူ့ရဲ့ ညီမလေးဟုပြောသည်။

ဒါပေမဲ့ ကြီးကြီးရဲ့စကားတွေကတော့ ဖေဖေတို့နှင့်ဆန့်ကျင် ဘက်တွေပဲ ဖြစ်နေသည်။

"ကြီးကြီး မိုးလေးက သားရဲ့မွေးစားညီမလေးလေ၊ သူ့မှာ အဖေနဲ့အမေလည်း မရှိတော့ဘူး၊ ပြီးတော့ မိုးလေးက သားကို အရမ်း ခင် အရမ်းချစ်တာ ကြီးကြီးရဲ့"

ဗိမာန် စကားကြောင့် ကြီးကြီး မျက်နှာကိုမဲ့ကာ ခေါင်းကိုခါရမ်း သည်။ ပြီးမှ သူ့ပခုံးကိုဆုပ်ကိုင်ထားရင်း

"ဒီမှာ သား၊ ကြီးကြီးပြောတာ သေချာနားထောင်၊ အဲဒီ မိုးညိုက သားလေးရဲ့ဖေဖေနဲ့မေမေဆီက အချစ်တွေကို လုယူမယ့် မိန်း ကလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးစကားကြောင့် သူ ချောက်ချား တုန်လှုပ်သွားခဲ့ရသည်။ ကြီးကြီးမျက်ဝန်းတွေက သူ့ကိုစိုက်ကြည့်နေရင်း ဆက်ပြောသည်။

"သားလေး ဖေဖေ မေမေ ပိုင်ဆိုင်တဲ့ချမ်းသာမှုတွေကို မိညို က ရယလောက် သိမ်းပိုက်သွားမှာ၊ အခုတောင် သားမေမေက မိညို လေးမှ မိညိုဖြစ်နေတာ သားအသိပဲ၊ ဒီကောင်မလေးကို သား အရော တဝင်မနေနဲ့၊ ကြီးကြီး စကားကိုနားထောင်"

သူ ကယောင်ကတမ်းနှင့် ခေါင်းညိတ်ပြမိသည်။ ကြီးကြီးပြော သလို ဖေဖေနှင့်မေမေ့ဆီက အချစ်တွေကို မိုးလေး သိမ်းပိုက်သွားမှာ လား။ လုယူသွားမှာလား။

ဒါကိုတော့ သူ ကြောက်ပါသည်။ ဖေဖေနှင့်မေမေရဲ့ အချစ်ဆုံး ဆိုတာ သူပဲဖြစ်ချင်သည်။ ကြီးကြီးကော တစ်အိမ်လုံးရဲ့ ဂရုစိုက်မှုတွေကို သူပဲပိုင်ဆိုင်ချင်သည်။

ရွှေမိုးညိုကိုတော့ သူ သနားပါသည်။ ဒါပေမဲ့ ဖေဖေနဲ့မေမေ တို့အချစ်တွေကိုတော့ မပေးနိုင်။

ကြီးကြီးပြောမှပဲ မိုးလေးဆိုသော ရွှေမိုးညိုကို သူ မုန်းတီးချင် လာ၏။

ရွှေမိုးညိုဆိုတာ ကြီးကြီးပြောသလို သူ့သွေးသားညီမလေး အရင်းမှမဟုတ်တာဘဲ။

ဒီကောင်မလေးကိုတော့ သူ မသနားမိအောင် ကြိုးစားရမည်။ ကြီးကြီး စကားတွေက သိပ်ကိုမှန်လွန်းသည်။

■ ■ ■



## အခန်း (၃)

ကြီးကြီး စကားတွေနောက်ပိုင်းမှာ မိုးလေးဆိုသော ကောင်မ လေးကို သူ အရေးမပေး ဂရုမစိုက်မိအောင် နေဖြစ်ခဲ့သည်။

"ကိုကို မိုးလေးတို့ ကစားကြမယ်လေ"

"နင့်ဘာသာ ကစားစမ်းပါ၊ ငါ စာကျက်စရာရှိသေးတယ်"

"ကိုကို စာကျက်ပြီးရင် ကစားကြမယ်နော်"

"ဟဲ့ မိညို လာစမ်း"

အနားရောက်လာသော ကြီးကြီးအသံကိုကြားတော့ မိုးလေး ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားရှာသည်။

"ရှင် ကြီးကြီး"

"သားလေး မကစားချင်ဘဲ ညည်းက ဘာလို့ ဖွတ်ခေါ်နေရတာ လဲဟင်၊ အဲဒီလောက်အထိ ကစားမက်နေတာ မဟုတ်တော့ဘူး ညည်း



www.burmeseclassic.com

www.burmeseclassic.com



ရေးရမှာတဲ့စာတွေ ရေးပြီးပြီလား ပြောစမ်း''

''ဟုတ် ဟုတ်ကဲ့ ရေးပြီးပါပြီ ကြီးကြီး''

''ဒြော် အဲဒီလောက်အထိ အချိန်တွေ ပိုနေတယ်ပေါ့လေ၊ လာစမ်း ညှော်ခန်းကို ကြမ်းတိုက်ရမယ်''

ဖေဖေနှင့်မေမေတို့ အိမ်မှာမရှိသည့်အချိန်တွေမှာ မိုးလေးကို ကြီးကြီးက ဘယ်တော့မှ အခွင့်မပေးတတ်ပါ။ အခုလည်း မိုးလေးကို ခပ်ကြမ်းကြမ်းဆွဲကာ ညှော်ခန်းထဲခေါ်သွားခဲ့သည်။

''ဟောဒီ ကြမ်းပြင်တွေကို ဖုန်တစ်ချက် မတင်အောင် တိုက်ရမယ် ကြားလား''

''ဟုတ် ဟုတ်ကဲ့ ကြီးကြီး''

''ကြီးစိန် အဲဒီ ကြမ်းပြင်တွေ သမီး တိုက်လိုက်ပါ့မယ်''

အိမ်ဖော်ကောင်မလေး မော်မော်ပြောတော့ ကြီးကြီး မာတင်းတင်း မျက်နှာနှင့် လှမ်းကြည့်ရင်း

''နင် ဘာမှလျှာမရှည်စမ်းနဲ့ မိမော်၊ သွား မီးဖိုထဲမှာ မသိန်းကိုပဲ သွားကူညီလုပ်ကိုင်ပေးလိုက်''

မော်မော် ဘာမှအထွန့်မတက်ရဲတော့ဘဲ ခေါင်းလေးငုံ့ကာ လှည့်ထွက်သွားရှာသည်။

''ကဲ မိညို ရေဖလုံထဲက ဆပ်ပြာရည်နဲ့ တစ်ခေါက်တိုက်ပြီးရင် ရေအသစ်လဲပြီး တစ်ခေါက်ပြန်တိုက် ပြီးမှ ရေပြောင်အောင် အဝတ်နဲ့ထပ်တိုက်ရမယ် ကြားလား''

''ဟုတ်ကဲ့ ကြီးကြီး''





''အေး မောင်ရဲတို့လင်မယား ပစားပေးတိုင်း ညည်း ဒီမှာ နေချင်သလိုနေလို့မရဘူး၊ ညည်းကို ထာဝန်ယူကျွေးမွေးထားရတဲ့စရိတ်က မသေးဘူး၊ ဒီတော့ အိမ်အလုပ်တွေကိုလည်း ညည်း လုပ်ရမှာဘာဝန်ရှိတယ် ကြားလား''

ခေါင်းလေးညိတ်ကာ ကြမ်းတိုက်နေသော မိုးလေးကို ကြည့်ကာ သူ သနားမိပေမယ့် ကြီးကြီးက သူ့လက်ကိုဆွဲကာ လှည့်ထွက်ခဲ့တာမို့ ဘာမှပြောခွင့်မသာခဲ့ပါ။

''လာ သား သားကို ကြီးကြီး အိုဗာတင်းဖျော်တိုက်မယ် ဟုတ်လား''

ကြီးကြီးကိုယ်တိုင် ဖျော်တိုက်သော အိုဗာတင်းနှင့်မုန့်တွေကို စားနေရပေမယ့် သူ့စိတ်ထဲမှာ ညှော်ခန်းထဲ ကြမ်းတိုက်နေရရှာသော မိုးလေးကိုပဲ မြင်ယောင်နေမိသည်။

ကြီးကြီး စေခိုင်းလို့ မိုးလေး လုပ်နေရရှာပေမယ့် ဒီအလုပ်တွေက မိုးလေးအသက်အရွယ်နှင့်မမျှတသော အလုပ်တွေပဲဖြစ်သည်။ မိုးလေး ဒီအလုပ်တွေ လုပ်နေတာကိုသာ ဖေဖေနှင့်မေမေ သိလျှင် လုပ်ခိုင်းမှာမဟုတ်။

''သောက်လေ သားလေးရဲ့ ဘာဖြစ်လို့လဲ''

''ကြီးကြီး မိုးလေးကို ဘာလို့ ကြမ်းတိုက်ခိုင်းတာလဲ၊ သူက ကလေးလေးပဲရှိသေးတာ၊ လုပ်နိုင်ပါ့မလား''

''လုပ်တတ်အောင် ခိုင်းရမှာပေါ့ သားလေးရဲ့၊ ဒီကောင်မလေးက သားဖေဖေနဲ့မေမေ အလိုလိုက်ထားလို့ အခွင့်အရေးယူနေတာ၊ ဒါ

www.burmeseclassic.com



ကြောင့် အခုကတည်းက အပိုးကျိုးအောင် နိုင်းပေးထားရမယ်''

ကြီးကြီး စကားတွေကို သူ ရေရာစွာ နားမလည်နိုင်ပေမယ့် မိုးလေးအလုပ်တွေ လုပ်နေတာကိုတော့ သနားသည်။

ဒါပေမဲ့ ဖေဖေနှင့်မေမေတို့ရှေ့မှောက်မှာ မိုးလေးကို ယုယကြင်နာစွာ ဆက်ဆံနေတာ မြင်ရတော့လည်း စိတ်က မနာလိုဝန်တိုစိတ်တွေ ဖြစ်ရပြန်သည်။

''သမီး မိုးလေး စားလေ အရိုးစူးမယ် မေမေ အရိုးထွင်ပေးတာစား ဟုတ်လား''

မိုးလေး ပန်းကန်ထဲက ငါးကြော်တွေကို မေမေ အရိုးထွင်ပေးနေတော့ သူ ဝန်တိုစွာနှင့်

''မေမေ သားကိုလည်း အရိုးထွင်ပေးလေ''

''ဟင် သားလေးက ငါးမကြိုက်ဘူးဆို၊ ကြက်သားကြော်စားလေ သားရဲ့''

ငါးမကြိုက်သော သူ့အတွက် ကြက်သားကြော်တွေ မေမေ ပန်းကန်ထဲ ထည့်ပေးထားပေမယ့် သူ့မျက်နှာ ရှုပုတ်နေတော့ ဖေဖေက

''ကဲ သားကို ဖေဖေ ခွံ့ကျွေးမယ်၊ ကြက်သားက အရိုးစူးစရာမှမရှိဘဲ သားရဲ့၊ ရော့ ဒီမှာ ကြက်အသည်းအမြစ်ကလေး စားလိုက်''

''လာ လာ ကြီးကြီးကိုယ်တိုင် သားကိုကျွေးမှာပေါ့၊ မောင်ရဲပေး ငါ့သားလေးကို ငါကျွေးမယ်''

ကြီးကြီးက ဖေဖေ့လက်ထဲက ပန်းကန်ကိုလှမ်းယူကာ သူ့ကိုကိုယ်တိုင်ခွံ့ကျွေးသည်။





အားလုံးရဲ့အလိုလိုက် အကြိုက်ဆောင်မှုတွေကို သူ အမြဲတမ်းပိုင်ဆိုင်ခဲ့ရတာမို့ မေမေရဲ့ယုယမှုတွေ မိုးလေးဆီမှာ ရောက်ရှိနေတာကိုတော့ သူ့စိတ်က အလိုမကျ ဖြစ်နေမိတာ အမှန်ပဲဖြစ်သည်။

ကြီးကြီးပြောသလိုပါပဲ မေမေတို့က မိုးလေးအပေါ်မှာ သိပ်ရှိုက်လွန်း၏။

ဒီကောင်မလေးကိုတော့ ကြီးကြီး ပြောသလို ပစားပေးလို့ မဖြစ်တာအမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ကိုကို"

ခေါ်သံကြောင့် ဗိမာန် တွန့်ခနဲ ဖြစ်သွားတာတော့ အမှန်ဖြစ်သည်။ စိတ်အာရုံက ပန်းပင်တွေကို ရေဖြန်းနေသည့် ရေပိုက်မှာ ရောက်နေတာမို့ မိုးလေးလာတာကို မသိလိုက်ပါ။

နံ့သာရောင်အင်္ကျီလက်ပြတ်လေးကို အညိုရောင် စတော်ကင်လေးနှင့် တွဲဝတ်ဆင်ထားသော မိုးလေး ပြုံးပြုံးရွှင်ရွှင် မျက်နှာလေးနှင့် အနားမှာလာရပ်သည်။

ဂုတ်ဝဲဆံပင်လေးကိုပဲ မျက်နှာနုနုလှလှလေး ပေါ်လွင်အောင် ဆံညှပ်လေးတွေနှင့် သပ်တင်ထားသည်။

ကြည်လင်သော မျက်နှာလေးက ချစ်ခင်စရာကောင်းသည်။ ဒီမျက်နှာလေးကြောင့်ပဲ ဖေဖေ မေမေတို့ အချစ်ပိုနေကြတာလား။ တွေးမိတော့ ဗိမာန်စိတ်က မကြည်လင်ချင်တော့ပါ။



"ကိုကို ဘာလုပ်နေတာလဲဟင်"

မေးသံလေးက ချိုချိုလွင်လွင်လေး ဖြစ်ပေမယ့် မကြည်လင်သောစိတ်ကြောင့် သူ အကောင်းပြန်မဖြေချင်ပါ။

"အပင်တွေ ရေလောင်းနေတာ နင် မမြင်ဘူးလား"

ဗိမာန် ဘုဆတ်ဆတ်ပြန်ပြောတော့ ပြုံးနေသည့် မျက်နှာလေး မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ကာ မဝံ့မရဲ ဖြစ်သွားခဲ့၏။

"ဟို မိုးလေး ဘာကူလုပ်ပေးရမလဲဟင်"

လေသံတိုးတိုးလေးနှင့် မေးလာသော မျက်နှာလေးကို သူ မျက်မှောင်ကြီးကုပ် ကြည့်ပစ်လိုက်မိ၏။ မျက်ဝန်း ဝိုင်းစက်စက်လေးတွေမှာ တောင်းပန်ရိပ်လေးတွေ အရိပ်ထင်နေသည်။

ကြီးကြီးပြောထားပြီးကတည်းက မိုးလေးကို သူ သိပ်အရောတဝင်မနေဘဲ ခပ်စိမ်းစိမ်းနေဖြစ်ခဲ့သည်။ ဒါပေမဲ့ မိုးလေးကတော့ ကြီးကြီးမရှိလျှင် သူ့ဆီရောက်လာကာ ရယ်ရယ်ပြုံးပြုံး ဒီလိုပဲ လာရောနှောတတ်၏။

အခုလည်း ခြံစောင့် ဘဘအောင်ဆီက ရေပိုက်တောင်းကာ သူ အပင်တွေ ရေလောင်းနေတာမြင်ပြီး မိုးလေးရောက်လာတာ ဖြစ်သည်။

"ကိုကို မိုးလေးပါ ရေကူလောင်းပေးမယ်လေ"

"နင်က ဘာလုပ်တတ်လို့လဲ"

"ကိုကို လုပ်နေတာ ကြည့်ပြီး မိုးလေး မှတ်ထားမှာပေါ့ ကိုကိုနဲ့ မိုးလေး လုပ်ကြည့်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



စကားပြောလျှင် အသံချိုချိုလေးနှင့် ဒေါသသံနှင့် ဒေါသရိပ်တို့ကို ဒီကောင်မလေး မျက်နှာပေါ်မှ ဘယ်တော့မှ မတွေ့ရပါ။ မျက်နှာလေးကလည်း ချစ်ခင်စရာကောင်းတော့ ဖေဖေနှင့်မေမေတို့ သိပ်ချစ်နေကြတာ ဖြစ်မည်။

“ကိုကို မိုးလေး ကူလောင်းပေးမယ် နော် ကိုကို”

ချွဲချွဲနွဲ့နွဲ့လေး ပူဆာနေတော့ သူတောင် သနားခွင့်ပြုချင်သွားမိသည်။

“ဟဲ့ သားလေးဆီလာပြီး ညည်း ဘာတွေ ပတ်ချွဲနှပ်ချွဲလုပ်နေတာလဲ ပြောစမ်း မိညို”

ခြံထဲဆင်းလာသော ကြီးကြီးနှင့်မှ မိုးလေး ထိပ်တိုက်တိုးတော့သည်။ မျက်လုံးလေးတွေ ဝိုင်းစက်ကြောက်လန့်သွားတာက ချက်ချင်းသိသာသည်။

“ဟို ဟို ဘာမှမလုပ်ပါဘူး။ ကို ကိုကို့ကို ရေကူလောင်းပေးရမလား မေးနေတာပါ”

“ဟုတ်ပါတယ် ကြီးကြီး၊ သား ရေလောင်းနေတာကို သူလည်း ကူလောင်းပေးချင်လို့တဲ့”

“ဪ ဒီလောက်တောင် အလုပ်လုပ်ချင်နေလား၊ စိတ်ချလုပ်နိုင်မယ် လာ အိမ်နောက်ဘက်က မြက်ပင်တွေ နင်နုတ်ရမယ် ပြောင်နေအောင် နုတ်ရမယ်”

ကြီးကြီးက မိုးလေး လက်ကိုဆောင့်ဆွဲကာ ခေါ်သွားခဲ့သည်။ မျက်ရည်လေးဝဲကာ သူ့ကို အကူအညီတောင်းသလို ကြည့်ကာ ပါသွား





သည့် မိုးလေးကို သူ သနားသွားမိပြန်၏။

မိုးလေးကို ကြီးကြီးက အမြဲတမ်း မတွေ့လိုက်နှင့် တွေ့လိုက်သည်နှင့် တစ်ခုခု စေခိုင်း ဒုက္ခပေးတတ်တာ သိနေတော့ သူ ကြားက စိတ်မကောင်းဖြစ်မိစမြဲ။

ဟိုတစ်ခါကလည်း မိုးလေးကို ကြမ်းတွေတိုက်ခိုင်းတာမှ အကြာကြီးဖြစ်သည်။ ဖေဖေ မေမေတို့ပြန်လာခါနီးမှပဲ ရပ်ခိုင်းတော့သည်။

မေမေတို့ကို ပြန်မပြောရဟု ကြီးကြီးက မှာထားတာကြောင့်သည်း မိုးလေးခမျာ ပြန်မပြောရဲရှာပါ။

အခုလည်း အိမ်နောက်ဖေးက မြက်တွေနုတ်ခိုင်းနေပြန်ပြီ။ ဖေဖေနှင့်မေမေတို့ ပြန်မလာမချင်း ခိုင်းမှာကိုလည်း သူ သိနေသည်။

မိုးလေးကို သူ ကြည့်မရတာက ဖေဖေတို့ရဲ့အချစ်တော် ဖြစ်နေတာကြောင့်ပဲဖြစ်သည်။ အခုလို ကြီးကြီး ရက်ရက်စက်စက် ခိုင်းစေနေတာတော့ မမြင်ရက်ပါ။

ရေပိုက်ကို ပစ်ချကာ ရေဘုံဘိုင် ခလုတ်ကို ဗိမာန်သွားပိတ်လိုက်သည်။ ပြီးသည်နှင့် မိုးလေးကို ခေါ်သွားသော ကြီးကြီးနောက်သို့ လိုက်ခဲ့လိုက်၏။

သူ ရောက်သွားတော့ ငိုမဲ့မဲ့မျက်နှာလေးနှင့် ကြီးကြီးအနားမှာ ရပ်နေသော မိုးလေးကိုတွေ့ရ၏။

“ညည်းကို ငါ ဘယ်လိုမှ ကြည့်မရတော့ဘူး။ အိမ်နေရင်း ဝတ်စားထားတာတွေက နင့်ကိုယ်နင် သူဌေးသမီးထင်နေသလား”

“ဟို မေ မေမေ ဝတ်ပေးထားတာပါ ကြီးကြီးရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေမေလဲ ခင်မြတ်မေက နင့်အမေမဟုတ်ဘူး၊ သားသား အလင်းဗိမာန်ရဲ့အမေ၊ ငါ့မောင်လေး ရဲလင်းဆိုတာလည်း နင့်အဖေ မဟုတ်ဘူး၊ ဒါကို ခေါင်းထဲက မြဲမြဲမှတ်ထားစမ်း၊ မိရွှေမိုးညို မိဘမဲ့ နင့်ကို စာနာသနားစိတ်နဲ့ ကျွေးမွေးနေတာကို ရောင့်တက်မနေနဲ့ လူဆို တာ သူ့ဘဝနဲ့သူ သူ့အဆင့်အတန်းနဲ့သူ ငါပြောတာ နားလည်လား"

ကြီးကြီး စကားတွေက မာထန်နေသည်။ အမြဲတမ်း မိုးလေးကို ပြောနေတတ်သော ထိုစကားတွေကို ကြားရဖန်များလို့ ဗိမာန်တောင် အလွတ်ရနေပြီ။

"အေး နားလည်ရင် ခေါင်းထဲ အမြဲထည့်ထား၊ သနားလို့ ပေးကမ်းကျွေးမွေးတာကို ဘဝင်မြင့်မနေနဲ့၊ ကဲ လုပ်စရာရှိတာလုပ်၊ ငါ ရပ်ဆိုမှရပ်၊ ငိုမဲ့မဲ့လုပ်မနေနဲ့၊ မြက်ပင်တွေ ရှင်းလင်းအောင် တစ်ပင် ချင်းနှုတ် ကြားလား"

"ဟုတ်ကဲ့ ကြီးကြီး"

ငိုသံလေးနှင့် မိုးလေး ခေါင်းလေးညိတ် ပြနေတာကိုကြည့်ပြီး ဗိမာန် မနေနိုင်တော့ပါ။

"ကြီးကြီး"

"ဟင် သားလေး ဘာပြောမလို့လဲ"

"သားဗိုက်တွေ အရမ်းဆာနေပြီ ကြီးကြီး တစ်ခုခုကျွေးပါလား"

"ဩော် သားဗိုက်ဆာနေလို့လား၊ ကျွေးမှာပေါ့ ကြီးကြီးကိုယ် တိုင်ကျွေးမယ် လာ လာ ဟဲ့ မိညို လုပ်စရာရှိတာလုပ်နော်"

"ဟုတ်ကဲ့ရှင့်"





ခေါင်းလေးညိတ်ကာ ကြီးကြီး စေခိုင်းထားသော အလုပ်တွေ ကို လုပ်ရင်း ကျန်ရစ်ခဲ့သော မိုးလေးကို ဗိမာန် တစ်ချက်တော့ လှမ်း ကြည့်ဖြစ်သေး၏။

အနားမှာကြီးကြီးရှိလျှင် ခန္ဓာကိုယ်လေး တုန်အောင်ကြောက် လန့်နေတတ်သော မိုးလေးကို သနားတာကြောင့် သူ ကြီးကြီးကို တမင် လာခေါ်တာဖြစ်သည်။

ဒါကို ဒီကောင်မလေးသိမှာမဟုတ်ပါ။

ဒီကောင်မလေးကို သူ ခင်ချင်ပေမယ့် မခင်ရဲ၊ ချစ်ချင်ပေမယ့် မချစ်ရဲတာ ကြီးကြီးရဲ့စကားတွေကြောင့် ဖြစ်သည်။

ဒါပေမဲ့ တစ်ခါတစ်ခါတော့ သူ စဉ်းစားမိသည်။ မိုးလေးသာ သူ့ရဲ့ညီမလေးအရင်းအချာဆိုလျှင် ဘယ်လောက်ကောင်းမည်လဲ။

မိုးလေးလို ချစ်စရာကောင်းသည့် ညီမလေး တစ်ယောက်လောက် တော့ သူလိုချင်တာအမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ရော့ ဒါက သားသားအတွက်၊ ဒါက သမီးမိုးလေးအတွက်"

သူ့အတွက် ဖေဖေတို့ဝယ်လာသည့် အဝတ်အစားအိတ်တွေထက် မိုးလေးအတွက်ဆိုသည့် ပစ္စည်းအိတ်ကို သူ စိတ်ဝင်စားသွားမိသည်။

မေမေက အိတ်ထဲကပစ္စည်းတွေကို နှိုက်ယူနေတော့ နံဘေးမှာ မိုးလေးက ငြိမ်ငြိမ်လေးလေးလေးပဲ စိုက်ကြည့်နေ၏။

"ဒီမှာ သမီးလေးအတွက် ဆံညှပ်လေးတွေ မေမေ ဝယ်လာတယ် သမီး ကြည့်စမ်း အရောင်စုံပဲ၊ သမီးကြိုက်ရဲ့လား"

ဘူးလေးထဲမှ ရောင်စုံဆံညှပ်လေးတွေက သူလိုယောက်ျားသားတစ်ယောက်နှင့် ဘယ်လိုမှ မသက်ဆိုင်ပေမယ့် စိတ်ထဲကတော့ ဘဝင်မကျသလို ခံစားလို့နေရသည်။





မေမေက အရောင်တူ ဆံညှပ်အဝါရောင်လေးနှစ်ခုကိုထုတ်ယူကာ မိုးလေး ဦးခေါင်းဘေးတစ်ဖက်တစ်ချက်ဆီမှာ ပန်ဆင်ပေးနေသည်။

"အို ကြည့်စမ်း လှလိုက်တာကွယ်၊ မေမေ့သမီးလေး ကျောင်းတက်ရင် မေမေကိုယ်တိုင်·ပြင်ဆင်ပေးမယ် သိလား"

"နောက်နှစ်ဆို သမီးမိုးလေး ကျောင်းတက်ရတော့မှာ၊ သားနဲ့အတူတူ ကျောင်းသွားဖော် ညီမလေးတစ်ယောက်တိုးပြီပေါ့"

ဖေဖေကော မေမေပါ မိုးလေးကိုကြည့်ကာ ပျော်တပြုံးပြုံးဖြစ်နေတာ မြင်ရလေလေ သူ့မျက်နှာကြီးက သုန်မှုန်လေလေဖြစ်နေခဲ့သည်။ အခန်းတံခါးဝက ရပ်ကြည့်နေသော ကြီးကြီးမျက်နှာမှာလည်း အလိုမကျမှုတွေ အထင်းသားပေါ်လွင်လို့နေသည်။

"သမီးလေး ကျောင်းတက်ခါနီးရင် မေမေတို့ ကျောင်းဝတ်စုံတွေ ချုပ်ပေးရဦးမယ်၊ ဂါဝန်လှလှလေးတွေ မေမေ အများကြီးချုပ်ပေးမယ်နော် သမီး"

မေမေကတော့ မိုးလေးပခုံးလေးကို ဖက်ရင်းပြောနေသည်။ ကျေမနပ် မျက်မှောင်ကြီးကုပ် ရပ်နေသောသူ့ကို ဖေဖေက အကဲခတ်မိသွားခဲ့ပုံရ၏။

"သားလေးအတွက်လည်း ဝတ်စုံအသစ်တွေ ချုပ်ပေးရဦးမယ်"

"သားမှာအများကြီးရှိပါတယ်၊ ဖေဖေတို့ သမီးလေးအတွက်ပဲ ချုပ်ပေးလိုက်ပါ"

သူ တမင်ရွဲ့သလိုပြောတော့ မေမေ သူ့ကိုလှမ်းကြည့်ကာ ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



"မေမေက သားကော သမီးကော နှစ်ယောက်လုံးအတွက် ချစ်ပေးမှာပါကွယ်၊ သားက လေးတန်းတက်ရမှာပဲ၊ အသစ်ချုပ်ပေးမှာပါကွဲ"

"ဟင့်အင်း မလိုချင်ပါဘူး"

သူ မျက်နှာကြီးပုတ်ပုတ်စူကာပြောပြီး ထွက်ခဲ့လိုက်သည်။ အခန်းထဲမှာတော့ ဖေဖေတို့နှင့်အတူ ကြီးကြီးပါ ကျန်ရစ်ခဲ့သည်။

"သားလေး စိတ်ဆိုးသွားပြီထင်တယ်"

"ဆိုးမှာပေါ့ နင်တို့လင်မယားကလည်း လွန်လွန်းတယ်၊ မိညို ကိုပဲ သည်းသည်းလှုပ်နေကြတယ်၊ ကိုယ့်သားအရင်းအချာကိုတော့ ဂရုတောင်မစိုက်ကြဘူး"

ဒေါ်စိန်စိန်ထက် သည်းမခံနိုင်တော့သလို အပြစ်တင်သလို ပြောတော့ ဦးရဲလင်း ခေါင်းခါသည်။

"ဒီလိုမပြောပါနဲ့ မမရယ်၊ ကျွန်တော်တို့တွေက သားနဲ့သမီး ကို အတူတူချစ်တာပါဗျာ"

"အေး အဲဒါကိုက မဟုတ်တာပဲ၊ အလင်းဗိမာန်ဆိုတာက မင်းတို့သွေးသားရင်းချာလေ"

"အို မမ ဒီလိုမပြောပါနဲ့၊ သမီးလေးရှေ့မှာ"

ဒေါ်စိန်စိန်ထက် စကားမဆုံးခင် ဒေါ်ခင်မြတ်မေ မျက်စိမျက်နှာ ပျက်နှင့် ဝင်တားသည်။ ဦးရဲလင်းကလည်း

"မမရယ် မိုးလေးကို သားနဲ့အတူ ထပ်တူစိတ်လေး ထားပေးပါ လို့ ကျွန်တော်တောင်းပန်ပါတယ်၊ ပြီးတော့ သားလေးကိုလည်း သဘော





ပေါက်အောင် မမဘက်က ချော့မော့ ပြောဆိုရင် ပိုအဆင်ပြေနိုင်မှာပါ"

"ဟုတ်တယ် မမ ဟောဒီသမီးလေးရဲ့ဘဝလေးက သနားစရာ အရမ်းကောင်းပါတယ်"

"ဒါကို ငါသိပါတယ်အေရယ်၊ ဒါပေမဲ့ သားလေးက သူ့ကိုပိုပြီး ဂရုစိုက်ပြုချင်နေတာလေ၊ စောစောကပဲကြည့်ပါလား၊ သူ မကျေနပ်လို့ ထွက်သွားခဲ့တာ"

"သားကလည်း ငယ်သေးတာဆိုတော့ အသေအချာ မသိသေး လို့ပါ မမရယ်၊ နောက်ပိုင်းကျရင် သားလေးလည်း သမီးလေးကို ခင်တွယ် သံယောဇဉ်တွယ်သွားမှာပါ"

ဦးရဲလင်း ပြောသည်ကို ဒေါ်စိန်စိန်ထက် နှာခေါင်းရှုံ့ မျက်နှာမဲ့ သည်။ ဒေါ်ခင်မြတ်မေက မိုးလေး ပခုံးလေးကိုသိုင်းဖက်ရင်း

"သမီးလေး ကိုကို့ကို သမီးချစ်တယ်မဟုတ်လား"

"မိုးလေး ကိုကို့ကို သိပ်ချစ်ပါတယ် မေမေ"

"ဒါပေါ့ ကိုကိုက မိုးလေးရဲ့အစ်ကိုပဲလေ၊ သမီးချစ်သလို ကိုကို ကလည်း သမီးကိုပြန်ချစ်လာမှာပါကွယ်၊ ဟုတ်လား သမီး"

"ဟုတ်ကဲ့ မေမေ၊ ကိုကို့ကို သမီး အမြဲတမ်း ချစ်နေမှာပါ၊ ဖေဖေနဲ့မေမေကိုလည်း သမီး ချစ်မှာပါရှင်"

"လိမ္မာလိုက်တဲ့ သမီးလေးရယ်"

ဒေါ်ခင်မြတ်မေ ပြောရင်း မိုးလေးပါးပြင်လေးကို ငုံ့နမ်းလိုက် တော့ ဒေါ်စိန်စိန်ထက် မျက်နှာလွှဲကာ ဆတ်ခနဲ ထရပ်သည်။ ပြီးတော့ ချာခနဲလှည့်ကာ ထွက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲသင်း ပင့်သက်ရှိုက်ရင်း ဇနီးဖြစ်သူကိုလှမ်းကြည့်၏။

"အင်း မမကြောင့်တော့ ခက်ပါတယ်၊ သားကို မြှောက်ပင့်ပေးသလိုဖြစ်နေပြီ"

"ဟုတ်တယ် ကိုရယ်၊ သားက သူ့ညီမလေးကို ဒီလောက်လည်း ခါးခါးသီးသီး မရှိရှာပါဘူး"

"အင်း သားနဲ့သမီး အတူတူကျောင်းသွား ကျောင်းတက်နေလာရင်း နောက်တော့ သံယောဇဉ်တွယ်လာကြမယ်လို့ပဲ မျှော်လင့်ရမှာပဲပေါ့"

ဖေဖေနှင့်မေမေတို့ စကားတွေ နားထောင်ရင်း မိုးလေးရင်ထဲမှာလည်း ကြိတ်ဆုတောင်းမိတာအမှန်။

ကိုကိုနဲ့မိုးလေး ကျောင်းအတူတက်ခွင့်ရမည့်အဖြစ်က မိုးလေးအတွက်တော့ တကယ့်ကို ပျော်စရာကောင်းမှာသေချာသည်။

ကိုကိုက မိုးလေးကို ခင်မင်ချင်သည့်အရိပ်တွေ ရှိနေသည်ဟု မိုးလေး ထင်ပါသည်။ ဒီအိမ်ကြီးမှာ မိုးလေးကို ချစ်ကြသူတွေ အများကြီးပါပဲ။ ဖေဖေ မေမေကော ခြံစောင့် ဘဘနှင့် ဒရိုင်ဘာဦးဗလကပါ ချစ်ကြသည်။

အိမ်ဖော်မလေး မမမော်နှင့် ထမင်းချက်ဒေါ်သိန်းလည်း ချစ်ကြတာပါပဲ။

အားလုံးချစ်ခင်အောင်လည်း မိုးလေး လိမ်လိမ်မာမာနေပါသည်။ တစ်ခုပဲရှိသည်။ မိုးလေးကို ကြီးကြီးကတော့ လုံးဝမချစ်ပါ။

မိုးလေးကို မချစ်မနှစ်သက်သည့်အပြင် မေမေတို့မရှိလျှင် ဆူပူ





စေခိုင်းတတ်တာလည်း မကြာခဏဖြစ်သည်။

ဒါတွေကို ဖေဖေနှင့်မေမေကိုလည်း ပြန်မပြောရဘူးဆိုတာကြောင့် မိုးလေး ပြန်မပြောခဲ့ပါ။

ကြီးကြီးကျေနပ်အောင် မိုးလေးနေပါသည်။

ကြီးကြီးသာ မိုးလေးကို ချစ်လျှင် ဘယ်လောက်ကောင်းမည်လဲ။ မိုးလေး အရမ်းပျော်ရွှင်မိမှာ အသေအချာပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

“ဟင် သားသား ဘာဖြစ်လာတာလဲ”

ခေါင်းဦးကြီးပိုက်ကာ အခန်းထဲဝင်လာသော ဗိမာန်ကိုမြင်တော့ ဖေဖေ တအံ့တသြ ရေရွတ်သလို မေမေကလည်း မိုးလေးကို ညဝတ်အင်္ကျီဝတ်ဆင်ပေးနေရင်း လှမ်းကြည့်သည်။

ဗိမာန်ကတော့ ပုပ်ပုပ်ရှုထားသော မျက်နှာနှင့် ဖေဖေတို့ခုတင်ကျယ်ကြီးဆီ တန်းတန်းမတ်မတ် လျှောက်ခဲ့ကာ ခေါင်းဦးကို ဘုန်းခနဲ ပစ်တင်လိုက်သည်။

“သားလေး ဒါက ဘာဖြစ်လာတာလဲ”

“ဘယ်လိုဖြစ်လာတာလဲတော့ မသိဘူး။ ငါနဲ့မအိပ်ဘူးတဲ့ ညည်းတို့နဲ့ပဲ အိပ်ချင်တယ်ဆိုလို့ လာပို့ပေးရတာ”

အခန်းဝမှာ သူ့စောင်ကိုပိုက်လာသော ကြီးကြီးက အဖြေပေးသည်။ ဖေဖေက သူ့အနားလျှောက်လာကာ ပြုံးပြုံးလေးနှင့် မေးပြန်သည်





“သားသားက ဘာလို့ ကြီးကြီးနဲ့မအိပ်ချင်ရပြန်တာလဲ”

“ဖေဖေတို့နဲ့ အိပ်ချင်လို့”

“အထူးအဆန်းပါလားကွ။ အမြဲတမ်း ကြီးကြီးနဲ့ပဲအိပ်တဲ့သားက အခုမှ ဖေဖေတို့နဲ့အိပ်ချင်လို့လား။ ကဲပါကွာ သားသား အိပ်ချင်တယ်ဆိုလည်း အိပ်ပါကွာ”

ဖေဖေက သူ့ခေါင်းလေးကို ပုတ်ရင်းပြောတော့ သူ အပြာနုရောင်ညဝတ်အင်္ကျီလေးနှင့် မေမေ့အနားမှာ ရပ်နေသော မိုးလေးကို မျက်မှောင်ကြီးကုပ်ကြည့်ရင်း

“သူ့ကို ဒီမှာမအိပ်စေနဲ့”

သူ့စကားကြောင့် မေမေအနားကိုလျှောက်လာရင်း

“သားလေးကလည်းကွယ်။ ညီမလေးက မေမေတို့နဲ့ အိပ်နေကျကို ဒီမှာမအိပ်လို့ ဘယ်မှာအိပ်ရမှာလဲ”

“သူ့ကို တခြားအခန်းမှာ သိပ်လိုက်ပေါ့ မေမေရဲ့။ သားက မေမေတို့နဲ့အိပ်မှာလေ”

“သားလေး အိပ်ချင်လည်း အတူအိပ်လို့ရပါတယ်ကွယ်၊ ညီမလေးက တစ်ယောက်တည်း ဘယ်အိပ်ရဲမှာလဲ”

“ဒါဆိုလည်း ကြီးကြီးနဲ့အိပ်ခိုင်းလိုက်ပေါ့”

သားဖြစ်သူ သဝန်တိုနေပြီဆိုတာ သိနေတော့ ဖေဖေနှင့်မေမေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ သို့ပေမယ့် ကြီးကြီးရဲ့ ခါးခါးသီးသီး အသံက အရင်ဆုံးထွက်လာ၏။

“အမလေးတော် မသိပ်နိုင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အဘော ဘာဖြစ်လို့ သမီးလေးကို မသိပ်ချင်ရတာလဲ"

ဖေဖော အလိုမကျသလိုမေးတော့ ကြီးကြီးကလည်း ယတိပြတ် မာတင်းတင်းနှင့်တုံ့ပြန်သည်။

"ဘာဖြစ်ရမှာလဲ ငါ ဘယ်လောက် အသန့်အပြန့်ကြိုက်တယ်ဆိုတာ နင်တို့သိပါတယ်၊ ငါ့သားလေးနဲ့ကလွဲလို့ ဘယ်သူနဲ့မှ မအိပ်နိုင်ပါဘူး"

"သမီးလေးကကော ဘာဖြစ်နေလို့လဲ မမရယ်၊ သမီးလေးကလည်း ကျွန်တော်တို့သမီးလေးပဲ"

"ဟဲ့ နင်တို့သွေးသားအရင်းအချာမှ မဟုတ်တာ"

"မမ ကလေးတွေရှေ့မှာ သွေးခွဲစကားတွေ မပြောပါနဲ့ဗျာ၊ မမစိတ်ထဲမှာ ရွှေမှုံညိုလေးကိုလည်း မမရဲ့ညီမ မေကမွေးတဲ့ တူမလေးလို့ သဘောထားလိုက်ရင် ဘာဖြစ်သွားမှာမို့လဲ"

"ဒီမှာ ရဲလင်း ငါ့တူမအရင်းအချာဆို ငါ ဒီစကားတွေပြောနေစရာ အကြောင်းကိုမရှိဘူး၊ အခုဟာက ဟုတ်မှမဟုတ်ဘဲ၊ ဒီလိုမျိုး မသန့်တာကို နင်တို့နဲ့ အတိုက်အခံမဖြစ်ချင်လို့သာ ငါ လက်ခံလိုက်ရတာ၊ နည်းနည်းလေးမှ မကျေနပ်ဘူး"

"မမ"

ဖေဖေ့လေသံက လိုအပ်တာထက် ပိုလို့ကျယ်လောင်သွားတော့ ကြီးကြီးကလည်း မာတင်းတင်းတုံ့ပြန်ကြည့်၏။

"မမ စကားတွေက ဆိုးလာပြီဗျာ၊ ကျွန်တော်နဲ့ ရွှေမှုံညိုလေး အဖေဆိုတာ အခင်ဆုံးသူငယ်ချင်းတွေဆိုတာ မမ သိလျက်နဲ့ဗျာ"





"အဲဒါတွေ ငါနားမလည်ဘူး၊ နင်တို့တာသာ ကြိုက်သလောက်နှစ်ကြ ငါတော့ မချစ်နိုင်ဘူး၊ ငါချစ်တာ သားသားတစ်ယောက်ပဲ"

"ဟာ၊ မမကြောင့် ခက်တယ်ဗျာ"

"ကဲပါ ကိုကော မမရော တော်ကြပါတော့၊ သမီးလေးရှေ့မှာ ဒီလိုစကားမျိုးတွေ ခဏခဏ ပြောနေကြတော့ မေတော့ တကယ်စိတ်မကောင်းဖြစ်မိတယ်"

"အဲဒါ ဒီဂြိုလ်ကောင်မလေးကြောင့်ပဲလေ၊ ဒီကောင်မလေး ရောက်လာမှ အစ်မကို နင် ငါ့ကိုခံပြောနေတာ၊ ငါ ဒေါသဖြစ်တယ် ရဲလင်း"

ကြီးကြီးဒေါသတကြီးပြောရင်း လက်ထဲကစောင်ကို ခုတင်ပေါ်ပစ်တင်သည်။ ပြီးတော့ မိုးလေးကို ဘုဆတ်ဆတ် စူးစိုက်ကြည့်ရင်း

"မိညို ညည်းကြပ်ကြပ် သတိထား"

မဆီမဆိုင် မိုးလေးကို ကြိမ်းဝါးပြီးမှ ကြီးကြီးအခန်းထဲက ခြေသံပြင်းပြင်းနှင့် ထွက်သွားခဲ့သည်။

"အင်း မမနဲ့တော့ ဒုက္ခပါပဲ"

"အင်းလေ သမီးလေးမှာ ဘာအပြစ်ရှိလို့ ဒီလောက်အထိ အမ ပြောသွားရတာလဲ မသိဘူး"

ဖေဖေနှင့်မေမေတို့နှစ်ယောက် ကြီးကြီးအကြောင်းပြောနေချိန်မှာ သူကတော့ ခုတင်ကျယ်ကြီးပေါ်တက်ကာ လှဲအိပ်နေလိုက်သည်။

တမင်မျက်လုံးတွေမှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်တာကို ဖေဖေတို့ပဲ သိမှာပဲဖြစ်သည်။



www.burmeseclassic.com

နောက်ဆုံးတော့ မိုးလေးခမြာ အခြားအခန်းတစ်ခုမှာ သွားအိပ်ရရှာသည်။ မေမေကိုယ်တိုင် မိုးလေးကို ဒေါ်ကြီးသိန်းနှင့် အခန်းတစ်ခုမှာ သိပ်လိုက်ရသည်တဲ့။

ဖေဖေတို့အခန်းမှာ မိုးလေး အပိုင်စား သိမ်းပိုက်ထားတာကို သူ ပြန်သိမ်းပိုက်ခွင့်ရလိုက်သည့်အတွက် ကျေနပ်မိသည်။

သူ့ရည်ရွယ်ချက်က မိုးလေးအပေါ်မှာ ဖေဖေ မေမေတို့ သူ့ထက်အချစ်ပိုမိုသွားမှာ စိုးရိမ်တာကြောင့် ကလန်ကဆန်တွေ လုပ်ပြခြင်းသာဖြစ်သည်။

ထို့အတွက် ကြီးကြီးရဲ့အမုန်းတွေ မိုးလေးအပေါ်မှာ ပိုမိုကြီးထွားသွားမှာကို မသိခဲ့ပါ။

တကယ်ဆို မိုးလေးရဲ့ဘဝလေးက သနားစရာကောင်းလွန်းနေခဲ့တာ သူ တဖြည်းဖြည်း စာနာတတ်လာခဲ့ရသည်။

■ ■ ■



## အခန်း (၇)

မိုးလေးအပေါ် မစာနာတတ်ခင်အချိန်တွေက သူ အမြဲတမ်းနိုင်ယူခဲ့သလို ကြီးကြီးကလည်း တစ်ခါမျှ မိုးလေးအပေါ်မှာ ချစ်ခင်ကြင်နာရိပ်တို့ အနည်းငယ်မျှ မပြခဲ့ပါ။

"ဟဲ့"

"ံံံ"

"ဟဲ့ မိုးလေး ခေါ်နေတာ မကြားဘူးလား"

"ရှင် မိုးလေးကိုခေါ်တာလား ကိုကို"

"အေး နင့်ကိုခေါ်နေတာပေါ့၊ နားက လေးလိုက်တာ"

သူ ဘုဆတ်ဆတ်ပြောတော့မှ မိုးလေး အနားကိုရောက်လာသည်။ သူ့ရှေ့က နန်းကြီးသုပ်ပန်းကန်ကို သူ မေးဆတ်ပြရင်း

"ရော့ ဒီအသုပ်တွေ နင်စားလိုက်"

မိုးလေး မျက်ဝန်းလေးတွေဝိုင်းကာ ကြည့်သည်။ သူ့အပြောက်

www.burmeseclassic.com



ကြီးကြီးကိုယ်တိုင် သုပ်ပေးသွားသော နန်းကြီးသုပ်တွေကို မိုးလေး မစားရဲ ရှာပါ။

ဘေးပတ်ဝန်းကျင်ကို မျက်လုံးလေးဝေ့ကြည့်သည်။ စားသောက်ခန်းထဲမှာ ကြီးကြီး ရှိမနေပါ။

"ဘာအူတူတူလုပ်နေတာလဲ စားလိုက်လေ၊ ငါ မစားချင်လို့"

"ဟုတ် ဟုတ်ကဲ့ ကိုကို"

မိုးလေး တုန်တုန်ယင်ယင် လက်ကလေးတွေနှင့် နန်းကြီးသုပ်ပန်းကန်ကို လှမ်းယူနေတော့

"ဘယ်ယူသွားမှာလဲ၊ ဒီမှာပဲ ထိုင်စားလေ"

ဖေဖေ မေမေတို့မရှိချိန်ဆို ကြီးကြီးကို သေလုမတတ်ကြောက်ရတတ်သော မိုးလေး မငြင်းရဲ ဖြစ်နေသည်။ ဒါပေမဲ့ သူ့စကားကို မလွန်ဆန်ရဲဘဲ ဝင်ထိုင်၏။

"ဟဲ့ ဟဲ့ မိညို ဘာထိုင်လုပ်နေတာလဲ"

အခန်းထဲဝင်လာသော ကြီးကြီးအသံကြောင့် ပါးစပ်ထဲ တစ်ဖွန်းခပ်စားရုံပဲရှိသေးသော နန်းကြီးသုပ်တွေ ပန်းကန်ထဲပြန်ပြုတ်ကျသည်။

ဗိမာန် နှာခေါင်းရှုံ့ကာ ရွံရှာသလို မျက်နှာလွှဲပစ်ရင်း

"ညစ်ပတ်လိုက်တာဟာ"

"ပြောစမ်း ပြောစမ်း အဲဒါသားသားအတွက် ကြီးကြီး သုပ်ထားတာကို ညည်းက ဘာလို့ စားနေရတာလဲ မိညို"

"ဟို ဟို"





မိညို တုန်တုန်ယင်ယင်နှင့် သူ့ကိုလက်ညှိုးလေးထိုးနေတော့

"သားမစားချင်တော့လို့ သူ့ကိုကျွေးလိုက်တာ ကြီးကြီး"

"သားရယ် မစားချင်လည်း ထားလိုက်ပေါ့"

"ကြီးကြီးကလည်း သွန်ပစ်ရမယ့်အတူတူ သူ့ကိုကျွေးလိုက်တာ ကုသိုလ်ရပါတယ်"

"ဒီကြွက်မလေးကို ကျွေးလို့ ဘာကုသိုလ်မှမရပါဘူး၊ နောက်ဆို ဘာမှမကျွေးနဲ့၊ ခွေးကျွေးတာက ကုသိုလ်ပိုရသေးတယ် ဟွန်း"

"ဒီတစ်ခါတော့ ကျွေးလိုက်ပါ ကြီးကြီးရာ၊ ဟိုမှာ သူ့ပါးစပ်ထဲက ပြန်ထွက်ကျကုန်တာ ရွံစရာကြီး"

ဗိမာန်စကားကြောင့် ကြီးကြီး နှာခေါင်းရှုံ့ မျက်နှာကြီးမဲ့သွားသည်။ မိုးလေးကတော့ မျက်ရည်ဝိုင်းသော မျက်ဝန်းလေးတွေနှင့် သနားစရာ။

"ကြီးကြီး သားကျောင်းသွားတော့မယ်၊ ကားနားအထိ လိုက်ပို့နော်"

"သြော် အေးအေး ပို့ပေးမှာပေါ့ လာ သားလေး လာ"

မိုးလေးကို ကြီးကြီး ထပ်ဆူပူနေမှာစိုးတာကြောင့် သူ တမင်ကြားကခေါ်ထုတ်ခဲ့တာဖြစ်သည်။

မနက်ဆိုလျှင် ဖေဖေကအလုပ်သွား၊ မေမေက ရွှေဆိုင်ရှိရာကို သွား၊ သူကကျောင်းသွားရသည်။ ဒီလိုအချိန်တွေမှာ အိမ်မှာကြီးကြီးနှင့် ကျန်ရစ်ခဲ့ရရှာသော မိုးလေးအဖြစ်က လွယ်မှာမဟုတ်ပါ။

ကြီးကြီးကိုတော့ မိုးလေး သိပ်ကြောက်နေမှာ ဗိမာန် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသိပါသည်။

ကြီးကြီး တမင်နှိပ်ကွပ်ထားသော မိုးလေးဘဝလေးကို ဗိမာန်တစ်ခါတစ်ခါမှာတော့ စာနာစိတ်လေးဝင်မိပါသည်။

နောက်ပိုင်းမှာတော့ မိုးလေးကျောင်းတက်ရသည်။ သူနှင့်အတူ ကျောင်းတက်ရတာမို့ မိုးလေး ပျော်နေရှာသည်။

''ကိုကို မိုးလေး ကိုကိုနဲ့အတူ ကျောင်းတက်ချင်နေတာ သိလား''

''ဘာလဲ ကြီးကြီးဆူတာ ပူတာ ဝေးရလို့ ပျော်နေတာ မဟုတ်လား''

ဗိမာန်မေးတော့ မိုးလေးမျက်နှာပေါ်က အပြုံးလေးတွေ ပျောက်ကွယ်သွားခဲ့ကာ

''မိုးလေး ကြီးကြီးကို ချစ်ပါတယ် ကိုကိုရယ်၊ ဒါပေမဲ့ ကြီးကြီးက မိုးလေးကို မချစ်ဘူး၊ ကြီးကြီးဆူတာ ရိုက်တာ မိုးလေးခံနိုင်ပါတယ်၊ ကြီးကြီးခိုင်းတာတွေလည်း မိုးလေး လုပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ မိုးလေးအပေါ် ကြီးကြီး ဘယ်တော့မှ ချစ်လာနိုင်မှာမဟုတ်ပါဘူး''

မိုးလေး အသံတိုးတိုးလေးနှင့် ညည်းသလိုလေးဆိုတော့ သူ သနားမိသည်။ ဒီကောင်မလေး ချစ်စရာကောင်းသည်။ ကျောင်းဝတ်စုံ အဖြူအစိမ်းလေးနှင့် မျက်နှာလေးမှာ မေမေ လိမ်းပေးထားသော သနပ်ခါးလေးက မှုန်ညက်နေသည်။

အရင်တုန်းကတော့ မိုးလေးကို သူ မချစ်ခင်ပေမယ့် အခုတော့ ပိုလို့ ချစ်ခင်ကြင်နာလာမိသည်။

ကြီးကြီးပြောသလို မေမေတို့အချစ်တွေကို သူ့ဆီက လုယူမည့်





သူဟုလည်း မမြင်မိတော့ပါ။

''ကြီးကြီးက မုန်းပေမယ့် ဖေဖေနဲ့ မေမေက နင့်ကိုချစ်တာပဲ လေ''

''အင်း ကိုကိုကကော မိုးလေးကိုချစ်လားဟင်''

မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်မေးသည့် မိုးလေးကိုကြည့်ရင်းတာ သူ ချက်ချင်း အဖြေမပေးဖြစ်ခဲ့ပါ။

''ကိုကို မိုးလေးမေးတာ ဖြေလေ''

''နင်လိမ္မာရင် ချစ်တာပေါ့''

''မိုးလေး လိမ္မာပါတယ် ကိုကို''

''အင်း လိမ္မာရင် ငါလည်း နင့်ကိုချစ်မှာပေါ့''

''တကယ် မိုးလေး ဝမ်းသာလိုက်တာ ကိုကိုရယ်''

ဝမ်းသာအားရ မျက်နှာလေးနှင့် ပြုံးနေသော ရွှေမိုးညိုလေးကို သူ မမုန်းရက်တော့ပါ။ ချစ်စရာညီမလေး တစ်ယောက်အဖြစ် လက်ခံမိသည်။

''မိုးလေး နင် ကြီးကြီးရှေ့မှာ ငါ့ကို စကားတွေလာမပြောနဲ့ နော်''

''ဟင် ဘာလို့လဲ ကိုကို''

''ဟာ နင်နဲ့ငါ စကားပြောတာ ကြီးကြီးကမကြိုက်ဘူးလေ၊ ဒီတော့ ကြီးကြီးရှေ့ကြရင် နင်နဲ့ငါ စကားမပြောနဲ့ပေါ့''

သူ့စကားကြောင့် မိုးလေး မျက်တောင်လေးတွေ ပုတ်ခတ်ကာ ခေါင်းညိတ်သည်။ သူ့စကားကို မိုးလေး နားလည်မလည်တော့မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



[illegible]တော့ သူ့ညီမလေးတစ်ယောက်လို ချစ်ခင်ပါသည်။ ချစ်စရာကောင်းသော ညီမလေးတစ်ယောက်ကို ဖေဖေ မေမေတို့ ချစ်သလို သူချစ်ပါသည်။ ထို့အတွက် ကြီးကြီးကတော့ သဘောကျမည် [illegible]။

■ ■ ■



## အခန်း (၈)

ဇီမာန် လေးတန်းကျောင်းသားဘဝမှာ မိုးလေးက သူငယ်တန်း တက်ရပြီဖြစ်သည်။

ကျောင်းသွားကျောင်းပြန် အတူတူ မိုးလေးနှင့်သွားလာရမည် ဆိုတော့ ကြီးကြီးက သဘောမကျတာ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့ ဖေဖေနှင့်မေမေကိုလည်း ကြီးကြီး အတိုက်အခံ မပြောရဲတော့ သူ့ကိုပဲ သတိပေးသလိုပြောသည်။

"သားလေး မိညိုနဲ့အရောတဝင် မနေနဲ့နော် ကြားလား"

"ဘာဖြစ်လို့လဲ ကြီးကြီးရဲ့"

"ဘာဖြစ်ရမလဲ သားသားရဲ့၊ သူက သားရဲ့ညီမလေးအရင်းမှ မဟုတ်တာ၊ မိဘတွေမရှိတော့လို့ သနားပြီး သားမိဘတွေက မွေးစားထားတာ၊ သားနဲ့ဘာမှမတော်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးလေးအပေါ်မှာ အမြဲတမ်း အမြင်မကြည်သော ကြီးကြီးကတော့ သုံ့နှင့်မိုးလေးတို့ နီးစပ်ပတ်သက်သွားမှာကို စိုးရိမ်နေခဲ့တာတော့ သေချာလွန်းသည်။

"ဒီကောင်မလေးကို သား လုံးဝအရေးမပေးနဲ့ သိလား၊ သားက အရေးပေးရင် ရောင့်တက်လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"အင်း တကယ်ဆို သားလေးကို ဒီကောင်မလေးနဲ့ အတူသွားလာခွင့်ပေးတာမျိုး မောင်ရဲလင်းတို့ လုံးဝမလုပ်သင့်ဘူး"

ဖေဖေတို့အပေါ်မှာတော့ ကြီးကြီး မကျေနပ်နိုင်တာအမှန်ပဲဖြစ်သည်။ ဇိမာန်ကတော့ ကြီးကြီးကျေနပ်အောင် ရှေ့မှာတော့ မိုးလေးကို ခပ်တည်တည်ပဲ ဆက်ဆံသည်။

ကျောင်းမှာဆိုလျှင်တော့ မိုးလေးကို ညီအစ်မရင်းချာလို ဂရုစိုက်ခဲ့သည်။

"မုန့်စားဆင်းချိန်ဆိုရင် မိုးလေးတစ်ယောက်တည်း မုန့်ဈေးတန်းမသွားနဲ့နော်၊ ကိုကိုလာခေါ်မယ် သိလား ညီမလေး"

"ဟုတ်ကဲ့ ကိုကို"

ကျောင်းဝတ်စုံ ဂါဝန်လေးနှင့် ချစ်စရာကောင်းသော ညီမလေးကို ဇိမာန်ပိုလို့ခင်တွယ်လာတာ ဖေဖေနှင့်မေမေတို့ကြောင့်ပဲ ထင်သည်။

"သား ညီမလေးကို ကိုယ့်ညီမလေးလိုချစ်ရမယ်နော်၊ ညီမလေးက သနားစရာပါကွယ်"

"ဟုတ်တယ် သား၊ သားကြီးကြီးက မိုးလေးကို ဖေဖေတို့က





သားထက်ပိုချစ်မယ်လို့ ထင်နေကြတာ၊ ဒါပေမဲ့ တကယ်ဆို ဖေဖေမေမေတို့က သားကိုရော ညီမလေးကိုရော အတူတူချစ်ကြတာပါကွယ်"

ဖေဖေ့စကားကို ဇိမာန် လက်ခံပါသည်။ တကယ်ဆိုလျှင် မိုးလေးဘဝလေးက သူ့ထက်စာလျှင် သနားဖို့ကောင်းပါသည်။ ဖေဖေနှင့်မေမေက ချစ်ခင်ပေမယ့်လည်း ကြီးကြီးရဲ့ချစ်ခြင်းကို မပိုင်ဆိုင်ရရှာပါ။

သူကတော့ ဖေဖေနှင့်မေမေရဲ့အချစ်တွေအပြင် ကြီးကြီးရဲ့အချစ်တွေကိုပါ ပိုင်ဆိုင်ထားရသည်။

ပြီးတော့ မိုးလေးကလည်း သူ့ကို ခင်မင်ချစ်ရှာတာ သူ သိပါသည်။

သူ ဆယ်တန်းအောင်မြင်ကာ တက္ကသိုလ်ကျောင်းကြီး တက်ရောက်မည်ဆိုတော့ မျက်ရည်တွေဝဲကာ ငိုယိုသူက မိုးလေးပဲဖြစ်သည်။

"ဘာလို့ ငိုတာလဲ မိုးလေးရဲ့၊ ကိုကို တက္ကသိုလ်တက်ခွင့်ရမှာ ဝမ်းတောင်သာရဦးမှာ"

"မိုးလေး တစ်ယောက်တည်း ကျောင်းတက်ရမှာကို ဝမ်းသာရမှာလား ကိုကိုရဲ့"

"မိုးလေး ဆယ်တန်းအောင်အောင် ကြိုးစားပေါ့ကွ၊ ဆယ်တန်းအောင်ရင် မိုးလေးလည်း တက္ကသိုလ် တက်ရမှာပေါ့"

"မိုးလေးက အခုမှခြောက်တန်းပဲ ရှိသေးတာလေ ကိုကိုရဲ့၊ ဆယ်တန်းအောင်ဖို့က လေးနှစ်တောင်လိုသေးတာ"

"မိုးလေး ကြိုးစားပေါ့ကွာ၊ ဆယ်တန်းအောင်ရင် မိုးလေးတက်ချင်တဲ့တက္ကသိုလ်ကျောင်းကြီး တက်ရမှာပေါ့"

"မိုးလေးက ကိုကိုနဲ့အတူတူ တက်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ကျောင်းမတူလည်း မိုးလေးကို မေမေက ကိုယ်တိုင်ကျောင်းလိုက်ပို့ ကြိုပေးမှာပါကွာ"

မိုးလေးကို သူ ချော့မော့နှစ်သိမ့်ရသည်။ သူနှင့်ကျောင်းအတူ သွားခွင့်မရတာကြောင့် မိုးလေး ဝမ်းနည်းမျက်ရည်တွေ ဝဲနေခဲ့ပေမယ့် ကြီးကြီးကတော့ ကျေနပ်နေခဲ့၏။

"ဒီကောင်မလေးနဲ့သား ကျောင်းအတူမသွားရတော့တာ ကြီးကြီးတော့ ဝမ်းသာတယ် သိလား"

"ဟင် ဘာလို့လဲ ကြီးကြီး"

"သားတို့ချင်း အနေမနီးတော့လို့ပေါ့ကွယ်၊ ဒီမှာသား ကြီးကြီး ခဏခဏ ပြောဖူးသလိုပဲပေါ့၊ သားနဲ့မိညိုနဲ့က ဘာမှသွေးသားတော်စပ်ကြတာမဟုတ်ဘူး၊ ပြီးတော့ မိညိုကလည်း ဒီအရွယ်အတိုင်း ရပ်နေမှာမှ မဟုတ်တာ၊ တစ်နေ့တစ်ခြား ကြီးကောင်ဝင်လာတော့မှာလေ"

ကြီးကြီး ဘာကိုဆိုလိုသည်ဆိုတာကို သူ နားလည်နေသည့်အရွယ်မို့ ပြုံးမိသည်။

"သားက ဘာပြုံးတာလဲ"

"အဟင်း ဘာမှမဟုတ်ပါဘူး၊ ကြီးကြီးစကားကို သဘောကျလို့ပါ"

"ဟဲ့ ဘာသဘောကျစရာလဲ ကြီးကြီးပြောတာ မဟုတ်လို့လား"

"ကြီးကြီးရယ် မိုးလေးက အခုမှ ကလေးလေးပဲရှိပါသေးတယ်ဗျာ"

ကြီးကြီး မျက်နှာကိုမဲ့ချုပစ်ရင်း သူ့ကိုမျက်စောင်းထိုးကြည့်သည်။





"ကလေးက ကြီးလာရင် လူကြီးဖြစ်လာမှာပဲလေ၊ ဒီတော့ ...သင့်တာကို အခုချိန်ကတည်းက ကြိုတင်တားမြစ်သင့် တားမြစ်ရမှာပဲ"

"ကြီးကြီး ထင်သလို ဘယ်တော့မှဖြစ်လာမှာ မဟုတ်ဘူး မိုးလေးက သားညီမလေးပါ"

"အင်း သားလေးက တက္ကသိုလ်ကျောင်းသားကြီး ဖြစ်တော့မှာ ...တော့ ကျောင်းရောက်ရင် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာသေချာ ...ယ်၊ သား ကြီးကြီး အခုကတည်းက ပြောထားမယ်နော်၊ ချစ်သူရည်း... ထားမယ်ဆိုရင် ကိုယ်နဲ့အဆင့်အတန်းတူ ဂုဏ်ရည်တူတဲ့သူကိုပဲထား"

"ဟား ကြီးကြီးကလည်း တက္ကသိုလ်ရောက်တာနဲ့ ချစ်သူထား...တော့မှာလား"

"သားက မထားဘူးပေါ့"

"ချစ်သူမထားပါဘူး ရည်းစားတွေတော့ ထားချင်ထားမှာပေါ့ ကြီးကြီးရဲ့"

"ဟယ် ဒီကောင်လေး လူကြီးကို လာနောက်နေတယ်"

"ဟား ဟား ဟား"

သူ အားပါးတရ ရယ်မောတော့ ကြီးကြီး သဘောကျစွာ ပြုံး...၍ ကြည့်နေခဲ့သည်။ ဖေဖေ မေမေတို့ရဲ့ တစ်ဦးတည်းသောသား သူ့ကို ကြီးကြီးကတော့ သိပ်ကိုအချစ်ပိုပါသည်။

ပြောရလျှင် ဖေဖေ မေမေတို့ထက်တောင် ကြီးကြီးအချစ်က ...ပိုပွန်းနေခဲ့သည်ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဗိမာန် ဒုတိယနှစ်ကျောင်းသားကြီးဖြစ်တော့ မိုးလေးသည် အထက်တန်းကျောင်းသူကြီး ဖြစ်နေခဲ့ပြီဖြစ်၏။

ပန်းလေးတစ်ပွင့်လို နုနုရွရွလေး လှပနေသော မိုးလေးသည် ဟိုးငယ်စဉ်ကလို ကလေးလေးတစ်ယောက် မဟုတ်တော့တာကိုလည်း သူ သတိထားမိခဲ့သည်။

မူလတန်းကျောင်းသူဘဝတုန်းက ဂါဝန်ဖြူဖြူလွှင်လွှင်လေးနှင့် ရွှေမိုးညိုသည် ရင်ဖုံးအင်္ကျီဖြူလေးနှင့် ကျောင်းစိမ်းလုံချည်လေးနှင့် အပျိုပေါက်လေးဖြစ်နေခဲ့ပြီ။

ကျောလယ်လောက်အထိရှည်သော ဆံပင်နက်မှောင်ကြီးတွေ နှင့်မျက်ခုံးတန်းတန်းလေးတွေက နက်မှောင်သွယ်တန်းနေ၏။ မျက်တောင်



ကော့ကြီးတွေနှင့် မျက်နက်ဝန်းလေးတွေ နှာတံချွန်သွယ်သွယ်လေးနှင့် နှုတ်ခမ်းဖူးဖူးလေး အားလုံးသည် အပြစ်ဆိုရက်စရာမရှိခဲ့ပါ။

အပြစ်ဆိုရက်စရာမရှိသောမျက်နှာလေးနှင့် ပြေပြစ်ကျော့ရှင်းသော ခန္ဓာကိုယ်ကောက်ကြောင်းလေးတွေကလည်း မိုးလေး အရပ် အမောင်းမြင့်မြင့်လေးနှင့် လိုက်ဖက်တင့်တယ်သည်။

"မေမေ့သမီးလေးက ချောလိုက်တာ"

မေမေ့နှုတ်က ထုတ်ဖော်ချီးကျူးလောက်အောင် မိုးလေး လှပ ချော့ရှင်းတာအမှန်။

မိုးလေးအတွက် မေမေတို့ထိုသို့ပြောကြားသောစကားတွေဆိုလျှင် ကြီးကြီးကတော့ မျက်နှာကို မကျေမနပ် သုန်မှုန်ထားတတ်၏။

ဖေဖေနှင့်မေမေတို့က မိုးလေးကို သမီးရင်းနှင့်မခြား အဝတ် အစားတင်မကဘဲ လက်ဝတ်ရတနာတွေကအစ ဆင်ယင်ပေးတတ်သည်။ ဒါကိုမပြောသာလို့ မပြောသည့်တိုင်အောင် ကြီးကြီးသည် မိုးလေးရဲ့ အပေါ်မှာတော့ အမြဲတမ်း ဖိနှိပ်တတ်စမြဲ။

"အင်း မြင်ရတွေ့ရတာတော့ မဟုတ်သေးဘူး။ ဒီကောင်မလေး တို့ မောင်ရဲတို့ လုပ်နေပုံကတော့ မြင်းကိုချိုတပ်ပေးသလိုဖြစ်တော့မှာ သေချာတယ်၊ ကျေးဇူးတရားကို သိတတ်မလား၊ ရင်ကိုခြေစုံကန်ပြီး ခုန်ခဲ့တွေ့သွားမလား ကြည့်သေးတာပေါ့"

မိုးလေးအပေါ် ဘယ်တော့မှ အကောင်းမမြင်နိုင်သော ကြီးကြီး က အခွင့်သာလျှင် သာသလိုလည်း ပညာပေးတတ်၏။

"ဟဲ့ မိညို ညည်းကိုယ်ညည်း ဆယ်တန်းကျောင်းသားဆိုပြီး

www.burmeseclassic.com



ဟိုဟိုဒီဒီအကြောင်းပြချက်ပေးမနေနဲ့၊ ကျောင်းပိတ်ရက်မှာတော့ အိမ်မှုကိစ္စတွေ ကူလုပ်ပေးဦး''

''ဟုတ်ကဲ့ပါ ကြီးကြီး၊ မိုးလေး ဘာလုပ်ပေးရမလဲ''

''အမလေးတော် လုပ်စရာအလုပ်တွေမှ အများကြီးပဲ၊ မိန်းကလေးပဲတော် အိမ်မှုကိစ္စတွေတော့ မပြတ်လုပ်ရမှာပေါ့၊ လာ ငါနဲ့ မီးဖိုခန်းထဲလိုက်ခဲ့''

တကယ်ဆိုလျှင် အိမ်မှာဒေါ်သိန်းနှင့်မမော်တို့နှစ်ဦးနှင့် အဆင်ပြေပြီးသားဖြစ်သည်။ ကြီးကြီး တမင် မိုးလေးကို အလုပ်ရှာစေခိုင်းခြင်းဆိုတာ ဗိမာန်လည်း သိပါသည်။

ကြီးကြီး စေခိုင်းတိုင်းလည်း မိုးလေး မငြင်းပယ်တတ်ဘဲ လုပ်ကိုင်ပေးတတ်စမြဲဖြစ်သည်။

မိုးလေးဘက်က ဘယ်လောက်ပဲ ကြီးကြီးစိတ်တိုင်းကျ နေပြ ကြီးကြီးက ကျေနပ်ပုံမရတာ ဘာကြောင့်လဲဟု ဗိမာန် စဉ်းစားမရပါ

''ကိုကို မိုးလေးနဲ့ ကြက်တောင်ရိုက်ရအောင်''

''အံမယ် မိုးလေးက ရိုက်တတ်လို့လား''

''ရိုက်တတ်ပါတယ် ကိုကို့လောက်မတော်ပေမယ့် မိုးလေး လေ့ကျင့်ထားပါတယ်''

''အိုကေ ဒါဆို မိုးလေးနဲ့တစ်ပွဲတစ်လမ်း ကစားကြည့်ရအောင်''

''တကယ်နော် ကိုကို ဒါဆို မိုးလေး အဝတ်အစားသွားလဲဦးမယ်''

''မြန်မြန်လုပ်နော်''

''စိတ်ချ ကိုကို''





ကျောင်းပိတ်ရက်တစ်ရက်မှာ မိုးလေးနှင့်သူ ကြက်တောင်ရိုက်ကြသည်။ ခြံထဲက ကြက်တောင်ကွင်းမှာ သူ မကြာခဏ ကြက်တောင်ကစားဖြစ်သည်။

သူငယ်ချင်းတွေဖြစ်သော ပန်းတိုင်၊ ဇော်ကိုကိုနှင့် သူ အမြဲကစားဖြစ်ခဲ့သည်။ မိုးလေးနှင့်တော့ တစ်ခါမှ သူ မကစားဖူးခဲ့ပါ။

အခန်းထဲဝင်ကာ အပြာရောင်တီရှပ်နှင့် ဘောင်းဘီတိုအဖြူ လဲလှယ်ပြီး ဘတ်တံအိတ်ဆွဲကာ ခြံထဲက ကစားကွင်းထဲ သူ ဆင်းခဲ့လိုက်သည်။

ခဏကြာတော့ မိုးလေး ခြံထဲဆင်းလာသည်။ အနက်ရောင်လက်ပြတ်စွပ်ကျယ်လေးနှင့် အနက်ရောင် အားကစားဘောင်းဘီတိုလေး ဝတ်ဆင်ထားသော မိုးလေး လက်ထဲမှာလည်း ဘတ်တံအိတ်လေး ပါလာသည်။

ဆံပင်ရှည်ကြီးကို မျှော့စည်းကြိုးလေးနှင့် နောက်ကိုသပ်တင် စည်းနှောင်ထားတာမို့ နုဖတ်ကြည်လင်သော မျက်နှာလေးက ရှင်းရှင်းလေး ရှိသည်။

ဘာမှ ခြယ်သမထားသော မျက်နှာလေးသည် ဝေးမောလောက်အောင် လှပပါသည်။

ဖြူဝင်းသော အသားအရည်လေးက ဝတ်ဆင်ထားသော အနက်ရောင် ဝတ်စုံလေးကြောင့် ပိုလို့ပေါ်လွင်လွှန်းနေခဲ့၏။

''ကိုကို အဆင်သင့်ပဲလား''

''အဆင်သင့်ပဲလေ၊ မိုးလေး တကယ်ကော ရိုက်တတ်ရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် အထင်သေးလိုက်တာ၊ မိုးလေးသူငယ်ချင်း ငြိမ်းငြိမ်းတို့နဲ့ အမြဲတမ်း ကစားနေကျပါနော်"

"ကြည့်စမ်း သူငယ်ချင်းအိမ်အထိတောင် သွားကစားတယ်ဆိုတော့ တော်တော်လည်နေပြီပဲ၊ ကျောင်းချိန်တွေလစ်ပြီး သွားကစားတာလား မိုးလေး"

"ဟာ မဟုတ်တာ ကိုကိုကလည်း၊ မိုးလေးက ကျူရှင်တက်နေတာ၊ ငြိမ်းငြိမ်းတို့ခြံဘေးက ကျူရှင်မှာလေ၊ ညနေကျူရှင်ပြီးမှ ခဏတဖြုတ် ကစားကြည့်တာပါ၊ ကိုကိုနဲ့အတူ ကစားကြည့်ချင်လို့ သင်ထားတာ"

"ဒါဆို အလကားကြေးတော့ မရဘူး၊ တစ်ခုခုကြေးကြေး ကစားမယ်၊ ဘယ်လိုလဲ ရှုံးတဲ့သူ မုန့်လိုက်ဝယ်ကျွေးကြေး"

"ရတယ်လေ မိုးလေး စုထားတဲ့မုန့်ဖိုးရှိတယ်"

သူနှင့်မိုးလေး ကစားကြည့်တော့ မိုးလေး လက်ရည်က သူထင်မှတ်ထားသည်ထက် ကောင်းမွန်နေခဲ့သည်။

မိုးလေးကို ဘယ်ညာဆင့်ကာရိုက်ပြီး ကစားလိုက်တော့ ကွင်းဘယ်ခြမ်းညာခြမ်းတွေကို အပြေးလေးလိုက်ကာ မိုးလေး ဆယ်မရိုက်ရင်း

"အိုး အမေ့"

ဟန်ချက်ပျက်ကာ မိုးလေး ချော်လဲတော့ သူ စိုးရိမ်စိတ်နှင့်အနားကို အပြေးရောက်သွားခဲ့သည်။

"မိုးလေး ဘာဖြစ်သွားသေးလဲ"

"ဟို အဲ ဘာမှမဖြစ်ဘူး ကိုကို"





ဘာမှမဖြစ်ဘူးဆိုသော မိုးလေး၏ညာဘက်ဒူးထိပ်မှာတော့ သွေးစို့နေသော ပွန်းပဲ့ဒဏ်ရာက အထင်းသား။

"ဟင် ဒူးခေါင်းကိုထိသွားတာကိုး"

"နည်းနည်းပါ ကိုကို၊ ပွန်းသွားတာလေးပါ"

"ပွန်းသွားတာ မလုပ်နဲ့၊ အရက်ပျံနဲ့ ဆေးကြိုးဆေးလူးလိုက်မှဖြစ်မှာပေါ့"

"ဟင်း ပွဲမှမပြီးသေးတာ"

"ဆက်မကစားပါနဲ့တော့ကွာ၊ ကိုကို အရှုံးပေးပါတယ်ဟုတ်လား"

"ကိုကို မရှုံးပါဘူး၊ မိုးလေး ရှုံးမှာပါ"

"ပွဲမပြီးခင် ရပ်လိုက်တာဆိုတော့ သရေပဲထားလိုက်ပေါ့၊ နောက်ထပ်ကစားမယ် ဟုတ်လား လာ မိုးလေး ဒဏ်ရာကို ဆေးထည့်ထားလိုက်နော်"

မိုးလေး ခေါင်းလေးညိတ်ကာ သူနှင့်အတူ အိမ်ထဲဝင်လိုက်ခဲ့တော့ ညှော်ခန်းထဲမှာ ကြီးကြီးနှင့်ထိပ်တိုက်ဆုံ၏။

"ဟဲ့ ဒါက ဘာဖြစ်လာတာတုန်း"

"ဒီမှာလေ ကြက်တောင်ရိုက်ရင်း မိုးလေး ဒူးခေါင်းနိုက်မိသွားတာ"

"အမလေးတော် မိန်းကလေးတန်မယ့် ကြက်တောင်ရိုက်ကစားသေးတဲ့လား၊ ဒီထက် ဒဏ်ရာအနာတရတောင် ရသင့်သေးတယ်၊ ကဲ သွား လာ ရေချိုးတော့၊ ပြီးရင် ထမင်းစားကြရအောင်"

ကြီးကြီးက မိုးလေးကို အပြစ်တင်ရင်း သူ့ကိုလှမ်းဆွဲခေါ်နေတာမို့



www.burmeseclassic.com

www.burmeseclassic.com



"မိုးလေး ဒေတ်ရာကို အရက်ပြန်နဲ့ဆေးကြောပြီးမှ ဆေးထည့်နော်၊ ဒဏ်ရာသေးသေးလေးဆိုပြီး မပေါ့နဲ့ဦးနော်"

"ဟုတ်ကဲ့ ကိုကို"

"ကဲ သားရယ် လာစမ်းပါ သူ့ဘာသာ ကမြင်းကြောနန့်လို့ ဆိုတာ၊ သူ့ထိုက်နဲ့သူ့ကံ ခံပစေ၊ ဘယ့်နှယ်တော် ကလေးမဟုတ် သူငယ် မဟုတ် ငါ မပြောလိုက်ချင်ဘူး"

ထုံးစံအတိုင်း ကြီးကြီးရဲ့အငြူအစူက မိုးလေးခမြာ မလွတ်ရှာပါ။ သူ့ကိုလည်း ကြီးကြီးက မကျေမနပ် အပြစ်ဖွဲ့သေး၏။

"သား ဘာလို့ ဒီကောင်မလေးနဲ့ ကစားရတာလဲ"

"ဘာလို့လဲ ကြီးကြီးရဲ့၊ ဒီနေ့ ဟိုကောင် ပန်းတိုင်တို့ရောက် မလာလို့ အပျင်းပြေ ကစားတာပါ"

"ကစားစရာလား မိညိုနဲ့ရောရောနှောနှော မနေဖို့ ကြီးကြီး ပြောထားတယ်လေ"

"ဟာ ကြီးကြီးကလည်း တစ်အိမ်တည်း အတူနေတဲ့သူတွေ ကြီးကြီးပြောသလို နေလို့ရမလား၊ ပြီးတော့ မိုးလေးက လိမ္မာပါတယ်"

"ဘာလိမ္မာတာလဲ သားနော် ကြီးကြီးပြောတာကို ဘယ်တော့မှ မမေ့နဲ့၊ ဒီကောင်မလေးကို အရောမဝင်နဲ့ ပ,စားမပေးနဲ့"

"ဒုက္ခပါပဲ ကြီးကြီးရာ၊ အခု ကျွန်တော်က ဘာလုပ်နေလို့လဲ"

"သားနော် ကြီးကြီးက သားအတွက် စိုးရိမ်လို့ပြောနေတာ သိလား မီးဆိုတာ မလောင်ခင်တားရသတဲ့၊ အခုကတည်းက ကြီးကြီး ကြိုပြောထားမယ်နော်၊ ဒီကောင်မလေးနဲ့ ဘာဘာညာညာ အသံတွေ





ကြားချင်ဘူး"

"ဟာ ကြီးကြီး ဘာတွေပြောနေတာလဲ၊ မိုးလေးက ဖေဖေ မေမေတို့ရဲ့မွေးစားသမီး၊ သွေးသားအရင်းမဟုတ်ပေမယ့် သားရဲ့ညီမ တော်တယ်လေ၊ ကြီးကြီးပြောသလို သားစိတ်ထဲမှာ မရှိပါဘူး"

"အေး ဒါဆိုရင် ကောင်းတာပေါ့၊ သား အဆင့်အတန်းနဲ့လည်း ဘာမှဆက်နွယ်ပတ်သက်စရာမလိုတဲ့အခြေအနေပါ"

ကြီးကြီးရဲ့ပူပန်မှုတွေကို သူ နားလည်သည်။ ဒါပေမဲ့ မိုးလေး အပေါ်မှာလည်း ကြီးကြီးပြောသလို မရိုးမသား စိတ်မျိုး အခုချိန်အထိ ဖိမာန် မထားခဲ့ပါ။

မိုးလေးဆိုတာ ဖေဖေတို့ရဲ့မွေးစားသမီးမို့ သူ့ရဲ့မွေးစားညီမလေး ဖြစ်သည်။ မိုးလေးသည် သနားစရာကောင်းသလို ချစ်စရာလည်း ကောင်းသော ကောင်မလေးပဲဖြစ်၏။

အရင်ကတော့ မိုးလေးအပေါ် မကြည်လင်စိတ်ကလေးနှင့် သူ ထိန်းနေခဲ့တာ ဖေဖေမေမေတို့အချစ်တွေကို လုယူသွားမည်လားဟူသော ကလေးစိတ်နှင့်ဖြစ်သည်။

အခုတော့ သူလည်း ကလေးလေးမဟုတ်တော့ပါ။ အလင်းဖိမာန် ဆိုတာ ဒုတိယနှစ်တက္ကသိုလ်ကျောင်းသားကြီးပင်ဖြစ်လို့နေပြီ။

အချစ်ဆိုတာ ဘာလဲ ရေရာစွာ မဝေခွဲတတ်သေးပေမယ့်လည်း အလင်းဖိမာန် ဆိုသော သူ့အနားမှာ လှသောချောသော ကောင်မလေး တွေ ဝိုင်းဝိုင်းလည်နေသည်။

ရည်းစားမကျ ချစ်သူမကျ ကောင်မလေးတွေလည်း ဖိမာန်

www.burmeseclassic.com

www.burmeseclassic.com



တွဲတတ်နေပြီ။ ဒါပေမဲ့ ဘယ်မိန်းကလေးကိုမှ သူ့နှုတ်က ချစ်တယ်ဟု မပြောခဲ့ဖူးသေးပါ။

အချစ်ဆိုတာ အလင်းဗိမာန် ဘဝမှာတော့ လေးနက်စွာ မခံစားဘူးသေးတာ အမှန်။ ဖေဖေ မေမေနှင့် ကြီးကြီးတို့ရဲ့ ချစ်ခြင်းတွေ ပြည့်နှက်နေသော သူ့ဘဝမှာ နောက်ထပ်အချစ်ဆိုတာ လိုအပ်မည် မထင်ပါ။

ကြုံဆုံလာခဲ့ဦးတော့ ဖေဖေ မေမေနှင့်ကြီးကြီးတို့ရဲ့ချစ်ခြင်းလောက် လေးနက်မည်မထင်ပါ။

■ ■ ■



## အခန်း (၁၀)

ကံကြမ္မာက ဘယ်လိုမှ မမျှော်လင့်နိုင်သော ကြမ္မာဆိုးကြီးတွေကိုလည်း ဆောင်ယူလာတတ်မှန်း ဗိမာန် လက်တွေ့ကြုံမှ လက်ခံရတော့သည်။

ဒါက ဖေဖေနှင့်မေမေတို့ ကားအက်ဆီးဒင့်ဖြစ်ကာ တိမ်းမှောက်ခဲ့ခြင်းပင် ဖြစ်၏။

ထိုသတင်းဆိုးကြီးကို ဖုန်းထဲကတစ်ဆင့် ကြားလိုက်ရချိန်မှာ ကြီးကြီး ထိတ်လန့်တုန်လှုပ်သွားခဲ့ရှာသည်။

"ဘုရား ဘုရား မောင်လေးတို့ ညီမလေးတို့ ဘာမှမဖြစ်ပါစေနဲ့"

"ကြီး ကြီးကြီး သားတို့ဆေးရုံလိုက်သွားကြရအောင်"

"ကို ကိုကို မိုးလေးလည်းလိုက်မယ်"

အနားမှာ မျက်ရည်လေးဝဲကာ ရပ်နေသော မိုးလေး တောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ချက်ချင်းငြင်းသည်။

"ညည်းက ဘာလို့လိုက်မှာလဲ၊ အိမ်မှာနေခဲ့ သား လာ သွားစို့အောင်"

"မိုးလေး လိုက်ချင်တယ်ဆိုရင် လိုက်ခွင့်ပေးလိုက်ပါ ကြီးကြီး"

သနားစရာ မိုးလေး မျက်နှာလေး ဝင်းပသွားခဲ့သည်။ ကြီးကြီးကလည်း ဒီလိုအချိန်မှာ အတိုက်အခံ မပြောချင်ဟန်နှင့် ခေါင်းညိတ်သည်။

"ကဲ ကဲ လိုက်ချင်လည်း မြန်မြန်လုပ်ကြ၊ သား ကားမောင်းလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ကြီးကြီး"

သုံးယောက်သား ဆေးရုံကြီး၏အရေးပေါ်ဌာနရောက်တော့ သတင်းဆိုးက ဆီးကြိုနေသည်။

"စိတ်မကောင်းပါဘူးဗျာ၊ တစ်ယောက်ကတော့ ဆေးရုံရောက်ကတည်းက အသက်ပါမလာဘူး၊ ကျန်တစ်ယောက်ကိုတော့ အတတ်နိုင်ဆုံး ကြိုးစားကုသပေးနေတုန်းပဲ"

"ဟင်"

"ရှင်"

"အ အခု အရေးပေါ်ခန်းထဲမှာရှိနေတာ ဘယ်သူလဲဟင်"

ကြီးကြီး ကတုန်ကယင်နှင့်မေးတော့ ဆရာဝန်ကြီးက ဖြေရှာသည်။

"အမျိုးသမီးလူနာပါ၊ ယောက်ျားဖြစ်သူကတော့ ဆုံးရှာပါပြီဗျာ"





"ဟင် မောင်နဲ့မောင်လေး ဆုံးပြီ"

ကြီးကြီး မျက်လုံးကြီးတွေ ပြူးကျယ်လျက် တောင့်တောင့်ကြီး ဖြစ်သွားသည်။ နံဘေးက မိုးလေး ရှိုက်သံလေး ကြိတ်ထွက်လာတော့မှပဲ သူလည်း သတိဝင်လာ၏။

"ဖေ ဖေဖေရယ်"

"မောင် မောင်လေး အဟင့် အစ် အစ်"

"ဟာ ကြီးကြီး သတိထားလေ ကြီးကြီး"

ခွေခနဲ လဲကျသွားသော ကြီးကြီးကို ဖမ်းပွေ့ထားဖို့ ကြိုးစားသော မိုးလေး မနိုင်ဘဲ နှစ်ယောက်စလုံး ပြိုလဲကျသည်။

သူနာပြုဆရာမလေးတွေ ချက်ချင်းရောက်လာကြသည်။ သတိလစ်နေသော ကြီးကြီးကို လူနာတင်လှည်းပေါ် ခေါ်တင်ကာ ပြုစုဖို့ခေါ်သွားကြသည်။

"မိုးလေး ဘာဖြစ်သွားသေးလဲ"

"ဘာ ဘာမှမဖြစ်ပါဘူး ကိုကို"

လဲကျနေသော မိုးလေးကို သူ ဖေးမတွဲထူလိုက်ရသည်၊ မိုးလေး မျက်ရည်တွေ စီးကျလျက် သူ့ကိုမော့ကြည့်ရင်း

"ကို ကိုကို ဖေဖေ ဖေဖေ့ကို မကယ်နိုင်တော့ဘူးလား ကိုကိုရယ် အဟင့် ဟင့်"

"မိုးလေး ညီမလေးရယ်"

တသိမ့်သိမ့် ရှိုက်ငိုနေသော မိုးလေးခန္ဓာကိုယ်လေးကို တွေးပွေ့နှစ်သိမ့်ရင်း သူလည်း မျက်ရည်တွေစီးကျ ကြေကွဲနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သောမိသားစုကို ဖေဖေ ဒီလိုစောစီးစွာ ခွဲခွာသွားခဲ့မည်ဟု သူ ဘယ်တုန်းကမှ မထင်ထားခဲ့ပါ။

အခုတော့ ဖေဖေ အားလုံးကို စွန့်ခွာသွားခဲ့ပြီ။ အရေးပေါ်ခန်းထဲမှာ ကျသနေဆဲ မေမေ့အတွက်ပဲ သူ အားကိုးတကြီး ဆုတောင်းမိသည်။

မေမေ ဘာမှမဖြစ်ပါစေနဲ့။

■ ■ ■

## အခန်း (၁၁)

အရေးပေါ်ခန်းရှေ့မှာ သူနှင့်မိုးလေးတို့ ဆုတောင်းခဲ့မှုတွေက ပြည့်ခဲ့သည်။ ဒါပေမဲ့ မေမေ၏ပြင်းထန်လှသော ဒဏ်ရာကြီးက မေမေ့ဘဝကို လူကောင်းပကာတိ ပြန်မရှင်သန်စေခဲ့ပါ။

"ထိခိုက်ခံလိုက်ရတဲ့ အာရုံကြောက ဒဏ်ရာက ပြင်းထန်လွန်းတော့ သူ့ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး လှုပ်ရှားလို့မရနိုင်တော့ဘူး၊ အသက်ရှင်သန်ခွင့်ရတာပဲ ကံကောင်းမှုလို့ မဆိုးတဲ့အကောင်းအဖြစ် သတ်မှတ်ရမှာပေါ့ကွယ်"

ဆရာဝန်ကြီး၏နှစ်သိမ့်စကားတွေအောက်မှာ သူနှင့်ကြီးကြီး မျက်ရည်စတွေကြားက ကြိတ်ငိုရှိုက်မိကြသည်။ မိုးလေးကတော့ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ခန္ဓာကိုယ်လေးလှုပ်ခတ် ကြိတ်ငိုနေခဲ့သည်။

သတိလစ်နေဆဲ မေမေကတော့ ခုတင်ပေါ်မှာ ငြိမ်သက်စွာ အိပ်ပျော်နေဆဲ။

www.burmeseclassic.com



"သားရယ် ဆရာဝန်ကြီးပြောသလို အဆိုးထဲက အကောင်းလို့ သတ်မှတ်ရမှာပဲလေ၊ ညီမလေး အသက်ရှင်သန်ခွင့်ရတာကိုပဲ ကြီးကြီးတို့ ဝမ်းသာဖြေသိမ့်ရမှာပေါ့"

မောင်ဖြစ်သူရဲ့သတင်းဆိုးကြီး ကြားရစဉ်က သတိလစ် ရှော့ခ် ဖြစ်သွားခဲ့သော ကြီးကြီး မေမေ အသက်ရှင်သန်ခွင့်ရနေသေးသည်ဆို တော့ ဖြေသိမ့်နိုင်ခဲ့သည်။

"ကြမ္မာဆိုးကြီးက ရက်စက်လိုက်တာ ကိုကိုရယ်၊ မိုးလေး ဘယ်လိုဖြေသိမ့်ရမလဲ"

သူ့လက်မောင်းမှာ မျက်နှာအပ်ရင်း ရှိုက်ကြီးတငင် ငိုကြွေးနေ သော မိုးလေးကို နှစ်သိမ့်ဖေးမဖို့ အင်အားတို့လည်း သူ့မှာမရှိခဲ့ပါ။

တကယ့်ကို ကံကြမ္မာက ဆိုးလွန်းပါသည်။

ဖေဖေ့ကို သူ အပြီးတိုင် ဆုံးရှုံးခဲ့ရသည်။ ပြီးတော့ မေမေသည် လည်း ဆက်ရှင်သန်ရမည့် အနာဂတ်ဘဝကြီးတစ်ခုလုံးကို ဒုက္ခိတဘဝ ကြီးနှင့် ရင်ဆိုင်ရှင်သန်ရတော့မည့်အဖြစ်။

ငိုကြွေးနေဆဲ မိုးလေးကိုကြည့်ကာ သူ ရင်ဆိုင်နေရသည့်အဖြစ် နှင့် စာနာမိတာအမှန်။

မိုးလေးဘဝက အရွယ်မရောက်ခင် မိဘနှစ်ပါးစလုံးကို ဆုံးရှုံး ခဲ့ရတာဖြစ်သည်။ သူကတော့ ဒီအရွယ်ရောက်မှ ဖေဖေ့ကို ဆုံးရှုံးခဲ့ရတာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မေမေ့ကို လောကကြီးထဲမှာ ဆက်ရှင်သန်ခွင့် ပေးသည့်ကံကြမ္မာရဲ့ ညှာတာမှုကိုတော့ သူ ကျေးဇူးတင်ရပါသည်။

■ ■ ■





မေမေ သတိပြန်ရလာချိန်မှာ သူတို့သုံးယောက်စလုံး မေမေ့ အနားမှာ ရှိနေခဲ့ကြသည်။

"မေ မေမေ သတိရလာပြီနော်"

"ညီမလေး မေ သတိရပြီလား"

မေမေ့အကြည့်တွေက သူနှင့်ကြီးကြီးတို့ကို ကျော်လွန်ကာ မိုးလေးဆီမှာ ဦးတည်သွားခဲ့၏။

"မေမေ သက်သာရဲ့လားဟင်"

မိုးလေး အမေးကို မေမေ ခေါင်းလေးညိတ်ဖြေသည်။ ပြီးမှ သူ့မျက်နှာဆီ မေမေ အကြည့်တွေပြန်ရောက်ရှိလာခဲ့ကာ လေသံတိုးတိုးနှင့်

"သား ဖေဖေကော သူဘယ်မှာလဲ"

ရင်ထဲက ဆို့နစ်တက်လာသော ဝေဒနာကြီးကို သူ မျိုသိပ်ထား ရင်း မေမေ့ကို ပြုံးပြရတာ ရင်ထဲမသို။

"ရှိ ရှိတယ် မေမေ၊ ဖေဖေလည်း မေမေ့လိုပဲ ဒီဆေးရုံပေါ်မှာ ကုသမှုခံယူနေရတယ်လေ"

"ဟုတ်တယ် ညီမလေး၊ မောင်လေး သတိပြန်ရနေပါပြီ"

ကြီးကြီးကိုယ်တိုင်ကလည်း မေမေ ယုံကြည်အောင် လိမ်ညာ ပေးနေ၏။ ကြီးကြီးရင်ထဲမှာလည်း ပူလောင်ခံစားနေခဲ့ရမှာ သူ နားလည် ပါသည်။ မေမေ့အခြေအနေကြောင့် အမှန်ကို ချက်ချင်းမပြောစေဖို့ ဆရာဝန်ကြီးတွေက မှာထားသည်။

အမှန်တရားကြီးတစ်ခုကို သူတို့မေမေသိအောင် ဘယ်လောက် ကြာကြာ လိမ်ညာထားနိုင်မည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မေမေ ခုတင်ပေါ်က ထထိုင်ဖို့ ကြိုးစားတော့ သူ ခုတင်စွန်းမှာဝင်ထိုင်ရင်း

"မေမေ ငြိမ်ငြိမ်လေးနေလေ၊ မေမေထိုင်လို့ မရသေးဘူးလေ"

မေမေ မျက်မှောင်တွေကျုံ့ကာ ငြိမ်သက်နေခဲ့သည်။ မေမေ မမြင်မသိနိုင်သော အရာကိုပဲ သူတို့ဖုံးကွယ်ရနိုင်မည်။ မေမေကိုယ်တိုင် ခံစားသိနေသော အရာကိုတော့ သိုဝှက်မရခဲ့။

"သား မေမေ ခြေထောက်တွေ လှုပ်လို့မရဘူး"

"မေမေရယ်"

ကြီးကြီးက မေမေ မေးလာမှာကို ရင်မဆိုင်ရဲသလို မျက်နှာလွှဲ ရှောင်တိမ်းသွားခဲ့သည်။

"သမီးလေး မိုးလေး"

"ရှင် မေမေ"

"မေမေ မေမေ့ခြေထောက်တွေ တကယ့်ကို လှုပ်ရှားမရတော့ ဘူးလားဟင်၊ မေမေ့ကို မညာပါနဲ့ သမီးလေး"

မိုးလေး ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ မျက်ရည်တွေ စီးကျလာကာ မေမေ့ကို သိုင်းဖက်ငိုကြွေးသည်။

"မေမေရယ် မေမေ ဘာမှမဖြစ်ပါဘူး၊ မေမေ့အနားမှာ ကိုကို ရော ကြီးကြီးရော သမီးပါရှိနေမှာပါ၊ မေမေ ဘာမှအားမငယ်ပါနဲ့နော်"

မေမေ့လက်တွေက မိုးလေးမျက်နှာဆီ ရောက်ရှိလာကာ ပွတ် သပ်ပေးရင်း ပြုံးသည်။

"ဟင့်အင်း မေမေ အားမငယ်ပါဘူးကွယ်၊ မေမေချစ်တဲ့ သမီး



လေးနဲ့ သားသားရှိနေတာပဲ၊ မေမေ ကျေနပ်ပါတယ်ကွယ်"

ပြုံးနေသော မေမေ့မျက်ဝန်းမှာ မျက်ရည်စတွေကို မြင်တွေ့နေ ရသည်။ မေမေ့ရင်ထဲက မမြင်နိုင်သော ခွန်အားတွေကို သူ အံ့ဩမိ၏။

ဖေဖေ့ရဲ့အဖြစ်ဆိုးကြီးကိုလည်း မေမေ့ကို သူတို့ ကြာရှည်စွာ သိုဝှက်ဖုံးကွယ်မထားနိုင်ခဲ့ပါ။

"မေမေ ကံကြမ္မာရဲ့စေရာအတိုင်း လက်ခံနိုင်ခဲ့ပါတယ် သား ရယ်၊ သားတို့အဖေမရှိတော့ဘူး မဟုတ်လား၊ မေမေ့ကို မင်းတို့ ညာ သားတာ မေမေ နားလည်ပါတယ်၊ မေမေ့အနားမှာပဲ သားတို့သုံးယောက် ရှိနေကတည်းက မေမေ ကြိုသိနေခဲ့တာပါ"

"မေမေရယ် မေမေ ဘယ်လောက် ခံစားနေရမလဲဆိုတာ သား နားလည်ပါတယ်"

"သားရယ် အားလုံးဟာ ဝဋ်ကြွေးအတိုင်းပဲပေါ့ကွယ်၊ မေမေ ချစ်တဲ့သားနဲ့ သမီးလေးတို့နဲ့ ဆက်ရှင်သန်ခွင့်ရတဲ့အချိန်အထိ မေမေ နေထိုင်ရဦးမှာပေါ့ကွယ်"

မေမေ့မှာ ကံကြမ္မာကို ရင်ဆိုင်နိုင်သော ခွန်အားနှင့်အသိတရား တို့ ပြည့်ဝရင့်ကျက်နေခဲ့ပြီထင်သည်။

ဘာပဲဖြစ်ဖြစ် လောကကြီးထဲမှာ မေမေ အသက်ရှင်နေထိုင်ခွင့် ရခြင်းအတွက်တော့ သူကော မိုးလေးပါ ဝမ်းသာကြည်နူးရပါသည်။

မေမေ့အနားမှာ သူ အမြဲစောင့်ရှောက်ပေးဖို့ လေးနက်စွာ ဘာတိပြုလိုက်မိတာ အမှန်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဆေးရုံကဆင်းခဲ့ပေမယ့် မေမေ့ဘဝက ပြောင်းလဲခဲ့ပြီ။

ခန္ဓာကိုယ်အောက်ပိုင်း လှုပ်ရှားမရသော မေမေ့အတွက် အမြဲတမ်း စောင့်ရှောက်ဖေးမပေးဖို့ တစ်ယောက်ကို စဉ်းစားရသည်။

"ရေရှည်အတွက်တော့ မေ့ကိုစောင့်ရှောက်ပေးဖို့ လူတစ်ယောက် လိုလိမ့်မယ် သား"

"သား နားလည်ပါတယ် ကြီးကြီး၊ ကြီးကြီးကလည်း မေမေ့တာဝန်ကို အမြဲမယူနိုင်ဘူးလေ၊ အခုလည်း သားတို့ မိုးလေးတို့ ကျောင်းပိတ်ချိန်တွေမှာမို့ မေမေ့ကို စောင့်ရှောက်ပေးနိုင်တာ၊ ကျောင်းတွေပြန်ဖွင့်ရင် မလွယ်တော့ဘူး"

"ဟုတ်တယ် သား ဒေါ်သိန်းနဲ့မိမော်လေးခမြာလည်း သူ့တာဝန်နဲ့သူ အပြည့်အဝ အားတာမဟုတ်ဘူး"





"ကြီးကြီး မိုးလေးတစ်ခုပြောပါရစေ"

သူနှင့်ကြီးကြီးစကားတွေကို ငြိမ်သက်စွာ နားထောင်နေသော မိုးလေး ဝင်ပြောတော့ ကြီးကြီး အလိုမကျသလို မျက်မှောင်ကုပ်ကြည့်သည်။

"ညည်းက ဘာပြောမလို့လဲ"

"ဟိုလေ မေမေ့ကို မိုးလေးစောင့်ရှောက်ပေးနိုင်ပါတယ် ကြီးကြီး"

"ဘာရယ် မိုးလေး မိုးလေးက ကျောင်းတက်ရဦးမှာလေကွာ"

"ဟင့်အင်း မိုးလေးအတွက် အဲဒါက အရေးမကြီးပါဘူး ကိုကိုနဲ့မေမေ အခုလိုဖြစ်နေချိန်မှာ မိုးလေး အနီးကပ်စောင့်ရှောက်ပေးရမှာပဲလေ"

"မဟုတ်တာ မိုးလေးက ကျောင်းဆက်မတက်ဘူးဆိုရင် မေမေကကော လက်ခံမှာတဲ့လား၊ မေမေက မိုးလေးကို ဘယ်လိုမှ ခွင့်ပြုမှာမဟုတ်ဘူး"

"ဒါတော့ မိညို့ဘက်က မှန်တယ်သား၊ အခုချိန်မှာ မေ့ကိုပြုစုစောင့်ရှောက်ဖို့ လူတစ်ယောက်လိုတာ အမှန်ပဲ၊ ပြီးတော့ မေ့ကိုပြုစုမယ့်လူက စကယ့်ကို မေ့အပေါ် သည်းခံပြုစုပေးမယ့်သူဖြစ်ဖို့လိုတယ်၊ မိညို့လေး ဆုံးဖြတ်တာမှန်တယ်"

ကြီးကြီး ကြားကဝင်ပြောသည်။ ကြီးကြီးစကားတွေက ဒါထက်ထမဆုံး မိုးလေးဘက်က ရပ်တည်တာပဲဖြစ်သည်။ ဒါ မိုးလေးအတွက် စေတနာစိတ်ရှိတာကြောင့် မဟုတ်တာ သေချာသည်။

"မိညို့ နင်လက်ခံမယ်ဆိုရင် ကြီးကြီးတော့ သဘောတူလက်ခံ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ညီမလေး မေ့အတွက် မိညိုလေးနဲ့ပဲ ကြီးကြီး စိတ်ချတယ်''

ကြီးကြီး လေသံတွေက ချိုလွင်နေသည်။ မိုးလေးအပေါ်မှာ ကြီးကြီး အမြဲတမ်း ဘာကြောင့်မကောင်းစိတ်တွေပဲထားနေရတာလဲဟု ဓိမာန် တွေးမရနိုင်ပါ။

အခုလည်း မေမေ့ကို စောင့်ရှောက်ဖို့အတွက် မိုးလေးက တာဝန်ယူမည်ဆိုတော့ ကြီးကြီး လိုလိုလားလားထောက်ခံပေးနေသည်။

မိုးလေး ပညာရေးအတွက် ကြီးကြီး ဘယ်လိုမှ ထည့်မတွက်တာ သေချာနေသည်။ ကြားက မနေနိုင်သောသူ ဝင်ပြောမိပြန်သည်။

''ကြီးကြီး၊ မိုးလေး ကျောင်းမတက်လို့မဖြစ်ဘူး၊ ဆယ်တန်းအောင်ပြီဆိုတော့ တက္ကသိုလ်တက်ရမှာပဲ၊ မေမေ့အတွက် အဆင်ပြေမယ့်သူတစ်ယောက် သား ရှာပေးပါ့မယ်''

''သူစိမ်းထက်စာရင် ကိုယ့်သားသမီးက ပြုစုတာကို ပို အဆင်ပြေတာပေါ့''

''ဟုတ်ပါတယ် ကိုကို မိုးလေးအပေါ်မှာ မေမေ့ရဲ့ကျေးဇူးတွေ အများကြီးရှိပါတယ်၊ မိုးလေး ပေးဆပ်ခွင့်ရတုန်း ဆပ်ပါရစေနော်''

''မိုးလေး တော်စမ်း''

သူ အော်တော့ မိုးလေး နှုတ်ဆိတ်ငြိမ်သက်သွားခဲ့သလို ကြီးကြီးက မျက်မှောင်ကြီးကုပ်ကြည့်သည်။

''ဒီကိစ္စကို မင်းဘာသာ ဆုံးဖြတ်ခွင့် မရှိဘူး မိုးလေး၊ မေမေ့ ကိုယ် တိုင်ပင်စီစဉ်ပေးမယ်''

''ဟို ဟိုလေ မိုးလေးတစ်ခုပြောပါရစေ ကိုကို''





မဝံ့မရဲလေသံလေးနှင့် မိုးလေးပြောတော့ သူ မျက်မှောင်ကြီးကုပ်ကာ ကြည့်နေလိုက်သည်။

''ဟိုလေ မိုးလေး အဝေးသင်တက်ပြီး ဘွဲ့ရအောင်ကြိုးစားပါ့မယ်၊ ဒါဆို မေမေ့ကိုလည်း ပြုစုခွင့်ရမယ်၊ ပညာရေးကိုလည်း မထိခိုက်တော့ဘူးပေါ့နော် ကိုကိုနော်''

''ဒါ ကောင်းတယ် ညီလေး အစီအစဉ်ကို ကြီးကြီး သဘောတူ ထောက်ခံတယ်''

နောက်ဆုံးတော့ မိုးလေး တောင်းဆိုချက်ကို သူ ခွင့်ပြုပေးရတော့သည်။ မေမေကတော့ ခွင့်မပြုချင်ပါ။

''မေမေ့သမီးလေး တက္ကသိုလ်ကျောင်းကြီး တက်စေချင်ပါတယ် ကွယ်''

''အတူတူပါပဲ မေမေရယ်၊ အဓိကက ဘွဲ့ရဖို့မဟုတ်လား၊ အဝေးသင်တက်ပြီးလည်း ဘွဲ့ရနိုင်တာပဲ၊ သမီး အဝေးသင်ပဲတက်ပါရစေနော် မေမေ''

''မိုးလေးဆန္ဒကို ခွင့်ပြုပေးလိုက်ပါ မေမေ''

သူကိုယ်တိုင်ကလည်း မိုးလေး ကြိုတင်တောင်းဆိုထားခဲ့သောဆန္ဒအတိုင်း ခွင့်ပြုပေးတော့ မေမေ ခေါင်းညိတ်ရသည်။

တကယ်ဆိုလျှင် မိုးလေး တက္ကသိုလ်ကျောင်းကို တက်မည်ဆိုလျှင် ရနိုင်ပေမယ့် မေမေ့ကိုပြုစုဖို့အတွက် ထိုအခွင့်အရေးကို လက်လွှတ်ခဲ့ခြင်းဟု သူ နားလည်သည်။

ဒါကို ကြီးကြီးကိုယ်တိုင်လည်း နားလည်သဘောပေါက်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။

မေမေ၏ဝေယျာဝစ္စတွေကို မိုးလေး မညည်းမညူ နေ့စဉ်ပြုစုဆောင်ရွက်ပေးနေတော့ ကြီးကြီး မိုးလေးအပေါ်မှာ နားလည်သွားခဲ့သည်ထင်၏။

အရင်ကလို မိုးလေးအပေါ်မှာ ဆက်ဆံပြုမူတာမျိုး မရှိခဲ့တော့ပါ။

ဗိမာန်ကိုယ်တိုင်လည်း ဘွဲ့ရပြီးသည်နှင့် ဖေဖေ့ရဲ့ကုမ္ပဏီလုပ်ငန်းတွေကို ဦးဆောင်ဖို့ ကြိုးစားရသည်။ မိုးလေးကတော့ စီးပွားစီမံဘာသာရပ်ကို အဝေးသင်နှင့်သင်ယူသည်။

အမြဲတမ်း ဒရင်းဘာတ်နှင့် ပိုးချဲလ်နှင့် ရှင်သန်နေရသော မေမေ့အနားမှာ မိုးလေး အရိပ်လို ပြုစုနေပေးနိုင်တာ မေမေ့အတွက်တော့ အဆင်ပြေပါသည်။

ဖေဖေ မရှိတော့သောအခါ အိမ်၏စီးပွားရေးလုပ်ငန်းများစွာအားလုံးက သူ့တာဝန်ဖြစ်လာတာမို့ သူ့မှာ နားရက်မရှိသလောက်အလုပ် တွေ ပိနေတတ်၏။

"ဟော့ကောင် ဗိမာန်"

"ဟာ ပန်းတိုင် ဘယ်ကလှည့်လာတာလဲ"

"ဘယ်ကမှ လှည့်မလာဘူး။ မင်းဆီတမင်လာတာ"

သူ့ရုံးခန်းအထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော ပန်းတိုင်က စားပွဲရှေ့ထိုင်ခုံမှာ ဝင်ထိုင်သည်။

ကျောင်းပြီးကတည်းက သူငယ်ချင်းတွေပြန်ဆုံခွင့်က မရှိသလောက်ဖြစ်နေ၏။



"မင်းအိမ်ကို ငါ ရောက်ခဲ့သေးတယ်"

"ဟုတ်လား ငါက ဆန်းဒေးရက်တောင် အိမ်မှာရှိချင်မှ ရှိတာတာကွ"

"သိပါတယ်ကွာ အလင်းဗိမာန်ဆိုတဲ့ကောင်က ကုမ္ပဏီလုပ်ငန်းကြီး လေးငါးခုကို ဦးစီးလုပ်ကိုင်နေတဲ့ကောင်ဆိုတာ"

"မင်းကလည်း ရှိနေပြန်ပါပြီ၊ ဖေဖေမှမရှိတော့ပဲကွာ၊ ဖေဖေ့တာဝန်တွေကင်္ပပခုံးပေါ် အလိုလို ရောက်လာပြီပေါ့"

"နောက်တာပါကွာ၊ သြော် ဒါနဲ့ ရွှေမိုးညိုနဲ့လည်း တွေ့ခဲ့တယ်ကွ အန်တီမေကို ပိုးချဲလ်နဲ့ ခြံထဲဆင်းတွန်းပေးနေတာ"

အိမ်ကိုဝင်ခဲ့သည့် ပန်းတိုင် မိုးလေးနှင့်ဆုံခဲ့ပုံရ၏။

"အေး မိုးလေးက လိမ္မာပါတယ်ကွာ၊ မေမေ့ကိစ္စအားလုံးသူပဲ တာဝန်ယူနေရတာ"

"ငါ သိခဲ့ပါတယ် ကျောင်းတောင် အဝေးသင်ပဲတက်နေတာဆို"

"ဟုတ်တယ် မေမေ့ကို ပြုစုချင်လို့တဲ့"

"အေးကွာ ရွှေမိုးညိုက သမီးအရင်းအချာ မဟုတ်ပေမယ့်အန်တီမေ့အပေါ် အတော်ချစ်ရှာပါတယ်"

"မေမေကလည်း သမီးရင်းလို ချစ်တာကိုးကွ၊ မိုးလေးကလိမ္မာပါတယ်"

"ဗိမာန်"

"ဘာလဲ ပန်းတိုင်၊ မင်းဘာပြောမလို့လဲ"

"မင်းညီမလေး ရွှေမိုးညို တော်တော်ချောလာတယ်ကွ အဟဲ"

www.burmeseclassic.com



"မွှေးကောင် ပြောင်ချင်နောက်ချင်တဲ့သဘော မပျောက်သေးဘူး"

ပန်းတိုင်ဆိုသည့်ကောင်က ကျောင်းမှာကတည်းက လူပျော် တစ်ယောက်ဖြစ်သည်။

"နိုး ငါနောက်နေတာ မဟုတ်ဘူး၊ တကယ်ပြောတာကွ၊ ငါတို့ စတွေ့တုန်းက ရွှေမိုးညိုက ကလေးသာသာပဲ၊ အခုတော့ အပျိုကြီးဖား ဖားဖြစ်နေတာ"

ပန်းတိုင် စကားတွေက မိုးလေးအကြောင်းထဲက မထွက် ဖြစ် နေတော့ သူ သံသယဖြစ်ချင်လာသည်။

"ယောက်ဖ မင်းကတော့ ညီမချောချောတစ်ယောက်နဲ့ မျက်နှာ ပွင့်ဦးတော့မှာပဲ"

"ဟေ့ကောင် ပေါက်ကရတွေ လာပြောမနေနဲ့"

"တကယ်ပြောတာကွ ဆံစကနေ ခြေဖျားအထိလှတယ်ဆိုတာ ရွှေမိုးညို အလှမျိုးကွ"

သူ့ရှေ့မှာ မိုးလေး အလှကို ချီးမွမ်းနေသော ပန်းတိုင်ကြောင့် သူ မျက်နှာကြီးထူပူကာ စိတ်ဆိုးရအခက်၊ ဒေါသထွက်ရအခက် ဖြစ် ခဲ့ရသည်။

အလုပ်ကိစ္စနှင့် ရောက်လာသော သူ့မိတ်ဆွေတွေကြောင့် ပန်းတိုင် စကားဖြတ်ကာ အမြန်ပြန်သွားခဲ့ရ၏။

ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ပန်းတိုင် စကားတွေအတွက် တစ်မျိုးကြီးဖြစ်ခဲ့ရတာအမှန်။

ဖေဖေ မေမေတို့ အိမ်ကိုခေါ်လာစက သဝန်တိုစိတ်နှင့် သူ



ကြည့်မရခဲ့သော မိုးလေးသည် ကလေးလေး မဟုတ်တော့ပါ။

အဝေးသင် နောက်ဆုံးနှစ်ကျောင်းသူကြီး ဖြစ်နေပြီ။

မြင်သူငေးလောက်အောင် လှပသောအလှကို ပိုင်ဆိုင်ထား တောလည်း သေချာသည်။

ဒါကို ပန်းတိုင် သတိထားမိသွားတာ မဆန်းပေမယ့် ထူးဆန်း နေတာ သူ့ရဲ့စိတ်တွေပဲဖြစ်သည်။

မိုးလေး အရွယ်မရောက်တရောက်ကတည်းက ကြီးကြီးက နိုးဆိမ်ကာ သတိပေးခဲ့ဖူးသည်။ သွေးမတော် သားမစပ်သောသူနှင့် မိုး လေးတို့ ငြိတွယ်သွားမှာကို ကြီးကြီး စိုးရိမ်နေခဲ့၏။

ဒါပေမဲ့ ကြီးကြီး စိုးရိမ်သလို သူ့စိတ်က မိုးလေးအပေါ်မှာ သိမ်းယိုင်မသွားခဲ့ပါ။

ရွှေမိုးညို ဆိုတာ ဖေဖေ မေမေတို့ မွေးစားထားသော မွေးစား သမီးတစ်ယောက်။ ညီမလေးအရင်းမဟုတ်ပေမယ့် သူ့ရဲ့ညီမလေးပဲဟု စိတ်က သတ်မှတ်ထားခဲ့သည်။

ဘာဘာညာညာ စိတ်တွေ ရင်ထဲမှာ အလျဉ်းမရှိခဲ့ပါ။

သူ တက္ကသိုလ်ရောက်တော့ အခြားသော မိန်းကလေးတွေနှင့် တွဲသည်။ သူငယ်ချင်းမကျ ချစ်သူမကျတွေ အများကြီးထားခဲ့သည်။ ဒါပေမဲ့ နှလုံးသားက စွဲလန်းဖူးလောက်အောင် မရှိခဲ့ပါ။

နောက်ဆုံးနှစ်ရောက်တော့ ထိုချစ်သူ အားလုံးကို သူ ယတိပြတ် ဖြတ်ခဲ့သည်။

လောကကြီးထဲမှာ ဖေဖေ မရှိတော့ဟူသော အသိနှင့် မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ရဲ့တာဝန်တွေကိုပဲ အသိအာရုံထဲမှာ အပြည့်ထားခဲ့တာကြောင့် ဖြစ်သည်။

အခု အလုပ်ထဲမှာ သူ့စိတ်အာရုံတွေ နှစ်မြှုပ်နေခဲ့တာပဲ သုံးနှစ်ကျော်နေခဲ့ပြီ။ သူ့ထက် လေးနှစ်ကျော်ငယ်သော မိုးလေးရဲ့အသက်က နှစ်ဆယ်ရှိပြီ။

ကလေးမလေး မဟုတ်တော့သော မိုးလေးမှာ ချစ်သူရည်းစား ရှိသည်ဟုတော့ သူ မကြားသေးပါ။

တစ်ပတ်မှာ နှစ်ရက်လောက်ပဲ ကျူရှင်အတွက် အပြင်ထွက်တတ်သော မိုးလေးမှာ ချစ်သူရှိနိုင်ဖို့တော့ ခက်သည်။ ပြီးတော့ မိုးလေးက မေမေ့ကိုချစ်သည်။

သူ့အပေါ်မှာလည်း ခင်တွယ်သည်။ တခြားချစ်သူရည်းစားထားတာမျိုး မရှိနိုင်ဟု သူ ထင်သည်။

ဒါကို ပန်းတိုင်က စိတ်ဝင်စားလာတာဆိုလျှင်တော့. . .။

ဗိမာန် ရင်ထဲမှာ ဗလောင်ဆူချင်သွား၏။ မိုးလေးကို ပန်းတိုင်နှင့်လက်မခံချင်တာ ဘာကြောင့်လဲ။ ချစ်စရာကောင်းသည့် ညီမလေးကို နှမြောမိတာကြောင့်လား။

တကယ်တမ်းကျ ပန်းတိုင်ဆိုတာ ငြင်းစရာမလိုသော ယောကျ်ား တစ်ယောက်ဖြစ်သည်။

တစ်ဦးတည်းသောသားဖြစ်ကာ မိဘတွေကလည်း ပြည့်စုံ ချမ်းသာသည်။ ကျောင်းမှာတုန်းက ပန်းတိုင်သည် ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဘဲ အနေတည်သူဖြစ်၏။

ကျောင်းပြီးတော့ ဝါသနာပါသည့် ဘာသာစကားသင်တန်းတွေ





တက်ကာ အချိန်တန်လျှင် မိဘတွေလုပ်ငန်းကို ဦးစီးမည့်သူဖြစ်၏။

ပန်းတိုင်လို ယောကျ်ားက မိုးလေးကို သဘောကျသည်ဆိုလျှင် သူကတောင် ဝမ်းသာကျေနပ်ရဦးမှာဖြစ်၏။

အခုတော့ ဘာကြောင့် သူ့စိတ်တွေ တွေဝေမှိုင်းမှုသွားခဲ့ရတာ သဲမသိပါ။

"ကိုကို"

အတွေးတွေက မိုးလေး ခေါ်သံကြောင့် ပြတ်တောက်သွားရ၏။ လှည့်ကြည့်တော့ မိုးလေး အခန်းထဲကို ဝင်လာ၏။

"ကိုကို့အလုပ်တွေ မပြီးသေးဘူးလားဟင်၊ ကိုးနာရီတောင် ထိုးနေပြီ၊ မိုးလေး စာရင်းတွေ ကူလုပ်ပေးရမလား"

"ရတယ် မိုးလေး ပြီးနေပါပြီ"

"ဟင် ကော်ဖီ ကိုကို မသောက်ဘူးလား"

မိုးလေး ဖျော်ပေးထားသော ကော်ဖီကို သူ မသောက်ရသေးမှန်း အခုမှ သတိထားမိတော့၏။

"သောက်မှာပါ ကိုကို အလုပ်ထဲ အာရုံရောက်သွားလို့"

"အေးနေပြီ ကိုကိုရဲ့၊ မိုးလေး အသစ်ပြန်ဖျော်ပေးမယ်လေ"

"နေ နေ မဖျော်နဲ့ ရတယ်"

ပြောရင်း အေးစက်နေသော ကော်ဖီကိုပဲ သူ တစ်ကျိုက်တည်း မော့သောက်ပစ်လိုက်သည်။

"ကဲ မိုးလေး သွားအိပ်တော့လေ၊ မေမေကော အိပ်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်နေပြီ ကိုကို၊ ကိုကိုလည်း အိပ်တော့နော်၊ မိုးလေး သွားတော့မယ်"

ကော်ဖီခွက်ကို သိမ်းကာ ထွက်သွားသော မိုးလေးဆီက သနပ်ခါးရနံ့သင်းသင်းလေးက လွင့်ကျန်ရစ်ခဲ့သည်။

သူ ပင့်သက်ရှိုက်လိုက်မိတာ ဘာကြောင့်မှန်းမသိ။

မိုးလေး အလှတရားတွေက ပန်းတိုင် သတိပြုသွားမိလောက်အောင် ပေါ်လွင်နေတာတော့ အမှန်။

ဒုတိယအကြိမ် ပင့်သက်တစ်ခု သူ့ထွက်သက်ထဲက လွင့်ထွက်သွားခဲ့တာတောင် ရင်ထဲမှာ မွန်းကြပ်နေဆဲပါလား။

■ ■ ■



အခန်း (၁၃)

ဖျပ်ခနဲနိုးတော့ မိုးလေး ခေါင်းလေးငုံ့ကာ စားပွဲပေါ်ကို မျက်ခွန်းတွေက လှမ်းကြည့်ပြီး ဖြစ်နေသည်။

နာရီလေးက ငါးနာရီထိုးဖို့ ဆယ်မိနစ်တောင် လိုသေးသည်။ မနက်ငါးနာရီဆိုတာ မိုးလေး အမြဲနိုးနေကျအချိန် ဖြစ်သည်။

ကြီးကြီးရဲ့အအော်အငေါက်များနှင့်အတူ ငယ်ငယ်ကတည်းက အစောကြီးနိုးသည့်အကျင့်ကို မိုးလေး ရရှိခဲ့သည်။

ခုတင်ပေါ်က အသာဆင်းကာ အိပ်ရာလေးကို သိမ်းဆည်းလိုက်သည်။ ပြီးတော့ ညဝတ်အင်္ကျီဖားဖားကြီးကို ချွတ်ကာ လုံချည်ရင်လျားလေးလဲလှယ်သည်။ ပခုံးပေါ် သဘက်တစ်ထည်လွှမ်းကာ မိုးလေး ရေချိုးဖို့ ထွက်ခဲ့ရင်း ကပ်လျက် မေမေ့အခန်းတံခါးလေး ဆွဲဖွင့်ကြည့်လိုက်၏။



www.burmeseclassic.com

ခုတင်ပေါ်မှာ မေမေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲရှိ၏။ မေမေ အောက်ပိုင်းသေကာ ဒုက္ခိတ ဖြစ်သွားကတည်းက မိုးလေး ကပ်လျက်အခန်းမှာပဲ အိပ်ခဲ့တာဖြစ်၏။

မေမေရဲ့ဝေယျာဝစ္စမှန်သမျှ မိုးလေး မလစ်ဟင်းအောင် တာဝန် ယူပေးခဲ့သည်။

မနက်မိုးလင်း မျက်နှာသစ်တာကအစ အစားအသောက်ကျွေး မွေးတာကလည်း မိုးလေး တာဝန်ယူပေးသည်။ မေမေ့ကို ဝှီးချဲလ်လေး တွန်းကာ ခြံထဲကို မနက် ညနေ မိုးလေးပို့ပေးသည်။

မေမေ့အတွက် အလုံးစုံ တာဝန်ယူပေးရတာကို မိုးလေး သိပ်ကို ကျေနပ်ဝမ်းသာမိပါသည်။ ဖေဖေ မေမေတို့ရဲ့ ကျေးဇူးတရားတွေက မိုးလေးအပေါ်ကြီးမားခဲ့သည်ပဲ။

ရေချိုးခန်းထဲဝင်ကာ ရေမိုးချိုးပြီးသည်နှင့် မိုးလေး သနပ် ခါးပါးကွက်ကြားလေး လူးလိုက်သည်။

မေမေက မနက်ဆိုလျှင် ခုနစ်နာရီကျော်မှ နိုးတတ်တာ ပုံမှန် ဖြစ်သည်။ ဒါကြောင့်မို့ မိုးလေး မီးဖိုခန်းဘက်ကို လှမ်းလိုက်သည်။

ဒီနေ့ ကိုကိုအလုပ်နားရက်မို့ မုန့်ဟင်းခါးချက်စားဖို့ ကြီးကြီးက စီစဉ်ထားသည်။

ကိုကို့နားရက်ဆိုလျှင် ကိုကိုကြိုက်သော မုန့်တွေ၊ ဟင်းတွေ ချက်ပြုတ်စီစဉ်ပေးတတ်တာ ကြီးကြီး လုပ်နေကျဖြစ်သည်။

ကိုကို့ကို သိပ်ချစ်သောကြီးကြီးသည် မိုးလေး ဒီအိမ်ကြီးထဲ ရောက်လာစက လုံးဝမကြည်ဖြူပါ။ မိုးလေးကို မကြည်ဖြူသလို ကိုကို





နှင့်လည်း ရင်းရင်းနှီးနှီးနေတာ မကြိုက်ခဲ့။

ကိုကိုကလည်း ဖေဖေ မေမေတို့ အချစ်တွေ ခွဲဝေပေးရသည် ဆိုင်ကာ မိုးလေးကို အမြင်မကြည်ခဲ့ပါ။

နောက်ပိုင်းမှာတော့ ကိုကိုက မိုးလေးကို ချစ်ချစ်ခင်ခင် ပြန် ဆက်ဆံခဲ့သည်။ ကြီးကြီးတစ်ယောက်ပဲ မိုးလေးကို ဆက်မုန်းနေခဲ့တာ ဖြစ်၏။

အခုတော့ မေမေတို့ကားအက်ဆီးဒင့်ဖြစ်ပြီးနောက်ပိုင်းမှာတော့ ကြီးကြီး ဆက်ဆံမှုတွေ ပြောင်းလဲလာ၏။ ဒါကလည်း မိုးလေးက မေမေ ရဲ့ဝေယျာဝစ္စတွေကို တာဝန်ယူပေးတာကြောင့် ကြီးကြီး ယုံကြည်သဘော ကျသွားခြင်းဖြစ်၏။

ဒါပေမဲ့ ကိုကိုနှင့်ရင်းရင်းနှီးနှီး ဆက်ဆံတာကိုတော့ ကြီးကြီး အမြဲတမ်း သံသယမျက်ဝန်းတွေနှင့် စောင့်ကြည့်နေတတ်တာ မိုးလေး သိပါသည်။

မီးဖိုခန်းထဲရောက်တော့ ကြီးကြီးနှင့်ဒေါ်ကြီးသိန်းတို့ ရောက် နေကြပြီ။

"ကြီးကြီး မိုးလေး ဘာကူညီပေးရဦးမလဲဟင်"

"ဟော နိုးပြီလား ညီလေး၊ လာ လာ ဒီမှာ ငှက်ပျောအူတွေ နဲ့ ကြက်သွန်နီဥတွေ လှီးပေးနွှာပေးဦး၊ မိမော်တို့က ဘာမှအားကိုးမရဘူး၊ အိပ်ရက်တလေလေး စောစောထရတာကို အိပ်ချင်မူးတူးနဲ့"

ထုံးစံအတိုင်း ကြီးကြီးရဲ့အပြစ်တင်သံကို ကြားရပြီ။ မိမော်တို့ မိုးလေးကိုမပြောနှင့် ဒေါ်ကြီးသိန်းတောင် ကြီးကြီးရဲ့အခဲ့အပုက မလွတ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းတတ်ပါ။

သဘောမတွေ့တာတွေ့လျှင် ကြီးကြီးက ဆိုတတ်ပြောတတ်တာ ထုံးစံဖြစ်နေပြီ။

ဒါကြောင့်လည်း မမော်တို့က မနာကြတော့ပါ။ ဒီဘက်နားက နားထောင် ဟိုဘက်နားက ထုတ်လိုက်ကြစမြဲ။

"မေလေး မနိုးသေးဘူးမဟုတ်လား"

ယောင်းမဖြစ်သူ မေမေ့ကိုတော့ ကြီးကြီးကဂရုစိုက်ရှာသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဒုက္ခိတဘဝ ရောက်သွားရှာတာကို စာနာသနား နေသည်။

"မနိုးသေးပါဘူး ကြီးကြီး။ ခဏနေမှ မိုးလေး သွားကြည့်လိုက် ပါဦးမယ်"

ပြောရင်း မိုးလေး ငှက်ပျောအူတွေကို လှီးပေးနေလိုက်သည်။ မုန့်ဟင်းရည်အိုးကို မွှေနေသော ကြီးကြီးခမြာ စောစောစီးစီး ချွေးလေး တွေ ပြန်နေ၏။

တူတော်မောင်အတွက်ဆိုလျှင်လည်း သည်းသည်းလှုပ် အချစ် တတ်သော ကြီးကြီး ကိုယ်တိုင်ချက်ပြုတ်ရမှ ကျေနပ်တတ်သူဖြစ်၏။

ကြီးကြီးလိုပါပဲ ကိုကို့အတွက်ဆိုလျှင် မိုးလေးကလည်း ဘာလုပ် ရ လုပ်ရ ပင်ပန်းတယ်လို့မထင်ပါ။ ဟိုးငယ်ငယ်က ကိုကို မိုးလေးကို ဥပေက္ခာပြုထားတာတောင် မိုးလေးရဲ့အချစ်တွေက မလျော့ပါးခဲ့ပါ။

မိုးလေး ခုနစ်တန်းရောက်တော့ ကိုကိုက တက္ကသိုလ်ကျောင်း သားကြီးဖြစ်နေပြီ။



ရုပ်ချောလွန်းသော ကိုကိုသည် စတိုင်တွေထုတ်တတ်လာကာ အချမ်းကို ကြည့်ကောင်းနေသည်။ ကိုကို့ဆီကိုလာတတ်သည့် ဖုန်းတွေ ကလည်း အိမ်ဖုန်းတောင် မနားရရှာပါ။

မိန်းကလေးတွေဆီက ဖုန်းဆိုတာကိုလည်း မိုးလေး သိပါသည်။ ကိုကို ဟန်းဖုန်းပြောနေတာ နားထောင်ပြီး မိုးလေး စိတ်ထဲက မကျေ နပ်ဖြစ်ခဲ့ဖူးသည်။

ကိုကို့ဆီ ဆက်လာတတ်သောဖုန်းနှင့် မိုးလေး ထိပ်တိုက်တိုးမိ လျှင်တော့

"အလင်း ဘယ်ကအလင်းလဲ"

"အလင်းဗိမာန်ကို ပြောတာပါ"

"ဩော် မရှိပါဘူးရှင်"

"မရှိဘူး ဟုတ်လား၊ ဘယ်သွားလို့လဲ၊ သေသေချာချာစောင့် ယယ်လို့ ပြောထားရက်နဲ့"

"အဲဒါတော့ မသိဘူးလေ"

"နေပါဦး အခုပြောနေတာ ဘယ်သူလဲ"

ဖုန်းထဲက မေးခွန်းပြန်ထုတ်နေသော မိန်းကလေးကို မိုးလေး မမြင်ရပေမယ့် လေသံမာကြောကြောကို မနှစ်မြို့ချင်ပါ။

"အလင်းဗိမာန်ရဲ့ညီမပဲ"

"ညီမ ဟုတ်လား။ အလင်းမှာ ညီမရှိတယ်လို့ တစ်ခါမှ အလင်း ပြောဖူးဘူး"

"ကိုကိုက မပြောဖူးဘူးလား၊ တမင်မပြောချင်လို့ နေမှာပေါ့၊

www.burmeseclassic.com



အခုသိပြီဆိုတော့ မှတ်ထားပေါ့''

ဒါပဲပြောပြီး မိုးလေး ဖုန်းချပစ်လိုက်သည်။ သိပ်မကြာလိုက်
မိုးလေးရှိရာသို့ ကိုကိုရောက်လာခဲ့၏။

''မိုးလေး စောစောက ငါ့ဆီဖုန်းလာတာ၊ နင်ကိုင်လိုက်တာ
လား''

''ဟုတ်တယ် ကိုကို''

''ငါ အိမ်မှာမရှိဘူးလို့ နင် ပြောလိုက်တယ်ဆို''

''ကိုကို အိပ်ပျော်နေတယ်ထင်လို့''

''ဘာပြောတယ် ငါက ဘယ်တုန်းက ဒီအချိန်ထိ အိပ်တတ်
လဲ''

ကိုကို့မျက်နှာကိုကြည့်ပြီး ကိုကို ဒေါသထွက်နေမှန်း မိုးလေ
ရိပ်မိသည်။

''ဟို ဟို ကိုကို မပြောချင်ဘူးထင်လို့ပါ''

''အောင်မာ ငါပြောချင်သလား မပြောချင်ဘူးလား နင်
ဘယ်လိုကြိုသိနေတာလဲ ပြောစမ်းပါဦး''

မျက်မှောင်ကြီးကုပ်ကာ နင်တွေငါတွေနှင့် ကိုကို ဆူပူနေ
မိုးလေး ရင်ထဲမှာ ဝမ်းနည်းကာ မျက်ရည်တွေဝဲလာသည်။

''အံမယ် သူကပဲ ငိုရသေးတယ်၊ နင့်ကို ဘာလုပ်ရသေး
ဟိုမှာ မမနိုင်က အရေးကြီးကိစ္စရှိလို့ ဖုန်းဆက်တာ၊ နင်က မရှိဘူး
လိုက်တော့ ခက်ကုန်တာပေါ့၊ မမနိုင်က ငါ့တီချယ်ရဲ့ညီမ၊ ကျူရှင်
ပြောဖို့ဆက်တာ''





မိုးလေး မျက်ဝန်းလေးတွေဝိုင်းကာ ဘာပြန်ပြောရမည်မသိ
ဖြစ်သွားခဲ့သည်။ ကိုကို့ဆီအကြောင်းမဲ့ ဆက်သည့် ကောင်မလေးဟု
ထင်မှတ်ကာ ပြောလိုက်မိတာကို နောင်တရမဆုံး။

''ဟို ဟို မိုးလေး မသိလို့ပါ ကိုကို၊ တောင်းပန်ပါတယ်''

''အေး ဘုန်းကြီးခေါင်းခေါက်ပြီးမှ တောင်းပန် ဘယ့်နှယ်ကွာ
အကိစ္စလဲ ဘာညာ အသေအချာ မမေးဘဲ ကိုယ်ပြောချင်တာတွေ
ပြောတယ် နောက်ဆို အသေအချာမေး ကြားလား''

''ဟုတ်ကဲ့ ကိုကို''

ကိုကို ထွက်သွားတော့ မိုးလေး ဇက်ကလေးပု လျှာလေးထုတ်
ကာ ကျန်ရစ်ခဲ့သည်။

ကိုကိုပြောသလို နောက်ဆိုရင် ဖုန်းလာသည်နှင့် အသေအချာ
မေး အိစီကလီ ကောင်မလေးတွေ ဖုန်းဆိုလျှင်တော့ မိုးလေး မဟုတ်တာ
တွေချည်း ပြောပစ်မိသည်။

ထို့အတွက် ကိုကို ဆူပူတာကိုလည်း မိုးလေးမကြောက် မိုးလေး
သုပ်ရပ်အတွက် မိုးလေး ကျေနပ်သည်။

ရည်းစားလား ဘာလားမသိသော ကောင်မလေးတွေ ကိုကို့မှာ
များကြီးရှိသည်။ အိမ်ကို အလည်လာတာတွေလည်း မိုးလေး ကြုံဖူး
မြင်ဖူးသည်။

မင်းသမီးလေးတွေလို ချောမောသူတွေကော ဂုဏ်ခနောင်
ဆင်သူတွေကော အများကြီးပါသည်။ ရောက်လာသည့် မိန်းကလေးတွေ
ကို ကြီးကြီးကဒိုင်ခံ အင်တာဗျူးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး မိဘတွေက ဘယ်သူတွေလဲကွဲ့"

"ဒယ်ဒီက ဦးမြတ်ကျော်ပါ အန်တီ၊ မြတ်ကျော် ဆောက်လု
ရေးကုမ္ပဏီ ထောင်ထားပါတယ်၊ မာမီက ဒေါ်ထားထားခိုင်ပါ"

"ဩော် သိတယ် သိတယ် စိန်ရွှေရတနာဆိုင်ဖွင့်ထားတဲ့ ထာ
ထားမဟုတ်လား၊ အန်တီသိတာပေါ့ကွယ် အန်တီနဲ့ရင်းနှီးတာပေါ့၊ သမီ
လေးက ထားထားသမီးကိုး၊ ငွေတာရီ ဟုတ်လား၊ နာမည်လေး
တကယ်လှတယ်ကွယ်"

ကြီးကြီး နှစ်သက်သဘောကျသော ငွေတာရီ ဆိုသော မ
တော့ နာမည်လေးလည်းလှသလို လူကလည်း ရွှေမင်းသမီးလေး
ချောမောပါသည်။

ကိုကို့ဆီလာတတ်သော မိန်းမချောလေးများစွာထဲမှ ကြီးကြီး
သဘောကျသော မိန်းကလေးပဲဖြစ်၏။

"သား ငွေတာရီလေးက ချစ်စရာလေးနော်၊ သားနဲ့ခင်မင်တာ
ကြာပြီလား"

"သားနဲ့တစ်ခန်းတည်း အတူတက်နေတာလေ ကြီးကြီးရဲ့"

"အေး အေး ငွေတာရီလေးကိုတော့ ကြီးကြီး သဘောကျတယ်"

"ဟင် ကြီးကြီးတလည်း ငွေတာရီ တစ်ယောက်တည်းလား
ဆည်းဆာတို့ နေဖင်တို့ ချစ်သက်တို့ကိုကော"

"နေဖင်လေးက အရမ်းခေတ်ဆန်လွန်းတယ်"

"ဟာ ကြီးကြီးကလည်း အဲဒါ ခေတ်မီတာပါ"

"ဘာပဲဖြစ်ဖြစ် ကြီးကြီးကတော့ ငွေတာရီလေးကို သဘော





ကျဆုံးပဲ"

"သားကတော့ သူတို့အားလုံးကို သဘောကျတယ် အဟဲ"

"သားသားနော် ရည်းစားတွေအများကြီးထားပြီး ပွေရှုပ်မနေနဲ့"

ကိုကိုရဲ့ရုပ်သွင်နှင့် ကောင်မလေးတွေ အများကြီး ဝိုင်းဝိုင်း
ည်နေမည်ဆိုတာကို မိုးလေး ခန့်မှန်းမိပါသည်။

ဒါပေမဲ့ ဖေဖေမရှိတော့သည့်နောက်ပိုင်းမှာတော့ ကိုကို အတော်
ပြောင်းလဲသွားခဲ့သည်။ ကျောင်းပြီးသည်နှင့် ဖေဖေ့ရဲ့အလုပ်တာဝန်
ကို ဖေဖေ့ကိုယ်စား တာဝန်ယူလိုက်ရတာကြောင့်ဖြစ်မည်ထင်သည်။

"ညီလေး ကြက်သွန်ဥတွေ အခွံသင်ပြီးရင် သွားတော့လေ
လေး နိုးနေလောက်ပြီ"

ကြီးကြီးအသံကြားမှ မိုးလေး အတွေးစလေးတွေ ပြတ်တောက်
ခဲ့ရင်း

"ဟုတ်ကဲ့ ကြီးကြီး၊ မိုးလေး မေမေ့ကို မျက်နှာသစ်ပေးလိုက်
ယ်နော်"

ဘေစင်လေးက ရေဘုံဘိုင်လေးမှာ လက်ရည်ဆေးသန့်စင်ပြီး
မှ မိုးလေး ထွက်ခဲ့လိုက်သည်။

မေမေ့အခန်းထဲရောက်တော့ မေမေ နိုးနေပြီ။

"ဟော မေမေ နိုးနေတာ ကြာပြီလားဟင်"

"အခုလေးပဲ နိုးတာပါ သမီးရယ်"

"သမီးမီးဖိုထဲမှာ ကြီးကြီးကို သွားကူနေတာ ဒီနေ့ အိမ်မှ
ဟင်းခါးချက်စားကြမလို့လေ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



''မေမေ ထင်ပါတယ်၊ သားကော နိုးပြီလား''

''မနိုးသေးဘူးထင်တယ် မေမေ''

''ဘာမနိုးရမှာလဲ နိုးနေတာကြာပြီ၊ ရေမိုးတောင် ချိုးပြီးပြီ မိုးလေးရဲ့''

အသံနှင့်အတူ အခန်းထဲဝင်လာသော ကိုကိုကြောင့် မိုးလေး လှမ်းကြည့်ရင်း

''မသိဘူးလေ ကိုကိုရဲ့၊ ကိုကို မနိုးသေးဘူးထင်နေတာ၊ ကြီးကြီးတို့တောင် အစောကြီး မုန့်ဟင်းခါး ထချက်နေကြတာ''

''ကျက်ပြီလား၊ ဗိုက်ဆာနေပြီကွ''

''ကျက်တော့မှာပါ၊ မိုးလေးတောင် အနုပဒိုင်းကူလုပ်ပေးခဲ့တာ အခု မေမေ့ကို မျက်နှာသစ်ပေးမလို့''

''ကဲ ကဲ မိုးလေး ကြီးကြီးတို့ကိုပဲ ဝိုင်းကူလိုက်ပါ မေမေ့ကို ကိုယ်ပဲ ကူလုပ်ပေးလိုက်မယ်''

ဒီလို အလုပ်နားရက်တွေမှာ ကိုကိုသည် မေမေ့အနားမှာ နေပေးကာ မေမေ့ကိုပြုစုနေကျမို့ မိုးလေး ခေါင်းလေးညိတ်ကာ မီးဖိုဘက် ထွက်ခဲ့လိုက်ပါသည်။

ကိုကို အိမ်မှာရှိနေသည့်နေ့တွေမှာ မေမေ ပျော်နေတတ်သလို မိုးလေးလည်းပျော်မိတာပဲ ဖြစ်သည်။

''ဟော ညီလေး လာ လာ မေလေး မနိုးသေးဘူးလား''

မိုးလေး မီးဖိုထဲ ဝင်လာတာမြင်သည်နှင့် ကြီးကြီး လှမ်း





မေးသည်။

''နိုးနေပြီ ကြီးကြီး၊ ကိုကိုလည်း နိုးနေပြီ၊ မေမေ့ကို ကိုကို မျက်နှာသစ်ပေးနေလို့ မိုးလေး လာကူတာပါ''

''အေး အေး ဒီမှာ မုန့်ဟင်းရည်အိုးကို မကပ်အောင်မွှေထား ဒါ ရေမိုးချိုးလိုက်ချင်လို့ ဟင်းရည်ဆူမှ ကြက်သွန်နီဥတွေထည့်နော်၊ ပျောအူတွေက နောက်ဆုံးမှထည့်''

''ဟုတ်ကဲ့ ကြီးကြီး''

ထုံးစံအတိုင်း ကြီးကြီး မိုးလေးကို မှာစရာတွေမှာကြားပြီးမှ အခန်းထဲက ထွက်သွားသည်။ နံနံပင်တွေ ကတ်ကြေးနှင့်ညှပ်နေသော ဒေါ်က ကြီးကြီး ထွက်သွားတော့မှ

''ဒေါ်ကြီးသိန်း လုပ်ခိုင်းလည်း ရသားနဲ့၊ ကြီးကြီးစိတ်က ပိုကိုယ်၊ မိုးလေးကိုပဲ တမင်ခိုင်းနေတယ်''

''သူ့တူအတွက်ဆို မမစိန်က ကိုယ်တိုင်လုပ်ရမှ ကျေနပ်တာ၊ ဟုတ်ရင်လည်း မိုးလေးမှ မိုးလေး၊ အင်း မိုးလေးသာ ယောကျ်ားသွားရင် ဘယ်လိုလုပ်မလဲ မသိဘူး''

ဒေါ်ကြီးသိန်း စကားကြောင့် မိုးလေး သဘောကျသလို ရယ်

''ကြီးသိန်းကလည်း မိုးလေး ယောကျ်ားယူတဲ့နောက်မှတော့ ဒေါ်ကအရင် မိန်းမယူပြီးပြီပေါ့''

''ဟုတ်သားပဲ ဒေါ်သိန်းကလည်း ကိုလင်းက မိုးလေးထက် အသက်ကျော် ကြီးတာပဲလေ၊ အိမ်ထောင်ပြုချင်းပြု ကိုလင်းက အရင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုမှာပေါ့''

မမော်က တွက်ပြရင်း ဝင်ပြောတော့ ဒေါ်ကြီးသိန်း ခေါင်း တညိတ်ညိတ်လုပ်ရင်း

''မောင်လင်းမှာ ချစ်သူရည်းစား ရှိသလား''

''ကျောင်းသားဘဝတုန်းက ရည်းစားတွေမှ အများကြီးပေ အဲ အခုတော့ ဖုန်းဆက်တတ်တာ တစ်ယောက်ပဲရှိတယ်''

''ငွေတာရီလေး မဟုတ်လား၊ ကြီးစိန်ကလည်း သဘောတွေ ကျနေတာ''

မမော် စကားက မိုးလေး ရင်ထဲကို အောင့်သက်သက်ကြ ခံစားရစေသည်။ ကိုကိုနှင့်မမငွေတာရီဆိုတာ လိုက်ဖက်ညီသူတွေဆိုသ ငြင်းလို့မရပါ။

ရုပ်ရည်တွေ ချောမောတာရော ငွေကြေးဓနပြည့်စုံချမ်းသ မှုတွေမှာပါ တူညီလွန်းသည်။

''မိုးလေး''

''ရှင် ဒေါ်ကြီးသိန်း''

''မိုးလေးမှာကော ချစ်သူရှိလား''

ဒေါ်ကြီးသိန်း စကားကြောင့် မိုးလေး ပြုံးပြုံးလေး ခေါင်းခါ ရင်း

''မရှိပါဘူး ဒေါ်ကြီးသိန်းရယ်၊ ဒီနေ့မှ ဘာစိတ်ကူးတွေပေါ ပြီး မေးတာလဲဟင်''

''မေးချင်နေတာ စကားမကြုံသေးလို့ မိုးလေးကလည်း အ





တော့ ကောင်လေးတွေ အများကြီးရှိမှာပဲနော်''

''ရှိလည်း မိုးလေးက စိတ်မဝင်စားပါဘူး ဒေါ်ကြီးသိန်းရယ်''

မုန့်ဟင်းရည်အိုးကို အိုးမကာပ်အောင် မပြတ်မွှေနေရင်း မိုးလေး ပြောတော့ ဒေါ်ကြီးသိန်းက ငေးငေးလေး စိုက်ကြည့်ရင်း

''မိုးလေး မောင်လင်း သူငယ်ချင်း ပန်းတိုင်လေးလည်း မဆိုး နော်''

ကြီးသိန်း စကားကြောင့် မိုးလေး ပင့်သက်မောလေး ချမိသည်။ ကို မကြာခဏ ရောက်လာတတ်သော ကိုပန်းတိုင် မျက်ဝန်းတွေကို လေး ရိပ်မိနေပါသည်။

မိုးလေးကိုကြည့်သည့် အကြည့်တွေက ရိုးသားဖြူစင်မှုအရိပ် မရှိပါ။ ဟိုးအရင်တုန်းကတည်းက အိမ်ကို ဝင်ထွက်ဖူးနေသော ပန်းတိုင်ကို မိုးလေး အစ်ကိုတစ်ယောက်လို ခင်မင်ပါသည်။

''ဟုတ်တယ် မိုးလေး၊ ကိုပန်းတိုင်က တခြားလူတွေလို မဟုတ် နော်၊ ကုန်ခြွေလည်းရတယ်၊ ကြည့်ရတာ မိုးလေးကို နှစ်နှစ်ကာကာ သန်းနေပုံပဲ''

''လုပ်ပြန်ပါပြီ မမော်က တစ်မျိုး''

''ဟုတ်တယ်လေ မိုးလေးရဲ့၊ မမော် သိတာပေါ့၊ ဟိုတစ်နေ့က လာလည်ရင်း ကိုလင်းနဲ့မိုးလေးအကြောင်းတွေ ပြောနေတာ မမော် ကြားတယ်''

မိုးလေး မျက်မှောင်ကုပ်သွားမိ၏။ ကိုကိုနှင့်ကိုပန်းတိုင် ဘာတွေ ပြောတာလဲ သိချင်မိ၏။

''ကိုပန်းတိုင်က မိုးလေးကိုချစ်နေတဲ့အကြောင်း၊ တနေ့ဝင်

ဖွင့်ပြောမယ်လို့ ကိုလင်းဆီက ခွင့်တောင်းနေတာ''

မိုးလေး အံ့ဩထိတ်လန့်စွာ မျက်ခန်းလေးတွေ ပိုင်းစက်သွားခဲ့သည်။ မမော်ဆက်ပြောလိုက်သောစကားတွေက မိုးလေး ရင်ထဲကို ပူလောင်စွာ တိုးဝင်လာ၏။

''ကိုလင်းကလည်း ပြောချင်ပြောပေါ့တဲ့''

''ဟင်''

မိုးလေး ရင်ထဲက နှလုံးသားလေး ကျင်ခနဲ ခံစားလိုက်ရသည်။ ရက်စက်လိုက်တာ ကိုကိုရယ်။

''မောင်လင်းက သဘောတူတဲ့သဘောပေါ့။ အင်း ဒေါ်သိန်းလည်း သဘောတူတယ် မိုးလေး။ ပြောရမယ်ဆိုရင် မောင်ပန်းတိုင်က တောင် မောင်လွင်းထက် မိန်းမတွေနဲ့ ကင်းရှင်းသေးတယ်''

''ဟုတ်တယ် ကိုပန်းတိုင်က ရုပ်ချောတယ်၊ ယောကျ်ားပီသပြီး သဘောကောင်းပုံပဲ၊ တစ်ဦးတည်းသောသား မိဘတွေကလည်း ချမ်းသာတယ်၊ ကိုပန်းတိုင်သာ ဖွင့်ပြောလာရင် မိုးလေး ခေါင်းညိတ်လိုက် သိလား၊ မမော်တို့ အပြည့်အဝ သဘောတူတယ်''

ဒေါ်သိန်းနှင့်မမော်တို့ကဝိုင်းဝန်း တိုက်တွန်းရင်း ကိုပန်းတိုင်ဘက်က အပြည့်အဝ ထောက်ခံနေကြသည်။

မိုးလေး ရင်ထဲမှာတော့ ဝမ်းနည်းချင်သလိုလိုကြီး ခံစားလို့နေရသည်။ ကိုကို ကိုယ်တိုင်က ကိုပန်းတိုင်နှင့်သဘောတူ ကြည်ဖြူနေခြင်းဆိုတာ သိလိုက်ရတာကြောင့်ပဲ ဖြစ်သည်။

ကိုကိုက မိုးလေးကို ယောကျ်ားယူစေချင်နေပြီတဲ့လား။

■ ■ ■



## အခန်း (၁၄)

ဒီနေ့ ကြီးကြီး ဖျားနေတာမို့ မီးဖိုထဲကို မဝင်နိုင်ရှာပါ။ မနက်ကော်ဖီဝိုင်းအတွက်လည်း မိုးလေးပဲ ကိုကိုအတွက် စီစဉ်ပေးရသည်။

ကြက်ဥပေါင်မုန့်ကြော် ပန်းကန်ကို ကိုကို့ရှေ့ချပေးရင်း ကော်ဖီအေးထဲက ကော်ဖီကို မိုးလေး ငှဲ့ထည့်ပေးနေမိ၏။

''မိုးလေးပါ တစ်ခါတည်းသောက်လေ''

''ကိုကိုသောက်ပါ မိုးလေး ပြီးမှ မေမေနဲ့အတူသောက်မယ်''

''ဒါဆို ခဏထိုင်ဦး။ မိုးလေးကို ကိုယ်ပြောစရာရှိလို့''

ကြက်ဥပေါင်မုန့်ကြော်ကို ခက်ရင်းနှင့်ထိန်း ဓွန်းနှင့်ခပ်ကာ ကိုကို တစ်လုပ်စားသည်။ မိုးလေး ကိုကို့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

ပေါင်မုန့်ကြော်တစ်ဖဲ့စားပြီး ကော်ဖီပူပူကို ကိုကို မှုတ်ကာ အစ်ငုံသောက်နေသည်။ ပြီးမှ မိုးလေးမျက်နှာကို မော့ကြည့်ကာ

www.burmeseclassic.com



"ပန်းတိုင်နဲ့ တွေ့သေးလား"

မိုးလေး ခေါင်းကိုခါပြလိုက်မိသည်။ တကယ်လည်း သည်ရက်တွေမှာ ကိုပန်းတိုင်နှင့်မဆုံဖြစ်ပါ။

"မိုးလေး မိုးလေးကို ပန်းတိုင်က စိတ်ဝင်စားနေတယ်"

ဒီစကားကို ကိုကို့နှုတ်က ပြောလာမည်ဟု မိုးလေး ထင်မထားမိတာကြောင့် အံ့သြသွားမိတာ အမှန်။

ကိုကိုကတော့ ပေါင်မုန့်ကြော်ကို တစ်ဖွဲ့ဖွဲ့ကာ ဝါးနေပြန်သည်ပြီးမှ

"အဲဒါ မိုးလေး ဘယ်လိုသဘောရသလဲ"

"ဘယ်လိုမှ သဘောမရဘူး ကိုကို"

မိုးလေးအဖြေကြောင့် ကိုကို ဖျတ်ခနဲ မော့ကြည့်သည်။ ကိုကို့မျက်ဝန်းတွေထဲကို မိုးလေး ပြန်စူးစိုက်ကြည့်ပစ်တော့ ကိုကို ချက်ချင်းအကြည့်လွှဲကာ ကော်ဖီကို တစ်ငုံသောက်သည်။

"ပန်းတိုင်က မဆိုးပါဘူး၊ သူ့ ကိုကို့ကိုအသိပေးလာလို့ မိုးလေးကို ဖွင့်ပြောရတာ၊ သူ ပြောလာရင် မိုးလေး စဉ်းစားနိုင်အောင်လေ"

"ကိုကို"

"ပြောလေ မိုးလေး"

"ကိုကို မိုးလေးကို ယောက်ျားယူစေချင်နေတာလားဟင်"

မိုးလေး အမေးကြောင့် ကိုကို့အကြည့်တွေ မိုးလေးမျက်နှာပြန်ရောက်လာရင်း

"မိုးလေးက ကလေးလေးမှမဟုတ်တော့တာ၊ အချိန်တန်



အိမ်ထောင်ပြုရမှာပဲ မဟုတ်လား"

"ဟင့်အင်း မိုးလေး အိမ်ထောင်မပြုပါဘူး။ မေမေတို့ ကြီးကြီးတို့ ကိုကိုတို့နဲ့ပဲ အမြဲသေတဲ့အထိနေမှာ"

မိုးလေး စကားကြောင့် ကိုကို နှုတ်ခမ်းတွေ လွန့်ခနဲ ပြုံးသွားခဲ့တာ မိုးလေး မြင်သည်။ မိုးလေး စကားကို မယုံသလို လှောင်တာလား။

"တကယ် ပြောတာ ကိုကို၊ မိုးလေး အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိပါဘူး"

"စကားကို အကုန်မပြောရဘူးကွ၊ ကြီးကြီးတို့ မေမေတို့က အသက်ကြီးပြီ၊ မိုးလေး အနားမှာ အမြဲမနေနိုင်ဘူးလေ"

"ကိုကို ရှိတာပဲ"

"ကိုယ်လည်း အချိန်တန်လို့ အိမ်ထောင်ပြုတော့ မိုးလေး ဘယ်လိုလုပ်မှာလဲ"

ကိုကို စကားကြောင့် မိုးလေးရင်ထဲမှာ တကယ်ပဲဝမ်းနည်းသွားရသည်။ ကိုကို့စကားတွေက မိုးလေးကို ပန်းတိုင်နှင့် သဘောတူလွန်းနေတာကြောင့်လား။

"ကိုကို မိုးလေးကို ကိုကို့သူငယ်ချင်းနဲ့ အရမ်းသဘောတူနေတာလားဟင်"

"ဩော် မိုးလေးရယ် ပန်းတိုင်က တကယ်ရွေးချယ်သင့်တဲ့သူဆိုတာ မငြင်းနိုင်ဘူးလေ၊ မိုးလေးဘဝအတွက် တကယ်သင့်တော်တဲ့သူပါ"

"ဒါဆို မိုးလေးက ကိုပန်းတိုင်ကို ပြန်ကြိုက်လိုက်ရမှာလား ကိုကို"

www.burmeseclassic.com

"မိုးလေး စဉ်းစားပေါ့ ကဲ ကိုယ်အလုပ်သွားတော့မယ်၊ ကြီး ကြီးနဲ့ မေမေ့ကိုလည်း ဂရုစိုက်လိုက်ဦးနော် မိုးလေး"

မိုးလေး ခေါင်းလေးကိုပွတ်၍ နှုတ်ဆက်ကာ ကိုကိုထွက်သွားတော့ မိုးလေး တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ကိုပန်းတိုင်နှင့်ပတ်သက်ပြီး ကိုကိုနှုတ်က တိုက်တွန်းစကားတွေပဲ ကြားရတာ မိုးလေး ဝမ်းနည်းချင်သည်။

မိုးလေးရင်ထဲက နှလုံးသားကို ကိုကိုဉပေက္ခာပြုရက်သည်လား။

■ ■ ■

## အခန်း (၁၅)

"ငါ့ကိုမင်းကူညီကွာ၊ ငါက ဒီလိုကိစ္စမျိုး မကျွမ်းကျင်ဘူး ဒန်"

"ဟေ့ကောင် ပန်းတိုင် ငါ့ဘက်က ဒီလောက်လိုက်လျောကူညီတာ မင်းမို့လို့နော်၊ ညီမတစ်ယောက်လုံးကို ရည်းစားစကားပြောဖို့ ဒါ မင်းကို သင်ပေးရဦးမှာလားကွ"

ဗိမာန် စိတ်မရှည်နိုင်စွာ အော်လိုက်တော့ ပန်းတိုင် ရယ်ကျဲကျဲ နှာနှင့်

"ဆောရီး ယောက်ဖရာ ညီလေးကို မင်းညီမဆိုတာ စိတ်ကသွားလို့ပါ၊ အဟဲ ပြီးတော့ မင်းက ဒါမျိုးကိစ္စကျွမ်းကျင်တယ်လေ"

"ဟေ့ကောင် အဲဒါ ကျောင်းတုန်းကကိစ္စတွေ၊ ငါ အခုချိန်မှာ အေးအေးဆေးဆေး နေနေတာ"

ကျောင်းတုန်းက ကောင်မလေးတွေနှင့် သူ ရှုပ်ရှုပ်ထွေးထွေး

www.burmeseclassic.com



နေခဲ့တာကို ပန်းတိုင် ပြန်ပြောနေတော့ သူ အပြတ်ငြင်းပစ်လိုက်သည် တကယ်လည်း ပြီးခဲ့သော အတိတ်ကို သူ ပြည့်ဖုံးကားချခဲ့ပြီးပြီ။

"အင်း အချစ်ဆိုတာ တော်တော်ထူးဆန်းပြီး အံ့သြစရာလည်း ကောင်းတယ်နော်"

"မသိဘူးကွာ"

"ဒါတော့ မင်း မျက်စိမှိတ်မငြင်းနဲ့ ဗိမာန်၊ မင်းရည်းစားဒေ မှိုလိုပေါက်အောင် ထားခဲ့တာပဲ"

"အေး ဒါပေမဲ့ အခု ငါတစ်ယောက်မှ စိတ်မဝင်စားတော့ လေ"

"အကုန်မပြောနဲ့ တစ်ယောက်တော့ ကျန်နေတယ်၊ ငွေတာ ကို မင်း မေ့မပစ်နဲ့"

"အတူတူပဲ ငါ့ခေါင်းထဲမှာ လုံးဝမရှိဘူး"

"ဘာကွ ငွေတာရီက မင်းလက်ထပ်ယူမယ့် အတည်တ ချစ်သူမဟုတ်ဘူးလား"

"နိုး ငါ တစ်ခါမှ မပြောခဲ့ဖူးဘူး"

"ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ၊ တစ်နေ့ကျရင် မင်းနဲ့ငွေ ကျိန်းသေယူကြမှာလို့ အားလုံးက တထစ်ချတွက်ထားကြတာနော်"

"အဲဒါ မင်းတို့ ထင်မြင်ချက်တွေပဲ"

"ဗိမာန် ဒါတော့ မင်းဘက်က လုံးဝမဟုတ်သေးဘူး။ မင်း ငွေတာရီက တကယ်ချစ်ရှာတာပါ၊ မင်းရည်းစားတွေ အများကြီး တာကိုလည်း သူ ခွင့်လွှတ်နားလည်ပေးခဲ့တယ်၊ ပြီးတော့ ငွေ



မင်းကို မင်းရဲ့ကြီးကြီးကလည်း ကြည်ဖြူတယ်လေ"

"ပန်းတိုင် အဲဒါတွေက တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတဲ့ ကိစ္စနဲ့ ဘာမှမသက်ဆိုင်တဲ့အရာတွေပဲ၊ ငါမှ ငွေတာရီကိုမချစ်တာ"

"ငွေတာရီက မင်းကိုချစ်တယ်လေကွာ၊ အခုတောင် အင်္ဂလန် မှာ လေးနှစ်ပညာသင်ပြီး ပြန်လာလာချင်း မင်းကိုအရင်ဆုံး မေးနေတာ"

ပန်းတိုင် စကားကြောင့် သူ ပခုံးတွန့် နှုတ်ခမ်းမဲ့သွားမိသည်။ တကယ်ဆိုလျှင် ငွေတာရီကို သူ သံယောဇဉ်ပြတ်တောက်သွားစေခဲ့တာ သည်း ထိုကိစ္စကြောင့်ပဲဖြစ်သည်။

အင်္ဂလန်ကို ပညာတော်သင်သွားသည့် ငွေတာရီနှင့်သူ စကား များခဲ့ဖူးသည်။

"နေပါဦး ငွေ ဘာရည်ရွယ်ချက်နဲ့ ငွေက ဟိုမှာပညာသွားသင် တာလဲ"

"အဓိကက မာမီကြောင့်ပဲ အလင်းရဲ့၊ မာမီက ငွေကို နိုင်ငံ ခြားက ဘွဲ့တစ်ခုပိုင်ဆိုင်ချင်တယ်လေ၊ မိသားစုရဲ့ဂုဏ်သိက္ခာအတွက် ဆို ဒါကြောင့်ပဲ"

"ဟာ အဓိပ္ပါယ်မရှိလိုက်တာ ရေခြားမြေခြားမှာ အချိန်တွေ ပေးပြီး ကိုယ်လည်း ဝါသနာမပါတဲ့ ပညာတစ်ခုကို ဂုဏ်တစ်ခုအတွက် သွားယူရတယ်လို့"

"မာမီ့ဆန္ဒကို ငွေ မငြင်းချင်ဘူး"

"ကိုယ်က ငြင်းခိုင်းတာမဟုတ်ဘူး။ ဒါပေမဲ့ ငွေ့ရည်ရွယ်ချက် ကြီးက အဓိပ္ပါယ်မဲ့နေလို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် အလင်း စကားက မာမီ့ကိုပြောတာနဲ့ အတူတူလေ"

ငွေတာရီ မငြင်းနိုင်တော့ပေ။ သူ မတတ်နိုင်ပါ။ သားသမီးကို ဂုဏ်ရှိဖို့တစ်ခုအတွက် အချိန်ကုန်ငွေကုန်ခံကာ ဈေးခြားမြေခြားမှာ အချိန် ဖြုန်းနိုင်းတာ မဖြစ်သင့်ဟု ထင်သည်။

ငွေတာရီ မိဘတွေက ဂုဏ်ပကာသနကို အရေးမစိုက်လွန်းသူ တွေ ဖြစ်သည်။

ငွေတာရီကိုယ်တိုင်ကလည်း ဒီလိုမိဘမျိုးနဲ့ စိတ်တွေ ဝင်နေတာ တော့ သူ လက်မခံချင်ပါ။

"ငွေ ကိုယ်တစ်ခုပဲမေးမယ်၊ ဘာမှရည်ရွယ်ချက်မရှိဘဲ သွား မယ့်ကိစ္စကြီးကို ငွေ လက်ခံမှာလား"

"ဘယ့်နှယ် ရည်ရွယ်ချက်မရှိရမှာလဲ အလင်းရယ်၊ ငွေတွေ အချိန်တွေကုန်ခံပြီး ဒီဘွဲ့ယူထားတာလေ၊ ငွေ့မိဘတွေအတွက်လည်း ဂုဏ်ရှိတာပေါ့၊ ပြောရရင် အလင်းအတွက်လည်း ပါတယ်"

"ကိုယ့်အတွက် ဟုတ်လား"

"ဟုတ်တယ်လေ ဘွဲ့တစ်ခုရပြီး ပြန်လာမှ အလင်းနဲ့ငွေ လက် ထပ်မယ်လေ၊ ငွေ့ရဲ့ဂုဏ်ရှိန်က အလင်းနဲ့လည်း သက်ဆိုင်တာပေါ့"

"စောစောတုန်းက ငွေ ကိုယ် ရှင်းရှင်းပြောမယ်၊ ငွေ အခုမှပဲထပ်ပြီး သွားအချိန်ဖြုန်းမယ့်ကိစ္စကြီးကို ကိုယ် လက်မခံဘူး၊ ဒီဘွဲ့ကြီးယူလာလို့ လည်း ငွေ့ကို ကိုယ် အထင်မကြီးဘူး"

"အလင်း ဘာတွေပြောနေတာလဲ"

"ကိုယ် လက်မခံဘူးပြောနေတာ ဒီမှာ ငွေ စဉ်းစားပေါ့ကွာ





ရင် ကြိုက်တဲ့လမ်းရွေး"

သူ ယတိပြတ်ပြောခဲ့တာက ရှင်းပါသည်။ ဒါပေမဲ့ ငွေကလည်း ကြည်ရာကိုပဲ ရွေးချယ်သွားခဲ့သည်။

သူ့ကိုတောင် အသိမပေးဘဲ နိုင်ငံခြားထွက်သွားခဲ့၏။ ထိုအ ချိန် သူ့ဘက်က နားလည်လိုက်သည်က သူနှင့်ငွေ သံယောဇဉ်ပြတ်ပြီ။

ငွေ နိုင်ငံခြားမှာရှိနေသောကာလတွေမှာလည်း အဆက်အသွယ် ပြတ်ခဲ့ပါ။

အခု ငွေပြန်လာတာကြာပေမယ့်လည်း မဆက်သွယ်ခဲ့။ ပန်း တိုင်ကတော့ သူနှင့်ငွေ သံယောဇဉ်မပြတ်ဟု ထင်နေသည်လား။

"ဗိုမာန်"

ပန်းတိုင် ခေါ်သံကြောင့် သူ မော့ကြည့်တော့ ပန်းတိုင်က တံခါးကို မျက်စပစ်ပြသည်။

ခြံထဲကိုမောင်းဝင်လာသည့် ကားကြီးက တဖိတ်ဖိတ်တောက်နေ သော မာစီဒီးကားကြီးဖြစ်၏။

"အဲဒါ ငွေတာရီရဲ့ကားလေ"

ပန်းတိုင် စကားကြောင့် ဗိမာန် မျက်မှောင်ကြီးကုပ်သွားသည်။ ငွေတာရီ ဘာလာလုပ်တာလဲ။ သူ ပန်းတိုင် အိမ်မှာရှိနေတာ ဘယ်လိုသိ သွားတာလဲ။

ဆင်ဝင်အောက်မှာ ကားကိုရပ်ပြီး ငွေတာရီ ဆင်းလာသည်။ ငွေတာရီ၏ပြောင်းလဲသွားမှုတွေက အထင်အရှား။

ရွှေရောင်ဆံပင် အခွေအလိပ်လေးနှင့် ကိုယ်ကြပ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်အင်္ကျီကို ပေါင်လယ်ခန့်အထိသာ ရှည်သော မီနီစကတ် အနက်လေးနှင့် တွဲဝတ်ဆင်ထားသည်။

သေချာသည်က ငွေတာရီမှာ အနောက်တိုင်း ယဉ်ကျေးမှု ပြည့်ဝစွာပါလာသည်ထင်၏။

"ဟိုင်း အလင်း"

ခြံထဲက ကျောက်စားပွဲဝိုင်းလေးမှာ ထိုင်နေသော သူနှင့်ပန်းတိုင်ကို မြင်တွေ့သွားကာ ငွေတာရီ လက်ကလေးမြှောက် နှုတ်ဆက်သည်။ ကာလာရောင်စုံ မျက်နှာလေးက ဖော်ရွေစွာပြုံးလို့ သူတို့ဆီလှမ်း သည်။

"ငွေ အလင်းတို့အိမ်ရောက်ခဲ့တယ်၊ ပန်းတိုင်ဆီသွားတယ်ဆို လိုက်ခဲ့တာ"

"ထိုင်လေ ငွေတာရီ"

"သင့်ခယူ"

ပန်းတိုင်ပြောမှ ငွေတာရီ သူ့နံဘေးက ကျောက်ထိုင်ခုံ မှာ ဝင်ထိုင်သည်။ သူ့အတွက်တော့ တစ်ချိန်က ကျွမ်းဝင်ဖူး ငွေတာရီသည် အခုချိန်မှာ ဘာမှမသက်ဆိုင်တော့သလို ခံစားနေ

"အလင်း တကယ်နေရက်တယ်ကွာ၊ ငွေ ပြန်ရောက် သိရက်နဲ့ လာတောင်မလာဘူး"

"မလိုတော့ဘူး ထင်တယ် ငွေတာရီ၊ မင်း ကိုယ့်ကို အသိမပေးဘဲ ထွက်သွားတဲ့အချိန်ကတည်းက ကိုယ်တို့ဇာတ်လမ်း သွားပြီလေ"



ဗိမာန် စကားကြောင့် ငွေတာရီ မျက်နှာပေါ်က အပြုံးချိုချို တွေ ချက်ချင်းကွယ်ပျောက်သွားခဲ့သည်။

"အလင်း ဘာပြောလိုက်တာလဲ"

"မင်းနဲ့ကိုယ် နောက်ဆုံးတွေ့တော့ ကိုယ်တို့ပြောခဲ့ကြတာ မင်း စ်သင့်ဘူး"

"အလင်း ပြောခဲ့တာတွေက မဟုတ်ဘူးလေ၊ အခု ငွေ ပြန် ပြီလေ"

"အဲဒါ ဘာလုပ်ရမှာလဲ ငွေတာရီ၊ အခု မင်းသွားသင်လာတဲ့ ာက မင်းမိတ်တွေအတွက် ဂုဏ်ရှိချင်ရှိမယ်၊ ငါနဲ့မင်းအတွက်ကတော့ မှအကျိုးမရှိဘူး"

"ဘာပြောတယ် အလင်း၊ ငွေ သင်လာတဲ့ပညာကို အလင်း တားလိုက်တာလား"

"ဟုတ်တယ်လေ အခု မင်းသင်လာတဲ့ ပညာကြီးနဲ့ မင်း သန်ရပ်တည်မှာမို့လား"

"ဟင့်အင်း မလိုဘူး၊ ငွေ့ဘဝက ဘာမှလုပ်စရာမလိုဘဲ ပြည့် သား၊ အခုယူလာတဲ့ ဒီလိုပမာဘွဲ့က ဂုဏ်အရှိန်အဝါအတွက်လေ"

"တော်ပါတော့ ငွေတာရီ၊ မင်းနာမည်ဘေးမှာ တွဲပါလာမယ့် ဂုဏ်အရှိန်အဝါကြီးကို မင်းယူမယ့်တခြားယောကျ်ားနဲ့ မင်္ဂလာဆောင် သုံးလိုက်၊ ကိုယ်ကတော့ မင်းကို သံယောဇဉ်ပြတ်သွားပြီ"

"ဟာ ဗိမာန်"

ကြားက မျက်နှာပူမှုနှင့် ပန်းတိုင် ဝင်တားသည်။ ငွေတာရီ

www.burmeseclassic.com

မျက်နှာလေး ရဲရဲနီမြန်းကာ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ခါရင်

"အလင်းဗိမာန် ရှင့်စကားတွေက ငွေ့ကို နာကျင်အောင်

တိုက်ခိုက်နေတာပဲ"

"အဲဒါ မင်းရွေးချယ်မှုပဲလေ"

"ဘာ ကျွန်မရွေးချယ်မှု ဟုတ်လား၊ ဒီမှာ အလင်းဗိမာ

ရှင့်ဘက်က ဒီလောက်ပြတ်သားနေရင် ကျွန်မဘက်ကလည်း ဆောရီး

စောင့်ကြည့်လိုက် ရှင့်ထက် အရာရာသာတဲ့ယောကျ်ားတစ်ယောက်

ကျွန်မ ခေါင်းခေါက်ယူပြမယ် တောက်"

နာကျင်မှုန်းတီးသောအကြည့်တွေနှင့် သူ့ကိုစူးစိုက်ကြည့်

ပြောကာ ငွေ့တာရီ ချာခနဲ ကျောခိုင်းထွက်သွားခဲ့သည်။

"ဗိမာန်ရာ မင်း ဒီလိုမပြောသင့်ဘူး"

"ဒီထက်မက ပြောသင့်တယ် ပန်းတိုင်၊ သေချာတာက ငွေ

ရီတို့အသိုင်းအဝိုင်းက ငါနဲ့ဘယ်လိုမှ မဖြစ်ဘူး၊ ဂုဏ်ရှိန်ဝါကို ကိုးကွယ်

ကြတဲ့သူတွေကြားမှာ ငါ့ဘဝကို စတေးမခံနိုင်ဘူး၊ ဘာလဲ သူ ခေါ

ခေါက်ရွေးချယ်တဲ့ယောကျ်ားအဖြစ် မင်း ငါ့ကိုမြင်ချင်လို့လား"

"ဒီလိုလည်း မဟုတ်ဘူးလေကွာ၊ ဟို ဒီလို အဲ"

"ပန်းတိုင် မင်းဘာမှမသိပါဘူး၊ ဘဝနှစ်ခု ပေါင်းစပ်

အချစ်ကလွဲလို့ ဘာကအရေးပါသလဲ"

"အင်း ငါလက်ခံပါတယ်ကွာ၊ ဘာလို့လဲဆိုတော့ ငါ ရွေး

ကိုရွေးချယ်ခဲ့တာ ဘာအကြောင်းမှမပါဘူး၊ သူ့ကိုချစ်တာသက်

ကြောင့်ပဲ"

[redacted]



ပန်းတိုင် စကားတွေကြားတော့ သူ့အာရုံထဲမှာ ရွှေမိုးညို

ျက်နှာလေးက အရိပ်ထင်လာသည်။

မိုးလေးအတွက် ပန်းတိုင်ဆိုတာ ရွေးချယ်သင့်သော ယောကျ်ား

စ်ယောက်ဆိုတာ အသိစိတ်က နားလည်နေပေမယ့် မသိစိတ်က တွေဝေ

နေတာ ဘာကြောင့်မှန်းမသိ။

မိုးလေးရဲ့ဖြူစင်ရိုးသားမှုနှင့် ချစ်စရာကောင်းသော စိတ်ဓာတ်

လေးကို သူ အသိဆုံး။ စိတ်ထားလေး ဖြူစင်သလို ငေးလောက်အောင်

လှသည့် မိုးလေးကို ပန်းတိုင် ပိုင်ဆိုင်ရမှာ သိပ်ကံကောင်းသည်။

ဒါပေမဲ့ ဒီအခြေအနေကို သူ့စိတ်က အလိုမကျဖြစ်နေတာ

ည်း အမှန်။

တစ်ခုခုတော့ မဟုတ်သေးဘူး ထင်ပါရဲ့။

■ ■ ■

ကျူး ၁၁၀၀

www.burmeseclassic.com

## အခန်း (၁၆)

ခြံထဲကို မောင်းဝင်လာသော ကိုပန်းတိုင်၏ကားကို မြင်လိုက် ရချိန်မှာ မိုးလေး ခြံထဲက ခုံတန်းလေးမှာထိုင်ကာ စာဖတ်နေချိန်ဖြစ်

ဆင်ဝင်အောက်မှာ ကားထိုးရပ်ပြီး ဆင်းလာသော ပန်းတိုင် ကလည်း မိုးလေးကို မြင်တွေ့သွားခဲ့ကာ လျှောက်လာသည်။

အပြာနုရောင်တီရှပ်နှင့် ဂျင်းနက်ပြာကို ဝတ်ဆင်ထားသော ပန်းတိုင်အသွင်က အမြဲတမ်း ရှင်းသန့်တည်ငြိမ်နေမြဲ။

ကိုကိုလောက် အသားမဖြူပေမယ့် အသားလတ်ကာ မြင့် မားမား အရပ်အမောင်းနှင့် ကြည့်ကောင်းသောစတိုင်ကိုတော့ ပိုင် ထားသည်။

"ညီလေး တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ ကိုပန်းတိုင် ဖမေမေ တစ်ရေးအိပ်နေလို့လေ"





"ဟုတ်လား ကိုယ်လည်း လမ်းကြုံတာနဲ့ဝင်လာတာ"

ပြောရင်း နံဘေးမှာ ပန်းတိုင်ဝင်ထိုင်တော့ မိုးလေး မတ်တပ် ဆး ထရပ်မိ၏။

"ဟို တစ်ခုခုသောက်မလား ကိုပန်းတိုင်၊ အပူလား အအေး ားဟင်"

"နေပါစေ ညီလေး၊ ကိုယ် ဘာမှမသောက်ချင်ဘူး ညီလေးကို ကားနည်းနည်းပြောချင်လို့ ခဏထိုင်ပါဦးနော်"

ပန်းတိုင် တောင်းတောင်းပန်ပန်ပြောနေတော့ မိုးလေး မငြင်း ဘဲ ဝင်ထိုင်ရပြန်သည်။ ကိုကိုလည်း ကြိုပြောထားတာမို့ မိုးလေး ကြိုသိပြီးဖြစ်နေသည်။

တစ်နေ့နေ့မှာ ပန်းတိုင်နှုတ်က ဒီစကားတွေ ကြားရမည်ဟု လေး မျှော်လင့်ထားပြီးဖြစ်သည်။

"ဟို ကြီးကြီးစိန်ရော ဟင် ညီလေး"

"ဟိုဘက်ခြံက အန်တီ နေမကောင်းလို့ သတင်းသွားမေးပါ ယ် ကိုပန်းတိုင်"

ပြောစရာရှိသည်ဟု ခွင့်တောင်းထားပြီးမှ ပန်းတိုင်နှုတ်တွေ အကာ ချက်ချင်းပြောမထွက်ဖြစ်နေတာ မိုးလေး ရိပ်မိပါသည်။ ကယ်ဆို ကိုကို့ရဲ့အခင်ဆုံးသူငယ်ချင်းဆိုပေမယ့် ကိုပန်းတိုင်က ကိုကို့ ိမဟုတ်ပါ။

ကျောင်းမှာတုန်းကလည်း ချစ်သူရည်းစား မထားဖူးသောသူဟု ကို ပြောဖူးတာ မိုးလေး သိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီ့လေး"

"ရှင်"

"ဟိုလေ ညီ့လေးကို ကိုယ်ချစ်နေတာ ကြာပြီ၊ ဗိမာန်ဆ... လည်း ခွင့်တောင်းပြီးပါပြီ၊ အဲဒါ ညီ့လေး ဟိုလေ ကိုယ့်ကို ဘယ်... သဘောထားသလဲဟင်"

ကိုပန်းတိုင်သာမဟုတ်ဘဲ တခြားတစ်ယောက်ဆိုလျှင် မိုးလေ... ချက်ချင်းပဲ ငြင်းမိမှာသေချာသည်။ အခုတော့ ကိုကိုကလည်း ပြော... သည်။ ကိုပန်းတိုင်ကိုလည်း အားနာနေမိ၏။

"ညီ့လေး ကိုယ် ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးပါဘူး ညီ... လေးကိုပဲ ပထမဆုံး ချစ်ခဲ့ဖူးတာပါ၊ ညီ့လေးကို ကိုယ့်ဘဝတစ်... အတွက် ချစ်တာပါ"

ပြောချင်သည့်စကားတွေကို ပန်းတိုင် မနားတမ်းပြောဆို ... နေပေမယ့် မိုးလေး ရင်ခုန်မလှုပ်ခတ်မိတာလည်းအမှန်။

"ညီ့လေး ကိုယ့်စကားတွေကို ယုံကြည်ပါတယ်နော်"

"ဟိုလေ မိုးလေး အချစ်ရေးကိစ္စတွေကို စိတ်မဝင်စား... ဘူး ကိုပန်းတိုင်"

ပန်းတိုင် မျက်နှာက ညှိုးမှိန်သွားတာချက်ချင်း။

"ညီ့လေး ဘာကိုဆိုလိုတာလဲဟင်၊ ကိုယ့်ကို ညီ့လေး လ... နိုင်တဲ့သဘောလားဟင်"

ကိုပန်းတိုင် စကားအတိုင်း ညီ့လေး အလိုက်သင့် ခေါင်း... လိုက်ချင်သည်။ ဒါပေမဲ့ မိုးလေး ငြင်းလိုက်လျှင် ကိုကို့ဆီကိုပဲ ကိုယ်...





...သွားရောက် ရင်ဖွင့်မှာသိနေသည်။

ပြီးတော့ ကိုပန်းတိုင်လိုလူတစ်ယောက်ကို မိုးလေး ခါးသီးစွာ ငြင်းပယ်ရအောင် အကြောင်းပြချက် မေးလာလျှင် မရှိတာလည်းအမှန်။

"ဟို မိုးလေးဆိုလိုတာက ဒီအချိန်မှာ အချစ်ရေးကိစ္စကို မိုးလေး ခေါင်းစားချင်သေးလို့ပါ၊ မေမေက မိုးလေးရဲ့ကျေးဇူးရှင်ပါ ကိုပန်းတိုင်၊ မေမေ့ကို မိုးလေး ပြုစုစောင့်ရှောက်ရမယ့်ကိစ္စက ဘာအရာအတွက်မှ အရေးမကြီးပါဘူး"

"အန်တီမေ အခြေအနေကို ကိုယ်လည်း နားလည်ပါတယ်၊ ဒါပေမဲ့ ညီ့လေးရဲ့ဆန္ဒကို အရင်သိချင်တာပါ၊ ညီ့လေး ခေါင်းတစ်ချက် ညိတ်တာနဲ့ အန်တီမေတို့ ကြီးကြီးတို့ဆီမှာ ကိုယ် ခွင့်တောင်းပြီး လက်ထပ်မှာပါ"

ကိုပန်းတိုင် စကားကြောင့် မိုးလေး အကြပ်ရိုက်သွားခဲ့ရသည်။ မေမေနှင့်ကြီးကြီးတို့ဆီသာ ကိုပန်းတိုင် ခွင့်တောင်းလျှင် မိုးလေး ငြင်းပယ်လို့ရမှာမဟုတ်ပါ။

ကိုပန်းတိုင်ရဲ့အခြေအနေ အဆင့်အတန်းဆိုတာ ဘယ်လို မိန်းကလေးရှင်ကမှ ငြင်းဆိုကြမှာမဟုတ်။ မေမေက ဝမ်းသာအားရ သဘောတူမှာ သေချာသည်။

ကြီးကြီးကလည်း လိုလားစွာ သဘောတူမှာပဲဖြစ်၏။

"မိုးလေး တောင်းပန်ပါတယ် ကိုပန်းတိုင်"

"ဟင် ဘာကိုတောင်းပန်တာလဲ ညီ့လေး"

"ဩော် လူကြီးတွေကို ဘာမှမပြောဖို့ပါ၊ ဟိုလေ အခု မိုးလေး

www.burmeseclassic.com



က ပညာရေးလည်း ဆုံးခန်းမတိုင်သေးဘူး။ ဒါကြောင့် အချိန်တစ်ခုတော
ပေးပါ၊ မိုးလေး အချစ်ရေးကို စဉ်းစားတဲ့အခါ ကိုပန်းတိုင်ကို စဉ်းစာ
ပေးပါ့မယ်''

''ညီလေး ညီလေးမှာ ချစ်သူမရှိသေးတာ အမှန်ပါနော်၊ ကိုယ်
နောက်ကျသွားပြီလားဟင်''

မိုးလေး ငြင်းဆိုနေတာကို ကိုပန်းတိုင် ဘယ်လိုထင်မြင်သွာ
သည်မသိ။ စိုးရိမ်တကြီး မေးလာ၏။

''ဟင့်အင်း မိုးလေးမှာ ချစ်သူမရှိသေးပါဘူး ကိုပန်းတိုင်
မိုးလေး မညာပါဘူးရှင်''

''ဟာ ဝမ်းသာလိုက်တာ ညီလေးရယ်၊ ဒါဆို ကိုယ်နောက်
မကျသေးဘူးပေါ့နော်၊ ညီလေးကို ကိုယ် အချိန်ပေးပါတယ်၊ စဉ်းစာ
ညီလေး ခေါင်းညိတ်လက်ခံတဲ့အချိန်မှ ကိုယ်လူကြီးတွေနဲ့ မိသားဖသော
ပီပီ တောင်းယူမှာပါ''

''ကျေးဇူးတင်ပါတယ် ကိုပန်းတိုင်၊ မိုးလေး ကိုပန်းတိုင်ကို ဦး
ပေး စဉ်းစားပေးမှာပါ''

''အဲဒီစကားနဲ့တင် ကိုယ်အရမ်းဝမ်းသာသွားပြီ ညီလေးရေ
ကိုယ်လည်း အခု ဖေဖေ့ရဲ့အလုပ်တွေကို ဦးဆောင်နိုင်ဖို့ ကြိုးစားနေတာ
ဒါ ညီလေးနဲ့ကိုယ့်အနာဂတ်အတွက်လည်း ပါတယ်-သိလား ညီလေ

ကိုပန်းတိုင် လေးလေးနက်နက် ဆိုနေတော့ မိုးလေး ကြ
ပင့်သက်ရှိုက်မိသည်။

ကိုပန်းတိုင်၏မျှော်လင့်ချက်တွေကို မိုးလေး ရိုက်ချိုးပစ်တာ





ဖြစ်လိုပါ။ နှုတ်ဆက်ပြန်သွားတော့ မိုးလေးရင်တွေ မောနုံးကျန်ရစ်ခဲ့
သည်။

တကယ်ဆို မိုးလေး အနာဂတ်အတွက် ကိုပန်းတိုင်ဆိုတာ
ရက်စိမှိတ်ရွေးချယ်သင့်သည့် ယောကျာ်းဟု ဦးနှောက်က လက်ခံပြီးသား
ပဲ။

ဒါပေမဲ့ မိုးလေး မသိစိတ်က ငြင်းပယ်နေခြင်းက နှလုံးသားရဲ့
ခံစားချက်ကြောင့်ဆိုတာ မိုးလေးပဲသိသည်။

မသိနိုင်သော ကိုကိုကတော့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဗိမာန် ဧည့်ခန်းထဲဝင်လိုက်တော့ မိမော်ကို အရင်ဆုံးတွေ့ရသည်။ ရှိုးကေ့စ်ဗီရိုတွေကို ကြက်တောင်မွှေးနှင့် ဖုန်သုတ်ရှင်းလင်းနေသော မိမော်က သူ့ကိုမြင်တော့

"ဟင် ကိုလင်း ဒီနေ့ပြန်တာစောတယ်နော်"

"အေး ကြီးကြီးကော မိမော်"

"ဟိုတက်ခြံက အန်တီ ဆေးရုံတင်လိုက်ရလို့ ကြီးကြီးနဲ့ညီလေး လိုက်သွားပါတယ်"

"ဘယ်အချိန်က သွားတာလဲ"

"သုံးနာရီလောက်ကပါ ကိုလင်း"

"ဒါနဲ့ အိမ်ကို ပန်းတိုင် လာသွားသေးလား"

အဆက်အစပ်မရှိသော ဗိမာန်အမေးကြောင့် မိမော် ချက်ချင်း မဖြေနိုင်ဘဲ တွေခနဲဖြစ်သွား၏။ ပြီးမှ





"ကိုပန်းတိုင်လား အင်း နေ့လယ်က လာသွားတယ်၊ ညီလေး ထဲမှာ စကားတွေထိုင်ပြောပြီး ပြန်သွားတယ် ကိုလင်း"

မမော် စကားကြောင့် ဗိမာန်ရင်ထဲမှာ မောနုံးသွားခဲ့၏။ ယ်ဆို ပန်းတိုင်ဆီက ဖုန်းနှင့်ပြောသောစကားတွေ ကြားခဲ့ရကတည်း သူ့စိတ်တွေ နောက်ကျိနေခဲ့တာဖြစ်သည်။

ဒါကြောင့်လည်း အလုပ်က စောစောအိမ်ပြန်ခဲ့တာဖြစ်၏။

"ဗိမာန် ငါ ညီလေးကို ရင်ဖွင့်လိုက်ပြီကွ၊ ညီလေးက စဉ်းစား ယ်တဲ့၊ ယောက်ဖ မင်းလည်းနည်းနည်းပါးပါး ကူညီတိုက်တွန်းပေး နော်"

မိုးလေးကို ပန်းတိုင် ရင်ဖွင့်လိုက်ပြီဆိုသော စကားကို ကြား ချိန်မှာ သူ့ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့သည်။ မိုးလေးက းပေးမည်ဆိုခြင်းအတွက် ပန်းတိုင် ကျေနပ်ဝမ်းသာနေတာ အထင် ား။

သူ့မှာတော့ တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရသလို ခံစားလိုက်ရ ည်။

"ကိုလင်း နေမကောင်းဘူးလား"

ဆိုဖာထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်ရင်း ပင့်သက်တရှိုက်ရှိုက် နေသော သူ့ကို မိမော် မေးလာမှ သတိတွေပြန်စုစည်းမိ၏။

"အင်း ကောင်းပါတယ်၊ အလုပ်ပင်ပန်းလို့ပါ ကဲ ငါ ရေသွား လိုက်ဦးမယ်"

မိမော်ကိုပြောပြီး အပေါ်ထပ်ကိုတက်ခဲ့လိုက်သည်။ နုံးချိနေသော

www.burmeseclassic.com



စိတ်တွေ လန်းဆန်းသွားအောင် ရေချိုးလိုက်၏။

အဝတ်အစားလဲလှယ်ပြီးတော့ သူ အောက်ထပ်ဆင်းခဲ့ကာ မေမေ့အခန်းဘက် ထွက်ခဲ့လိုက်သည်။ ကားအက်ဆီးဒင့်ဖြစ်ပြီး အောက် ပိုင်းသေသွားပြီးကတည်းက မေမေ့အခန်းကို အောက်ထပ်မှာပဲ စီစဉ်ပေး ရတာဖြစ်သည်။

မိုးလေးက မေမေနှင့်ကပ်လျက် အခန်းမှာနေကာ မေမေ့ကို စောင့်ရှောက်ပေးနေတာဖြစ်၏။

"မေမေ"

အခန်းရှေ့ရောက်တော့ သူ အသံပေးခေါ်ကြည့်၏။ မေမေ့ ထံ့ပြန်သံကို ချက်ချင်းပဲကြားရသည်။

"သားလား ဝင်ခဲ့လေ"

စေ့ထားသော အခန်းကို သူ တွန်းဖွင့်ဝင်ခဲ့တော့ မေမေ ဘီး ချဲလ်လေးပေါ်မှာထိုင်ရင်း တရားစာအုပ်တစ်အုပ် ဖတ်လျက်တွေ့၏။

"မေမေ အိပ်နေသလားလို့"

"မအိပ်ပါဘူး သားရယ်၊ သမီးလေးတို့ ပြန်မရောက်သေးဘူး လား"

"မရောက်သေးဘူး မေမေ၊ မေမေ အပြင်ထွက်ချင်လို့လား"

"ဟင့်အင်း မထွက်ပါဘူး နေ့လယ်ကပဲ သမီးလေးနဲ့ခြံထဲဆင်း ပြီးပြီ"

"ဒါဆို မေမေ ထမင်းစားတော့မလားဟင်"

"မဆာသေးဘူး သား၊ သမီးလေးပြန်လာမှစားမယ်၊ သား



သပ်စရာရှိတာသွားလုပ်ပါ၊ မေမေ စာဖတ်ရင်း စောင့်နေလိုက်မယ်"

မေမေ့ကို ခေါင်းညိတ်ပြပြီးပြန်ထွက်ခဲ့ရင်း အခန်းတံခါးကိုလည်း သူ ပြန်စေ့ပိတ်ပေးခဲ့လိုက်သည်။

မေမေ့အခန်းရှေ့က လှမ်းအထွက်မှာ ဒိမာန် မျက်ဝန်းတွေက မိုးလေးအခန်းလေးဆီ အကြည့်တို့ရောက်သည်။ ခြေလှမ်းတို့က မရည်ရွယ် ဘဲ မိုးလေးအခန်းလေးဆီ လှမ်းမိပြီးဖြစ်နေ၏။

သော့ပိတ်မထားသော အခန်းတံခါးကို ဆွဲဖွင့်မိတော့ အလွယ် တကူပဲ ပွင့်သွားခဲ့သည်။

ခုတင်ပေါ်လေးမှာ သေသေသပ်သပ် ခေါက်သိမ်းဆည်းထား သော အိပ်ရာခင်းလေးနှင့် ခုတင်ဘေးက စာကြည့်စားပွဲလေးမှာ စာအုပ် တွေက အစီအရီ သပ်သပ်ရပ်ရပ်လေးရှိနေသည်။

အခန်းထောင့်က အဝတ်ဗီရိုနံဘေးက အလှပြင်မှန်တင်ခုံလေး ပေါ်မှာ တွေ့ရသော ကျောက်ပြင်နှင့်သနပ်ခါးခြင်းလေးကို တွေ့တော့ မိုးလေးမျက်နှာလေးကို ပြေးမြင်မိ၏။

ခေတ်မီအလှပြင်ပစ္စည်းတွေထက် မြန်မာ့သနပ်ခါးလေးကိုပဲ နှစ်ခြိုက်ခြိုက် လိမ်းခြယ်တတ်တာ မိုးလေးအကျင့်ဖြစ်၏။

ဟိုးငယ်ငယ်ကတည်းက သနပ်ခါး ပါးကွက်ကြားလေးနှင့် မိုးလေးသည် အခုအချိန်ထိလည်း ရေမိုးချိုးပြီးတိုင်း သနပ်ခါးရနံ့ သင်း သင်းလေးနှင့် အစဉ်ရှိတတ်၏။

အခန်းဝက ပြန်လှည့်ထွက်မည်ပြုပြီးမှ မျက်ဝန်းတွေက စာ ကြည့်စားပွဲပေါ်က သူ့ဓါတ်ပုံလေးကြောင့် အံ့သြသွားမိ၏။ သူ့ဓါတ်ပုံကို

www.burmeseclassic.com



မုန့်သောင်လေးနှင့် စားပွဲမှာ မိုးလေးထောင်ထားတာ သူအခုမှပဲ သိတော့၏။

ခြေလှမ်းတွေက စားပွဲလေးဆီ အလိုလိုလှမ်းလျှောက်ခဲ့မိပြီး ဖြစ်သွားသည်။

ခါတ်ပုံလေးနံဘေးမှာ ရှိနေသည်က အပြာရောင်အဖုံးနှင့် ဒိုင်ယာရီ မှတ်တမ်းစာအုပ်ကလေး တစ်အုပ်။

မလှပ်သင့်မှန်း သိပါလျက်နှင့် သတိလက်လွှတ် စာအုပ်လေးကို လှန်လိုက်မိသည်။

မိုးလေး၏ ဝိုင်းစက်ညီညာသော လက်ရေးလေးတွေက သူ့မျက်နှာနှစ်ဖက်ကို ပင့်တက် မင်သက်သွားစေ၏။

. . . ကိုကို ရက်စက်တယ် . . . မိုးလေးကို မိုးလေးချစ်တဲ့ မိသားစုအရိပ်မှာ မရှိစေချင်တော့တာလား ကိုကိုရယ် ။

ကိုကို့သူငယ်ချင်း ပန်းတိုင်ကို မိုးလေးလက်ခံရမတဲ့လား . . . မိုးလေး နှလုံးသားကို မမြင်နိုင်ဘဲလေ ။

မိုးလေးခံစားချက် စာလုံးလေးတွေကိုဖတ်ရင်း သူ စိတ်ဝင်စားသွားရသည်။ ပန်းတိုင်ကို မိုးလေးလက်ခံဖို့ ခက်ခဲနေခြင်းက ဘာကြောင့်လဲ။

မိုးလေးမှာ ချစ်သူရည်းစားများ ရှိနေသလား။ သိချင်စိတ်တို့နှင့် သူ စာရွက်ကိုလှန်လိုက်မိသည်။

. . . မချစ်သင့်မှန်းသိပေမယ့် ချစ်နေမိတာ မိုးလေးရဲ့ မိုက်မဲမှုလား . . . မိုးလေးနှလုံးသားထဲမှာ အမြဲရှိခဲ့တာ ကိုကိုပါ . . . ကိုကို့ကို





မိုးလေး ချစ်တယ်ကိုကိုရယ် ။

"ဟင်"

အံ့သြမယုံကြည်နိုင်မှုတွေနှင့် သူ မင်သက်သွားခဲ့သည်။ ရင်ထဲမှာ ကြည်နူးပီတိနှင့် လှုပ်ခတ်နေသော ရင်ခုန်ခံစားမှုတွေက ဗိမာန်အတွက် ဆန်းသစ်နေသည်။

မိုးလေးချစ်နေတာ သူ့ကိုတဲ့လား။ ကြည့်စမ်း သူဘယ်တုန်းကမှ မရိပ်မိခဲ့တာ သေချာသည်။ ဒါကြောင့်လည်း ပန်းတိုင်ခွင့်တောင်းတော့ သူခွင့်ပြုတိုက်တွန်းခဲ့တာဖြစ်၏။

မိုးလေးအတွက် ပန်းတိုင်ဆိုတာ ငြင်းပယ်စရာမရှိသော သူဟုသူယုံကြည်သည်။ ပြီးတော့ မိုးလေးကလည်း အလွယ်တကူ ခေါင်းညိတ်လိမ့်မည်ထင်ခဲ့၏။

အခုတော့ မိုးလေးနှလုံးသားက ပန်းတိုင်အတွက် မဟုတ်ခဲ့တာ သေချာနေပြီပေါ့။

မိုးလေးရယ် ကိုယ်ဝမ်းသာလိုက်တာ။

ဆင်ဝင်အောက်ကို ထိုးရပ်လာသော ကားသံကြားတော့မှ သူစာအုပ်လေးကိုပိတ်လိုက်ကာ အခန်းထဲက ကသောကမျောလေး ထွက်ခဲ့မိသည်။

"သား ပြန်ရောက်နေပြီလား ဒီနေ့စောသားပဲ"

"ဟုတ်တယ် ကြီးကြီးစိန် အလုပ်ပင်ပန်းလို့ ပြန်လာတာတဲ့ နေမကောင်းသလိုပဲ"

ဧည့်ခန်းထဲမှာ မိမော်နှင့် ကြီးကြီးတို့ပြောနေသော စကားတွေကို



www.burmeseclassic.com

သုကြားရသည်။ သူ စည့်ခန်းထဲထွက်လိုက်တော့ ကြီးကြီးက

"သား နေမကောင်းဘူးဆို"

"ကောင်းပါတယ် ကြီးကြီး ပင်ပန်းလို့ နုံးသွားတာပါ၊ ရေမိုး ချိုးလိုက်လို့ လန်းသွားပါပြီ"

"အေး အေး ကျန်းမာရေးကိုလည်း ဂရုစိုက်သားရေ ဟိုတ အိမ်က မခင်မြိုင်တောင် သိပ်မသက်သာလို့ ဆေးရုံပို့လိုက်ရတယ် သား ရေ"

"မမော်ပြောလို့ ကြားတယ် ကြီးကြီး"

သူပြောရင်း မိုးလေးကို လှမ်းကြည့်မိသည်။ သခွားရောင်ဝတ် လေးနှင့် မိုးလေးသည် မပြင်ဆင်ထားဘဲလည်း လှပနေသည်။

"ကဲ ကဲ ကြီးကြီး အဝတ်အစားလဲပြီး ရေမိုးချိုးလိုက်ဦးမယ် ပြီးမှ အတူထမင်းစားကြမယ်နော် သား"

ကြီးကြီးပြောရင်း အခန်းထဲဝင်သွားတော့မှ သူ မိုးလေးအနား လျှောက်ခဲ့ရင်း

"မိုးလေး"

"ရှင် ကိုကို"

"မေမေ မိုးလေးကို မျှော်နေတယ် သွားလိုက်ဦး ပြီးရင် ခြံ ခဏလောက် ဆင်းခဲ့ဦး ကိုယ် မေးစရာလေးရှိလို့"

မိုးလေး မျက်မှောင်လေးကုပ်သွားခဲ့ကာ တစ်ချက်စိုက်ကြည့် ပြီးမှ ခေါင်းလေးညိတ်ပြကာ မေမေ့အခန်းဘက် ထွက်သွားခဲ့သည်။

သူ ခြံထဲဆင်းခဲ့ကာ လမ်းလျှောက်ရင်း မိုးလေးကို မျှော်နေလို



သည်။ မထင်မှတ်ဘဲ သိခွင့်ရလိုက်သော မိုးလေးရင်ထဲက ခံစားချက်တွေ အတွက် ရင်ထဲမှာ ကျေနပ်နေမိသည်။

မိုးလေးရဲ့ရင်ထဲကို မမြင်နိုင်ခဲ့သောသူ ပန်းတိုင်လက်ထဲ ဖွတ် ည့်ပေးသလို ဖြစ်တော့မလို့။

မိုးလေးရယ်၊ တကယ်တမ်းကျ မင်းလေးကို တစ်ပါးသူလက်ထဲ ပေးလိုက်ဖို့အတွက် ကိုယ်တွန့်ဆုတ်နေခဲ့တာပါပဲ။

အဲဒါဘာကြောင့်လဲဆိုတော့ ကိုယ်အခုတော့ သိနိုင်ခဲ့ပါပြီ ကိုယ့် ုံးသားကလည်း မိုးလေးအပေါ် ငြိတွယ်နေခဲ့လို့ပေါ့ ကလေးရယ်။

အချစ်ဆိုတာ ဆန်းကြယ်တဲ့ အရာတစ်ခုဆိုတာ ကိုယ်လက်ခံ ကြည့်လိုက်ပြီ ကလေးရယ်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၈)

''မေမေ့ကို ထမင်းခူး ပြင်ဆင်ပေးနေလို့ ကိုကို''

သူထိုင်နေသည့် ခုံတန်းလေးမှာ ဝင်ထိုင်ရင်း မိုးလေးက နာ
ဝက်လောက်ကြာနေတာကို ရှင်းပြ၏။

''ကိုကို ဘာမေးစရာရှိလို့လဲဟင်''

သူ့ကိုကြည့်ကာ မေးလာသော မိုးလေးမျက်နှာလေးကို စို
ကြည့်ရင်း သူဘာမှမပြောဖြစ်သေးပါ။ မျက်တောင်ရှည်ကြီးတွေ ဝ
ထားသော မိုးလေးမျက်ဝန်းလေးတွေက ရိုးသားဖြူစင်မှုတွေ ကိန်
နေသည်။

ဒီမျက်ဝန်းတွေ၏ အနက်ရှိုင်းဆုံး တစ်နေရာမှာ မိုးလေ
ဖြူစင်သော ချစ်ခြင်းတွေလည်း တည်ရှိနေပြီဆိုတာ အခုတော့ သူသိ
ခဲ့ပြီးပြီ။





''မိုးလေး အိမ်ကို ပန်းတိုင်လာသွားတယ်ဆို''

မိုးလေး ချက်ချင်းမဖြေဘဲ သူ့ကိုစိုက်ကြည့်နေ၏။ ပြီးမှ ခေါင်းလေးညိတ်ပြရင်း

''ဟုတ်တယ် ကိုကို ကိုကိုသိပြီးပြီမို့လား''

''အင်း ပန်းတိုင် ဖုန်းလှမ်းဆက်လို့ သိတာပါ''

မိုးလေးဘာမှ မပြောဘဲ သူ့ဆီကအကြည့်တွေ ရုပ်သိမ်းသွားခဲ့တာ နှင်းဆီရုံဘက်ကို ငေးငေးလေးကြည့်နေ၏။

ဘေးတိုက်မြင်နေရသော မျက်နှာလေးကို သူစိုက်ကြည့်နေမိပြန်သည်။

ဆံနွယ်ရှည်ကြီးတွေကို နဖူးပြေပြေလေး ပေါ်လွင်အောင် လှန်သိမ်းထားတာမို့ ရှင်းသန့်ချောမောသော မျက်နှာလေးကို ထင်ထင်ရှားရှား မြင်တွေ့နေရသည်။

နှာတံချွန်ချွန်လေးက အချိုးကျကျလေးလှသည်။ နှင်းဆီငုံဖူးလေးလို နှုတ်ခမ်းလေးက ဆေးမတင်ထားဘဲ နဂိုပန်းသွေးရောင် စိုလဲ့နေသည်။ မေးရိုးသွယ်သွယ်လေးနှင့် လည်တိုင်ရှင်းရှင်းလေးမှာ သွေးကြောစိမ်းမြမြလေးတွေကိုတောင် ဖောက်ထွင်းမြင်နေရ၏။

မိုးလေးရဲ့ အလှတွေကြောင့်လည်း ပန်းတိုင်ဆိုတဲ့ကောင် နှလုံးသား အရည်ပျော်သွားခဲ့တာထင်သည်။

သူကကော ဘာလို့ ကိုယ်နှင့်အနီးဆုံးမှာ ရှိနေလျက်နှင့် မိုးလေးရဲ့ မြတ်နိုးစရာအလှတွေကို မခံစားတတ်ခဲ့တာလဲ။

''မိုးလေး''



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာပြောမလို့လဲ"

လှည့်ကြည့်ရင်း မေးလာသော မျက်နှာလှလှလေးကို သူ နှမ်း
နှိုက်ချင်စိတ်တို့ကို မျိုသိပ်ထားရ၏။

"ဩော် ပန်းတိုင်နဲ့ မိုးလေး အခြေအနေသိချင်လို့"

"ကိုကို့သူငယ်ချင်းပဲလေ ကိုကို့ဆီ ဖုန်းဆက်တယ်ဆို သူပြော
ပြမှာပေါ့"

မိုးလေး လေသံလေးမှာ အလိုမကျစိတ်တို့ ပျော်ဝင်နေတာ
အထင်အရှား မြင်နေရသည်။ ပန်းတိုင်ကို မိုးလေး မချစ်ဘူးဆိုတာတော့
သေချာနေပြီဟု သူနားလည်၏။

ဒါပေမဲ့ မိုးလေး၏ ဒေါသရောင်စဉ်လေးတွေကို သူမြင်တွေ့
သေးတာမို့

"သူပြောပြတာတော့ မိုးလေးရဲ့ နံပါတ်တစ်ဦးစားပေး အဆ
ကို သူရထားပြီတဲ့"

မိုးလေး နှုတ်ခမ်းလှလှလေးတွေ မဲ့ကျသွားတာကို သူ မသိကျ
ကျွံပြုရင်း

"အင်းလေ ပန်းတိုင်က အရာရာပြည့်စုံပြီးသားပဲ တစ်ဦးတည်
သောသား၊ မိဘတွေကလည်း သိပ်ချစ်တယ်၊ ပန်းတိုင်ကိုယ်တိုင်ကလည်
ကျောင်းမှာတုန်းက ရည်းစားတောင် ထားဖူးတာမဟုတ်ဘူး၊ မိုးလေး
ကျမှ ဒီကောင်ကျသွားတာ ကိုကို့ညီမ မိုးလေးအလှက တော်တော်အစွ
ထက်မြက်ပုံပဲနော်"

"ကိုကို"





"ဟင် ဘာလဲ မိုးလေးရဲ့"

"ကိုကို အဲဒီ ကိုပန်းတိုင်နဲ့ မိုးလေးကို တော်တော်သဘောတူ
နေသလားဟင်"

"ဟာ တူတာပေါ့ကွာ ပန်းတိုင်က တကယ်အရည်အချင်းရှိတဲ့
ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ပဲ"

သူ့စကားကြောင့် မိုးလေး မျက်ခုံးတန်းတန်းလေးတွေ မကျေမ
နပ် တွန့်ကုပ်စိုက်ကြည့်နေခဲ့သည်။ စူပုပ်ပုပ် မျက်နှာလေးကလည်း
ချစ်စရာ ကောင်းနေခဲ့တာမို့ သူခပ်တည်တည်နှင့် ဆက်ပြီးပြောနေမိသည်။

"ကိုကိုက ကိုကို့ညီမလေး ယောကျ်ားကောင်းတစ်ယောက်ရ
စေချင် ကိစ္စကို ဘာလို့သဘောမတူစရာ အကြောင်းရှိရမှာလဲကွ၊ ပန်းတိုင်
ဆိုတာ ကျောင်းတုန်းက ချစ်တဲ့ကြိုက်တဲ့ မိန်းကလေးတွေ ရှိတာတောင်
ပြန်မကြိုက်တဲ့ကောင်၊ မိန်းမကိစ္စကင်းရှင်းတယ်၊ အသောက်အစား
လောင်းကစား လုံးဝမရှိဘူး၊ ဒီလိုယောကျ်ားတစ်ယောက်ကို ငါ့ညီမလေး
ရတာ ဘယ်လောက်ကံကောင်း"

"တော်တော့ကိုကို ကိုပန်းတိုင်ဘက်က ကိုကို့ရှေ့နေလိုက်ပေး
နေရအောင် ကိုကိုနဲ့ ဘာကျေးဇူးခံ ကျေးဇူးစားတွေရှိနေလို့လဲ"

ပြောရင်း မိုးလေး မျက်နှာကလေး နီလာသည်။ ဒေါသမျက်
ရည်လေးတွေလည်း ရစ်ဝိုင်းနေသည်။ သူ့ကိုမိုးလေး ဒီလိုတစ်ခါမှ ပြန်
ပြောဖူးပေမယ့် အခုချိန်မှာတော့ မိုးလေးခံစားချက်တွေကို သိနေသော
သူ စာနာနားလည်ပြီးဖြစ်၏။

"မဟုတ်ဘူးလေကွာ ကိုကိုနဲ့ ပန်းတိုင်က ငယ်သူငယ်ချင်း

www.burmeseclassic.com



အရင်းအချာကြီးတွေမို့ပါကွာ''

''ကောင်းပြီကိုကို ကိုကိုဒီလောက် သဘောတူနေတဲ့ ကိုပန်းတိုင်ကို မိုးလေး ခေါင်းညိတ်ပေးမယ်၊ ကိုကိုကျေနပ်တယ် မဟုတ်လား''

သူခေါင်းမညိတ် ခေါင်းမခါဘဲ မိုးလေးမျက်နှာလေးကိုသာ ပြုံးပြုံးလေး စိုက်ကြည့်နေလိုက်သည်။

''ကိုကို စိတ်ချမ်းသာစေရမယ် ကိုကို''

ရှိုက်သံလေးတွေနှင့် ထိန်းပြောရင်း မိုးလေး ဆတ်ခနဲထွက်သွားခဲ့သည်။

လှပကျော့ရှင်းသော မိုးလေး၏ အချိုးအဆစ်လေးတွေကို ငေးရင်း သူပြုံးမိသည်။

အချစ်ကို မိုးလေး နှလုံးသားက ခံစားတတ်သလို သူလည်း တကယ်ခံစားနိုင်ခဲ့ပြီပဲလေ။

မိုးလေးကို ပန်းတိုင်စိတ်ဝင်စားနေသည်ဆိုတာ သိလိုက်ရကတည်းက သူ့စိတ်ထဲမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်ခဲ့ရသည်။

မိုးလေးကို တစ်စုံတစ်ယောက်လက်ထဲ ထည့်ပေးလိုက်ဖို့ သူ တွန့်ဆုတ်တွေဝေနေခဲ့ခြင်းက ဘာကြောင့်လဲ။

မိုးလေးကို သူ မခွဲနိုင်တာကြောင့် ချစ်နေတာကြောင့်ပဲဆိုတာ သေချာပါသည်။

မိုးလေးရယ် မင်းလေးရင်ထဲမှာလည်း ကိုကိုပဲရှိနေမှတော့ မင်းလေးကို တခြားရင်ခွင်ထဲ ကိုကို ဘာလို့ ထည့်ပေးရမှာလဲ။

အချစ်ဆိုတာ အံ့ဩစရာကောင်းတဲ့ အရာတစ်ခုလို့ ကိုကိုး

ဗျူး ၁၇၆၀



လိုက်ပြီ မိုးလေးရယ်။

မင်းလေးကို ကိုကိုချစ်နေတာ ဝန်ခံပါတယ် ကလေးရယ်။

■ ■ ■

ဗျူး ၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ခြံထဲက သစ်ရိပ်အောက်မှာ မေမေ့ကို ဗိုးချဲလ်လေးနှင့် တွဲခေ
ခဲ့ရင်း ခြေသည်းလက်သည်းတွေ မိုးလေး ညှပ်ပေးနေတာ ဖြစ်သည်

မိုးလေး လုပ်ပေးနေသမျှကို ဒေါ်ခင်မြတ်မေ ငေးငေးေ
စိုက်ကြည့်နေရင်း ကြည်ကြည်နူးနူး ပြုံးလိုက်မိပြန်သည်။

သွေးရင်းချာ မဟုတ်ပေမယ့်လည်း ဒီသမီးလေးကိုပဲ သမီးရ
လို ချစ်ခဲ့ရတာဖြစ်သည်။

သမီးလေးကို မြင်တွေ့လိုက်ကတည်းက သူမတို့ ဇနီးမေ
နှံနှစ်ယောက်စလုံး ချစ်ခင်သွားခဲ့ကြသည်။ သားလေး အလင်းဗိမာ
တစ်ယောက်ပဲ ရရှိခဲ့သော မိသားစုဘဝလေးမှာ နောက်ထပ်သားသ
တစ်ယောက်လောက် တောင့်တလိုချင်ပေမယ့် မရခဲ့ကြတာမို့ ရွှေမိုးသည
လေးကို မွေးစားခွင့်ကြုံခဲ့တာကို ဝမ်းသာမဆုံးခဲ့ကြပါ။

သမီးလေးကို မွေးစားတော့ မမစိန်က သဘောမတူခဲ့ပါ။ ဒါပေ





ည်း မောင်ဖြစ်သူနှင့်ယောင်းမတို့ ဆန္ဒတွေကို မလွန်ဆန်နိုင်ဘဲ လက်ခံ
ခဲ့ရသည်။

သမီးလေးက သိပ်လိမ္မာသည်။ သားလေးကိုလည်း အစ်ကိုရင်း
ချာတစ်ယောက်လို ချစ်သည်။ အရိပ်အကဲ သိနားလည်တာမို့လည်း
နောက်ဆုံးတော့ မမစိန်ပါ ကြည်ဖြူသွားခဲ့သည်။

သူမ ကားအက်ဆီးဒင့်ဖြစ်ပြီး ဒီလိုဘဝရောက်ခဲ့ချိန်မှာ သမီး
လေးကပဲ အရိပ်လို ပြုစုပေးခဲ့တာဖြစ်သည်။ ချစ်စရာကောင်းသော
သမီးလေး ရွှေမိုးသည်သည် ကလေးလေးတစ်ယောက် မဟုတ်တော့ပါ။

အဝေးသင် နောက်ဆုံးနှစ်ရောက်ခဲ့ပြီ။

"မေမေ ဘာတွေ စဉ်းစားနေတာလဲဟင်"

ဗိုးချဲလ်လေးဆောက နံတန်းလေးမှာ ဝင်ထိုင်ရင်း သမီးလေး
မေးလာတော့မှ ဒေါ်ခင်မြတ်မေ အတွေးတွေ ပျောက်ကုန်ရတော့သည်။
သူမ ခြေသည်းလက်သည်းတွေကိုတောင် သမီးလေး ညှပ်ပေးပြီးသွားခဲ့
ပြီ။

"ဘာမှ မစဉ်းစားပါဘူး သမီးရယ်၊ သမီးလေးအကြောင်း
စဉ်းစားနေတာပါ"

"သမီးအကြောင်း ဟုတ်လားမေမေ"

"အင်းလေး မေမေ့ သမီးလေးအကြောင်းပေါ့"

"သမီးအကြောင်း မေမေက ဘာတွေစဉ်းစားနေတာလဲဟင်"

ချစ်စရာမျက်နှာလေးနှင့် မိုးလေးပြုံးပြုံးလေးမေးတော့ ဒေါ်ခင်
မြတ်မေ သမီးလေး ခေါင်းက ဆံနွယ်လေးတွေကို ညင်သာစွာ သပ်သပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရင်း

"မေမေ့သမီးလေးက ကလေးလေး မဟုတ်တော့ဘူးလေ နောက်နှစ်ဆိုရင်ပဲ ဘွဲ့ရတော့မှာ မဟုတ်လား"

"အဟင်း မေမေကလည်း ဘွဲ့မြန်မြန်ရတော့ ကောင်းတာပေ့ါ ကိုကို့အလုပ်တွေကို မိုးလေး ကူလုပ်ပေးနိုင်ပြီလေ"

သမီးလေးကို အချစ်ပိုရတာ ဒီလိုသိတတ်မှုလေးတွေကြောင့် ပဲဖြစ်သည်။ သူမ ကားအက်ဆီးဒင့်ဖြစ်ကာ အခုလို အခြေအနေရောက် သွားတော့လည်း သမီးလေး တက္ကသိုလ်တက်ခွင့်ကိုစွန့်ကာ စောင့်ရှောက် ပေးခဲ့သည်။

အခုလည်း သားအလုပ်တွေကို ကူညီပေးဖို့ တက်ကြွနေသည်

"ကိုကိုခမြာ အလုပ်တွေ မနိုင်မနင်းနဲ့ ပင်ပန်းနေတာ သမီး မကြည့်ရက်ဘူးမေမေ၊ သမီးကျောင်းပြီးရင်တော့ ကိုကို့ကို ကူနိုင်မှာပါ"

"သမီးလေးက အမြဲတမ်း ဒီမိသားစုအတွက်ပဲ တွေးနေတာ ကိုး"

"ဟင် မေမေကလည်း ဒီမိသားစုက သမီးရဲ့မိသ ..စုပဲဟာ"

"ဟုတ်ပါတယ် မေမေပြောတာက သမီးလေး အနာဂတ်အ တွက်ပါကွယ်"

"သမီး အနာဂတ်"

"ဟုတ်တယ်သမီး မေမေပြောသလိုပဲပေ့ါ သမီးလေးက က လေး မဟုတ်တော့ဘူး အရွယ်ရောက်နေပြီ၊ မေမေထက် လောကကြီး ထဲမှာ အကြာကြီး ဆက်ရှင်သန်နေရဦးမှာလေ တစ်ချိန်မှာ သမီးလေးရဲ့





မိသားစု ဘဝလေးဆိုတာ ရှိလာဦးမှာ"

"ဟင့်အင်း သမီးရဲ့ မိသားစုလေးက မေမေတို့ပါပဲ သမီး မေမေတို့နဲ့ အမြဲအတူနေမှာပါ"

"သမီးရယ် သမီးလေးစိတ်ကို မေမေတို့သိတာပေ့ါကွယ်၊ မေမေ တို့ကို သမီးဘယ်လောက်ချစ်တယ်ဆိုတာ မေမေသိတယ်၊ မေမေလည်း သမီးလေးကို ဘယ်လောက်ချစ်သလဲဆိုတာ သမီးအသိဆုံးပါကွယ်၊ လော ကကြီးထဲမှာ မေမေမရှိတော့တဲ့အချိန်မှာ မေမေ့သမီးလေးအတွက် စိတ်ချ သွားချင်တယ်"

သူမစကားကို သမီးလေးနားလည် သဘောပေါက်မှာ သေချာ သည်။ နှုတ်ဆိတ်ကာ ငေးငေးလေး နားထောင်နေသည်။

ရှင်းသန့်နုမွတ်နေသော မျက်နှာလေးကိုမြင်တော့ ဒေါ်ခင်မြတ် မေ စိတ်ထဲမှာ စိုးရိမ်စိတ်လေးဝင်မိသည်။

"သမီးလေးကို မေမေ မေးချင်တယ်"

ဒေါ်ခင်မြတ်မေ ပြောတော့ မိုးလေးရင်ထဲမှာ ထိတ်ခနဲ ဖြစ် သွားသည်။ မေမေဘာကြောင့် ဒီစကားတွေ ပြောနေတာလဲဟု တွေးရင်း ကိုကို့မျက်နှာကို ဖျပ်ခနဲ မြင်ယောင်မိသည်။

ကိုပန်းတိုင် ကိစ္စကို ကိုကို မေမေ့ကိုများ ပြောလိုက်ပြီလား သိပါ။

"သမီးလေးမှာ ချစ်သူရည်းစားတွေများ ရှိသလားဟင်"

မေမေ့အမေးကို မိုးလေး ခေါင်းလေးခါပြရင်း

"ဟင့်အင်း သမီးမှာ ချစ်သူရည်းစားမရှိပါဘူး မေမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



[illegible]သဲမှာ ချစ်ရတဲ့သူက မေမေရယ် ကိုကိုရယ်၊ ကြီးကြီးရယ်ဆိုတဲ့ [illegible]လေးပဲရှိတာပါ''

မိုးလေး အဖြေစကားကြောင့် ဒေါ်ခင်မြတ်မေ ကျေကျေနပ်နပ်[illegible] ကလေးပြုံးသည်။ သမီးလေး လိမ္မာတာသိသည်။ မိသားစုအပေါ် ခ[illegible] တွယ် သံယောဇဉ်ကြီးတာလည်း သိသည်။

သူမအနားမှာပဲ အချိန်ပြည့်နီးပါး ပြုစုပေးကာ ကျောင်းအ[illegible] တွက် ကျူရှင်သွားတတ်တာကလွဲ၍ အိမ်ထဲက အိမ်ပြင်မထွက်သလော[illegible] ရှိသည်။

ဒါပေမဲ့လည်း ဒီလောက်ချောမောချစ်စရာကောင်းသော သမီး[illegible] လေးကို မြင်တွေ့ကာ ချစ်ရေးမဆိုသော ယောကျ်ားလေးတော့မရှိ[illegible] မဟုတ်ပါ။

''သမီးလေးစကားကို မေမေယုံပါတယ်၊ ဒါပေမဲ့ မေမေ့သမီး[illegible] လေးကို ချဉ်းကပ်ကြိုးစားလာတဲ့ ယောကျ်ားလေးတွေတော့ ရှိမှာ[illegible] ဟုတ်တယ်မဟုတ်လား သမီး''

မိုးလေး မျက်မှောင်လေး ကုပ်သွားမိသည်။ မေမေ့စ[illegible]းတွေ[illegible] မိုးလေးနှင့်ပတ်သက်ပြီး တစ်ခုခုသိနေတာလား မသိပါ။

''မေမေ ဆိုလိုတာက မေမေ့သမီးက ချောမောတော့ နှစ်သ[illegible] တဲ့ ယောကျ်ားလေးတွေ အများကြီးရှိမှာပါ''

''အဲဒါကို သမီးဝန်ခံပါတယ် မေမေ၊ ဒါပေမဲ့ အားလုံး[illegible] သမီး ငြင်းပယ်ခဲ့ပါတယ် မေမေ''

''အင်း မေမေ့ သမီးလေးက တကယ်လိမ္မာတာပဲ''





''အခုချိန်ထိ သမီးရည်းစားမထားခဲ့ပါဘူး၊ သမီးကို ချဉ်းကပ် [illegible]သူမှန်သမျှကိုလည်း ငြင်းခဲ့တာပါ၊ ဒါပေမဲ့ ကိုကိုရဲ့သူငယ်ချင်း ကိုပန်း [illegible]ိုင်ကိုတော့ သမီး စဉ်းစားဦးမယ်လို့ ပြောထားခဲ့ပါတယ် မေမေ''

''ဘယ်လိုသမီး မောင်ပန်းတိုင်''

မေမေ့မျက်နှာက အံ့သြသွားဟန်နှင့် မိုးလေးကို စိုက်ကြည့်နေ [illegible]သည်။ ဒါ မေမေ မသိသေးသည့် သဘောပဲဖြစ်လိမ့်မည်။

ကိုကို မေမေ့ကို ပြောပြထားသည်ဟု မိုးလေး ထင်ခဲ့တာ [illegible]သွား၏။ ဒီအခြေနေမှ မထူးတော့ပြီမို့ မိုးလေး မေမေ့ကို အသိပေးဖို့ [illegible]ဖြတ်လိုက်၏။

''ဟုတ်တယ် မေမေ၊ ကိုပန်းတိုင်က သမီးကို ချစ်ရေးဆို [illegible]က်ထပ်ခွင့် တောင်းပါတယ်၊ ဒါကို ကိုကိုလည်းသိပါတယ်''

''သားပါသိတယ်ပေါ့''

''ဟုတ်ကဲ့မေမေ ကိုပန်းတိုင်က ကိုကို့ဆီက ခွင့်တောင်းပြီး [illegible]မီးကို ဖွင့်ပြောတာပါ''

မေမေ အံ့သြသော မျက်ဝန်းတွေနှင့် မိုးလေးစကားကို ခေါင်း [illegible]ညိတ်ညိတ် နားထောင်နေခဲ့၏။

''သမီး ပညာရေးဆုံးခန်းတိုင်အောင် သင်ပြီးမှ ကိုပန်းတိုင် [illegible]ဖြေပေးပါ့မယ်လို့ ပြောခဲ့တာပါ မေမေ''

''အင်းလေ မောင်ပန်းတိုင်လေးက မဆိုးပါဘူး''

မေမေ့နှုတ်က ဒီလိုစကားမျိုးပဲ ကြားရမည်ဆိုတာ မိုးလေး [illegible]ကြိုတင် မျှော်လင့်ထားပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကလည်း မောင်ပန်းတိုင်နဲ့မှ သမီးကို ကြည်ဖြူတာ
မှာပေါ့ သမီးလေးကကော"

"သမီး အိမ်ထောင်ရေးကိစ္စတွေ မစဉ်းစားချင်သေးဘူး မေမေ
သမီးရင်ထဲမှာရှိတာ မေမေပါ၊ မေမေ့အနားမှာ သမီးအမြဲပြုစုပေးချင်
တယ်၊ ပြီးတော့ ဒီမိသားစုအရိပ်မှာပဲ သမီး တစ်သက်လုံး နေချင်တာပါ"

"သမီးရယ် မေမေတို့ကို သမီးခင်တွယ်တယ်ဆိုတာ မေမေ
သိပါတယ်၊ ဒါပေမဲ့ သမီးဘဝအတွက်လည်း စဉ်းစားရမယ်လေ၊ မေမေ
မရှိတဲ့အခါ မေမေ့သမီးလေး အနာဂတ်ကို မေမေစိတ်ချချင်တယ်၊ ဘာ
ဖြစ်ဖြစ် မောင်ပန်းတိုင်ကတော့ သမီးအနာဂတ်အတွက် ရွေးချယ်သင့်
တဲ့ ယောကျ်ားတစ်ယောက်ပါကွယ်"

မေမေ့ဆီကလည်း ကိုကို့လိုပဲ ကြည်ဖြူကျေနပ်သည့် စကား
တွေပဲ ကြားရပြန်တော့ မိုးလေးမျက်ရည်တွေတောင် ဝဲချင်လာမိ
"မေမေ သမီးအခုချိန်မှာ ဒီအကြောင်းတွေ မစဉ်းစားပါရစေ
နဲ့နော် သမီး မေမေတို့နဲ့ပဲ နေချင်သေးတယ်"

မိုးလေး မျက်နှာငယ်လေးနှင့် တောင်းပန်တော့ မေမေ မိုးလေး
ဆံနွယ်လေးတွေကို သပ်တင်ပေးရင်း ပြုံးပြုံးလေး ခေါင်းညိတ်သည်

"အင်းပါ သမီးလေးရယ်၊ မေမေကလည်း မေမေ့သမီးလေး
ကို မခွဲနိုင်သေးပါဘူးကွယ်"

မေမေရဲ့ ချစ်ခြင်းတွေကပဲ မိုးလေးအပေါ်မှာ ညီမျှစွာ တင်း
ထားတတ်ခဲ့တာ ဖြစ်သည်။

ကိုကိုကတော့ မိုးလေးအပေါ်မှာ နားလည်မှုတွေ ဘယ်တုန်း



မရှိခဲ့။ မိုးလေးကို တစ်ပါးသူတစ်ယောက် ရင်ခွင်ထဲ ပို့ဆောင်ပေးဖို့ပဲ
ကြိုးစားနေ တိုက်တွန်းနေခဲ့တာပါ။

ကိုကိုရဲ့ အချစ်တွေကို ပိုင်ဆိုင်ခွင့် မရချင်နေပါ ကိုကို့အနားမှာ
နေထိုင်ခွင့်လေးတော့ပေးပါ ကိုကိုရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ညီုလေး"

"ရှင် ကိုပန်းတိုင်"

မိုးလေး မျက်နှာကိုပဲ ငေးစိုက်ကြည့်နေခဲ့သည့် ကိုပန်းတိုင် မျက်ဝန်းတွေနှင့်ဆုံတော့ ရင်ခုန်လှုပ်ခတ်မှုတို့ မရှိခဲ့တာအမှန်။

တကယ်ဆိုလျှင် ပန်းတိုင်ဆိုသော ယောကျ်ားတစ်ယောက်သည် ချောမောသော ယောကျ်ားတစ်ယောက်ပဲ ဖြစ်သည်။ ဘေးခွဲဆံပင်တို သေသေသပ်သပ်နှင့် တည်ကြည်ခန့်ညားသော ရုပ်သွင်တ ယောကျ် ပီသသည်။

မျက်ခုံး၊ မျက်ဝန်း၊ နှာတံ၊ နှုတ်ခမ်း ဘာမှအပြစ်ဆို မရှိအောင် ချောမောပါသည်။

ရုပ်ရည်အဆင့်အတန်း အရာရာပြည့်စုံပေမယ့်လည်း မိုး ရင်ခုန်ခြင်း အလျဉ်းမရှိတာ အချစ်ဆိုတာကြောင့်ပဲ ဖြစ်လိမ့်မည်



"ညီုလေး ကိုယ် ဖေဖေရဲ့လုပ်ငန်းတွေကို ဦးစီးလုပ်ကိုနေပြီ"

ကိုပန်းတိုင် စကားကို မိုးလေး အလိုက်အထိုက် ခေါင်းညိတ် သည်။ ပန်းတိုင်မျက်ဝန်းတွေထဲမှာ တက်ကြွမှုရောင်စဉ်တွေက ဖြာလဲ့ ခဲ့တာအမှန်။

"လက်ရှိဖေဖေ့ရဲ့သွင်းကုန်ထုတ်ကုန်ကုမ္ပဏီနဲ့ အရောင်းကုန် က်လုပ်ငန်းတွေကို ကိုယ်တာဝန်ယူ ဦးစီးနေတယ်၊ အားလပ်ရက်ဆိုလို န်းဒေးတစ်ရက်ပဲရတယ်၊ ဒါတောင် အရောင်းကုန်တိုက်က ပိတ်ရက် ဘော့ လိုအပ်ရင် ဆန်းဒေးတစ်ရက်လည်း သွားရသေးတယ်"

ပန်းတိုင် ရှင်းလင်းပြောပြနေသမျှ ရွှေမိုးညို ခေါင်းလေးညိတ် ထောင်နေသည်။ နီးနီးကပ်ကပ် မြင်နေရသော မျက်နှာလေးကိုကြည့် ပန်းတိုင် ရင်ထဲမှာ လှိုင်းခတ်နေသည်။

ညီုလေးကို မြတ်နိုးစိတ်နှင့် သိပ်ကိုပိုင်ဆိုင်ချင်သည်။ ဒါကြောင့် ည်း သူ့ဘက်က ယောကျ်ားတစ်ယောက်ရဲ့အရည်အချင်းတွေ ပြည့်ဝ အောင် ကြိုးစားနေတာပဲဖြစ်သည်။

ဖေဖေ့ရဲ့လုပ်ငန်းတွေကို သူ တာဝန်ယူနိုင်အောင် ကြိုးစားနိုင် ညီုလေးနှင့်လက်ထပ်ချိန်မှာ သူ့မှာလည်း အလုပ်အကိုင်နှင့် တည်တကျဖြစ်နေပြီ။

ဒါတွေကို ညီုလေး သိစေချင်တာမို့ သူ ညီုလေးရှိရာကို ာက်လာကာ ပြောပြနေမိခြင်းပါ။

"ညီုလေး ကိုယ် ကြိုးစားနေတာတွေက ကိုယ်နဲ့ညီုလေး အနာ အတွက်ပါ၊ ဖေဖေတို့ကိုလည်း ကိုယ် အရိပ်အမြွက်သဘော ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြထားတယ်''

သူ့စကားကြောင့် ညိုလေး မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ အထိတ်တလန့်လေး မော့ကြည့်ရင်း

''ရှင် ကိုပန်းတိုင် ဘာတွေပြောလိုက်တာလဲဟင်''

''ဩော် ကိုယ် မြန်မြန်ဆန်ဆန်ကြီး အလုပ်တာဝန်တွေ လွှဲယူ ကြိုးစားနေတော့ ဖေဖေနဲ့မေမေ ရိပ်မိတာပေါ့။ သားမှာချစ်သူရည်းစား ရှိနေပြီလားတဲ့ ကိုယ်ချစ်နေတဲ့မိန်းကလေးရှိနေတယ်လို့ ဝန်ခံလိုက်တယ် ညိုလေး''

''ဟို ဟို မိုးလေးမှာ ပညာရေးနဲ့မေမေ့ကို စောင့်ရှောက်ပေးနေ ရတဲ့ကိစ္စတွေ ရှိနေတာ ကိုပန်းတိုင် သိပါတယ်၊ ဒါကြောင့်လည်း အချိန် ကာလတစ်ခုအထိ စောင့်ပေးဖို့ မိုးလေး တောင်းပန်ပြီးပြီနော်''

''ကိုယ်နားလည်သဘောပေါက်ပါတယ် ညိုလေးရယ်၊ ဒါကြောင့် လည်း ကိုယ် ချစ်နေသူရှိတယ်ပဲ ဖေဖေတို့ကို ပြောလိုက်တာပါ။ ဘယ်သူ ဘယ်ဝါလို့ မပြောသေးပါဘူး။ ကိုယ်ပြောတဲ့အခါလည်း ဖေဖေနဲ့မေမေ လက်ခံကြည်ဖြူမှာပါ''

သူ ရှင်းပြတော့ မိုးလေး ခေါင်းလေးညိတ်ကာ အကြည့်လေး လွှဲသွားခဲ့သည်။

''ညိုလေး''

''ရှင်''

''ညိုလေးကို ကိုယ်တစ်ခုတောင်းဆိုပါရစေ၊ ညိုလေးလည်း နောက်ဆုံးနှစ်စာမေးပွဲ ပြီးတော့မှာပါ၊ စာမေးပွဲပြီးရင်တော့ ညိုလေး





...ယ့်ကိုအဖြေပေးပါ''

ပန်းတိုင် တောင်းဆိုလာတော့ မိုးလေး ပင့်သက်လေးရှိုက်ကာ ...မောရပြုံးသည်။

တကယ်ဆို ကိုပန်းတိုင်က မိုးလေး တောင်းဆိုသမျှကို နာခံ ...က်လျှောပေးခဲ့သည်။ မိုးလေးကို ဘယ်လောက်တန်ဖိုးထားချစ်သည် ...ာကိုလည်း သက်သေတွေပြခဲ့သည်။

ဒါကိုမှ မိုးလေးဘက်က အကြောင်းပြချက်တွေနှင့် အခါခါ ...နေတာ မဟုတ်သေး။ ပြီးတော့ ကိုကိုနှင့်မေမေတောင် သိနေပြီးသည့် ...ခြေအနေမှာ မိုးလေး ခါးသီးစွာ ငြင်းလို့မသင့်တာ နားလည်၏။

''ညိုလေး ကိုယ့်အချစ်ကို ညိုလေး သံသယဝင်နေတာလားဟင်''

''မဟုတ်ပါဘူး ကိုပန်းတိုင်၊ မိုးလေး ဒီသဘောမဟုတ်ပါဘူး ...လေ မိုးလေးဘဝမှာ မေမေတို့ ကိုကိုတို့ကျေးဇူးတွေ အများကြီးရှိပါ ...ယ်၊ မိုးလေး အဲဒီကျေးဇူးတွေကို ဆပ်ခွင့်ရချင်သေးတယ်၊ မိုးလေးကို ...ပန်းတိုင် နားလည်ပါနော်''

ပန်းတိုင် ပင့်သက်ရှိုက်မိသည်။ ရွှေမိုးညို ဆိုသော ညိုလေးရဲ့ ...ကို သူ ကောင်းကောင်းသိထားသည်။ ဟိုးအရင်ကတည်းက ဗိမာန် ...ိမ်ရောက်တိုင်း သတိထားမိသည့်မိန်းကလေး။

အဲဒီတုန်းကတော့ တကယ့် ကလေးလေးအရွယ်ပါပဲ။ ဗိမာန်မှာ ...ရာကောင်းသော ညီမလေးရှိတာမို့ သူတောင် အားကျခဲ့ဖူးသည်။

အခုတော့ ရွှေမိုးညိုလေးက မြင်သူငေးလောက်အောင် လှသော ...ကလေးဖြစ်နေသည်။ မိသားစုကိုလည်း ခင်တွယ်လွန်းသည်။ အန်...



www.burmeseclassic.com

www.burmeseclassic.com



မေကိုလည်း မိခင်ရင်းချာလို ချစ်သည်။

အန်တီမေ့ဘဝ မစွမ်းမသန်ဖြစ်သွားကတည်းက တက္ကသိုလ်မတက်တော့ဘဲ အဝေးသင်တက်ကာ အနီးကပ်စောင့်ရှောက်ပေးသည်။

ဖြူစင်ကြင်နာတတ်သော စိတ်ဓာတ်လေးကြောင့်ပဲ ညီလေးကိုသူ ပိုလို့ချစ်သွားမိတာဖြစ်သည်။

အခုလည်းကြည့် သူမလေးရဲ့စိတ်တွေက ဒီမိသားစုအပေါ်မှာကြီးမားစွာ ခင်တွယ်လွှမ်းနေသည်။

"ညီလေးကို ကိုယ် နားလည်ပါတယ်၊ ညီလေးရဲ့အဲဒီလို ဖြူစင်ကြင်နာတတ်တဲ့ စိတ်လေးကိုပဲ ကိုယ်တန်ဖိုးထား မြတ်နိုးတာပါ၊ ဒါပေမဲ့ကိုယ်တောင်းဆိုတာ ညီလေး ကျောင်းပြီးရင် ကိုယ့်ကိုအဖြေတစ်ခုတော့ပေးပါ၊ ပြီးမှ ညီလေးကို တင့်တောင်းတင့်တယ် လက်ထပ်ဖို့ကို ညီလေးခွင့်ပြုတဲ့အချိန်ကျမှ စီစဉ်မှာပါ"

အရာရာ မိုးလေး စိတ်တိုင်းကျ လိုက်လျောပေးနေသော ကိုပန်းတိုင်ကိုတော့ မိုးလေး အားနာလာမိတာအမှန်။

"ဟုတ်ကဲ့ပါ ကိုပန်းတိုင်၊ ကျောင်းပြီးတာနဲ့ မိုးလေး အဖြေတစ်ခုပေးပါ့မယ်"

"ဟာ ဝမ်းသာလိုက်တာ ညီလေးရယ်"

ကိုပန်းတိုင် မျက်ဝန်းတွေ အရောင်လက် တောက်ပသွားခဲ့တာဝမ်းသာအားရ ဆိုသည်။ မိုးလေး ရင်ထဲမှာတော့ လေးပင်နိုးချိသွားရသည်။

တကယ်ဆိုလျှင် မိုးလေးအတွက် ရွေးချယ်စဉ်းစားခွင့်ဆို



...တာအမှန်။ မိုးလေး ငြင်းပယ်မိလျှင်တောင် ကိုကိုနှင့်မေမေတို့ အမျက်...တာကို ခံရမှာသေချာ၏။

အထူးသဖြင့် ကိုကိုပဲ ဖြစ်သည်။ ကိုကိုကိုယ်တိုင်က ဒီကိစ္စမှာ ...ပန်းတိုင်ဘက်က အပြည့်အဝရှိနေတာဖြစ်၏။

"ညီလေး ကိုယ်ပြန်မယ်နော်"

"ဟုတ်ကဲ့ ကိုပန်းတိုင်"

"ကိုယ် အလုပ်အားတဲ့ရက်တော့ လာလည်ခွင့်ပြုပါနော် ညီလေး"

မိုးလေး ခေါင်းညိတ်ပြတော့ ကိုပန်းတိုင် နှုတ်ဆက်အပြုံးလေး ...ပြုံးပြကာ ထွက်သွားခဲ့သည်။

ပန်းတိုင် ကားလေး ခြံထဲက မောင်းထွက်သွားမှ မိုးလေး ...ဘက်ကို ဦးတည်လိုက်သည်။

ဧည့်ခန်းထဲလှမ်းအဝင်မှာပဲ ဆိုဖာထိုင်ခုံမှာထိုင်နေသော ကြီးကြီး...ရင်ဆိုင်တိုး၏။

"ညီလေး ခြံထဲမှာစကားပြောနေတာ မောင်ပန်းတိုင်လား"

"ဟုတ်ကဲ့ ကြီးကြီး"

မိုးလေးကို အကဲခတ်မျက်ဝန်းတွေနှင့် ကြည့်နေသော ကြီးကြီး...ကြည့်တွေကို မိုးလေး သတိထားမိ၏။

"ဘာလာလုပ်တာလဲ ညီလေး၊ ဒီအချိန်ဆို သားအိမ်မှာမရှိတာ...ည်း မောင်ပန်းတိုင် သိမှာပါ"

"ကိုကို့ဆီလာတာ မဟုတ်ပါဘူး ကြီးကြီး၊ မိုးလေးဆီကို သူ

www.burmeseclassic.com



လာတာပါ''

ကြီးကြီး မျက်ခုံးတွေ ပင့်တက်သွားခဲ့ကာ

''ဘာရယ် မောင်ပန်းတိုင်က နင့်ဆီလာတာ၊ ဘာကိစ္စလဲ ငါ သတိထားမိတာ သုံးလေးကြိမ်လောက်ရှိပြီ''

မိုးလေးနှင့်ကိုပန်းတိုင် အကြောင်း ကြီးကြီး မသိသေးတာမို့ အံ့သြသံသယ အကြည့်တွေကို ရင်ဆိုင်နေရတာ ဖြစ်သည်။ ဒီလိုအချိန်မှာ မိုးလေး သိုဝှက်မထားချင်တော့ပါ။

''ကြီးကြီးကို မိုးလေး အသိပေးပြောပြမလို့ပါ''

မိုးလေး ပြောရင်း ကြီးကြီးနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။ ကြီးကြီး အကြည့်တွေက မိုးလေးဆီကမခွာဘဲ မိုးလေး စကားတွေကို နားစွင့်ထားဆဲ။

''ကိုပန်းတိုင်က မိုးလေးကို လက်ထပ်ခွင့်တောင်းဆိုထားတာ ကြီးကြီး''

''ဘယ်လို မောင်ပန်းတိုင်က ညည်းကို ဟုတ်လား မိညို ဟုတ်ရဲ့လားအေ''

ကြီးကြီးမျက်နှာက မယုံကြည်နိုင်သလို အံ့သြအထင်သေး တွေ လွှမ်းခြုံနေခဲ့သည်။ ကိုပန်းတိုင်လိုလူတစ်ယောက်က မိုးလေး ချစ်ခွင့်ပန်သည်ဆိုသောစကားကို ယုံရခက်ခက် ဖြစ်နေပုံရှိ၏။

''ဟုတ်ပါတယ် ကြီးကြီး၊ ဒီကိစ္စကို ကိုကိုကော မေမေ သိပါတယ်''

''ဟင်''



''ကိုပန်းတိုင်က ကိုကို့ဆီကခွင့်တောင်းပြီးမှ မိုးလေးကို တောင်း ဆိုတာပါ''

''သားကော မေလေးပါ သိတယ်ဟုတ်လား၊ ငါ့ကို သား ဘာမှ မပြောပါလား''

မေမေနှင့်ကိုကိုတို့ သိနေကာ ကြီးကြီးကိုယ်တိုင်က မသိရခြင်း အတွက် ကြီးကြီး ကျေနပ်ပုံမရပါ။

''ဟို ကိုကိုက အလုပ်တွေရှုပ်ပြီး ကြီးကြီးနဲ့စကားမစပ်လို့ ထင်ပါတယ်၊ ပြီးတော့ မိုးလေးကလည်း ကိုပန်းတိုင်ကို အဖြေမပေးရ သေးလို့ ဘာမှမပြောသေးတာဖြစ်မှာပါ''

ကိုကို့အပေါ် ကြီးကြီး အထင်လွဲမှာစိုးတာကြောင့် မိုးလေး ကမျာကယာလေး ဖြေရှင်းပြမိ၏။ ကြီးကြီး ခေါင်းတညိတ်ညိတ်နှင့် နား ထောင်နေပြီးမှ

''နေပါဦး နင်ကကော မောင်ပန်းတိုင်လိုကောင်လေးကို ဘာလို့ အဖြေမပေးသေးတာလဲ''

''မိုးလေး ပညာရေးကလည်း မပြီးသေးလို့ပါ၊ ပြီးတော့ မေမေ့ အတွက် မိုးလေး မေမေ့အနားမှာ ရှိနေမှဖြစ်မှာမို့ပါ၊ မိုးလေး အိမ်ထောင် ရေးကို စိတ်မဝင်စားသေးဘူး ကြီးကြီး၊ မေမေတို့ ကြီးကြီးတို့ ကိုကိုတို့ ကျေးဇူးတွေကို မိုးလေး ဆပ်စရာတွေ ရှိနေသေးတယ်''

မိုးလေး ဖြေရှင်းချက်ကို ကြီးကြီး ကျေနပ်ဝမ်းသာစွာ ခေါင်း ညိတ်နေသည်။ မိုးလေးအပေါ်မှာ ကြီးကြီး အရင်လို ခါးသီးစွာ မဆက်ဆံ တော့တာ မေမေ့အပေါ် မိုးလေး ဂရုစိုက်ပြုစုနေချိန်ကတည်းက ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အင်း ညီုလေး ပြောတာတွေ သဘာဝကျပါတယ်၊ ဒါပေမဲ့ မောင်ပန်းတိုင်လိုလူတစ်ယောက်က အချိန်ဆွဲပြီး ငြင်းစရာယောက်ျား တစ်ယောက်မဟုတ်ဘူး။ မိဘတွေကလည်း ပြည့်စုံချမ်းသာတယ်၊ ဂုဏ် အဆင့်အတန်းလည်း မြင့်မားပြီးသား၊ ဘာပဲဖြစ်ဖြစ် ညီုလေးဘဝ တကယ် ကောင်းစားသွားမယ့်အရေးဆိုတော့ ကြီးကြီး သဘောတူတယ်၊ သူ့ဘက်က လိုလားနေတုန်းမှာ အချိန်တွေ ဆွဲမနေနဲ့ ညီုလေး၊ မြန်မြန် ခေါင်းညိတ်လိုက် ဟုတ်လား"

ကြီးကြီး သိတော့မှပဲ အခြေအနေတွေက ပိုလို့ဆိုးတော့သည်။ မိုးလေး ခေါင်းလေးမညိတ်မချင်ညိတ်ချင်နှင့် ညိတ်ပြမိ၏။

မိုးလေးအပေါ် အားလုံးက ကြည်ဖြူနေကြတော့လည်း မိုးလေး အတွက် ငြင်းပိုင်ခွင့်ဆိုတာ ဘယ်မှာရှိမှာတဲ့လဲ။

တစ်ချိန်မှာ အားလုံးအလိုကျ မိုးလေး ခေါင်းညိတ်နာခံမှု ဆိုတာ သေချာနေခဲ့ပြီ။

■ ■ ■



## အခန်း (၂၁)

"ဟင် ကြီးကြီးကို ဘယ်သူပြောတာလဲ"

ထမင်းဝိုင်းမှာ မိုးလေးနှင့်ကိုပန်းတိုင်ကိစ္စကို ကြည်ဖြူကြောင်း ကြီးကြီး ပြောလာတော့ တအံ့တဩနှင့် ကိုကို မေးသည်။

"သား သိပြီးသားမို့လား၊ သားမပြောပေမယ့် ညီုလေးပြော ပြတယ်လေ"

ကိုကို့အကြည့်တွေ မိုးလေးဆီရောက်လာသည်။ မိုးလေးနှုတ် ဆိတ်ရင်း ထမင်းကိုပဲ ငုံ့စားနေလိုက်သည်။

"ကြီးကြီးကတော့ သဘောတူတယ် သား၊ မောင်ပန်းတိုင်လေး က သားရဲ့သူငယ်ချင်းပဲလေ၊ အဆင့်အတန်းကလည်း မြင့်မားတယ်၊ ညီုလေးအတွက် တကယ် ကံကောင်းတယ်၊ မောင်ပန်းတိုင်လိုလူတစ် ယောက်က နှစ်သက်နေတာကို ဘယ်လိုဖြစ်ဖြစ် ခေါင်းညိတ်ရမှာပဲ"



www.burmeseclassic.com

"နေပါဦး ကြီးကြီး ဒီကိစ္စကို မိုးလေဘာသာပဲ ဆုံးဖြတ်ပါစေ"

ကိုကို့စကားကြောင့် မိုးလေး ခေါင်းမော့ကြည့်မိသည်။ မိုးလေးကိုတော့ ကိုကို အမြဲတမ်းဆုံတိုင်း တိုက်တွန်းနေခဲ့ပြီးမှ ကြီးကြီးရှေ့မှောက်ကျမှ ဘာကြောင့် ဒီစကားပြောရတာလဲ။

"ဟဲ့ ဘာများစဉ်းစားနေစရာလိုလဲ၊ ကိုယ့်တစ်ဘဝလုံး ကောင်းစားမယ့်ကိစ္စကြီးကို ညီလေးကလည်း ဘာတွေဝေစရာလိုလဲ၊ ညီလေး ပြောပါဦး မောင်ပန်းတိုင်က ငြင်းပယ်စရာလား"

ကြီးကြီး စကားက မိုးလေးဘက် မြားဦးလှည့်လာပြီမို့ မိုးလေး မနေသာတော့ပါ။

"ကြီးကြီး စေတနာကို မိုးလေး သဘောပေါက်ပါတယ်၊ ပြီးတော့ ကိုကို့စကားကိုလည်း မိုးလေး နားထောင်မှာပါ၊ ကိုပန်းတိုင်ကို မိုးလေး ကျောင်းပြီးတာနဲ့ အဖြေပေးမှာပါ"

"အင်း ကြီးကြီးသဘောကတော့ အချိန်တွေ မဆွဲစေချင်ဘူး ဘာလို့လဲဆိုတော့ မောင်ပန်းတိုင်ဘက်က စိတ်ပျက်သွားတာမျိုး မဖြစ်စေချင်ဘူး"

"ဟာ ကြီးကြီးကလည်း ပန်းတိုင် စိတ်ပျက်သွားမှာစိုးလို့ မိုးလေးက ချက်ချင်းပဲ ခေါင်းညိတ်ရမလိုဖြစ်နေပြီ"

"ဟုတ်တယ်လေ သားရဲ့၊ မောင်ပန်းတိုင်ကို သားလည်း သဘောကျတယ်မဟုတ်လား၊ ညီလေးနဲ့ သဘောတူလို့တောင် သားက ခွင့်ပြုခဲ့တယ်ဆို"

"ပန်းတိုင်က ငြင်းစရာလူမဟုတ်တာ သားလက်ခံပါတယ်၊





…ပေမဲ့ မိုးလေးကိုတော့ ဖွတ်မတိုက်တွန်းပါဘူး၊ မိုးလေးမှာလည်း စဉ်းစား…ဖြတ်ပိုင်ခွင့်ရှိပါတယ်"

"အမလေး သားရယ် ညီလေးကလည်း ကိုယ့်အတွက်ကောင်း…ကိစ္စဆိုတာ နားလည်ပါတယ်၊ မောင်ပန်းတိုင်နဲ့ရသွားရင် ညီလေးအ…တွက် ဘာမှလိုအပ်မှုမရှိဘဲ ပြည့်စုံသွားပြီ ဒါကို ညီလေး ကောင်းကောင်း…စားနိုင်ပါတယ်၊ ဟုတ်လား ညီလေး"

မိုးလေးကိုကြည့်ကာ ကြီးကြီးမေးတော့ မိုးလေး ခေါင်းညိတ်…သည်။ ကိုကိုကတော့ ဘာစကားမှမဆိုတော့ဘဲ နှုတ်ဆိတ်သွားခဲ့၏။

ကြီးကြီး စကားတွေက ငြင်းပယ်မရအောင်မှန်ပေမယ့် မိုးလေး…ဝမှာ လိုချင်တာ ချမ်းသာပြည့်စုံတဲ့ဘဝတစ်ခု မဟုတ်ပါ။ မိုးလေး…သောမိသားစုလေးနှင့်ပဲ မိုးလေး နေချင်သည်။

ဒါပေမဲ့လည်း မိုးလေးဘဝကို မိုးလေးမမေ့ဖို့ ကြီးကြီး စကား…တွေက သတိပေးနေသလိုရှိနေသည်။

ရွှေမိုးညို ဆိုတာ မေမေ့ရဲ့မွေးစားသမီးဟု ကြီးကြီး အမြဲသတ်…ထားသည်ဆိုတာကိုလည်း မိုးလေး သိပါသည်။ မေမေကသာ မိုးလေး…ကို သမီးအရင်းအချာလို သတ်မှတ်ထားတာဖြစ်သည်။

ကြီးကြီးကတော့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ပါ။ အခုလည်း…မေ့အတွက် လိုအပ်တာမို့ မိုးလေးကို လက်ခံထားတာ သိသာ၏။

မေမေသာ မရှိလျှင် မိုးလေးအပေါ် ဆက်ဆံပုံတွေက ချက်ချင်း…ပြောင်းလဲသွားမှာသေချာသည်။

ကြီးကြီးသာ ကြွည်ဖြူလျှင် မိုးလေး ဒီမိသားစုနှင့်ပဲ မေမေ

www.burmeseclassic.com



မရှိတော့လျှင်တောင် သေတပန်သက်တဆုံး နေသွားချင်သည်။

ဒါပေမဲ့ ဘဝဆိုတာ ပျော်ရာမှာမနေရ တော်ရာမှာပဲ နေခွင့်ရှိသည်ဆိုတာကိုလည်း မိုးလေး နားလည်ထားပါသည်။

နေခွင့်ရှိသည့်ကာလလေးအထိတော့ မိုးလေး ဒီအရိပ်လေး ခိုလှုံချင်ပါသေးသည်။ တစ်နေ့မှာတော့ ကိုပန်းတိုင် အရိပ်အောက်မှာ မိုးလေးဘဝ ပျော်တတ်အောင် ကြိုးစားရမည်။

ထမင်းဝိုင်းက ထလာကာ မေမေ့အခန်းကို မိုးလေး ရောက် တော့ မေမေ ဒရင်းဘတ်ပေါ်မှာလှဲရင်း တရားခွေဖွင့်နားထောင်နေ

မေမေ့ကို အနှောင့်အယှက်မဖြစ်စေချင်တာမို့ မိုးလေးအသ ပြန်လှည့်ထွက်ခဲ့စဉ်မှာပဲ

"မိုးလေး"

အခန်းဝမှာ ကိုကိုနှင့်ဆုံသည်။ ကိုကို့ကို မိုးလေး လက်ကာ ကာပြရင်း လေသံတိုးတိုးနှင့်

"မေမေ တရားခွေနားထောင်နေတယ် ကိုကို"

"အင်း ကိုကိုသိတယ်၊ မိုးလေးကို ပြောစရာလေးတွေရှိ ခြံထဲခဏ လမ်းလျှောက်ရအောင်နော်"

ကိုကို့မျက်နှာက မိုးလေးကို တစ်စုံတစ်ရာပြောချင်နေ မိုးလေး အကဲခတ်မိသည်။ ကိုပန်းတိုင်ကိစ္စပဲဖြစ်မည်ထင်သည်။

ဒီအကြောင်းတွေကို မိုးလေး မကြားချင်။ နားမထောင် ပေမယ့်လည်း ကိုကိုခေါ်တာကို မငြင်းနိုင်ဘဲ ခေါင်းလေးညိတ် ကို နောက်လိုက်ခဲ့မိ၏။





ဆည်းဆာအလင်းရောင် မပျောက်သေးသော ခြံထဲမှာ ကိုကိုက ရှေ့ကဦးဆောင် လမ်းလျှောက်သွားတော့ မိုးလေးလည်း လျှောက်လိုက်ခဲ့ရ၏။

စပယ်ပန်းရုံ နံဘေးက ခုံတန်းပြာလေးမှာ ကိုကို ဝင်ထိုင်တော့ မိုးလေးလည်း ဝင်ထိုင်လိုက်ရ၏။

"မိုးလေး"

"ပြောလေ ကိုကို၊ ကိုကို ဘာပြောမလို့လဲ"

"ကြီးကြီးကို ဘာလို့ ပန်းတိုင်ကိစ္စတွေ မိုးလေး ပြောလိုက်ရ တာလဲ"

"နေ့လယ်က ကိုပန်းတိုင်ရောက်လာပြီး ခြံထဲမှာ စကားပြောနေ တာ ကြီးကြီး တွေ့သွားတယ် ကိုကို"

မိုးလေး ပြောသည့်စကားနှင့်ပဲ သူ သဘောပေါက်လိုက်ပါသည်။ ကြီးကြီးမေးလို့ မိုးလေး ဖွင့်ပြောလိုက်ရတာပဲဖြစ်မည်။

"ပြီးတော့ ဒီကိစ္စကို မေမေလည်း သိထားပါတယ်"

"မေမေပါသိတယ်"

"ဟုတ်တယ် ကိုကို၊ မေမေ့ကို မိုးလေး ညာမထားချင်ဘူး"

"မေမေက ဘာပြောလဲ မိုးလေး"

သူ သိချင်စိတ်နှင့်မေးမိသည်။ ဆံနွယ်ရှည်ကြီးတွေကို စည်း ကြိုးအဖြူရောင်လေးနှင့် စည်းနှောင်ထားသော မိုးလေး မျက်နှာလေးက ရှင်းရှင်းထင်းထင်းလေး ပေါ်လွင်နေ၏။

ဘေးတိုက်မြင်နေရသော မျက်နှာလေးကို သူ မမှိတ်မသုန်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေမိ၏။

"မေမေ အံ့သြသွားတယ်၊ ဒါပေမဲ့ ကိုကိုကိုယ်တိုင် သဘောတူတဲ့ကိစ္စဆိုတော့ မေမေ မငြင်းပါဘူး"

"နေဦး မိုးလေး၊ ကိုကို သဘောတူတယ်ဆိုတာ ပန်းတိုင်က ငြင်းလောက်တဲ့သူ မဟုတ်ဘူး ပြောတာနော်"

ဆတ်ခနဲ မော့ကြည့်လာသော မိုးလေး မျက်ဝန်းတွေက သူ့ကို စူးစူးလေး စိုက်ကြည့်နေခဲ့၏။

"ဘာပဲဖြစ်ဖြစ် ကိုကိုကိုယ်တိုင် ကိုပန်းတိုင်ကို ခွင့်ပြုခဲ့တယ် ကြည့်ဖြူခဲ့တယ်လေ"

"ဒါပေမဲ့ မိုးလေးကိုယ်တိုင် ဆုံးဖြတ်ရမယ့်ကိစ္စလေ၊ မိုးလေး ဘဝတစ်ခုလုံးအတွက် ကိစ္စကြီးကို ကိုကိုတို့ ဆုံးဖြတ်ပေးလို့မရဘူး မိုးလေးက အဓိကပဲ"

မိုးလေး နှုတ်ခမ်းလေးတွေ မဲ့ခနဲ ပြုံးသွားတာ ခဏလေး ဖြစ်သည်။ ပြီးမှ ချက်ချင်း ခွန်းတုံ့ပြန်သည်။

"မိုးလေးအတွက် မေမေနဲ့ကြီးကြီးတို့ စကားကို နာခံရမှာ လေးစားရမှာပဲလေ"

"မဟုတ်သေးဘူး မိုးလေး"

"ဘာမဟုတ်တာလဲ ကိုကို"

မျက်ခုံးလေးတွေ တွန့်ကုပ်ကာ မေးနေသည့် မိုးလေးမျက်နှာမှာ အလိုမကျမှုတွေ အထင်းသားပေါ်လွင်နေ၏။ ဟိုတစ်ရက်ကပဲ မိုးလေးရင်ထဲကစကားတွေကို သူ သိခဲ့ကာ သူ ပန်းတိုင်နှင့် သဘောတူသည် ... နောက်ပြောင်ခဲ့သောစကားတွေ ရှိခဲ့၏။



အခုတော့ မိုးလေးနှင့်ပန်းတိုင်ကို သူကပဲ သဘောမတူသလို ... သလိုဖြစ်နေပြန်သည်။

"ကိုကို ဆိုလိုတာက ပန်းတိုင်ကို ရွေးချယ်ရမှာ မိုးလေးပဲ၊ ကြီးကြီးတို့ မေမေတို့ နောက်ဆုံး ကိုကိုတို့တိုက်တွန်းချက်တွေကို ခေါင်း ... ထည့်နဲ့၊ မိုးလေးကိုယ်ပိုင်စိတ်နဲ့ပဲ ဆုံးဖြတ်စေချင်တယ်"

"မိုးလေး ပြောပြီးပြီပဲ ကိုကိုရယ်၊ မိုးလေးဘဝမှာ ဒီမိသားစု ... ဒီလူတွေကပဲ အရေးကြီးတာပါ"

"အရေးကြီးတာ မိုးလေး လေးစားချစ်ခင်တာ မှန်ပေမယ့် ... လေးရဲ့တစ်ဘဝလုံးကိစ္စကိုတော့ မိုးလေးကိုယ်တိုင် ဆုံးဖြတ်ပါ၊ မိုးလေး ... တယ်ချစ်တဲ့သူကိုရွေးပါ"

မျက်နက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် မိုးလေး စိုက်ကြည့်နေတော့ ... အကြည့်လွှဲပစ်မိ၏။ မိုးလေး ရင်ထဲကိုတော့ သူ ခိုးကြောင်ခိုးဝှက် ... ကြည့်ခဲ့ပြီးမှ သူ့ရင်ထဲကို မိုးလေး မြင်သိသွားမှာ ဘာကြောင့် ကြောက် ... သည်မသိပါ။

"မိုးလေး ချစ်တဲ့သူ ဟုတ်လား ကိုကို"

"အင်းလေ မိုးလေးတစ်ဘဝလုံး ပေါင်းသင်းရမယ့်သူက မိုး ... ချစ်တဲ့သူပဲ ဖြစ်သင့်တယ်"

မိုးလေး ရင်ထဲက ပေါက်ကွဲစကားသံတွေကို သူ ကြားရမည် ... စက္ကန့်တွေ အတော်ကြာ လွန်မြောက်သည်အထိ သူ ရင်တလှပ် ... နားစွင့်ထားမိဆဲ။

www.burmeseclassic.com



"မိုးလေး ချစ်တာ မေမေရယ် ကိုကိုရယ် ကြီးကြီးရယ်ဆိုတဲ့ မိသားစုဘဝလေးပဲ ကိုကို"

သူ မိုးလေးမျက်နှာလေးကို မော့ကြည့်မိ၏။ သူ့ကိုစိုက်ကြည့် နေဆဲ မျက်ဝန်းလေးတွေထဲမှာ တောက်ပသော ရောင်စဉ်လေးတွေ ဖြာလဲ့နေသည်။

"မိုးလေး ချစ်တာ ဒီမိသားစုလေးပဲ၊ ဒါကြောင့် ဒီမိသား လေးရဲ့ဆန္ဒကို မိုးလေး လက်ခံရမှာပါ ကိုကို"

အမှန်တရားတစ်ခုကို မိုးလေး သိရှိထားသည်လား။ သူ့ရင် ထဲမှာ မချင့်မရဲစိတ်တွေနှင့် မိုးလေးကို ထွေးပွေ့ပစ်လိုက်ချင်၏။

ဒါပေမဲ့ ဦးနှောက်က ထိန်းချုပ်ထားသော အသိတရား ခွင့်မပြုခဲ့ပါ။ မိုးလေး မျက်ဝန်းတွေကလည်း အမှန်တရားတို့ကို ထိန်း သိမ်းဆည်းသွားခဲ့၏။

"မေမေ အိပ်ချင်ပြီထင်တယ် ကိုကို၊ မိုးလေး ဆေးတိုက်ဦး မယ်"

သူ့ကိုခွင့်တောင်းကာ မိုးလေး ထရပ်တော့

"မိုးလေး ပန်းတိုင်ကို မိုးလေး ဘယ်တော့အဖြေပေးမှာလဲ"

"မိုးလေး စာမေးပွဲပြီးရင် အားလုံးလက်ခံနိုင်တဲ့အဖြေ ပေး အောင် ဆုံးဖြတ်မှာပါ ကိုကို"

မိုးလေး စာမေးပွဲပြီးဖို့ တစ်လကျော်လောက် လိုသေးတာ သူ ပင့်သက်ရှိုက်မိ၏။ ဘာပဲဖြစ်ဖြစ် သူ့အတွက် အချိန်တွေ တစ်လ ကျော်လောက် ကျန်သေးသည်။





"မိုးလေး သွားမယ်နော် ကိုကို"

သူ ခေါင်းညိတ်ပြလိုက်တော့ မိုးလေး အိမ်ဘက်ကို လှမ်း လျှောက်သွားခဲ့သည်။

အပြာနုရောင် ဒူးဖုံးဂါဝန်လေးကို ခါးသိုင်းကြိုးလေး ချည် နှောင်ဝတ်ဆင်ထားသော မိုးလေးနောက်ပိုင်းအလှလေးတွေက သူ့ရင်ကို လှုပ်ခတ်စေသည်။

မိုးလေးရယ် ကိုကိုမင်းကို သိပ်ချစ်နေပါပြီ။ ဒါကို ဝန်ခံရဲအောင် ကိုယ် ကြိုးစားပါ့မယ်။

မိုးလေးကို ဆုံးရှုံးသွားမှာ ကိုကို သိပ်ကြောက်နေတယ်။

ဟန်ဆောင်မှုသိပ်ခြင်းတွေနဲ့ ကိုကိုနဲ့မိုးလေး တစ်သက်လုံး နေချင်ဘူး မိုးလေးရယ်။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၂)

"တကယ်ပါအေ ကြားတုန်းကဖြင့် ငါ ယုံတောင်မယုံနိုင်ဘူး မောင်ပန်းတိုင်လို လူတစ်ယောက်က မိညိုလေးကို လက်ထပ်ခွင့်တောင်းတယ်ဆိုတော့ အံ့ဩစရာပဲ"

မမစိန် စကားတွေက နားထဲကို မပြေမပြစ် ဝင်လာတော့ ဒေါ်ခင်မြတ်မေ မျက်မှောင်ကြီးကွန့်သွားသည်။

မမစိန်စိတ်ထဲမှာ အမြဲတမ်း သမီးလေးကို အထင်သေး နှိမ့်ချတတ်သောစိတ်တွေ ရှိနေတာကိုလည်း သိသည်။ သွေးသားရင်းမဟုတ်ဘူးဆိုသောစိတ်ဖြင့် မမစိန်သည် သမီးလေးကို ပစားမပေးခဲ့။

မွေးစားသမီးပေမယ့် သူမကတော့ သမီးရင်းလိုပဲ သတ်မှတ်ထားခဲ့ကာ သမီးဟုပဲ ခေါ်သည်။ ခင်ပွန်းသည် ကိုရဲလင်း ရှိစဉ်ကလည်း သမီးရင်းလိုပဲ သဘောထားခဲ့တာဖြစ်သည်။

သမီးလေး ရောက်စက သားလေးက မိဘတွေ အချစ်လျော့





လေးပီပီ စိုးရိမ်ကာ မကြည်လင်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ မိုးလေးကို ခင်တွယ်သွားခဲ့တာပဲ ဖြစ်သည်။

သမီးလေးကလည်း မိသားစုကို ခင်တွယ်လွန်းကာ သူမကိုလည်း မိဘရင်းချာလို သဘောထားသည်။

သားကိုလည်း အစ်ကိုတစ်ယောက်လိုချစ်သည်။ နောက်ဆုံးအချိန် ဘယ်လောက်ပဲ နိုင်စား နိုင်စား အဒေါ်ရင်းချာလို ချစ်ကြောက်ရိုသေခဲ့သည်။

ဒီလောက်အထိ ဖြူစင်ရိုးသား ချစ်စရာကောင်းသော သမီးလေးကို မမစိန် ဘာကြောင့်မေတ္တာမထားနိုင်ရတာလဲဆိုတာ မစဉ်းစားတတ်တော့ပါ။

"မောင်ပန်းတိုင်လို ယောက်ျားတစ်ယောက် ကျသွားလောက်အောင် ဖမ်းစားနိုင်တဲ့ မိညိုပညာကလည်း မခေဘူးအေ့"

"မမစိန်ပြောတာတွေက မဟုတ်သေးဘူး။ သမီးလေးက တကယ်ဖြူစင်တဲ့ သမီးလေးပါ။ ရုပ်ရည် စိတ်ဓာတ် ဘာမှအပြစ်ဆိုစရာမရှိအောင်တော်လို့ မောင်ပန်းတိုင်က ရွေးချယ်လိုက်တာပေါ့။ အမှန်ဆို သမီးလေးကို မေက နှမြောမိသေးတယ်"

"အမလေးတော် မောင်ပန်းတိုင်လိုလူက လက်ထပ်ခွင့်တောင်းတာကို မေက နှမြောတယ်ဆိုတော့ ဘာတွေများ နစ်နာနေလို့လဲ"

မမစိန် မကျေမနပ်နှင့် မဲ့ကာရွဲ့ကာ ပြောသည်။ ဒေါ်ခင်မြတ်မေလည်း မိုးလေးနှင့်ပတ်သက်လျှင် နည်းနည်းလေးတောင် အလွန်းအထင်သေးတတ်သူပီပီ

"မေက နှစ်နာတယ်လို့ပြောတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ မိုးလေး
လို သမီးတစ်ယောက်အတွက် နှမြောတာအမှန်ပဲ၊ သမီးလေးက မေ့
တွက် အရာရာအားကိုးရတဲ့ သမီးကောင်း တစ်ယောက်ပဲလေ"

"ဘာပဲဖြစ်ဖြစ် မိညို တကယ် ကံကောင်းပါတယ်အရေး
ဒါကိုတော့ မေ လက်ခံရမယ်"

မမစိန် စကားကို မေ ဘာမှခွန်းတုံ့မပြန်ဖြစ်တော့ပါ။ တကယ်
ဆိုလျှင် သူမရင်ထဲက ရည်မှန်းထားတာကတစ်မျိုး၊ ဖြစ်လာတာ
တစ်မျိုးဖြစ်နေခဲ့သည်။

မေ့ရင်ထဲက ဆန္ဒက သမီးလေးကို ဒီမိသားစုအရိပ်အောက်
ပဲ အစဉ်အမြဲ ရှိစေချင်သည်။ နောက်ဆုံး လောကကြီးထဲမှာ မေမရှိတော့
သည့်အချိန် မမစိန် မရှိတော့သည့်အချိန်တွေထိ သမီးလေးကို ဒီအ
အောက်မှာပဲ ရှိစေချင်သည်။

ထို့အတွက် သားနှင့်သမီးကို နီးစပ်ချင်တာက မေ့ရင်ထဲ
မျှော်မှန်းထားသောဆန္ဒသာဖြစ်၏။

အခုတော့ ထိုဆန္ဒတွေကို မေ ဘယ်တော့မှ ဖော်ဆောင်
တော့မည် မဟုတ်တော့ပါ။

သားကလည်း အလုပ်မှာပဲ ပျော်မွေ့ကာ အိမ်ထောင်ရေးကို
မေ့လျော့ထားပုံရသည်။ ကျောင်းသားဘဝတုန်းက သူငယ်ချင်းမကျ
စားမကျတွေ အများကြီးထားခဲ့ပေမယ့် ဖခင်မရှိတော့သည့်နောက်
မှာတော့ ထိုမိန်းကလေးအားလုံးကို ယတိပြတ်ဖြတ်ခဲ့သည်။

အခုလည်း မိုးလေးကိစ္စကို သားကိုယ်တိုင်က သူငယ်





ောင်ပန်းတိုင်နှင့် သဘောတူနေသည်ဆိုတော့ . . . ။

မေ့ရည်ရွယ်ချက်တွေက မဖော်ထုတ်လိုက်ရဘဲ ပျက်စီးခဲ့ရပြီ
ဆိုတာက သေချာနေပြီ။

ဘယ်လိုပဲဖြစ်ဖြစ် သမီးလေးအတွက် မောင်ပန်းတိုင်ဆိုတာ
ာလည်း ကျေနပ်လက်ခံနိုင်လောက်သူမို့ မေ ကျေနပ်ရတော့မှာပဲဖြစ်
သည်။

သမီးလေးအတွက် မေ စိတ်ချမ်းသာရပေမယ့် သားအတွက်
ာော့ မရေမရာဖြစ်နေဆဲ။

"မေ"

အတွေးတွေက မမစိန့် ခေါ်သံကြောင့် ပျက်စီးသွားခဲ့ရ၏။

"ဘာလဲဟင် မမစိန်"

"ညော် ညီလေးအတွက် စိတ်အေးရပြီဆိုပေမယ့် သားအတွက်
မစိန် ပြောချင်လို့"

မမစိန်ရင်ထဲမှာလည်း သားအတွက် မေ့လိုပဲ အတွေးတွေရှိ
နေခဲ့သည်ထင်ရဲ့။ မိုးလေးအပေါ် ကြင်နာစိတ်လေး ပြည့်ဝစွာမထားနိုင်
ပေမယ့် သားအပေါ်မှာတော့ မမစိန်ရဲ့မေတ္တာတွေက အလွန်ပြည့်ဝနေခဲ့
ာ သေချာသည်။

"သားလေးကိုလည်း သင့်တော်တဲ့မိန်းကလေးနဲ့ နေရာချထား
ေချင်တယ်"

"မမစိန်က ဘယ်သူနဲ့ရည်ရွယ်ထားလို့လဲ"

"ဘယ်သူရမလဲ မေရယ်၊ ငွေတာရီလေးလေ"

www.burmeseclassic.com



"ငွေတာရီ"

"ဟုတ်တယ်လေ ငွေတာရီလေးက သားလေးနဲ့လည်း ရင်းနှီးပတ်သက်ခဲ့ဖူးတာပဲ၊ မိဘတွေချင်းကလည်း ကျွမ်းဝင်ပြီးသား၊ ဘာမှငြင်းစရာမလိုတဲ့ အခြေအနေအဆင့်အတန်းပဲ"

မမစိန့်စကားကို မေ မငြင်းနိုင်ပါ။ ငွေတာရီလေးနှင့် သားရဲ့အခြေအနေမှန်ကိုတော့ မှန်းဆရခက်တာအမှန်။

ငွေတာရီလေးနှင့်သား ပတ်သက်ခဲ့စဉ်က အိမ်ကို မကြာခဏလာတတ်တာမှန်ပေမယ့် နောက်ပိုင်းမှာ အိမ်ကိုရောက်မလာတတ်တာလည်း သတိထားမိသည်။

ငွေတာရီလေး နိုင်ငံရပ်ခြားက ပညာသင်ပြီးနောက်ပိုင်း မေ ထပ်မဆုံတွေ့တော့ပါ။

"နေပါဦး မမစိန်၊ မမစိန်ပြောမှ ငွေတာရီလေးအိမ်ကို အရင်လိုမလာတော့တာ မေ သတိရတော့တယ်"

"အိမ်ကိုမလာပေမယ့် သားဆီသွားချင် သွားမှာပေါ့၊ သူတို့ချင်းက ကျွမ်းဝင်ဖူးပြီးသားပဲ၊ ငွေတာရီလေး မိဘတွေနဲ့လည်း မမစိန် အမြဲတွေ့တယ်၊ ဖုန်းလည်းဆက်နေကြပဲ"

"သားနဲ့ငွေတာရီလေး တွဲနေတုန်းပေါ့"

"ဟုတ်မှာပါ တစ်ခုတော့ရှိတာယ်၊ သားခမြာ အလုပ်တာဝန်တွေပိနေတော့ ဆုံတွေ့ချိန် နည်းချင်နည်းမှာပေါ့၊ ဒါပေမဲ့ သူတို့ချင်းသံယောဇဉ် မပြတ်ကြတာတော့ သေချာတယ်"

မမစိန် ပြောတာကို မေ ခေါင်းလေးညိတ် နားထောင်နေမိသည်။





ကိုယ့်တာဝ ကိုယ့်အခြေအနေက ခြံဝင်းအပြင်ကိုထွက်ခွင့်မရခဲ့တာ ကြာပြီ။

နေ့ရှိသ၍ ဒီခြံကြီးထဲမှာပဲ ဝှီးချဲလ်ပေါ် ဒရင်းဘတ်ပေါ် အိပ်ရာပေါ်တွေမှာပဲ ရှင်သန်ကုန်ဆုံးနေရတာ ဖြစ်သည်။

"မေ သဘောကျတယ်ဆိုရင် သားကို ငွေတာရီလေးနဲ့ လက်ထပ်ပေးချင်တယ်"

မမစိန် တိုင်ပင်လာတော့လည်း မေ ခေါင်းညိတ်လက်ခံမိသည်။ ဘာပဲဖြစ်ဖြစ် သားအရွယ်ကလည်း အိမ်ထောင်ပြုသင့်ပြီ။

"အင်း သားအတွက် မေလည်း စိတ်ချချင်ပါတယ် မမစိန်၊ ငွေတာရီလေးကို သား သဘောကျရင် ငြင်းစရာမရှိပါဘူး"

"မေကပါ ကြည်ဖြူပြီဆိုရင် ဒီကိစ္စကို မမစိန် စီစဉ်လိုက်မယ်၊ သားလည်း လက်ခံမှာပါကွယ်"

မမစိန် ကျေနပ်သွားခဲ့သည်။ မေလည်း စိတ်ချမ်းသာသွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

မေ လောကကြီးထဲမှာ ရှိနေချိန်လေးမှာ သားနှင့်သမီးလေးတို့ဘဝလေးတွေ တည်ငြိမ်စွာနှင့် မိသားစုဘဝကိုယ်စီ ပိုင်ဆိုင်နေတာကိုပဲ မြင်တွေ့သွားချင်သည်။

ကံကြမ္မာက ခွင့်ပေးလျှင်တော့ ဒီသား ဒီသမီးတွေက မွေးဖွားသာမည့် မြေးလေးတွေနှင့် မေ နေထိုင်ချင်ပါသေးသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ငွေတာရီနဲ့သားဖာတ်လမ်းက ပြီးသွားခဲ့တာကြာပြီ ကြီးကြီး"

"ဘာရယ် သား"

ကြီးကြီး အံ့ဩသလို မျက်လုံးကြီးတွေ ပြူးကြည့်သည်။ သူနှင့် ငွေတာရီတို့ အခြေအနေတွေကို ကြီးကြီး မသိသေးတာ သေချာနေသည်။

"ဟုတ်တယ် ကြီးကြီး၊ သူ နိုင်ငံခြားထွက်သွားကတည်းက ကျွန်တော်တို့ အဆက်အသွယ်ကို မရှိတော့တာပါ"

"မဟုတ်တာ သားရယ်၊ ငွေတာရီလေး မြန်မာပြည်ပြန်ရောက် လာတုန်းကပဲ ကြီးကြီးဆီ လာသွားသေးတယ်"

ကြီးကြီးနှင့် ငွေတာရီတို့ အိမ်မှာဆုံကြတာ ဖြစ်မည်။ သူ အိမ်မှာရှိမည်ထင်ကာ ငွေတာရီ လာတုန်းတွေ့ကြတာ ဖြစ်မည်။

"နေပါဦး သား၊ ငွေတာရီလေး ပြန်ရောက်ပြီးကတည်းက သားတို့ မဆုံကြသေးဘူးလား"



"ဆုံဖြစ်တယ် ကြီးကြီး၊ သူ ပန်းတိုင်အိမ်ကို ရောက်လာတုန်း တွေ့ကြတယ်"

ကြီးကြီးမျက်နှာက ကျေနပ်စွာ ပြုံးသွားသည်။ သူနှင့်ငွေတာရီတို့ ဆုံကြသည့် ဇာတ်လမ်းကို မသိသေးတာမို့ဖြစ်မည်။ တကယ်ဆို ထိုနေ့က သူနှင့်ငွေတာရီ ယတိပြတ်ပြတ်ခဲ့သည့်အဖြစ်။

"သားရယ် ငွေတာရီလေးနဲ့သား သံယောဇဉ်ကို ကြီးကြီး သိတာပေါ့၊ သူ့ခမြာ မြန်မာပြည်ရောက်ရောက်ချင်း သားကိုတွေ့ချင်လို့ အိမ်ရောက်လာရှာတာ"

"သူနဲ့သား ဆုံပြီးပြီ ကြီးကြီး၊ ဒါပေမဲ့ အဲဒီနေ့မှာပဲ သူနဲ့သား ဘာမှမဆိုင်တော့ဘူးဆိုတာ ရှင်းပြီးပြီ"

"ဟင် ဘယ်လိုဖြစ်ကြတာလဲ၊ သားတို့ချင်း စကားများထားကြသလားဟင်"

"ကဲ ကြီးကြီး ကြီးကြီးရှင်းအောင် သားပြောပြမယ်၊ ကြီးကြီး နားထောင် ဟုတ်လား"

ကြီးကြီး ခေါင်းညိတ်ကာ သူ့ကိုကြည့်သည်။ သူနှင့်ငွေတာရီ ကြားက ပြဿနာက ငွေတာရီ နိုင်ငံခြားကို ပညာတော်သင်မသွားခင် က စခဲ့တာဖြစ်၏။

ထိုအကြောင်းတွေကို ကြီးကြီး နားလည်အောင် သူ ရှင်းပြလိုက် သည်။

သူ့စကားဆုံးတော့ ကြီးကြီး ခေါင်းတညိတ်ညိတ်နှင့်ပြုံးရင်း "အင်း ကြီးကြီး သဘောပေါက်ပြီ သား၊ သားတို့ချင်း နားလည်

www.burmeseclassic.com

www.burmeseclassic.com



မှ လွဲကြတာပါကွယ်၊ ဒါ ပြဿနာမှမဟုတ်ဘဲ''

''မဟုတ်ဘူး ကြီးကြီး ဒါ တကယ့်ပြဿနာပဲ၊ ငွေတာရီနဲ့ သား ကြားမှာ ဘယ်လိုမှ ညှိနှိုင်းမရတဲ့ကိစ္စပဲ၊ သူ အကြောင်းမဲ့ နိုင်ငံခြားကို ပညာသင်ထွက်သွားကတည်းက သား လက်မခံနိုင်ခဲ့တာပါ''

''ဟင် ငွေတာရီလေးက အကြောင်းမဲ့သွားတာမှ မဟုတ်ဘဲ သားရယ်''

''အကြောင်းမဲ့သက်သက်ပဲ ကြီးကြီး၊ သူ့အတွက် ဘာမှ အကျိုးမရှိတဲ့အလုပ်ပါ၊ နိုင်ငံခြားမှာ ပညာသင်ခဲ့တယ်ဆိုတဲ့ ဂုဏ်တစ်ခုလိုချင်လို့ ငွေကြေးအကုန်ခံ အချိန်အပုပ်ခံပြီး သွားတာသက်သက်ပဲ''

''သားရယ် ငွေတာရီလေးတို့ဘဝက ဘာမှလိုအပ်တာမရှိအောင် ပြည့်စုံပြီးသားပဲကွယ်၊ ဒီတော့ လိုအပ်တဲ့ဂုဏ်အတွက်ပဲ ငွေတာရီလေးက ရှာဖွေတာပေါ့''

''သား လုံးဝလက်မခံနိုင်ဘူး ကြီးကြီး၊ ဂုဏ်တွေငွေတွေက နေရာတိုင်းမှာ အရေးမပါပါဘူး၊ ငွေတာရီတို့အသိုင်းအဝန်းက ဒါတွေကို ကိုးကွယ်တန်ဖိုးထားနေတာ သားနဲ့ ဘယ်လိုမှ သဟဇာတ ဖြစ်မှာမဟုတ်ဘူး''

''သားရယ် ဒီလို ယတိပြတ်ကြီး မပြောနဲ့ကွယ်၊ ကြီးကြီးကော မေမေပါ သားကို ငွေတာရီလေးနဲ့ပဲ သဘောတူတယ်''

''မဖြစ်နိုင်ဘူး ကြီးကြီး၊ ငွေတာရီကို သား သံယောဇဉ်ပြတ်တာ အမှန်ပဲ၊ သူလည်း သားကိုစိတ်နာသွားအောင် ပြောခဲ့ပြီးပြီ၊ တကယ်လည်း သူနဲ့သားက ပေါင်းစပ်လို့ မရပါဘူး''





ကြီးကြီး စိတ်ပျက်သလို ခေါင်းကိုခါရမ်းတော့ သူ ထိုင်ခုံက ထရပ်ရင်း

''ငွေတာရီနဲ့သားကိစ္စကို ကြီးကြီး မေ့လိုက်ပါဗျာ၊ ပြီးတော့ သား အိမ်ထောင်မပြုချင်သေးဘူး၊ သား လုပ်စရာ စာရင်းတွေရှိသေးလို့ ကြီးကြီး''

တမင် စကားဖြတ်ကာ အလင်းဗိမာန် ရှောင်ထွက်သွားမှန်း သူမ သိပါသည်။ ဒါပေမဲ့ ငွေတာရီနှင့်သားကြားက ပြဿနာကိုတော့ ပြေလည်စေချင်သည်။

ငွေတာရီလေးရဲ့မိဘအသိုင်းအဝန်းက ပြီးပြည့်စုံသည်၊ ငွေတာရီလေးကို ချွေးမတော်ချင်တာကြောင့် ချည်းကပ်နေသည့် သားရှင်တွေက ခုနှဲဒေး။ ဒါပေမဲ့ ငွေတာရီလေးနှင့်သားက အဆင်ပြေသည်။ ငွေတာရီလေးရဲ့မိဘတွေကလည်း ကြည်ဖြူသည်။

ဒီလိုအခြေအနေရောက်ကာမှ သား ငြင်းဆန်နေတာ မဟုတ်သေးပါ။

မိညိုလေး ကံကောင်းထောက်မစွာ မောင်ပန်းတိုင်လေးနှင့် ရသွားခဲ့သလို သားကိုလည်း ထိုက်တန်သည့် မိန်းကလေးနှင့်ပေါင်းဖက်စေချင်သည်။

ဒီကိစ္စကိုတော့ သူမကိုယ်တိုင် စီမံမှုဖြစ်မည်။

အရေးကြီးတာက ငွေတာရီလေးရဲ့သံယောဇဉ်တွေ သားအပေါ်မှာ တည်နေတုန်းမှာ မလွဲချော်စေချင်ပါ။

ဂုဏ်၊ အဆင့်အတန်းတူညီသော ပွဲကိုတော့ မပြီးဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ရမည်။ မိဂ္ဂေမိုးညိုထက် သားက သာလွန်တာပဲ မြင်ချင်သည်။

သားအတွက် အတ္တကြီးသည် ဆိုချင်ဆို ဝမ်းနှင့်လွယ်မွေးထား တာမဟုတ်ပေမယ့် အလင်းပိမာန်ဆိုတာ ဒေါ်စိန်စိန်ရဲ့သားတစ်ယောက် ပမာ ရှိခဲ့တာ မဟုတ်လား။

■ ■ ■



## အခန်း (၂၄)

တစ်ချိန်မှာ ဒီလိုအခြေအနေမျိုးကို ရင်ဆိုင်ကြုံတွေ့ရမည်ဟု ...လေး မျှော်လင့်ပြီးသား ဖြစ်သည်။ ဒါပေမဲ့ တကယ်တမ်းကျ ရင်ထဲမှာ ...းလိုက်ရသော ဝေဒနာက ပြင်းထန်၏။

မိုးလေး နှလုံးသားမှာ ကိုကိုဆိုတာ ဟိုးငယ်ငယ်ကတည်းက ...ယာဇဉ်နှောင်ကြိုးတို့ ရစ်တွယ်ခဲ့ရသူ။ ဖြူစင်သော နှလုံးသားလေး ...ချစ်ခြင်းတို့ကို ခံစားတတ်ခဲ့တော့လည်း မိုးလေးနှလုံးသားက ကိုကို့ကိုပဲ ...ောင့်တာမြတ်နိုးခဲ့သည်။

မိုးလေး ရင်ဘတ်ထဲက ချစ်ခြင်းတွေကို ဘယ်တော့မှ ကိုကို ...နိုင်ခွင့်မရှိတော့ဘူးဆိုတာ ကိုပန်းတိုင်ကိစ္စကတည်းက မိုးလေး နား ...ည်လိုက်ပါသည်။

အခုတော့ ကိုကို့နှလုံးသားကို ပိုင်ဆိုင်မည့်သူက ရွှေအိရိတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့်ငွေတာရီကို ကြီးကြီးက စီစဉ်လက်ထပ်ပေးမည် မေမေ့နှုတ်က ပြောပြလာချိန်မှာ မိုးလေး ရင်ခွင်တစ်ခုလုံး လစ်ဟာသွား ခဲ့သည်။

"မမစိန်ကတော့ သဘောတူနေတယ် သမီး"

"မေမေကကောဟင်"

"မေမေလား မေမေ့ဆန္ဒကတော့ သားကိုယ်တိုင်ကပါ ကြည် တယ်ဆိုရင် ငြင်းစရာမရှိပါဘူး"

မိုးလေးနှင့်ကိုပန်းတိုင်ကိစ္စတုန်းကလိုပဲ မေမေကတော့ ပြေ ပယ်ခဲ့ပါ။ မမငွေတာရီကို မိုးလေး မြင်ဖူးပါသည်။

နုနုညက်ညက်လေး ချောမောသလောက် လှပသော မျက် လေးကို ပိုမိုလှပထင်ရှားအောင် ပြင်ဆင်တတ်သူဖြစ်သည်။

ကိုကို တက္ကသိုလ်ကျောင်းသားဘဝကတည်းက အိမ်ကို ထွက်လာလည်ဖူးသော မိန်းကလေးများစွာထဲမှာ မမငွေတာရီကို ကြီး သဘောကျသည်။

ကြီးကြီး သဘောကျလောက်အောင်လည်း မမငွေတာ အဆင့်အတန်းက မြင့်မားထည်ဝါသည်။

မမငွေတာရီ ဖခင်က နာမည်ကြီးဆောက်လုပ်ရေးကုမ္ပဏီ အပြင် အခြားသောစီးပွားရေးလုပ်ငန်းများစွာကို ပိုင်ဆိုင်သည်။

မိခင်ဖြစ်သူက ရတနာစိန်တိုက်ပိုင်ရှင်ဖြစ်ကာ ဘိုးဘွားစဉ်ဆ ချမ်းသာကြွယ်ဝကြသူတွေရဲ့ တစ်ဦးတည်းသောသမီးမို့ ကြီးကြီး သဘော ကျတာမဆန်းပါ။





အပြစ်ဆိုရက်စရာမရှိသော ငွေတာရီကို ကိုကိုကလည်း တခြား ကလေးတွေထက် အလေးပေး ဆက်ဆံတာ ထင်ရှားပါသည်။

ဖေဖေ ဆုံးပါးပြီးသည့်နောက်ပိုင်းမှာ မမငွေတာရီ အိမ်ကိုလာ မတွေ့ရတော့ပါ။

ကိုကိုသည်လည်း ဖေဖေ့ရဲ့အလုပ်တာဝန်တွေနှင့်ပိကာ ကျောင်း ဘဝတုန်းကလို မဟုတ်တော့ဘဲ လုံးဝပြောင်းလဲသွားခဲ့သည်။

အရင်ကလို မိန်းကလေးတွေနှင့် ရှုပ်ရှုပ်ထွေးထွေးမရှိတော့သော ပြောင်းလဲမှုအတွက်တောင် မိုးလေး ကြိတ်ပြီး ဝမ်းသာခဲ့ရဖူးသည်။

"ကိုကို ကိုကိုဆီလာလည်တဲ့တုန်းတွေ ဆက်တတ်တဲ့ မိန်းကလေး ကောဟင်"

"မရှိတော့ဘူး၊ ငါ အားလုံးဖြတ်ပစ်လိုက်ပြီ"

"ဟင် တကယ် ကိုကို ရက်စက်တာပေါ့"

"အဲမယ် ဘာရက်စက်တာလဲ ငါက ဘယ်သူ့ကိုဘာဒုက္ခပေး ခဲ့"

"ကိုကိုကြိုက်လို့ ရည်းစားတွေထားခဲ့ပြီး အကုန်လုံး ဖြတ်ပစ် ဆိုတော့ ဘယ်ကောင်းမလဲ"

"မိုးလေးရယ် နင်ဘာမှမသိပါဘူး၊ ငါ့အိမ်လာ ငါ့ဆီဖုန်းဆက် ငါ့ရည်းစားလို့ နင်ထင်သလား၊ ငါ့နှုတ်က သူတို့ကို ချစ်ပါတယ်လို့ တုန်းကမှ မပြောခဲ့ဖူးဘူး၊ သူတို့ဘာသာ မျှော်လင့်နေကြတာ၊ ဒါ ရက်စက်တာလား ပြော"

"မသိဘူးလေ သူတို့ကတော့ ကိုကို့ကိုချစ်တာ မိုးလေး သိတာ

www.burmeseclassic.com



ပေါ့''

''ဘာချစ်တာလဲ ကောင်မလေးနော်၊ နို့နံ့တောင်မစင်သေးဘဲ
သွား စာကျက်မှာကျက်''

ဆယ်တန်းကျောင်းသူ မိုးလေး ခေါင်းကို ခေါက်မလို့ လက်ရွ
တော့ မိုးလေး ဇက်ကလေးပု မျက်လုံးလေးမှိတ်ထားလိုက်မိ၏။

ဒါပေမဲ့ ကိုကိုက ဘယ်တုန်းကမှ မိုးလေးကို နာကျင်အော
မလုပ်တတ်ပါ။ ကြီးကြီးဆိုလျှင် လက်ရွယ်ပြီးသည်နှင့် ဒေါက်ခနဲ ခေါ
ပြီးဖြစ်နေစမြဲ။

''ဩော် ကိုကို ခဏလေး မေးစရာတစ်ခုကျန်သေးလို့''

''ဘာလဲ ဘာမေးဦးမှာလဲ''

''ဟိုလေ ကိုကို့ဆီအမြဲလာတတ်တဲ့ မမငွေတာရီကောဟ

''မသိဘူး သူ့အကြောင်း ဘာမှမမေးနဲ့ ငွေတာရီ သေသွား

ပြောပြီး ကိုကို ချာခနဲ လှည့်ထွက်သွားတော့ မိုးလေး ပ
အဟောင်းသား ကျန်ရစ်ခဲ့ရသည်။

နောက်မှ မိုးလေးသိရတာ မမငွေတာရီ နိုင်ငံခြားသွားသည်
ကြားရသည်။ ဒါကြောင့် ကိုကိုနှင့်ပြတ်သွားတာထင်သည်။

ဘာပဲဖြစ်ဖြစ် ငွေတာရီ အိမ်ကိုရောက်မလာတော့ခြင်းအတွ
တော့ မိုးလေးရင်ထဲက ကြိတ်ပျော်ခဲ့ရဖူးသည်။

အခုတော့ မမငွေတာရီ မြန်မာပြည်ပြန်ရောက်လာပြီတဲ့။ ကို
နဲ့လက်ထပ်ပေးဖို့အတွက် ကြီးကြီးက သဘောတူသလို မေမေကလ
လက်ခံသည်တဲ့။



ကိုကိုကလည်း ငြင်းဆိုမည်မထင်ပါ။ ငွေတာရီဆိုတာ ကိုကို
ဖူးသော ချစ်သူရည်းစားတွေထဲက တစ်ယောက်ဖြစ်သည်။

ငွေတာရီ ရေခြားမြေခြား ထွက်သွားလို့ ဝေးနေခဲ့ကြတာဖြစ်
ည်၊ ကြီးကြီးပြောသည့်စကားအရတော့ ကိုကိုက ငွေတာရီ နိုင်ငံခြား
က်သွားတာကြောင့် စိတ်ဆိုးနေတာတဲ့။

ဟုတ်မှာပါ။ အဲဒီကတည်းက ကိုကို ဘယ်မိန်းကလေးနှင့်မှ
က်နွယ် မပတ်သက်တော့ဘဲ ပြောင်းလဲသွားတာဖြစ်သည်၊ မမငွေတာ
ည်း ပြန်ရောက်လာပြီဆိုတော့ ကိုကို စိတ်ပြေသွားလောက်မည်ထင်
ည်။

''မိုးလေး''

ခေါ်သံကြောင့် မိုးလေး လှည့်ကြည့်တော့ ခြံထဲဆင်းလာသော
ကို မိုးလေး ထိုင်နေသော ခုံတန်းလေးဆီလျှောက်လာ၏။

နက်ပြာရောင်ချိုးပြတ်စွပ်ကျယ်နှင့် ချည်ချောပုဆိုး အနက်ကွက်
လေးကို ဝတ်ဆင်ထားသော ကိုကို့အသွင်က ရှင်းသန့်ကြည်လင်နေ
ည်၊ အရပ်အမောင်းမြင့်မြင့်မားမားနှင့် ကျစ်လျစ်သော ကိုကိုရဲ့ခန္ဓာ
ယ် အချိုးအဆစ်က ဘာပဲဝတ်ဝတ် ကြည့်ကောင်းသည်။

အလယ်ခွဲဆန်ချင်သော ဆံပင်တွေက ကျောင်းသားဘဝတုန်း
လောက် မရှည်တော့ပေမယ့် တိုတိုညှပ်ထားတာလည်း ကြည့်ကောင်း
ည်။

ကိုကို့မျက်နှာ ရှင်းသန့်သန့်ကို ပိုလို့ပေါ်လွင်စေသည်ဟု မိုးလေး
ပါသည်။ ကိုကိုမသိ မရိပ်မိအောင် မိုးလေး အမြဲတမ်း ခိုးကြည့်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသော ကိုကိုသည် မကြာခင် မမငွေတာရီအတွက်ပဲ ဖြစ်တော့မည်

"မိုးလေး ဘာထိုင်လုပ်နေတာလဲ၊ စာမကျက်ဘူးလား"

အနားရောက်တော့ မေးရင်း ကိုကို့ဆီက မိုးလေး ရင်းနှီးကျွမ်း ဝင်နေသော ကိုယ်သင်းရနံ့လေးကို ရှူရှိုက်မိ၏။

"ကျက်ပါတယ် ကိုကို၊ ညောင်းလို့ ခြံထဲဆင်းလာတာပါ"

ကိုကို နှုတ်ခမ်းတွေ လွန့်ခနဲ ပြုံးရင်း မိုးလေးနံဘေးကနေ လွတ်မှာ ဝင်ထိုင်သည်။

"စာကြည့်စားပွဲမှာ စာထိုင်ကျက်လို့ ညောင်းတဲ့သူက ခြံထဲ ခုံတန်းမှာ ဆင်းထိုင်နေသလားကွ၊ အညောင်းပြေ လမ်းလျှောက်ပြီ စာမေးပွဲက နီးနေပြီနော် မိုးလေး စာကိုပဲ အာရုံစိုက်နော်"

ကျောင်းစာတွေက မိုးလေး နေ့စဉ်အချိန်မှန် ကျက်ခဲ့ဖတ်ခဲ့တာ မို့ မိုးလေးအတွက်တော့ စာမေးပွဲအတွက် အသင့်ပါပဲ။ ဒါပေမဲ့ ဒီ အချိန်မှာလည်း မိုးလေး စာကျက်လို့မရနိုင်တာ ကိုကိုမှမသိဘဲ။

"မိုးလေးက တော်ပါတယ်၊ နေ့တိုင်း စာကျက်တာ ကိုကို သိ တာပဲ အောင်မှာပါ"

"ကိုကိုကော စောစောမအိပ်သေးဘူးလား၊ မနက်ဖြန်စောစော သွားရမယ်ဆို"

"အိပ်မပျော်လို့ ထွက်လာတာ၊ မိုးလေးကိုတွေ့လို့လေ"

ကိုကို့မှာလည်း မိုးလေးလို တွေးစရာတွေ ရှိနေသည်လား ဒါဆိုလျှင်တော့ မမငွေတာရီအကြောင်းပဲ ဖြစ်မည်။

"ကိုကို တွေးနေတာ မမငွေတာရီအကြောင်းလားဟင်"





မထင်မှတ်ဘဲ မိုးလေးနှုတ်က မေးလိုက်မိသောစကားကြောင့် ကို ဖျတ်ခနဲ မော့ကြည့်သည်။ မျက်တောင်တိုစိပ်စိပ်တို့ ဝန်းခသော ဝန်းတွေက မိုးလေးဆီမှာပဲ အတန်ကြာငေးစိုက်ကြည့်နေပြီးမှ

"ငွေတာရီ ကိုယ်က ငွေတာရီအကြောင်း ဘာတွေးရမှာလဲ"

"မေမေနဲ့ ကြီးကြီးပြောနေတာ မိုးလေး ကြားပြီးပါပြီ ကိုကို၊ ကိုနဲ့မမငွေတာရီကို သဘောတူတယ်တဲ့"

"ဘယ်လို မေမေနဲ့ကြီးကြီး ပြောနေကြတယ်"

"ဟုတ်တယ် ကိုကို၊ မမငွေတာရီက အရမ်းချောပါတယ်၊ ကိုကို ည်း လိုက်ဖက်ညီပါတယ်"

မိုးလေးစကားကို ဆုံးအောင်နားမထောင်ဘဲ ကိုကို မျက်မှောင် ကုပ်ကာ ခေါင်းကိုသွက်သွက်ခါသည်။

"မဆိုင်ဘူး ကိုကိုနဲ့ငွေတာရီ ဇာတ်လမ်းက ပြီးဆုံးသွားတာပဲ နှစ်နီးပါးကြာနေပြီ"

"မမငွေတာရီ နိုင်ငံခြားသွားနေလို့လား"

"မဟုတ်ဘူး ဘယ်လိုမှ ကိုကို လက်မခံနိုင်တဲ့အကြောင်းကြောင့် ကြီးကြီးက အသေးအမွှား ပြဿနာလို့ထင်နေတာ၊ မေမေက မှမသိဘူး၊ ပြောရရင် ဒီကိစ္စကြောင့် ငွေတာရီနဲ့ကိုကို ရှင်းလင်းရင်း ားတွေတောင်များကြတယ်"

ကိုကို့စကားတွေကို မိုးလေး ငေးစိုက်နားထောင်နေမိသည်။ ့မျက်နှာက စိတ်ရှုပ်ထွေးနေဟန် အထင်းသား။

"ဒီအကြောင်းတွေ မိုးလေးကို ကိုကို နောက်မှရှင်းပြမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ မိုးလေး အာရုံတွေ မနှောက်စေချင်ဘူး ဟုတ်လား၊ ကြီးကြီး
တို့ ပြောတာတွေ ဘယ်တော့မှဖြစ်လာမှာ မဟုတ်ဘူး''

''ဟင် ကိုကိုဆိုလိုတာက မမငွေတာရီကို ကိုကို လက်မထပ်ဘူးပေါ့ ဟုတ်လားဟင်''

ကိုကို ခေါင်းတစ်ချက်ညိတ်ကာ မိုးလေးကို စိုက်ကြည့်သည်။ ပြီးမှ ပင့်သက်ရှိုက်ရင်း

''ဒါအမှန်ပဲ ကိုကိုလက်ထပ်မယ့်သူက ကိုကို့နှလုံးသား ချစ်တဲ့သူပဲဖြစ်မှာပါ။ ငွေတာရီကို ကိုကို မချစ်ခဲ့တာလည်း အမှန် ကိုကိုချစ်တဲ့သူကိုပဲ ကိုကို လက်ထပ်မယ်''

ကိုကို့မျက်ဝန်းတွေက လေးနက်စွာဆိုနေ၏။ ကိုကို့မှာ ချစ်သူ နောက်တစ်ယောက် ရှိနေသေးသည်လား။ ငွေတာရီ မဟုတ်ဘူးတဲ့ မိုးလေး အံ့သြမိတာအမှန်။

''ကဲ မိုးလေးမှာ စာမေးပွဲက အရေးကြီးပါတယ်၊ သွားတော့နော် စာသွားကျက်တော့၊ မိုးလေး သိချင်တာကို စာမေးပွဲပြီးမှပဲ ကိုကို ပြောပြမယ် ဟုတ်လား''

မိုးလေး သိချင်ပါသည်။ ကိုကို့ရဲ့ချစ်သူ ဘယ်သူလဲဟု မိုးလေး သိချင်သည်။ သေချာသည်က မိုးလေး ဒီညတော့ ဘယ်လိုမှ စာကျက်လို့မရ အိပ်လို့မရတော့မှာ သေချာသည်။

''ကဲ မိုးလေး သွားတော့နော်''

ခေါင်းလေးညိတ်ကာ မိုးလေး ထွက်လာသည်။ နက်မှောင်သော ဆံနွယ်ကြီးတွေက သည်အတိုင်း ဖားလျားချထားတာမို့ တင်ပါးအထိ





မတာတ်ရှည်သည်။

တစ်နေ့တခြား မြတ်နိုးစရာကောင်းလာသော မိုးလေးကို ချစ်မိသည့်စိတ်တွေက သူ့ရင်ထဲမှာ ဖုံးဖိမရတော့ပါ။ ဒါပေမဲ့ မိုးလေး စာမေးပွဲ ဖြေဖို့က ငါးရက်ပဲလိုတော့သည်။

ဒီအချိန်မှာ မိုးလေး စိတ်ကသိကအောက်ဖြစ်စေမည့်စကားတွေနှင့် မိုးလေး ပညာရေးကို အနှောင့်အယှက်မဖြစ်စေလိုပါ။ ပြီးတော့ မိုးလေးကိုလည်း သူ မစွန့်လွှတ်နိုင်တာ သေချာသည်။

မိုးလေးနှင့်ပန်းတိုင်ကို ကြီးကြီးတို့ မေမေတို့ သဘောတူနေတာတွေကြားရတိုင်း သူ့ရင်မှာ ပူပန်မိသည်။ မိုးလေး ရင်ထဲမှာ ရှိနေတာ သူဆိုပေမယ့်လည်း မိုးလေးက ပန်းတိုင်ကိုပဲ ခေါင်းညိတ်မှာသေချာသည်။

စာမေးပွဲပြီးလျှင် မိုးလေးက ပန်းတိုင်ကို အဖြေပေးမည်ဟု ကတိပေးထားတာ သူ သိသည်။

ဒါကြောင့်လည်း သူ့ဘက်က အားလုံးပြင်ဆင်စီမံထားသည်။ စာမေးပွဲနောက်ဆုံးနေ့မှာ မိုးလေးကို သူ ရင်ဖွင့်မည်။

ပန်းတိုင်ထက် သူ့ဘက်က လက်ဦးဖို့လိုသည်။

ငါ အနူးအညွတ်တောင်းပန်ပါတယ် ပန်းတိုင်။ မိုးလေး နှလုံးသားအတွက် ငါ့ချစ်ခြင်းအတွက်. . .။

ငါ့ကိုခွင့်လွှတ်ပေးပါ ပန်းတိုင်။

▪ ▪ ▪



www.burmeseclassic.com

## အခန်း (၂၅)

စာဖြေခန်းထဲက ထွက်လိုက်သည်နှင့် မိုးလေး စိတ်တွေ လန်းဆန်းကြည်လင်သွားခဲ့သည်။ ဒီနေ့ နောက်ဆုံးနေ့ နောက်ဆုံးဘာသာကို ဖြေဆိုပြီးခဲ့ပြီ။

ကျောင်းပညာရေးပြီးဆုံးသွားပြီဆိုတော့ မိုးလေးစိတ်တွေ ပေါ့ပါးလွတ်လပ်သွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

မိုးလေးကို ကိုကို စောင့်နေမည်ဟုလည်း မှာထားတာမို့ မိုးလေး စိတ်တွေ လှုပ်ရှားနေတာ အမှန်။ ကိုကိုရဲ့ကားလေးကို မြင်လိုက်ရချိန်မှာ မိုးလေး မျက်ဝန်းလေးတွေ လက်ဖြာသွားသည်။

ကားတံခါးကိုမှီကာ ရပ်နေသော ကိုကို့ကို အဝေးကတည်းက လှမ်းမြင်ရသည်။

နို့နှစ်ရောင် စပို့ရှပ်လက်တိုကို စတိုင်ပင်နှင့် အနက်ရောင်နှင့် တွဲဖက်ဝတ်ဆင်ထားသော ကိုကို့အသွင်က ရှင်းသန့်နေ၏။ မိုးလေး





ခြေလှမ်းတွေက ကိုကို့ကားလေးဆီကို ဦးတည်လှမ်းခဲ့သည်။

မိုးလေးကိုမြင်တော့ ကိုကို့မျက်နှာက အပြုံးရိပ်တွေ ဖြာလဲ့သွားခဲ့သည်။

မိုးလေးကို ဒီလိုကျောင်းအထိ ကိုကို လာစောင့်ကြိုတာ ဒါ ပထမဦးဆုံးဖြစ်သည်။ ထို့အတွက် မိုးလေး အံ့ဩမိသလို ပျော်လည်းပျော်ရွှင်မိ၏။

"မနက်ဖြန် မိုးလေး စာမေးပွဲပြီးပြီနော်၊ ကိုကိုလာကြိုမယ်၊ မိုးလေး ဘယ်သွားချင်လဲ၊ ကိုကို လိုက်ပို့ပေးမယ်၊ ပြီးရင် မိုးလေးကို ကိုကို ပြောစရာတွေလည်း ရှိတယ်"

မနေ့ကတည်းက ကိုကိုပြောလာတော့ မိုးလေး အရမ်းပျော်သွားသည်။ မိုးလေး စာမေးပွဲပြီးလျှင် ကိုကို ပြောပြမည်ဆိုသော စကားကိုလည်း မမေ့ပါ။

ငွေတာရီကို လက်မထပ်ဘဲ ကိုယ်ချစ်တဲ့သူကိုပဲ လက်ထပ်မည် ဆိုသော ကိုကို့စကားကြောင့်လည်း မိုးလေး ကိုကို့ချစ်သူ ဘယ်သူလဲ ဆိုတာ အရမ်းသိချင်သည်။

"မိုးလေး ဖြေနိုင်တယ်နော်"

"ဖြေနိုင်တယ် ကိုကို၊ ကိုကိုစောင့်နေတာ ကြာပြီလား"

"မကြာပါဘူး၊ နာရီဝက်လောက်ပဲ ရှိသေးတယ်"

"ဟင် နာရီဝက်တောင် ကြိုရောက်နေတယ်"

"အင်း ကျောင်းရဲ့အရိပ်ကို တမင်ခံစားချင်လို့ စောစောထွက်လာတာကွ၊ ကိုကိုတို့ကျောင်းသားဘဝတုန်းက အကြောင်းတွေ ပြန်တွေး

www.burmeseclassic.com



ခံစားနေနိုင်တယ်လေ"

"ဘာလဲ ကိုကို ထားခဲ့တဲ့ရည်းစားတွေကို သတိရနေတာလား"

မိုးလေး ပြောတော့ ကိုကို ဟက်ခနဲရယ်ရင်း ကားတံခါး… ဆွဲဖွင့်လိုက်သည်။

"ရည်းစားတွေဆိုတာ သတိရစရာလား ကဲ ကားပေါ်တက်… မိုးလေး ဗိုက်ဆာနေရောပေါ့"

ကိုကို ဖွင့်ပေးသော ကားတံခါးကပဲ မိုးလေး တက်ထိုင်လို… သည်။ ကိုကိုက ကားတံခါးကို ကိုယ်တိုင်ပြန်ပိတ်ပေးရင်း မောင်းသူနေ… တွင် ဝင်ထိုင်သည်။

ကားလေးကို ကိုကို ညင်သာစွာ မောင်းထွက်လိုက်တော့ မိုး… ကိုကို့မျက်နှာကို ငေးစိုက်ကြည့်နေလိုက်သည်။ ဘေးတိုက်မြင်နေရ… ကိုကို့မျက်နှာလေးက မိုးလေးအတွက် ဘယ်တုန်းကမှ ကြည့်မဝနိုင်… ပုံရိပ်လေးဖြစ်၏။

"ကိုကို မိုးလေးကို ပြောပြမယ်ဆိုတဲ့စကားတွေက ဘာလဲဟင်"

မိုးလေး မေးတော့ ကိုကို ကားမောင်းနေရင်းမှ ဖျပ်ခနဲ … ကြည့်သည်။ ပြီးမှ ကားရှေ့မြင်ကွင်းတွေဆီ အကြည့်တို့ ပြန်ဦးတည်… ခဲ့ကာ

"ကိုကို ပြောပြမှာပေါ့၊ လောလောဆယ်တော့ တစ်ခုခုစား… အောင်လေ"

ဒီအချိန်မှာ မိုးလေး ဗိုက်ဆာတာထက် ကိုကို့စကားတွေ… နားထောင်ချင်တာဖြစ်သည်။ ဒါပေမဲ့ ကိုကို့စကားကို နားခံကာ ငြိမ်…





…း နေလိုက်ပါသည်။

စားသောက်ဆိုင်ကြီးတစ်ခု၏ ကားစတင်းမှာ ကိုကိုကားကို …ရပ်လိုက်သည်။

"ဆင်းလေ မိုးလေး ဒီဆိုင်က အစားအသောက်တွေကောင်း …ယ်၊ မိုးလေး စားစေချင်လို့ ကိုကို ခေါ်လာတာ"

တော်ရုံအပြင်ကို ထွက်လေ့မရှိသော မိုးလေးအတွက်တော့ …ဆိုင်ကြီးတွေမှာလည်း မထိုင်ဖူးပါ။

မေမေ့အနားမှာ အမြဲနေရသည့်အချိန်တွေသာ မိုးလေးဘဝမှာ …များဆုံးဖြစ်ခဲ့သည်။

ဆိုင်ထဲရောက်တော့ ကိုကိုကပဲ စိတ်တိုင်းကျ ဟင်းတွေကို …သည်။ စားပွဲပိုင်းအပြည့်ရှိနေသော ဟင်းလျာတွေက အများကြီးရောက် …သည်။

"နှစ်ယောက်တည်း စားမှာကို၊ အများကြီး ကိုကိုရယ်"

"မိုးလေး စားစေချင်လို့လေ စားပါကွာ"

မိုးလေး ပန်းကန်ထဲကို ကိုကိုကိုယ်တိုင် ဟင်းတွေခပ်ထည့်ပေး …သည်။ မိုးလေး မပိုင်ဆိုင်ဖူးသော ယုယကြင်နာခြင်းတွေကို ကိုကို့ဆီမှ …ဆိုင်နေရတာ အိပ်မက်ဆန်လွန်းသည်။

ကိုကိုနှင့် ဒီလိုသွားလာနေထိုင်ခွင့်ရတာမျိုးကို မိုးလေး တစ် …တစ်ခါမှ မပိုင်ဆိုင်ဖူးခဲ့ပါ။

မေမေ့ကို ပြုစုရင်း မိုးလေး အချိန်ကုန်နေသလို ကိုကိုကလည်း …ဟုပ်တာဝန်တွေနှင့် အမြဲရှုပ်ထွေးနေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကိုကို ဒီနေ့မှ မိုးလေးအတွက် ဘာကြောင့် ယုယ ကြင်နာမှုတွေ ပေးနေရတာလဲ။

"တော်ပြီလေ ကိုကိုရဲ့၊ မိုးလေး ပန်းကန်ထဲမှာ ဟင်းတွေ အများကြီးဖြစ်နေပြီ"

"မိုးလေးကြိုက်တဲ့ဟင်းတွေ ကိုကို ရွေးထည့်ပေးတာလေ စား နော် မိုးလေး"

ကိုကို့အပြုအမူတွေသာမက ကိုကို့ရဲ့စကားသံတွေလည်း ချိုမြ နေသည်။ ကိုကို့မျက်ဝန်းတွေထဲမှာလည်း အပျော်ရိပ်တွေကို မိုးလေး မြင်တွေ့နေရသည်ဟု ခံစားရသည်။

ဒီလိုဘဝလေး ဒီလိုအခြေအနေမျိုးကို မိုးလေး အမြဲတမ်းပိုင် ဆိုင်ခွင့်ရလျှင် ဘယ်လောက်ကောင်းမည်လဲ။

ဒါပေမဲ့ ဒီလိုအခြေအနေဆိုတာ မိုးလေး ဘယ်တော့မှ မက်ခွင့် မရှိတဲ့ အိပ်မက်ဆိုတာကိုလည်း မိုးလေး နားလည်နေပါပြီ။

မိုးလေး စာမေးပွဲပြီးပြီဆိုတော့ ကိုပန်းတိုင်ကို အဖြေပေးရတော့ မည်။ ပြီးလျှင် အားလုံးရဲ့ဆန္ဒအတိုင်း ကိုပန်းတိုင်ကို မိုးလေး လက်ထပ် ရတော့မည်။

ကိုကိုသည်လည်း ငွေတာရီမဟုတ်လျှင်တောင် ကိုကိုချစ်တဲ့သူ ကို လက်ထပ်တော့မှာဖြစ်၏။

ဒါတွေကို တွေးမိတော့ လက်ငင်းပိုင်ဆိုင်နေသော အပျော်လေး တွေတောင် ပျောက်သွားချင်မိ၏။

ဘာပဲဖြစ်ဖြစ် စိတ်ညစ်စရာတွေကို အခုချိန်မှာ မိုးလေး မေ့





ထားချင်သည်။ မိုးလေး ချစ်သောကိုကိုနှင့်အတူ ဒီလိုအချိန်လေးတွေကို မကုန်ဆုံးစေချင်ပါ။

စားသောက်ပြီးတော့ ကိုကိုက မိုးလေးကို မေးလာ၏။

"မိုးလေး ကိုကို ဘယ်လိုက်ပို့ပေးရမလဲ၊ မိုးလေး ဘယ်သွားချင် သေးလဲဟင်"

"ရတယ် ကိုကို၊ ကိုကို ဘယ်သွားချင်လဲ သွားပါ"

"ဒါဆို အေးအေးဆေးဆေး စကားပြောလို့ရတဲ့နေရာကို သွား ရအောင်နော်"

ကိုကို့အလိုကျ ပုတ်သင်ညိုလေးတစ်ကောင်လို မိုးလေး ခေါင်း ညိတ်ပြလိုက်ပါသည်။ ကိုကို့အနားမှာရှိနေရတာကိုပဲ မိုးလေး ပိုင်ဆိုင်လို သည်။

ကိုကိုက ကားလေးကိုကန်တော်ကြီးစောင်းဘက် ဦးတည်မောင်း နေသည်။

တိတ်ဆိတ်အေးချမ်းသောနေရာလေးဖြစ်သလို မိုးလေး စိတ် တွေလည်း အေးချမ်းစေသည့်နေရာလေးပါပဲ။

ကန်ရေပြင်ကို လှမ်းမြင်နေရသည့် ခုံတန်းလေးမှာ ကိုကို ဝင်ထိုင်တော့ မိုးလေးလည်း ကိုကို့နံဘေးမှာ ဝင်ထိုင်လိုက်၏။

"မိုးလေး"

ကိုကိုခေါ်တော့ မိုးလေး မျက်နှာလေးမော့ငေးစောင်းကြည့် သည်။ ကိုကို့အကြည့်တွေက မိုးလေးကို စူးစူးနစ်နစ် စိုက်ကြည့်နေ၏။

"ကိုကို ဘာပြောမလို့လဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးလေးကို မေးမလို့ပါ၊ မိုးလေး ပန်းတိုင်ကို အဖြေပေးဖို့ စဉ်းစားပြီးပြီလား"

ကိုကို့မေးခွန်းကြောင့် စိတ်ထဲမှာ မေ့နေသော အကြောင်းအရာကြီးကို ပြန်သတိရမိသည်။ ကိုကို ဘာလို့ ဒီကိစ္စကိုမေးနေရတာလဲ။

"မိုးလေးအတွက် ဘာမှစဉ်းစားစရာမလိုပါဘူး ကိုကို၊ အားလုံး စိတ်ချမ်းသာစေရမှာပါ"

"အားလုံး စိတ်ချမ်းသာဖို့ထက် မိုးလေးတစ်ဘဝအတွက်ကိစ္စပါ၊ မိုးလေး ရွေးရမှာ"

ကိုကို ပြောသလို ရွေးချယ်ခွင့်ဆိုတာ မိုးလေးအတွက် မဖြစ်နိုင်မှန်း ဘယ်သူ သိမှာလဲ။ ဘယ်လိုမှ မဖြစ်နိုင်တဲ့အခြေအနေတစ်ခုကို မိုးလေး မတောင့်တအပ်တာလည်း နားလည်ပြီးသား။

"ကိုပန်းတိုင်ကို အားလုံးက လက်ခံကြည်ဖြူပြီးသားလေ၊ မေမေကော ကိုကိုကော ကြီးကြီးပါ လက်ခံသဘောတူတဲ့သူကို မိုးလေး ကြည်ကြည်ဖြူဖြူ လက်ခံမှာပါ"

"မိုးလေး ကိုကိုမေးတာကို အမှန်အတိုင်းဖြေနေ

မိုးလေး မျက်နှာကို စူးစိုက်ကြည့်ကာ ကိုကိုမေးတော့ မိုးလေး ခေါင်းညိတ်ပြမိ၏။

"ပန်းတိုင်ကို မိုးလေး နှလုံးသားက ချစ်နိုင်သလား"

"အဲဒါ ဖြေဖို့မလိုဘူးထင်တယ် ကိုကို၊ သူ့ကို မိုးလေး လက်ထပ်မှာပါ"

"လိုတယ် မိုးလေး၊ ဘဝတစ်ခုကို တစ်သက်တာ တည်ဆောက်





သူအတွက် အချစ်ဆိုတာ လိုအပ်တယ်၊ ကိုကိုလည်း ကိုကို့ဘဝ ွက် ကိုကိုချစ်တဲ့သူကိုပဲ လက်ထပ်မှာလေ၊ ကြီးကြီးက ငွေတာရီနဲ့ ဘောတူပေမယ့် ကိုကိုကလက်မခံဘူး။ အဲဒါ ဘာလို့လဲဆိုတော့ ကိုကို တဲ့သူရှိလို့ပဲ မိုးလေးမှာကော ချစ်ခဲ့သူရှိနေသလား"

ကိုကို မေးနေခဲ့ပြီ။ ဒါပေမဲ့ မိုးလေး ဘယ်လိုမှ ဖြေလို့မရနိုင်တဲ့ ခွန်းဆိုတာ။

"မိုးလေး ဖြေလေ"

ကိုကို ဘာကြောင့်ဖွင့်မေးနေခဲ့တာလဲ။ မိုးလေး ဖြေဆိုခွင့်မရှိ ကိုကိုရယ်။ မိုးလေးချစ်တာ တစ်ယောက်တည်း။ အဲဒီတစ်ယောက်က

"ဟင့်အင်း မရှိဘူး ကိုကို"

"မိုးလေး ညာတာ"

ကိုကို့အကြည့်တွေက မိုးလေး မျက်ဝန်းတွေထဲကိုပဲ စူးစိုက် ည့်ကာပြောသည်။ ကိုကို့အကြည့်တွေကို ရင်မဆိုင်ရဲစွာ မိုးလေး လွှာလေးချ ခေါင်းငုံ့ထားမိ၏။

"မိုးလေး ဝန်မခံရဲပေမယ့် ကိုကို ဝန်ခံမယ်၊ ကိုကို့ရင်ထဲမှာ နေတဲ့သူဆိုတာ ဘယ်သူထင်သလဲ"

"မိုးလေး ဘယ်သိမှာလဲ ကိုကို"

"ဟောဒီ ကိုကို့ရှေ့က မိုးလေးပဲ"

"ရှင်"

မိုးလေး အံ့ဩမျက်ဝန်းလေးတွေနှင့် မယုံနိုင်စွာ မော့ကြည့် ည်။ ကိုကို့မျက်ဝန်းတွေက တောက်ပရောင်စဉ်ဖြာလျက်. . .။

www.burmeseclassic.com



"ဟုတ်တယ် မိုးလေး ဒါကို မိုးလေး သိအောင်ဝန်ခံပြောပြ ချင်လို့ ကိုကို ဒီနေ့ မိုးလေးဆီရောက်ခဲ့တာ"

မိုးလေး ရင်ထဲမှာ ရင်ခုန်သံတွေက ဝရုန်းသုန်းကားနိုင်လွန်း နေသည်။ ကိုကို့နှုတ်က ဒီစကားတွေကြားရမည်ဟု ဘယ်လိုမှမထင်ခဲ့ မမျှော်လင့်ခဲ့ပါ။

မိုးလေး အိပ်မက်မက်နေတာတော့ မဟုတ်နိုင်ပါ။ ကိုကို့စကား သံတွေက မိုးလေးရင်ဘတ်ထဲအထိ တိုးဝင်စီးမျောနေဆဲ။

"ပန်းတိုင်က မိုးလေးကို ချစ်ခွင့်ပန်မယ်ဆိုတော့ ကိုကို့ရင်ထဲ မှာတစ်မျိုးကြီး ခံစားလိုက်ရတယ်၊ ကိုကို တားမြစ်ခွင့်မရှိလို့ ခွင့်ပြု ပေမယ့် မိုးလေးကို ဆုံးရှုံးရမှာ ကိုကို ကြောက်နေခဲ့တာ၊ မေမေနဲ့ကြီးကြီး တို့ကပါ သဘောတူကြည်ဖြူပြီး မိုးလေး ကိုယ်တိုင်ကပါ ပန်းတိုင်ကို ရွေးချယ်မယ်ဆိုတော့ ကိုကို့ရင်ထဲမှာ ဗလောင်ဆူခဲ့တာ အမှန်ပဲ၊ မိုးလေး ကိုကို့ကို ဆုံးရှုံးမခံနိုင်ဘူး"

"ကိုကိုရယ်"

ကိုကို ရင်ထဲမှာ မိုးလေး တကယ်ရှိနေခဲ့သည်လား။ မိုးလေး တကယ် မမြင်မသိခဲ့ပါလား။

"အခု ကိုကို နောက်မကျသေးပါဘူးနော် မိုးလေး"

မိုးလေး ဘယ်လိုဖြေရမလဲ။ မေမေနှင့်ကြီးကြီးတို့ဆန္ဒတွေကို လွန်ဆန်ဖို့လည်း မဝံ့ရဲတာအမှန်။ အထူးသဖြင့် ကြီးကြီးကို မိုးလေး ဘယ်လိုလွန်ဆန်ရမှာလဲ။

"ပြောပါဦး မိုးလေးရယ်"



"မေမေနဲ့ကြီးကြီးတို့ကို မိုးလေး မလွန်ဆန်ရဲဘူး ကိုကို"

"မဆိုင်ပါဘူး မိုးလေးရယ်၊ မိုးလေးရင်ထဲမှာ ကိုကိုရှိနေတာ ကိုကိုသိတယ်"

"ဟင်"

"ကိုကို မိုးလေးရဲ့ဒိုင်ယာရီ စာအုပ်လေးကို တွေ့ပြီးပြီ မိုးလေး"

"ရှင်"

"ကိုကို့လုပ်ရပ်က ခိုးကြောင်ခိုးဝှက်နိုင်လွန်းသလိုဖြစ်သွားရင် တောင်းပန်ပါတယ် မိုးလေးရယ်၊ ကိုကို မရည်ရွယ်ပါဘူး။ ဒါပေမဲ့ မိုးလေး ရင်ထဲကို သိလိုက်ရတာကြောင့်လည်း ကိုကို ဖွင့်ပြောဖို့ သတ္တိရှိလာတာ ပါကွာ"

မိုးလေး မျက်နှာလေး ရက်စိတ်တွေနှင့် နီမြန်းနေမှာသေချာ သည်။ မိုးလေး အခန်းထဲက ဒိုင်ယာရီ မှတ်တမ်းလေးကို ကိုကိုဖတ်ပြီး နေပြီပေါ့။

ရှက်လိုက်တာမှ အမှန်ပါပဲ။ ကိုကို့မျက်နှာကိုတောင် မော့မ ကြည့်ရဲ။ ကိုကိုလက်ဖဝါးလေးက မိုးလေး လက်ဖမိုးလေးပေါ်ကိုအုပ်မိုး ထား၏။

"မိုးလေး ကိုကို့ကို စိတ်ဆိုးသွားလားဟင်"

နှုတ်ကမဖြေနိုင်ပေမယ့် မိုးလေး ခေါင်းကိုခါရမ်းပြမိသည်။

"ကိုကို့ကို မိုးလေး ချစ်တယ်မဟုတ်လားဟင်၊ ဖြေပါဦး မိုးလေး ရယ်"

"မိုးလေး ရင်ထဲက ခံစားချက်တွေကို ကိုကို သိနေပြီပဲ မိုးလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြေဖို့လိုသေးလား ကိုကိုရယ်''

''ဟာ ဝမ်းသာလိုက်တာ မိုးလေးရယ်''

နွေးထွေးသော ကိုကို့ရင်ခွင်ထဲကို မိုးလေး အလိုက်သင့် ရောက်ရှိသွားခဲ့သည်။ ဒီရင်ခွင်ထဲမှာ မိုးလေး ခိုလှုံခွင့်ရမည်ဟု ဘယ်တုန်းကမှ မထင်ခဲ့မိပါ။

လှိုက်ဖိုသော ရင်ခုန်သံတွေကို ကိုကို ကြားမည်လား။

တစ်သက်မှာ တစ်ယောက်ပဲ ချစ်ခဲ့ဖူးပါတယ် ကိုကို။ အဲဒီ တစ်ယောက်ဟာလည်း ကိုကိုပါပဲ။

မိုးလေး မိုက်မိုက်မဲမဲ ရင်ခုန်နေခဲ့တာလား ကိုကိုရယ်။

■ ■ ■

## အခန်း (၂၆)

''ဘယ် ဘယ်လို ညီုလေး၊ ညီုလေး ကိုယ့်ကိုစနောက်နေတာလားဟင်''

ကိုပန်းတိုင်မျက်နှာက မယုံနိုင်သောမျက်ဝန်းတွေနှင့် ချောက်ချားသွန်လှုပ်နေ၏။

''မိုးလေး တောင်းပန်ပါတယ် ကိုပန်းတိုင်၊ မိုးလေး တကယ်ချစ်တဲ့သူကို လက်မထပ်ချင်လို့ပါ''

''ညီုလေးဆိုလိုတာ ညီုလေးမှာ ချစ်သူရှိနေတဲ့သဘောလားဟင်''

ပန်းတိုင် မေးလာတော့ မိုးလေး နှုတ်ဆိတ်နေမိပြန်သည်။ အမှန်ကို မိုးလေး ဖွင့်မပြောရဲပါ။

''ပြောစမ်းပါ ညီုလေး၊ ကိုယ်သိချင်လို့ပါ''

''ဟုတ်ပါတယ် ကိုပန်းတိုင်၊ ညီုလေးချစ်တဲ့သူရှိပါတယ်''

www.burmeseclassic.com



“ကိုယ်မယုံဘူး ညိုလေး၊ ကိုယ်သိနေတဲ့ ရွှေမိုးညိုက မယုံ မညာတတ်ပါဘူး၊ အရမ်းဖြူစင်ရိုးသားတဲ့မိန်းကလေးပါ၊ ညိုလေး ကိုယ်ချစ်ခွင့်ပန်ကတည်းက မင်းမှာချစ်သူမရှိပါဘူးလို့ မင်းပြောခဲ့တာ

ပန်းတိုင် မယုံကြည်နိုင်စွာ ခေါင်းတခါခါနှင့်ပြောနေတော့ မိုး လေး ဘယ်လိုပြောရမှန်းမသိပါ။ မိုးလေးချစ်သူက ကိုကိုပါဟု မိုးလေး ဘယ်လိုပြောထွက်မည်လဲ။

ကိုကိုနှင့်ပန်းတိုင်ဆိုတာ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ် သည်။

“ညိုလေးရယ် မင်းကိုယ့်ကို မျှော်လင့်ချက်တွေပေးခဲ့ပြီး ဘာလို့ ဒီလိုရက်စက်လိုက်တာလဲ”

“မ မဟုတ်ပါဘူး ကိုပန်းတိုင်၊ ညိုလေး ဒီလိုမရည်ရွယ်ပါဘူး ရှင်”

ပန်းတိုင် နှုတ်ခမ်းတစ်ချက်မဲ့ကာ ပြုံးသည်။ ရင်ထဲမှာတကယ် နာကျင်ခံစားရတာလည်း အမှန်ဖြစ်သည်။ ကိုယ့်မှာတော့ ကြီးမားသော မျှော်လင့်ချက်တွေနှင့် ယုံကြည်ခဲ့လိုက်ရတာ။

အခုတော့ ရွှေမိုးညို ရိုက်ချက်က ပြင်းသည်။ နှလုံးသား ဓားပါးပါးနှင့်လှီးဖြတ်သလို ခံစားရ၏။

“ညိုလေး ကိုယ့်ဘဝမှာ ချစ်ခဲ့ဖူးတဲ့ မိန်းကလေးဆိုလို့ တစ် ယောက်ပဲရှိတယ်၊ တစ်ဘဝမှာ တစ်ယောက်တည်းပဲချစ်ခဲ့တာ၊ တန် ထားမြတ်နိုးစိတ်နဲ့မျှော်လင့်ခဲ့တာပါ၊ မင်းရဲ့ဆန္ဒအတိုင်း လိုက်လျော ခေါင်း ညိတ်ခဲ့ရက်နဲ့ ကိုယ့်ကို ညိုလေး ဒီလိုအရူးမလုပ်သင့်ဘူး”





“မ မဟုတ်ပါဘူး ကိုပန်းတိုင်”

“မဟုတ်ဘူးဆိုရင် ညိုလေး ကိုယ့်ကိုအမှန်အတိုင်းပြောပြလေ၊ ညိုလေး နေ့ချင်းညချင်း ချစ်သူရှိတယ်ဆိုတဲ့အကြောင်းပြချက်က ဘယ်လို လက်ခံလို့မရဘူး။ ညိုလေး တကယ်ချစ်သူရှိတယ်ဆိုရင် ဘယ်သူလဲ ကိုယ်သိပါရစေ”

“ဟင့်အင်း ကိုပန်းတိုင်ကို မိုးလေး ပြောပြလို့မဖြစ်လို့ပါရှင်”

မိုးလေး လေသံတိုးတိုးလေးနှင့်တောင်းပန်ရင်း မျက်ရည်လေး တွေ ဝဲလာတော့လည်း သူ သနားမိပြန်၏။

ဖြူစင်သော မျက်နှာလေးကို သူ မြတ်နိုးစွာပဲ ချစ်ခဲ့တာဖြစ် သည်။ ဒါကြောင့်လည်း ဗိမာန်ကိုခွင့်တောင်းပြီး လေးနက်စွာ ချစ်ခွင့် ပန်ခဲ့သည်။

ညိုလေးကလည်း သူ့ကိုလက်ခံမည့်အရိပ်တွေ အသေအချာ ပြပြီးကာမှ ငြင်းဆန်လာတာ ဘယ်လိုမှ လက်မခံနိုင်ပါ။

ဘယ်လိုအကြောင်းအချက်ကြောင့် ညိုလေးစိတ်တွေ ပြောင်းလဲ သွားရတာလဲ။ ညိုလေးမှာ ချစ်သူမရှိတာ သူ သိထားသည်။ အခုမှ ချစ်သူရှိသည်ဆိုတာ မဖြစ်နိုင်။

“မိုးလေး တကယ်တောင်းပန်ပါတယ် ကိုပန်းတိုင်၊ မိုးလေး ထက်သာလွန်တဲ့မိန်းကလေးတွေ ကိုပန်းတိုင်အတွက် အများကြီးရှိပါတယ် မိုးလေးကို မေ့လိုက်ပါရှင်”

စကားအဆုံးမှာ မိုးလေး ဆတ်ခနဲထကာ အိမ်ဘက်ပြေးထွက် သွားခဲ့သည်။ ပန်းတိုင် ပင့်သက်ရှိုက်ရင်း ခေါင်းကိုခါရမ်းမိသည်။ ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ခံစားရသော ဝေဒနာကဆိုးသည်။

ညိုလေးအတွက် အရာရာကို ရည်မှန်းချက်တွေနှင့် သူ့ဘဝ ကြိုးစားလာခဲ့၏။

ညိုလေး ခေါင်းညိတ်သည်နှင့် ဖေဖေ မေမေတို့ကို ခွင့်တော ကာ တခမ်းတနား လက်ထပ်ဖို့ ရည်ရွယ်ထားခဲ့သည်။

အခုတော့ ထိုရည်ရွယ်ချက်တွေအားလုံး ရိုက်ချိုးခံလိုက်ရ ယုံလည်းမယုံနိုင်။ လက်မခံနိုင်တာလည်း အမှန်။

ညိုလေး အခုလို ခါးခါးသီးသီး ဖြစ်သွားတာ ဘာကြောင့် ညိုလေး မပြောပေမယ့် ဗိမာန် သိနိုင်မည်လား။

သူ့ရင်ထဲမှာ ပူလောင်နေတာတော့ အမှန်။

* * *

"ငါ ဘယ်လိုမှ လက်မခံနိုင်ဘူး ဗိမာန်ရာ၊ ညိုလေး ဘာ ကြောင့်ပြောင်းလဲသွားရတာလဲ"

မိုးလေး ငြင်းလိုက်လျှင် ပန်းတိုင် သူ့ဆီရောက်လာမည်ဆို ကို ကြိုတင်မျှော်လင့်ထားပြီးဖြစ်သည်။ အခုလည်း သူ့ရုံးခန်းထဲ ပန်းတိုင် ရောက်လာခြင်းပင်။

"ဗိမာန် ညိုလေး ဘာဖြစ်သွားတာလဲ"

"သူ့မှာချစ်သူရှိနေတယ်လို့ မင်းကိုပြောလိုက်တာပဲ ပန်းတိုင်"

"မဖြစ်နိုင်ဘူး ညိုလေးမှာ ချစ်သူမှမရှိတာ"

"ဒါတော့ မင်းဘယ်သိနိုင်မှာလဲ၊ တစ်ယောက်ရင်ထဲကို ယောက်မြင်တွေ့နိုင်မှ သိနိုင်တဲ့ကိစ္စလေ"





ပန်းတိုင် လက်မခံနိုင်သလို ခေါင်းကိုခါရမ်းရင်း

"မဟုတ်သေးဘူး ညိုလေးဘက်က ငါ့ကိုလက်ခံမှာသေချာနေ နှန်း ငါသိတာပေါ့၊ ပြီးတော့ ငါ့ဘက်ကလည်း တန်ဖိုးထားခဲ့တာ မင်း သိပါတယ် ဗိမာန်ရာ၊ သူ အကြောင်းတစ်ခုခုကြောင့် ငြင်းဆန်လိုက်တာ ထင်တယ်၊ အဲဒီအကြောင်းကို မင်းသိသလား"

ပန်းတိုင် မေးနေတော့ သူ ပင့်သက်ရှိုက်မိပြန်သည်။ အမှန် တရားကြီးကို သူလည်း သိဂ္ဂက်မထားချင်ပါ။

"ပန်းတိုင်"

သူ ခေါ်တော့ ပန်းတိုင်မော့ကြည့်သည်။ အမြဲတမ်း တည်ငြိမ် အေးချမ်းနေသည့် ပန်းတိုင်မျက်နှာမှာ စိတ်ညစ်ညူးခြင်းတွေ အရိပ်ထင် နေတာ အထင်အရှား။

"မိုးလေးမှာ တကယ်ချစ်သူရှိနေတယ်ဆိုရင် မင်းနောက်ဆုတ် လိုက်မှာလား"

သူ့အမေးစကားကြောင့် ပန်းတိုင် မျက်မှောင်ကြီးကုပ် စိုက် ကြည့်နေခဲ့သည်။ ပြီးမှ ပင့်သက်ကြီးရှိုက်ရင်း

"ညိုလေးမှာ ချစ်သူရှိမယ်လို့ ငါလုံးဝမထင်ဘူး၊ ဒါပေမဲ့ သူ့မှာ တကယ်ချစ်သူရှိတယ်ဆိုရင်လည်း ငါ နောက်ဆုတ်ပေးရမှာပေါ့"

"အေး မိုးလေးရင်ထဲမှာ တကယ်ချစ်တဲ့သူရှိတယ် ပန်းတိုင်"

"ဘယ်သူလဲ ဗိမာန်၊ ငါမယုံဘူး၊ မင်းကော သိရဲ့လား"

ပန်းတိုင် ရင်ထဲမှာ ဘယ်လိုခံစားနေရမည်ဆိုတာ သူ နားလည် နိုင်ပါသည်။ မိုးလေးအပေါ်မှာ ပန်းတိုင် လေးနက်နိုင်မာစွာ ချစ်ခဲ့တာကို



www.burmeseclassic.com

လည်း သူ အသိဆုံး။

ဒါပေမဲ့ မိုးလေးဘက်က အဖြေစကားအတွက် ပန်းတိုင် မယုံ ကြည်နိုင်စွာ ဖြစ်နေမှာလည်း သေချာ၏။

"ဗိမာန် မင်းသိနေရင်ပြောလေ၊ ညီလေးမှာချစ်သူရှိနေတာ တကယ်လား။ ငါတော့ လုံးဝမယုံကြည်ဘူး။ ဒါပေမဲ့ တကယ်တမ်း မိုးလေးမှာ ချစ်သူရှိနေရင် ငါနားလည်စွာ နောက်ဆုတ်ပေးမှာပါ။ ညီလေး ကို ငါချစ်တာ မုန်ပေမယ့် ဖွတ်အခမ္ဘလက်ထပ်ယူမှာမဟုတ်ပါဘူး။ သူ တကယ်ချစ်တဲ့သူရှိရင် ငါ လက်ခံပေးလို့ရတယ်"

"ငါ မင်းကိုကျေးဇူးတင်ပါတယ် ပန်းတိုင်၊ မိုးလေးမှာ တကယ် ချစ်သူရှိတယ်၊ အဲဒီသူကလည်း မိုးလေးကို မြတ်နိုးစွာချစ်နေတာပါ"

"မင်း မင်း ဘယ်တုန်းကတည်းက သိနေတာလဲ ဗိမာန် မင်း ငါ့ကိုပြောပြသင့်တယ်ကွာ ငါ ငါ"

ပန်းတိုင် ချောက်ချားတုန်လှုပ်စွာ ရေရွတ်သည်။ ကြေကွဲနာ ယှက်သမ်းနေသော မျက်ဝန်းတွေက ပြုံတော့မည့်မိုးလို. . .။

"ငါ မင်းကိုတောင်းပန်ပါတယ် ပန်းတိုင်၊ မိုးလေး ရင်ထဲမှာ ရှိနေတာက ငါပါ"

"ဘာ ဘာရယ်"

"ဟုတ်တယ် ငါ မထင်မှတ်ဘဲ သိလိုက်ရချိန်မှာ မိုးလေး လည်း ငါ့ရင်ထဲက မြတ်မြတ်နိုးနိုး ချစ်နေမှန်းသိလိုက်ရတယ်"

"ဗိမာန် မင်း မင်းနဲ့ညီလေးက ချစ်သူတွေဖြစ်နေခဲ့တာပေါ့ ဟုတ်လား"





"ငါနဲ့မိုးလေး ချစ်သူဖြစ်ကြတာ မနေ့က မိုးလေး စာမေးပွဲ ပြီးမှပါ၊ ငါ မိုးလေးကို ဝန်ခံလိုက်တာပါ"

"ဗိမာန် မင်း မင်းကွာ တော်တော် သစ္စာမဲ့တဲ့ကောင်ပဲ၊ ငါ့ အပေါ် မင်း ဒီလိုမလုပ်သင့်ဘူး တောက်"

မျက်နှာကြီးရဲရဲနီလျက် သူ့မျက်နှာကို အံကြိတ်ကြည့်ကာ ပန်း တိုင် မချိတင်ကဲ ရေရွတ်သည်။

"ပန်းတိုင် ငါရှင်းပြတာ နားထောင်ပေး"

"တော်တော့ ဗိမာန်၊ မင်းလို နောက်ကျောကိုဓားနဲ့ထိုးတတ် တဲ့ကောင်ကို ငါ ရွံတယ်"

"ပန်းတိုင် သူငယ်ချင်း"

"မခေါ်နဲ့ ဗိမာန်၊ မင်းနဲ့ငါ သူငယ်ချင်းမဟုတ်တော့ဘူး"

ပန်းတိုင် နာကျည်းစွာဆိုရင်း ချာခနဲလှည့်ထွက်တော့ သူ [illegible]ခုံးကိုလှမ်းဆွဲထားလိုက်မိ၏။

"မင်း ငါ့အသားကိုမထိနဲ့"

ရွံရှာစက်ဆုပ်သံနှင့်ဆိုရင်း မျက်နှာဆီဝင်လာသော လက်သီး ချက်ကိုလည်း သူ မရှောင်တိမ်းလိုက်နိုင်ခဲ့ပါ။

"ခွပ်"

"တောက် မင်းနဲ့ငါ ဘာမှမပတ်သက်တော့ဘူး ဗိမာန်"

ရုံးခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ထွက်သွားသော ပန်းတိုင်ကို သူ မတားမြစ်လိုက်နိုင်ပါ။

နာကျင်နေဆဲ ဖေးရိုးဆီက ဝေဒနာခံစားချက်ထက် ပန်းတိုင်၏



www.burmeseclassic.com

www.burmeseclassic.com



စကားတွေက သူ့ရင်ကို ထိရှစေတာအမှန်။

ပန်းတိုင် ခံစားချက်ကို သူ နားလည်ပါသည်။ ဒါပေမဲ့ သူနှင့် မိုးလေးတို့ချစ်ခြင်းအတွက် ပန်းတိုင်ရဲ့အမုန်းတွေကိုတော့ သူ ခံယူရမည်ဆိုတာ ကြိုတင်မျှော်လင့်ပြီးသား။

တောင်းပန်ပါတယ် သူငယ်ချင်းရယ်။ မိုးလေးကို ဆုံးရှုံးရင် ငါ့တစ်ဘဝလုံး သေဆုံးရမှာကြောင့်ပါ။

အချစ်အတွက် ငါ လူမိုက်ကြီးဖြစ်ခဲ့ရပြီလား။

■ ■ ■



## အခန်း (၂၇)

ကိုကိုစောင့်နေမည်ဆိုတာကြောင့် အရဲစွန့်ပြီး ခြံထဲဆင်းခဲ့ရပေမယ့် မိုးလေးရင်တွေ တထိတ်ထိတ် ဖြစ်နေခဲ့တာအမှန်။

တစ်အိမ်တည်း အတူရှိနေကြသည့်ချစ်သူတွေဆိုပေမယ့် ကိုကိုနှင့်မိုးလေးတို့ ဆုံတွေ့နိုင်ခွင့်လေးက တကယ့်ကို ရှားပါးနေခဲ့တာ အမှန်ပဲဖြစ်သည်။

ကိုကို့ခမြာ တစ်နေကုန် အလုပ်သွားကာ ညနေမိုးချုပ်လုမှ အိမ်ပြန်ရောက်တာမို့ မိုးလေးနှင့်နှစ်ယောက်ဆုံဖို့ မလွယ်လှပါ။

ကိုကိုပြန်ရောက်လာလျှင် ကြီးကြီးက စောင့်ကြိုတတ်သည်။ ထမင်းဝိုင်းမှာလည်း ကြီးကြီးကပဲ အနားမှာရှိနေတော့ ကိုကိုနှင့်မိုးလေးတို့ လွတ်လပ်စွာ စကားပြောချိန်ဆိုတာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အိမ်ပြန်ရောက်တဲ့အချိန်ကျရင် မိုးလေးမျက်နှာလေးကို မြင်လိုက်ရမှ အမောပြေသွားတာကွ၊ သနပ်ခါးရနံ့လေးတွေ သင်းနေတဲ့ မိုးလေးကို ကိုကို သိပ်ချစ်တယ် သိလား"

ကိုကို့စကားကြောင့်ပဲ ကိုကို ပြန်လာချိန်တွေမှာ မိုးလေးက ကြီးကြီးရှိနေပေမယ့် ညွှေခန်းထဲမှာ တစ်ခုခုလုပ်နေသလို ရှိနေပေးရသည်။ မိုးလေးမျက်နှာလေးကို ကိုကို မြင်တွေ့ရအောင် အရိပ်ပြပေးရ၏။

ရေမိုးချိုး သနပ်ခါးလေးလိမ်းခြယ်ထားသော မိုးလေးကို ကိုကို ပြုံးပြုံးလေး ကြည့်တတ်တာ ကြီးကြီးမရိပ်မိရှာပါ။

စံပယ်ရုံနံဘေးက ခုံတန်းလေးမှာ မြင်ရသော အရိပ်တစ်ခုက မိုးလေးဆီကို လှမ်းလာသည်။ ကိုကိုပဲဖြစ်မှာပါ။

"မိုးလေး"

သစ်ရိပ်အောက်က လွတ်သည့်နေရာရောက်မှ ကိုကို့မျက်နှာကို မီးရောင်ကြောင့် ထင်ထင်ရှားရှား မြင်တွေ့ရသည်။

"စောင့်နေတာ ကြာပြီလား ကိုကို၊ ကြီးကြီး မအိပ်သေးလို့"

"ရပါတယ်ကွာ လာ ကိုကိုတို့ခဏထိုင်ရအောင်နော်"

မိုးလေးလက်ကို ဆွဲကာ ခုံတန်းလေးဆီ ကိုကိုခေါ်သည်။ စံပယ်ရနံ့လေးတွေ သင်းသင်းမွှေးနေသော စံပယ်ရုံဘေးက ခုံတန်းလေးကတော့ ကိုကိုနှင့်မိုးလေး အတူဆုံရာ ဘုံဗိမာန်လေးပါပဲ။

"မိုးလေးကို ကိုကို ပြောရဦးမယ်၊ နေ့လယ်က ပန်းတိုင် ကိုကို့ ရုံးခန်းကိုရောက်လာတယ်"



"ဟင် ဟုတ်လား မိုးလေးဆီလည်း လာသွားတယ်"

"ကိုကို သိတယ်၊ သူ တော်တော်ခံစားနေရတယ်"

"မိုးလေးလည်း စိတ်မကောင်းပါဘူး ကိုကို၊ မိုးလေးငြင်းလိုက်တာကို ကိုပန်းတိုင် စိတ်မကောင်းဖြစ်သွားတယ်"

"ကိုကို အားလုံးကို အမှန်အတိုင်း ပြောပြလိုက်ပြီ"

"ဟင်"

မိုးလေးမျက်နှာလေးက စိုးရိမ်ရိပ်လေးတွေ လွှမ်းသွားခဲ့တာ အထင်အရှား။

"ဒီလိုမှ မပြောရင် မဖြစ်ဘူးလေ၊ ကိုကိုတို့ အကြာကြီးလိမ်ညာထားလို့ မရနိုင်ဘူး၊ ဒါကြောင့် ကိုကို ဖွင့်ပြောလိုက်တာ"

"ဟို ကိုကိုတို့ပြဿနာဖြစ်ကြသေးလားဟင်"

"ပန်းတိုင် စိတ်ဆိုးသွားတာတော့ အမှန်ပဲ"

"ဟင်"

"ထားလိုက်ပါကွာ၊ ဒီလိုဖြစ်လာမယ်ဆိုတာ ကိုကို မျှော်လင့်ပြီးသားပါ"

"ကိုကိုရယ် မိုးလေးကြောင့် ကိုကိုတို့သူငယ်ချင်းတွေ ပြဿနာဖြစ်ကုန်ပြီလားဟင်"

"ကိုကိုမှ မိုးလေးကို မစွန့်လွှတ်နိုင်တာပဲကွာ၊ ပန်းတိုင် စိတ်ဆိုးတာကိုတော့ ကိုကို ခံရမှာပဲပေါ့"

မိုးလေး ပင့်သက်လေးချသံကို သူ အသေအချာကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့မိုးလေးကြားမှာ ရင်ဆိုင်ရမယ့်ပြဿနာတွေ အများကြီးပဲ ကိုကိုရယ်၊ မိုးလေးလေ ကြီးကြီးကို အရမ်းကြောက်တယ်"

သူ မိုးလေးပခုံးလေးကို သိုင်းဖက်ရင်း ရင်ခွင်ထဲပွေ့ဖက်ထားလိုက်မိ၏။ မိုးလေး စိုးရိမ်နေတာကို သူ နားလည်ပါသည်။ သူတို့နှစ်ဦးကိစ္စကို ကြီးကြီးသိလျှင် သဘောမတူမှာသေချာ၏။

ပြီးတော့ ကြီးကြီး ဒီရက်တွေမှာ ငွေတာရီတို့အိမ်ကို သွားနေတတ်တာလည်း သူ သိသည်။

"တကယ်တမ်း ရင်ဆိုင်ရမယ့်ပြဿနာတွေကို မိုးလေး သိပ်ကြောက်နေတယ် ကိုကို"

သူ မိုးလေးကျောပြင်လေးကို သိုင်းဖက်ရင်း တင်းတင်းလေးပွေ့ဖက်ထားရင်း

"ဘာမှမကြောက်နဲ့ မိုးလေး၊ ကိုကိုချစ်တဲ့မိုးလေးကို ကိုကိုအဆုံးရှုံးမခံနိုင်ဘူး၊ ဘယ်လိုအခက်အခဲပြဿနာတွေပဲဖြစ်ဖြစ် ကိုကိုရင်ဆိုင်ရှင်းပေးမှာပါ"

"ကိုကိုရယ်"

သူ့ရင်ခွင်မှာ မျက်နှာလေးအပ်ကာ ငြိမ်သက်နေသော မိုးလေးဆံနွယ်ရှည်ကြီးတွေက ရှန်ပိုရနံ့လေးတွေနှင့် သနပ်ခါးရနံ့လေးတွေကို သူ ရှူရှိုက်နေရ၏။

အချစ်ဆိုသည်က အံ့သြစရာကောင်းသည်။ သူ့ဘဝမှာ မိန်းကလေးတွေအများကြီးနှင့် ပတ်သက်ဆုံဖူးသည်။





ဒါပေမဲ့ အချစ်ကို သူ မပိုင်ဆိုင်ဖူးခဲ့။ မိုးလေးအပေါ်မှာ သူ ခံစားမိသောချစ်ခြင်းက ဘာကြောင့်လေးနက်သွားခဲ့သည်မသိ။

ချစ်လိုက်တာ ကလေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ညှိုလေး"

"ရှင် ကြီးကြီး"

နေ့လယ်ခင်း မေမေ တစ်ရေးတမောအိပ်နေတုန်း မိုးလေး ခြံထဲ ဆင်းလမ်းလျှောက်နေစဉ် ကြီးကြီး ရောက်လာခြင်းဖြစ်၏။

"အခုတလော မောင်ပန်းတိုင် အိမ်ကိုရောက်မလာပါလား"

ကြီးကြီးအမေးကြောင့် မိုးလေး ချက်ချင်း ဘာဖြေရမှန်းမသိ ဖြစ်သွားတာအမှန်။ အမှန်တရားကို ကြီးကြီး ဘာမှမသိသေး။ ကြီးကြီး သိလို့လည်းမဖြစ်တာအမှန်။

"ဟုတ် ဟုတ်တယ် ကြီးကြီး၊ အလုပ်တွေများနေလို့လား မိုး လေးလည်းမပြောတတ်ဘူး"

"အလုပ်တာယ်လောက်များများ ကိုယ်နှစ်သက်သဘောကျနေ





နီးကလေးတစ်ယောက်ဆီကိုတော့ လာရမှာပေါ့ကွယ်"

ကြီးကြီး အလိုမကျသလိုပြောတော့ မိုးလေး ဘာမှခွန်းတုံ့မပြန် ဘဲ နှုတ်လေးဆိတ်နေလိုက်သည်။ ရင်ထဲမှာတော့ ထိုထက်ပိုပြီး ကြီးကြီး ဘာမှမေးမလာပါစေနှင့်ဟု ကြိတ်ဆုတောင်းမိ၏။

"နေပါဦး ဒါနဲ့ မောင်ပန်းတိုင်ကိုကော ညည်း ခေါ်းညိတ်လိုက် ပြီလား"

"ဟင့်အင်း မိုးလေး ဘာမှမပြောရသေးပါဘူး ကြီးကြီး"

မေမေ့ကိုလည်း မညာဖူးသလို ကိုကို့ကိုလည်း မညာဖူးသော မိုးလေး ကြီးကြီးကိုလည်း မညာချင်ပေမယ့် . . ။

"အင်း အဲဒါတွေ ညည်းတို့ခက်တာ၊ ဟိုက ကိုယ့်ကိုလိုလား ကြည်ဖြူနေတုန်း ခေါင်းညိတ်ရမယ့်အချိန်မှာ မူယာမာယာတွေပိုပြနေ တယ်၊ အခုတော့ ဟိုက နောက်ဆုတ်သွားတော့ညည်း အကြီးအကျယ် နောင်တရစရာ ကြုံတော့မှာပေါ့၊ မောင်ပန်းတိုင်လို ယောကျာ်းကိုရတာများ ညည်းက နာတာယ်ထင်နေသေးလား"

"ကြီးကြီး ဝေါက်တာမာန်မဲတာကို ခံရဖန်များလို့ ရိုးအီနေသော မိုးလေး တမင်ပဲ နှုတ်ဆိတ်နေလိုက်ပါသည်။

"ဒီတစ်ခါ မောင်ပန်းတိုင်လာရင် ညည်း ခေါင်းညိတ်သင့်တာ ကို အမြန်ဆုံးညိတ်နော် မိညို"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"အေး ငါလည်း ဒီရက်တွေမှာ သိပ်အားတာမဟုတ်ဘူး။ သား ကို့အတွက်လည်း ထားထားတို့အိမ် သွားနေရတာနဲ့ အိမ်တောင်တော်



www.burmeseclassic.com

နိုင်တာမဟုတ်ဘူး။ မေလေးကိုလည်း ဂရုစိုက်ဦး ကြားလား''

''ဟုတ်ကဲ့ ကြီးကြီး''

ကြီးကြီးအနားက ထွက်သွားမှ မိုးလေး ပင့်သက်ရှိုက်လိုက်မိ

သည်။ ကြီးကြီးမသိအောင် မိုးလေးနှင့်ကိုကို ဘယ်လောက်အထိ လိမ်ည

ထားနိုင်မည်လဲ။

တွေးမိတိုင်း မိုးလေးစိတ်တွေ မွန်းကြပ်မိသည်။ ကိုကို

မိုးလေးချစ်ခဲ့မိတာ မှားပြီလားဟုတောင် တွေးမိသည်။ ကိုကို့ကို မိုးလေ

ရင်ထဲက တိတ်တခိုးချစ်နေတုန်းက ဒီလောက်အထိ မွန်းကြပ်စေ

မကောင်းခဲ့ပါ။

အခုတော့ မိုးလေးကို ချစ်မိတာကြောင့် ကိုကိုလည်

စိတ်ဆင်းရဲ နေရရှာသည်။ ကိုပန်းတိုင်က ကိုကို့ကို သူငယ်ချင်းအဖြစ်

စွန့်လွှတ် ကာ ရှုမုန်းသွားခဲ့သည်။

ကြီးကြီး သိလျှင်လည်း ကိုကို့ကို ခွင့်လွှတ်မှာမဟုတ်တာ သေ

နေသည်။ ကြီးကြီးက ကိုကို့ကို ငွေတာရီနှင့်လက်ထပ်ပေးဖို့အတွ

စီစဉ်နေတာ မိုးလေး အသိဆုံးဖြစ်သည်။

ငွေတာရီတို့အိမ်ကို ကြီးကြီး မကြာခဏသွားနေတာ ထိုကိ

ဖြစ်မည်။

ဒါတွေကို မိုးလေး သိနေမြင်နေတော့ ကိုကိုနှင့်မိုးလေ

အခြေအနေကို ကြီးကြီးသိသွားမှာ အရမ်းကြောက်မိသည်။

အမှန်တရားကို ကြီးကြီးသာသိသွားခဲ့လျှင်တော့ ...။

ဘယ်နှစ်ကြိမ်မြောက်မသိသော ပင့်သက်မောတွေကို မိုးလေ

၈၁၆၀



ချမိပြန်ပါသည်။

ကိုကိုနှင့်မိုးလေးတို့ဘဝတွေက ရင်မောစရာကောင်းလွန်းပါ

သား။

■ ■ ■

ပျ|| ၈၁၆၀

www.burmeseclassic.com

## အခန်း (၂၉)

"သား ဒီမနက် ငွေတာရီတို့မိသားစု လာကြလိမ့်မယ်၊ ကြီးကြီး ထမင်းစားဖိတ်ထားတယ် သိလား"

ကော်ဖီဝိုင်းမှာ ဝင်ထိုင်မိရုံပဲ ရှိသေးသည်။ ကြီးကြီးပြောသော စကားကြောင့် ဗိမာန် စိတ်ကသိကအောက် ဖြစ်သွားရ၏။

ရှားရှားပါးပါး နားရက်ရသည့်နေ့လေးမှာ မိုးလေးကို ကြောင်းပြချက်တစ်ခုနှင့် အပြင်ကိုခေါ်ထုတ်သွားဖို့ စဉ်းစားထား စိတ်ကူးလေးတွေ ပျောက်ပျက်ကုန်၏။

"သား ဘယ်မှ သွားစရာမရှိဘူး မဟုတ်လား"

"ပြောလို့မရဘူး ကြီးကြီးရဲ့ အရေးတကြီးဖုန်းဝင်လာရင် သွားရမှာ၊ အရောင်းကုန်တိုက်ကိစ္စတွေက တနင်္ဂနွေရက်လည်း ပေါ်လာတတ်တာလေ"



"ဒီနေ့တော့ ဘာကိစ္စပဲပေါ်ပေါ် သားရှိနေမှကို ဖြစ်မှာနော် ကိစ္စရှိလည်း တခြားတစ်ယောက်ကိုဖုန်းဆက်ခိုင်း၊ ထားထားတို့ကို ကြီးကြီး အသေအချာ ဖိတ်ထားပြီးမှ သားမရှိလို့မဖြစ်ဘူး"

ကြီးကြီးက သူ့အတွက်ကော်ဖီ ငှဲ့ထည့်ပေးရင်းပြောလာသည်။ မိုးလေးကို လှမ်းကြည့်တော့ မေမေ့အတွက် ကော်ဖီဖျော်နေသည့် လေး ဖျတ်ခနဲ လှည့်ကြည့်တာနှင့်တိုးသည်။

ချက်ချင်းပဲ အကြည့်တွေ ပြန်ရုပ်သိမ်းသွားခဲ့ကာ မိုးလေး ပ်စရာရှိတာ ဆက်လုပ်နေသည်။

"ငွေတာရီလေးကလည်း သားနဲ့တွေ့ချင်နေတယ်"

"ကြီးကြီး သားနဲ့ငွေထာရီကိစ္စကို ဘာတွေစီစဉ်နေတာလဲ ားနဲ့သူက ဘယ်လိုမှမဖြစ်ဘူးလို့ သားပြောပြီးပြီနော်"

မိုးလေးရှေ့မှောက်မှာပဲ ကြီးကြီး အစီအစဉ်တွေကို သူငြင်းဆို သည်။ ကြီးကြီးက သူ့နံဘေးထိုင်ခုံမှာ ဝင်ထိုင်ရင်း

"သားရယ် ဘာမဟုတ်တဲ့ ပြဿနာလေးကို အကြောင်းမပြနဲ့ အခုလည်း ငွေတာရီလေးက နားလည်ခွင့်လွှတ်ပေးလို့ ကိုယ့်အိမ် ောင်လာတာကို သားကဘာလို့ မာနတွေ ထောင်လွှားချင်နေရတာလဲ ကြီးတွေ မျက်နှာကိုလည်း ထောက်ထားဦး၊ ငွေတာရီလေး မိဘတွေဆို သား မိဘတွေနဲ့လည်း ရင်းနှီးတာ"

"ကြီးကြီး သား ငွေတာရီကို လက်ထပ်ဖို့ ဘယ်လိုမှ လက်မခံ ဘူးနော်၊ အခုကြီးကြီးဆီလာလည်တာဆိုရင်လည်း သား လူမှုရေးအရ ဆက်ဆံမှာ၊ သား လက်မခံတဲ့ကိစ္စကြီးကိုတော့ ကြီးကြီး ဇွတ်မစီစဉ်

www.burmeseclassic.com



ပါနဲ့''

''သား ငွေတာရီလေးအပေါ် စိတ်ဆိုးမပြေသေးဘူးလား''

''သား စိတ်ဆိုးတာ မဟုတ်ဘူးကြီးကြီး သားလက်မခံနိုင်တာ သူတို့အသိုင်းအဝန်းရဲ့ စိတ်ဓာတ်နဲ့ သားဘယ်လိုမှ မရနိုင်လို့ပဲ''

''သားရယ် ဒီလောက်အဆင့်အတန်းမြင့်မားတဲ့သူတွေကို သား မြင်နေတာ မဟုတ်သေးဘူး၊ ကဲ ကဲထားတော့ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ သား အိမ်မှာရှိနေပါ၊ ဧည့်သည်တွေကိုလည်း ပြေပြေလည်လည် ဆက်ဆံ ပေးပါ''

ကြီးကြီးဘက်က တစ်ထစ်လျှော့ကာပြောလာတော့ သူ ပင့်သက် ရှိုက်လိုက်မိသည်။ မိုးလေးက မေမေ့အတွက် စီစဉ်ထားသော မနက်စာ ကော်ဖီဘန်းလေးကိုင်ကာ စားသောက်ခန်းထဲက ထွက်မို့ပြင်သည်။

''ဪ ညီလေး မေလေးကို လုပ်ကိုင်ပေးပြီးရင် ကြီးကြီး မီးဖိုထဲကို လာကူပေးဦးနော်''

''ဟုတ်ကဲ့ကြီးကြီး''

ကြီးကြီးစကားကို ခေါင်းလေးညိတ်ပြရင်း မိုးလေးထွက်သွား သည်။ ဒီတစ်မနက်လုံး မိုးလေးနှင့်သူ စကားပြောခွင့်လေးတောင်ရဦး မထင်တော့ပါ။

ငွေတာရီတို့ကို ကျွေးမွေးမည့် မနက်စာအတွက် မိုးလေးခမျာ ကြီးကြီးစေခိုင်းသမျှ မီးဖိုထဲမှာပဲ ချက်ပြုတ်ပေးရတော့မှာ သေချာ သည်။

''ညီလေးက ကြီးကြီးနဲ့ မီးဖိုထဲမှာ ချက်ပြုရဦးမှာဆိုတော့



သား မေလေးကို အဖော်နေပေးလိုက်ဦးနော်''

သူ အလုပ်နားရက်တွေမှာ မေမေ ဝေယျာဝစ္စတွေကို မိုးလေး သက်သာအောင် ကူလုပ်ပေးနေကျဖြစ်သည်။ အခုလည်း ကြီးကြီးကမှာ နေ၏။

''ဟုတ်ကဲ့ ကြီးကြီး''

''ဪ သား သားကိုမေးရဦးမယ် မောင်ပန်းတိုင်လေးနဲ့ သားတွေ့သေးလား''

ပန်းတိုင်အကြောင်း ကြီးကြီးမေးလာတော့ သူလိပ်ပြာမလုံ ဖြစ်ရပြန်သည်။ ပန်းတိုင် အိမ်မလာတော့သည့် ကိစ္စအတွက် မိုးလေးကို လည်း ကြီးကြီးမေးသည်တဲ့။

''သိပ်မတွေ့ဖြစ်ဘူး ကြီးကြီး၊ ဒီကောင်အလုပ်တွေပိနေတာ ထင်တယ်''

''သူက ညီလေးကို ဘာလို့လာမတွေ့တာလဲ သား''

''မသိဘူးဗျလေး ကြီးကြီးရဲ့''

''ကြီးကြီးတော့ တစ်ခုခုလွဲနေတယ်ထင်တယ်၊ ညီလေးကိုများ မောင်ပန်းတိုင် နောက်ဆုတ်သွားတာလားလို့''

''ဒါဆိုလည်း သူ့ဆုံးဖြတ်ပိုင်ခွင့်ပဲပေါ့ ကြီးကြီးရာ၊ ပြောရရင် သူနဲ့မိုးလေးက ချစ်သူဘဝတောင် မရောက်ခဲ့သေးဘူးလေ၊ ဆန္ဒမရှိလို့ နောက်ဆုတ်သွားလည်း ပြဿနာမရှိပါဘူး''

''အင်း ကြီးကြီး အစကတည်းက ထင်တော့ထင်သား၊ မောင် ပန်းတိုင် မိညီကို ချဉ်းကပ်တယ်ဆိုကတည်း အံ့သြနေတာ၊ ဒါကို မိညီက



www.burmeseclassic.com

www.burmeseclassic.com



မူပြလိုက်တော့ ဟိုကနောက်ဆုတ်သွားပြီပေါ့၊ ဘယ်နှယ်တော် ကိုယ့် ဘဝမြှင့်မှားမယ့် အခွင့်အရေးကို သင်းမို့မှုရတယ်လို့ ဘာလိုပဲကြည့် ကြည့် မှောင်ပုန်းတိုင်လို့ လူတစ်ယောက်ကိုရတာ မိညီအတွက်ကံကောင်း တဲ့ အခွင့်အရေးပဲ၊ အခုတော့ ဟိုကခြေလှမ်းဆုတ်သွားတော့ သွားပြီပေ့ စောင့်ကြည့် ဘယ်လိုယောကျ်ားမျိုးနဲ့ ရမလဲဆိုတာ''

မိုးလေးအပေါ်မှာ ဘယ်တုန်းကမှ အကောင်းမမြင်နိုင်သော ကြီးကြီးကတော့ စကားပြောလည်း ကြမ်းတမ်းပါသည်။

''ဘာပဲဖြစ်ဖြစ် မိုးလေးရှိနေတာ မေမေ့အတွက် ပိုတော့ အဆင့်မြေပါတယ် ကြီးကြီးရယ်''

ကြီးကြီးစကားသံတွေကို သူ ထပ်မကြားချင်တော့တာမို့ ကော် လှက်ကျုန်ကို မှောသောက်ပြီး ထရပ်လိုက်သည်။

''တော်ပြီလာ သား အသားပေါင်းတွေ မစားတော့ဘူးလား''

''မစားတော့ဘူး ကြီးကြီး ရင်ထဲမှာပြည့်နေလို့ပါ''

''အေး အေး ငွေတာရီလေးတို့နဲ့မှပဲ ထမင်းစားလိုက်တော့ သား ကြိုက်တဲ့ဟင်းတွေ ကြီးကြီး စီစဉ်ထားတယ်သိလား''

သူ နားရက်တိုင်းမှာ သူ့စိတ်ကြိုက်ဟင်းတွေကိုတော့ ကြီး ကြီး အမြဲစီစဉ်ပေးတတ်ပါသည်။

ကြီးကြီးသည် သူ့အပေါ်မှာတော့ ပြည့်ဝသော မေတ္တာ အလွန်အကျွံပေးတတ်တာ သူသိပါသည်။ ဟိုးငယ်စဉ်ကတည်းက မေ မွေးဖေ့ကိုလက်မှာထက် ကြီးကြီးရဲ့ လက်ပေါ်မှာပဲ သူကြီးပြင်းခဲ့ရ ဖြစ်သည်။



တစ်ဦးတည်းသော မောင်ဖြစ်သူရဲ့ တစ်ဦးတည်းသောသား သူ့ကိုလည်း ကြီးကြီး အချစ်တွေ ပုံထားခဲ့သည်။ ဒါပေမဲ့ ကြီးကြီးရဲ့ အချစ်တွေက အတ္တဆန်လွန်းတာ သူ အရွယ်ရောက်မှ သိလာခဲ့ရ၏။

သူ့အတွက်ကလွဲ၍ ကြီးကြီးအချစ်တွေက တစ်ပါးသူအပေါ် နှမ်းတစ်စေ့မျှတောင် မပေးမျှခဲ့ပါ။ အထူးသဖြင့် မိုးလေးအပေါ်မှာ ကြီးကြီးအချစ်တွေ မြူတစ်မှုံမတင်ဘဲ အမုန်းတွေသာ အရိပ်ထင်နေခဲ့တာ ဖြစ်သည်။

ဒါကလည်း ကြီးကြီး မသိစိတ်ထဲက သူနှင့်မိုးလေးကို မနီးစပ် ချင်တာကြောင့်ဆိုတာ သူသိသည်။

သူနဲ့မိုးလေးတို့ ချစ်နေတာကိုသာ ကြီးကြီးသိလျှင်တော့ မိုးလေး အပေါ် အမုန်းတွေကြီးမားသွားလောက်သည်။

ကြီးကြီးစိတ်ကိုသိနေသော မိုးလေးကလည်း ကြီးကြီးသိမှာ သိပ်ကြောက်နေသည်။ မိုးလေးကိုလည်း သူ သနားသည်။

မိုးလေးခမြာ သူ့ကိုချစ်နေရခြင်းက အပြစ်ကြီးတစ်ခုလို ထင် နေရှာသည်။ မိုးလေးကို သနားစိတ်နှင့် သူ့အချစ်တွေက ပိုလို့ကြီးမား လာခဲ့တာကတော့ သေချာသည်။

မိုးလေးကို ကြီးကြီးမကြည်ဖြူခဲ့လျှင်တောင် မိုးလေးဘက်က သူရပ်တည်ပေးဖို့ အနိုင်အမာ ဆုံးဖြတ်ထားသည်။

ငွေတာရီရဲ့ ပြဿနာကိုတော့ သူ အပြတ်ရှင်းဖို့လိုနေပြီ။

■ ■ ■

ငွေတာရီတို့ မိသားစု ရောက်လာတော့ ကြီးကြီး ဝမ်းသာအားရ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြိုသည်။ သူကိုယ်တိုင်လည်း မေမေ့ကို ဝိုးချဲလ်လေးနှင့် ခေါ်ဆော
ခဲ့၏။

"မမေ နေကောင်းတယ်နော်"

"ကောင်းပါတယ် ထားထား ထိုင်ကြပါဦးနော်"

မေမေနှင့် ငွေတာရီမိဘတွေ နှုတ်ဆက်စကားကောင်းနေကြ ချိန်မှာ သူ ငွေတာရီကို လှမ်းကြည့်မိသည်။

ဖာဖောက်ဂါဝန် အဖြူလေးနှင့် ငွေတာရီ သိပ်လှနေပေမယ့် သူ ရင်မခုန်တော့တာ သေချာ၏။ ရွှေရောင်အကြေကောက် ဆံပင်လေး ကြားက မျက်နှာလေးကိုလည်း မှုန်ညက်နေအောင် ပြင်ဆင်ထားသည်။

နားမှာ ပန်ဆင်ထားသော စိန်ပွင့်နားကပ်နှင့် လည်တိုင်ဝင်းဝင်း လေးက စိန်လောကတ်သီးလေးက ဖြာလက်နေ၏။

"လှလိုက်တာ သမီးလေးရယ်"

ကြီးကြီးက ငွေတာရီပခုံးလေးကို သိုင်းဖက်ကာ ချီးကျူးစကား ဆိုနေသည်။ ငွေတာရီတို့ သားအမိနှစ်ယောက်စလုံး စိန်ရတနာ အပြိုင်ဆင်ယင်လာတာကို ကြီးကြီး သဘောကျနေပုံရသည်။

သူကတော့ တစ်ချက်ပဲကြည့်ကာ မေမေ့ဝိုးချဲလ်နံဘေးက ဆို ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

"အလင်း အလုပ်တွေပိနေတယ်ဆို"

ငွေတာရီ ပြုံးပြုံးလေးမေးတော့ သူခေါင်းလေးညိတ်ပြ ကြီးကြီးက သူ့အရိပ်ကို အကဲခတ်ကြည့်ရင်း ကြားထဲက ဖာဖာထေး ပြောနေတာတွေကိုလည်း သိနေသည်။





"သားက ဆန်းဒေးနားရက်တောင် မနားရရှာဘူး သမီးရေ၊ ဒီနေ့လည်း သွားစရာရှိတဲ့ ကိစ္စကို တခြားတစ်ယောက်နဲ့လွှဲပြီး အိမ်မှာ နေတာလေ သမီးတို့လာကြမှာဆိုတော့"

"ကျေးဇူးတင်ပါတယ် အလင်း၊ တို့လည်းမာမီရဲ့ စိန်တိုက်ကို လိုက်သွားရတော့ သိပ်မအားလို့ပါ"

သူနှင့်ဖြစ်ပျက်ခဲ့သည့် ပြဿနာတွေကို ငွေတာရီ မေ့ပစ်လိုက် သည်လား။ အခေါ်အဝေါ်နှင့် ဆက်ဆံမှုတွေက မပြောင်းမလဲ ရှိနေသည်။

"ကဲ ကဲ အအေးလေး သောက်ကြဦး၊ ဟင်းတွေအားလုံးကျက် တော့မှာပဲ ပြီးမှ ပူပူနွေးနွေးလေး စားကြရအောင်"

မမော်လာချပေးသော အအေးတွေနှင့် ဧည့်ခံရင်း ကြီးကြီး ကားပိုင်းထဲမှာ ဖောင်ဖွဲ့နေချိန်မှာ သူကတော့ မီးဖိုခန်းထဲမှာ ချွေးတလုံး သုံး စီမံနေမည့် မိုးလေးကိုပဲ သတိရနေမိသည်။

အခုလောက်ဆို မိုးလေးစိတ်ထဲမှာ ဘယ်လိုခံစားနေရမည်လဲ သိ။ သူကတော့ စိတ်မပါဘဲ ထိုင်နေရသည့် အခြေအနေကို စိတ်ညစ် ညူးနေမိသည်။

ထမင်းဝိုင်းရောက်တော့လည်း သူ စိတ်မကောင်းဖြစ်ရတာ မိုးလေးအပေါ် ဆက်ဆံသည့် ကြီးကြီးဆက်ဆံမှုတွေကြောင့် ဖြစ်သည်။

"သမီး မိုးလေး သမီးပါတစ်ခါတည်း ဝင်စားလေ"

မေမေ မိုးလေးကို အတူစားဖို့ခေါ်တာကို ကြီးကြီးက ဝင်ဖျက် သည်။

"ပြီးမှစားပေါ့ကွယ် ဒီမှာ မိမော်တစ်ယောက်တည်း လုပ်နေ

www.burmeseclassic.com



ရတာ အဆင်ပြေမှာ မဟုတ်ဘူး''

''ဟုတ်ကဲ့ပါကြီးကြီး မိုးလေး မဆာသေးပါဘူး''

မေမေ့ မျက်နှာပျက်သွားပေမယ့် ညှိုသည်တွေရှေ့မှာမို့ ကြီးကြီးကို အတိုက်အခံမပြောတော့တာ ဗိမာန်ရိပ်မိပါသည်။

ထမင်းဝိုင်းကို ကြီးကြီးကပဲ ဦးဆောင်ကာ ငွေတာရီတို့ ထမင်းပန်းကန်တွေထဲ ဟင်းတွေခပ်ထည့်ပေးသည်။ လိုတာထက် ပိုမိုနေသော ကြီးကြီးရဲ့ ဆက်ဆံမှုတွေအတွက် သူ စိတ်ပျက်ချင်လာ၏။

မာနတွေ ဂုဏ်တွေ တောင်လိုမောက်နေသည့် ငွေတာရီတို့ကတော့ ကြီးကြီးကြောင့် ပိုလို့ ဘဝင်လေဟပ်နေဦးမှာ သေချာ၏။

မေမေ ထမင်းဝိုင်းက အစောဆုံးပြီးစီးသွားတော့ သူလည်း ထမင်းပွဲကို လက်စသပ်လိုက်သည်။

''ဟင် သား တော်ပြီလား''

''ဝပြီ ကြီးကြီး မေမေကော ပြီးပြီလား''

''ပြီးပြီ သား၊ မေမေဆေးသောက်ရဦးမှာမို့ အခန်းကို ပြန်ပေးဦးနော် အားလုံးပဲခွင့်ပြုကြပါဦး''

''ရပါတယ် မမေ သွားပါ အားနာစရာလူတွေမှ မဟုတ်တာ ဒီမှာ မမစိန်ရှိနေတာပဲ''

''သား လိုက်ပို့ပေးမယ်နော် မေမေ''

မေမေ့ဗီးချဲလ်လေးကို တွန်းကာ သူရှောင်ထွက်ခဲ့လိုက်သည်။ ငွေတာရီတို့ ရောက်လာတာ သူ့စိတ်တွေညစ်ညူးစေသလို မိုးလေး အတွက်လည်း စိတ်ဆင်းရဲစေမှာ သေချာ၏။



ကြာလျှင်တော့ ကြီးကြီးကြောင့် ခက်တော့မည်ထင်သည်။ မိုးလေး စိတ်ဆင်းရဲနေတာကို သူ မကြည့်ရက်တာ အမှန်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၀)

"မိုးလေး အရမ်းစိတ်ညစ်နေပြီလားဟင်"

ညစဉ်တိုင်း ဆုံနေကျ ခြံထဲက ခုံတန်းလေးမှာဆုံတော့ ကိုကို မေးလာသည်။ မနက်က အိမ်ကိုရောက်လာသော ငွေတာရီတို့ကြောင်း မေးတာမှန်း မိုးလေး သိပါသည်။

"ဘာကိုလဲ ကိုကို မိုးလေး ဘာမှမဖြစ်ပါဘူး"

"ဪ ကြီးကြီး လုပ်ရပ်တွေကြောင့်ပါ။ ငွေတာရီတို့ကို ထမင်းစားဖိတ်ထားမှန်း ကိုကိုလုံးဝမသိဘူး၊ အမှန်က ဒီနေ့ မိုးလေးကို အပြင်ခေါ်ပြီး ကိုကိုတို့ တစ်နေရာသွားမလို့ စီစဉ်ထားတာ"

"မိုးလေးနဲ့ကိုကို အတူအပြင်သွားလို့ ဘယ်ဖြစ်မလဲ ကြီးကြီးရိုမ်မိသွားမှာပေါ့ ကိုကိုရဲ့"

"အေးကွာ ကိုကိုတို့ဘဝက မလွတ်လပ်လိုက်တာ"





ကိုကို ညည်းညည်းညူညူလေးဆိုတော့ မိုးလေးလည်း စိတ်မကောင်းနိုင်ပါ။

"ကိုကို စိတ်ညစ်နေတာ မိုးလေး စိတ်မကောင်းပါဘူး ကိုကိုယ်"

"မဟုတ်ဘူး ကိုကိုက မိုးလေးအတွက် စိတ်မကောင်းတာပါ။ ခုငွေတာရီကိစ္စကိုလည်း ကိုကို ကြီးကြီးနဲ့ အပြတ်ရှင်းရမယ်"

ကိုကို့စကားကြောင့် မိုးလေး စိုးရိမ်သွားမိတာအမှန်။ ကိုကိုနှင့် ကြီးကြီးတို့ ပြဿနာမဖြစ်စေချင်ပါ။ အထူးသဖြင့် မိုးလေးကြောင့် ဘာပြဿနာမှ မဖြစ်စေချင်တာ အမှန်။

"ကြီးကြီးနဲ့ ဘာပြဿနာမှ မဖြစ်ပါစေနဲ့ ကိုကိုရယ်နော် မိုးလေး တောင်းပန်ပါတယ်"

"မဟုတ်သေးဘူးလေ မိုးလေးရဲ့၊ ပြဿနာကို စောစောစီးစီး ရှင်းတာပိုကောင်းတာပေါ့၊ ငွေတာရီနဲ့ ကိစ္စကို ကိုကိုလက်မခံဘူးလို့ အပြတ်ပြောပြီးပြီလေ၊ ကြီးကြီးဖွတ်စီစဉ်လာရင် ပိုရှုပ်ထွေးကုန်မယ်"

ကိုကိုရှင်းပြတာကို မိုးလေး လက်ခံရမှာပဲဖြစ်သည်။ ကြီးကြီးအကြောင်း မိုးလေးသိသည်။ ကိုကိုနှင့် မမငွေတာရီကို သဘောတူနေတာကို ဘာအကြောင်းနှင့်မှ ကြီးကြီးအပျက်ခံမည် မဟုတ်ပါ။

မိုးလေးကြောင့် ကိုကိုက ငွေတာရီကို ငြင်းဆိုတာဟုဆိုလျှင် ကြီးကြီး တော်တော် ဒေါသဖြစ်မှာသေချာ၏။

"ကိုကိုက ဘယ်လိုရှင်းမှာလဲဟင်၊ မိုးလေးတို့ကိစ္စကို အသိပေးလိုက်လို့ လုံးဝမဖြစ်ဘူး ထင်တယ်"



www.burmeseclassic.com

"ကိုကို သဘောပေါက်ပါတယ် မိုးလေးရယ်၊ အရင်ဆုံး ငွေတာ ရီနဲ့ အစီအစဉ်ကို ကြီးကြီးရှေ့မဆက်အောင် စီစဉ်မှာပါ၊ ပြီးမှ မိုးလေး ကိုကိုတို့ကိစ္စကို ညှိနှိုင်းယူမယ်"

ကိုကိုဆိုသလို လွယ်ကူမည်ဟု မိုးလေး မထင်ပါ။ မမငွေတာ ကိစ္စကို ကိုကိုငြင်းလို့ရသည်ထားဦး မိုးလေးကို လက်ထပ်ဖို့တော့ ကြီးကြီး လုံးဝခွင့်ပြုမှာမဟုတ်။

"မိုးလေးက မလွယ်ဘူးတွေးနေသလား ကိုယ် ဒီကိစ္စကို မေမေ ကို အရင်ဖွင့်ပြောမှာ မေမေကကိုယ်နဲ့ မိုးလေးကို ငြင်းပယ်မှာ မဟုတ် ဘူး၊ နောက်ဆုံး ကြီးကြီးလက်မခံရင်တောင် ကိုယ်နဲ့မေမေက မိုးလေး ဘက်မှာရှိတယ်ကွာ"

"မိုးလေး လက်ဖမိုးလေးကို ဆုပ်ကိုင်ရင်း ကိုကို ဆိုတော့ မိုးလေး ဘာမှမဆိုနိုင်ဘဲ ကိုကို့ရင်ခွင်မှာ ခေါင်းလေးမှီထားမိသည်။

"မိုးလေးကို ကိုကို သိပ်ချစ်တယ် ကလေးရယ်"

လေသံတိုးတိုးလေးနှင့် ကိုကိုနားနားကပ်ပြောတော့ မိုးလေး ရင်ထဲမှာ ကြည်နူးခြင်းတို့ လှိုင်းခတ်သွားရ၏။

နဖူးပေါ်က ဆံနွယ်တွေကို ကိုကိုက လက်ချောင်းလေးတွေနှင့် သပ်တင်ပေးပြီး နဖူးမှာ အနမ်းပွင့်လေးခြွေတော့ မျက်ဝန်းလေးတွေ မှေးမှိတ်သွားခဲ့သည်။

ဖြူစင်သော အနမ်းတစ်ပွင့်ထက် ကိုကို့ရဲ့ယုယကြင်နာမှု မပိုခဲ့ပါ။

ဘယ်တော့မှ မိုးလေးကို အခွင့်အရေးမယူတတ်သော ကို





ရဲ့ သိက္ခာနှင့်ချစ်ခြင်းကို ပိုလို့မြတ်နိုးတန်ဖိုးထားရပါသည်။

ကိုကို့ကိုလည်း မိုးလေး ထပ်တူချစ်ရပါတယ် ကိုကိုရယ်။ ကြမ္မာကြောင့် ဝေးကွာခဲ့လျှင်တောင် ကိုကို့ကို ချစ်တဲ့နှလုံးသားကို လေး တစ်သက်တာ သိမ်းဆည်းထားမှာပါ ကိုကိုရယ်။

■ ■ ■

"ဘုရား ဘုရား"

ဒေါ်စိန်စိန် နှုတ်က အလန့်တကြား ရေရွတ်မိသလို လက်နှစ် က်ကလည်း ရင်ဘတ်ကို ဖိထားလိုက်ရသည်။

ခြံထဲက မီးရောင်မှိန်မှိန်အောက်မှာ မြင်နေရသည့် မြင်ကွင်းက င်ဝကို ထုရိုက်ခံလိုက်ရသလို ဆို့သွားစေသည်။

သားနှင့်မိညို့ အခြေအနေက ဒီအခြေအနေထိတောင် ရောက် နေပြီလား။ ဒါ သူမ ဘယ်လိုမှ မျှော်လင့်မထားသော မြင်ကွင်း။

အံ့သြတုန်လှုပ်စိတ်နှင့် ကြည့်နေတုန်းမှာ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်လျက် အိမ်ဘက်ကိုလျှောက်လာ ကြသည်။

အိပ်မပျော်တာကြောင့် ဝရန်တာလေးမှာ ထွက်ရပ်မိသော သူမကို မမြင်နိုင်အောင် ဖြစ်နေလိုက်ကြတာ။

အံကိုတင်းတင်းကြိတ်ထားရင်း ဒေါ်စိန်စိန် အသားတွေ တ ဆက်ဆက်တုန်ယင်လာသည်။ ဒေါသစိတ်အတိုင်းဆိုလျှင် သားရင်ခွင် ထဲက မိညို့ကို စိတ်ရှိလက်ရှိ ရိုက်နှက်ကာ အိမ်ထဲက ချက်ချင်းမောင်း ထုတ်ပစ်လိုက်မိမှာ။

www.burmeseclassic.com



ဒါပေမဲ့ ဒေါ်သတွေကို မျိုသိပ်ရင်း စိတ်ကိုထိန်းချုပ်ထားလိုက်ရသည်။

ဒီလိုအချိန်မှာ စိတ်ရှိတိုင်းသာ ရင်ဆိုင်ရှင်းလျှင် အခြေအနေတွေက ပိုဆိုးလာတော့မှာ သေချာ၏။ မိညိုအပေါ်မှာ သားနှင့်မေလေးက ရှိနေတာ သူမ ကောင်းကောင်းသိသည်။

အံကိုတင်းတင်းကြိတ်ကာ အခန်းထဲပြန်ဝင်ခဲ့ရပေမယ့် ဒေါသစိတ်ကြောင့် တုန်ယင်နေသော အသားတွေက တဆတ်ဆတ်။

ခုတင်ကြီးမှာ ဝင်ထိုင်ရင်း ဒေါ်စိန်စိန် ငူငူကြီးဖြစ်နေတာက စက္ကန့်အတော်ကြာသည်။

မျက်ဝန်းထဲမှာ မြင်ခဲ့တွေ့ခဲ့ရသော မြင်ကွင်းက ဘယ်လိုမှ ပျောက်ပျက်သွားမှာ မဟုတ်ပါ။

ဒီအခြေအနေမျိုး ဖြစ်လာမှာကို ဟိုးအရင်ကတည်းက သူမ စိုးရိမ်ခဲ့သည်။ ဒါကြောင့်လည်း ဂရုစိုက်စောင့်ကြည့်ခဲ့သည်။

မိညိုနှင့် ပန်းတိုင်ကိုခွဲကြားတော့မှ စိုးရိမ်စိတ်တွေ ပြေပျောက်ရသည်။ အခုတော့ မိညို ဖမ်းစားထားတာက မောင်ပန်းတိုင် မဟုတ်တဲ့ သားကိုဖြစ်နေခဲ့ပါလား။

မောင်ပန်းတိုင်နှင့်ဟာ သူ့ကိုအာရုံပျက်ပြားအောင်ပဲ လုပ်ခဲ့ကြတာလား။ ဒီအခြေအနေတွေကို သိသွားပြီး မောင်ပန်းတိုင် နောက်ဆုတ်သွားတာလားတော့ မသိပါ။

မိညိုကော သားပါ သူ့ကို သိုဝှက်လှည့်စားနေကြတာတော့ သေချာသည်။



သားကို အပိုင်ချည်ထားနိုင်သည့် မိညို မောင်ပန်းတိုင်ကို ငြင်းမည်ပေါ့။ သားကလည်း ငွေတာရီလေးကို ခါးသီးနေတာ မိညိုရဲ့ ဩတ်ကွင်းမှာမိနေတာကြောင့်မှန်း အခုမှ သူမ သိတော့သည်။

"တောက်"

တွေးရင်း ဒေါသက ဆူဝေလာသလို စိုးရိမ်ပူပန်စိတ်တွေကလည်း ရင်ထဲမှာ ပူလောင်လာ၏။

မဖြစ်နိုင်။ ဒီလိုအခြေအနေကို ဘယ်နည်းနှင့်မှ အရောက်မခံနိုင်ပါ။ ငယ်ငယ်ကတည်းက ဒီအရွယ်ထိ သားအရင်းလို ဂရုစိုက်ပြုစုခဲ့ရသော သားလေး အလင်းဗိမာန်ကို မိညိုလိုမိန်းမနှင့် လုံးဝသဘောမတူနိုင်ပါ။

သနားလို့ မေလေးတို့ မွေးစားခဲ့ပေမယ့် မိညိုအဆင့်အတန်းက သားလေးနှင့် သွေးရောစရာမဟုတ်။

တွေ့ကြသေးတာပေါ့ မိညိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

အခုတလော ကြီးကြီးရဲ့ဆက်ဆံမှုတွေ မိုးလေးအပေါ်မှာ ဘာကြောင့် ပြောင်းလဲသွားသည်မသိပါ။

"ဟဲ့ မိညို နင် မေလေးအနားမှာပဲအမြဲနေပါ၊ မေလေးကို တစ်ယောက်တည်းထားပြီး ဘာအလုပ်မှမရှိဘဲ အပြင်ထွက်မလာနဲ့"

"ရှင် ဟို မေမေအိပ်နေလို့ပါ ကြီးကြီး"

"အိပ်နေရင် နင်လည်း နင့်အခန်းပြန်အိပ်၊ ဘယ့်နှယ်တော် မနက်ဆို သနပ်ခါးအမွှေးသားနဲ့ ကော်ဖီခန်းထဲ ဝေ့လည်လည်၊ ညနေဆိုလည်း သနပ်ခါးပါးကွက်နဲ့ ဧည့်ခန်းမှာယောင်တောင်တောင်၊ ဒါ ဘာသဘောလဲ ငါလုံးဝမကြိုက်ဘူး"

"မိုးလေး ကူလုပ်ပေးစရာလုပ်ပေးဖို့ပါ ကြီးကြီးရယ်"





"ဘာမှကူလုပ်စရာမလိုဘူး၊ နင့်တာဝန်က မေလေးအတွက်ပဲ၊ ဒါမခေါ်ဘဲ မနိုင်းဘဲ ဘာမှမလုပ်နဲ့၊ အေး ညဆိုလည်း စောစောအိပ်ပါ"

"ဟုတ်ကဲ့ ကြီးကြီး"

ကြီးကြီး၏ပြောင်းလဲသွားသော အမူအရာတွေကြောင့် မိုးလေး မိုးကြောက်မိသည်။ ကိုကိုနှင့်မိုးလေးကို မဆုံစေချင်တာလားဟုတောင် သံသယဖြစ်မိသည်။

မိုးလေးတို့အခြေအနေကို ကြီးကြီးသိသွားမှာ အရမ်းကြောက်ပါသည်။ ဒါပေမဲ့ သိသွားလျှင်လည်း ကြီးကြီး ချက်ချင်းပြဿနာရှာမှာ သေချာ၏။

ဘာပဲဖြစ်ဖြစ် ကြီးကြီးရှေ့မှာ အနေအထိုင် ဆင်ခြင်ဖို့ မိုးလေး သတိထားလိုက်ပါသည်။

"ညဘက် ခြံထဲမှာမတွေ့တာ ကောင်းမယ် ကိုကို"

"ဟင် ဘာဖြစ်လို့လဲ မိုးလေးရဲ့"

"ကြီးကြီးရိပ်မိမှာစိုးလို့ပါ ကိုကို၊ ဟိုလေ အခုတလော မေမေလည်း သိပ်နေမကောင်းတော့ ကြီးကြီးအရင်လိုမဟုတ်ဘဲ မေ့မေ့အခန်းကို ခဏခဏလာတတ်တယ်၊ မိုးလေးကို အခန်းထဲမှာမတွေ့ရင် ရိပ်မိသွားမှာမို့ပါ"

တကယ်လည်း ညဘက်တွေမှာ ကြီးကြီး အချိန်မတော် မိုးလေး အခန်းတံခါးကို ခေါက်ကာ လာနှိုးတတ်တာကြောင့် မိုးလေး သိပ်စိုးရိမ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ကိုကိုနဲ့မိုးလေးတို့ဘဝကလည်း တကယ်မလွယ်ပါလား ကွာ"

"ကိုကိုရယ် ကြီးကြီးကိုတော့ မိုးလေးတို့ ဂရုစိုက်ရမယ်လေ ပြီးတော့ အခုတလော မေမေ့ရဲ့ကျန်းမာရေးကလည်း သိပ်မကောင်းဘူး မဟုတ်လား"

ဗိမာန် ပင့်သက်ကြီးရှိုက်မိသည်။ မိုးလေး ပြောတာလည်း မမှားပါ။

မေမေ့ကျန်းမာရေးက ဒီရက်ပိုင်းမှာ သိပ်မကောင်းပါ။ မိသားစု ဆရာဝန်ကြီးက နှစ်ရက်တစ်ခါလောက် လာကြည့်ရှုပေးနေရသည်။

"အင်း မေမေ့အနားမှာလည်း မိုးလေးရှိနေလို့ပေါ့ကွာ၊ မေမေ နေမကောင်းတာတောင် ကိုကို ဂရုမစိုက်နိုင်ဘူး၊ ဒီရက်မှာ အလုပ်တွေ တအားရှုပ်နေတာ"

"မေမေ့အတွက် စိတ်ချပါ ကိုကို၊ မိုးလေး ဂရုစိုက်ပေးပါတယ်"

"မိုးလေးကို ကိုကိုစိတ်ချပါတယ်၊ မိုးလေး အံရှုံ့မပင်ပန်းအောင် တာလည်း ကိုကိုသိတာပေါ့၊ မိုးလေး မျက်နှာလေးတောင် ချောင်ကျ သွားတယ်"

မိုးလေးမျက်နှာလေးကို ငေးစိုက်ကြည့်ရင်း သူ ပြောမိသည်။ မေမေ့ကို အရင်ကထက် ပိုဂရုစိုက်နေရသော မိုးလေးခမြာ ညစဉ်အိပ် ပျက်မှာလည်း သေချာသည်။

စိတ်သွားတိုင်း ကိုယ်မပါရသည့်အထဲ မေမေ့မှာနှလုံးနှင့်သွေး





ဝင်လာသည်ဆိုတော့ အားလုံး မေမေ့အတွက် စိုးရိမ်နေကြရသည်။

ဒီလိုအခြေအနေတွေမှာ သူနှင့်မိုးလေးကိစ္စ မေမေ့ကိုဖွင့်ပြော ဖို့လည်း နောက်ဆုတ်ထားရ၏။

"ကိုကို မိုးလေးသွားမယ်နော်"

ဘုရားပန်းတွေ တပွေ့တပိုက်ခူးပြီးသွားသည့် မိုးလေးပြောတော့ သူ ခေါင်းလေးညိတ်ပြမိသည်။

အိမ်ထဲကို ခပ်သွက်သွက်ခြေလှမ်းတွေနှင့် ဝင်သွားသော မိုး လေးကိုငေးကြည့်ရင်း သူ ကျန်ရစ်ခဲ့ရသည်။

သနားစရာ မိုးလေးခမြာ ကြီးကြီးနှင့်ပတ်သက်ပြီး အရာရာ ကို ကြောက်လန့်နေရရှာတာမြင်တော့ သူ စာနာမိပါသည်။

မေမေ့ကျန်းမာရေး ပြန်ကောင်းလာလျှင်တော့ မိုးလေးနှင့်သူ့ ကိစ္စကို အကောင်အထည်ဖော်ရမည်။ လတ်တလောမှာတော့ မေမေ့ ကျန်းမာရေးကြောင့်ပဲ ကြီးကြီးလည်း ငွေတာရီအကြောင်းတွေ သူ့ကို ပြောနိုင်ရှာပါ။

အရင်လို ငွေတာရီမိဘတွေထံသွားတာလည်း ကြီးကြီး မလုပ် နိုင်ပါ။ ဖုန်းနှင့်တော့ စကားတွေပြောကြမည်လားမသိ။

ဘာပဲဖြစ်ဖြစ် ကြီးကြီးဘက်က ခြေလှမ်းတွေ တုံ့နှေးနေတာ လည်း ကောင်းပါသည်။

တစ်ခါတစ်ခါတော့ သူ ဆုတောင်းမိသည်၊ ကြီးကြီးသာ မိုးလေး အပေါ်အမုန်းတွေ ကင်းစင်နေလျှင် ဘယ်လောက်ကောင်းမည်လဲ။

www.burmeseclassic.com



ပျော်စရာမိသားစုဘဝလေးမှာ ကြီးကြီးကိုယ်တိုင်ပါဝင် နေလျှက်တော့..။

ကိုကိုတို့ဘဝလေး သောကကင်းပြီ မိုးလေးရယ်။

■ ■ ■

ဗျူး ၀၁၆၀

## အခန်း (၃၂)

ကိုကို့အခန်းလေးထဲကို မိုးလေး ဝင်လိုက်သည်နှင့် ကိုကို့ရဲ့ ကိုယ်သင်းရနံ့လေးတွေကို ရှူရှိုက်ရသလို ခံစားရ၏။

ကိုကို့ရင်ခွင်ထဲမှာ နိုဝင်မိတိုင်း မိုးလေး ရင်ခုန်နှစ်သက်ခဲ့ရသော ကိုကို့ကိုယ်သင်းရနံ့လေးတွေကို မမေ့သေးပါ။

ခုတင်ပေါ်က မသိမ်းဆည်းရသေးသော ခြုံစောင်တွေ၊ ဖက်ခေါင်းအုံးတွေကို ကျော်ကာ ခုတင်ဘေးက စားပွဲလေးဆီ ကြည့်မိတော့ ကိုကို့ဓာတ်ပုံလေးက မိုးလေးကို ပြုံးပြနေသည်။

စားပွဲလေးဆီလှမ်းခဲ့ကာ ဓာတ်ပုံလေးကို မိုးလေး လှမ်းယူလိုက်မိသည်။

ချောမွေ့ရှင်းသန့်စွာ ချောမောလွန်းသည့် ကိုကို့ဓာတ်ပုံလေးကို မိုးလေး နမ်းရှိုက်လိုက်မိသည်။

ဗျူး ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"မိညို"

"အမေ့"

စူးစူးရှရှ ကြားလိုက်ရသော ကြီးကြီး အသံကြောင့် မိုးလေး ခန္ဓာကိုယ်လေးတောင် ဆတ်ခနဲ တုန်သွားခဲ့သည်။

မိုးလေး လှည့်အကြည့်မှာ အခန်းဝမှာရပ်နေသည့် ကြီးကြီး မျက်နှာက မာကြောခက်ထန်လျက်။ မိုးလေးဆီ လျှောက်လာ၏။

"ညည်း ဘာလုပ်နေတာလဲ"

"ဟို ဟို ကိုကို့ရဲ့အိပ်ရာတွေ သိမ်းဆည်းပေးမလို့ပါ ကြီးကြီး"

"ဘာ သားအခန်းထဲ နင်မဝင်ရဘူးလေ၊ ငါ မမော်ကိုပဲ ခိုင်းထားတာ"

"မမော် နေမကောင်းလို့ပါ၊ ဒါကြောင့် မိုးလေး ဝင်ရှင်းပေးတာပါ ကြီးကြီး"

ဖြေရှင်းပြနေမိသော မိုးလေးအသံတွေ တုန်ခါနေသည်။ လက်ထဲမှာ ကိုင်ထားဆဲ ကိုကို့ဓာတ်ပုံလေးကို ကြီးကြီး ဆတ်ခနဲ ဆွဲယူသွားခဲ့သည်။

"မိညို ညည်းကိုယ်ညည်း လည်လှပြီထင်နေသလား"

"ရှင်"

"ငါ့ကိုအရူးလုပ် လိမ်ညာနေတာ ငါ မသိဘူးမှတ်နေသလား မိညို"

"ရှင် မိုး မိုးလေး ကြီးကြီးကို ဘာမှမညာပါဘူးရှင်"

"တော်စမ်း မိညို ငါ့ကို ညည်းတို့က လှျော့တွက်နေတာလား





ညည်းနဲ့သား ဘယ်အခြေအနေရောက်နေသလဲဆိုတာ ငါသိတယ် မိညို"

ဒေါသရောင်စဉ်တွေ ဖြာနေသော ကြီးကြီး မျက်ဝန်းတွေကို ကြည့်ရင်း မိုးလေး တုန်လှုပ်သွားမိသည်။ မိုးလေးနှင့်ကိုကို့အဖြစ်ကို ကြီးကြီး သိနေသည်လား။

"ညည်း ဘာညာဦးမလဲ၊ ညည်းက မောင်ပန်းတိုင်ကို ဘယ်စိတ်ဝင်စားမှာလဲ၊ ငါ့သားလေးကို အပိုင်ဖမ်းထားပြီကို။ ဒီမှာ မိညို သားအလင်းဇိမာန်ကို ညည်းနဲ့ငါက သဘောတူမယ်ထင်နေသလား"

"မမစိန်"

အခန်းဝမှာ ဗိုးခြုံလ်လေးနှင့် ပေါ်လာသော မေမေ့ခေါ်သံကြောင့် ကြီးကြီး လှည့်ကြည့်၏။ မေမေ့အကြည့်တွေက မိုးလေးကိုလှမ်းကြည့်ရင်း

"မေမေ အားလုံးကြားတယ် သမီး၊ သားနဲ့သမီးတို့ တကယ်နစ်သက်နေကြတာလား"

မေမေ့အမေးကို မိုးလေး မဖြေရဲပါ။ ကြောက်စိတ်၊ ရှက်စိတ်တွေနှင့် မျက်ရည်တွေ စီးကျလာဆဲ။

"ဟုတ်တယ် မေလေး ညဘက် ပန်းခြံထဲမှာ ချိန်းတွေ့နေကြတာ ငါ့မျက်စိနဲ့တပ်အပ်မြင်တာ၊ ဘယ့်နှယ်ရှိစ သနားလို့ ခေါ်မွေးထားတဲ့ ညည်းမွေးစားသမီးက သားကိုအပိုင်ဖမ်းလိုက်ပြီလေ"

ဒေါ်စိန်စိန် မဲ့ကာရွဲ့ကာနှင့် ပြောနေတာကို ဒေါ်ခင်မြတ်မေက ဒေါသကင်းစင်သော အကြည့်တွေနှင့် စိုက်ကြည့်ရင်း

"ဒါ ဝမ်းသာစရာကိစ္စပါ မမစိန်"

"ဘာ ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီးလေးကို မောင်ပန်းတိုင် လက်ထဲထည့်လိုက်ရမယ်ဆိုတုန်းက မေ အရမ်းနှမြောခဲ့ရတာပါ၊ မေ့စိတ်က ရည်ရွယ်ထားခဲ့တာ သားနဲ့သမီးကို ဒီအိမ်ကြီးမှာ ဥမကွဲသိုက်မပျက် တစ်သက်လုံးရှိစေချင်တာပါ"

"ဘာ မဖြစ်နိုင်တာ၊ ငါ့သားကို မိညို့လိုမိန်းမနဲ့ ပေးစားရမှာလား၊ မဖြစ်နိုင်ဘူး"

ကြီးကြီး လက်မခံနိုင်စွာ ခါးခါးသီးသီး အော်ပစ်သည်။ မေမေ့ကိုလည်း အံ့သြမယုံနိုင်သော မျက်ဝန်းတွေနှင့် စိုက်ကြည့်ရင်း

"မေလေး ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သားကို ငွေတာရီနဲ့ စိစဉ်နေတာ"

"မဟုတ်သေးဘူး မမစိန်၊ သမီးလေးက ဘာများချွတ်ယွင်းချက်တွေရှိနေလို့လဲ"

"ချွတ်ယွင်းချက် ဟုတ်လား၊ သားအလင်းက မိဘမဲ့ အဆင့်အတန်းမရှိတဲ့ ထိုက်တန်တဲ့သူ မဟုတ်ဘူး"

"မမစိန်ရယ် သမီးလေးကို ဒီလိုမပြောပါနဲ့၊ သမီးလေး တကယ်ဖြူစင်ရိုးသားတဲ့သူလေးပါ"

"ဘာ ဖြူစင်တယ်၊ နင်တို့ အဲဒီလို ပစားပေးထားလို့ သား အပိုင်သိမ်းပြီး အိမ်ကြီးရှင်ဖြစ်ဖို့ မှန်းနေတာ၊ ဟဲ့ မိညို ညည်း အ ချက်ချင်း အိမ်ပေါ်ကဆင်းသွားတော့"

ကြီးကြီးဒေါသ မြားဦးက မိုးလေးဘက် ဦးလှည့်လာသည် မိုးလေး မျက်ရည်လေးဝဲကာ တရှုံ့ရှုံ့ငိုနေတော့



"ကျက်သရေမရှိ ငိုမနေနဲ့၊ ညည်းကို ဒီအိမ်မှာ ငါ တစ်စက္ကန့်တောင် မမြင်ချင်ဘူး"

"မမစိန်"

မေမေ အော်ဟစ်တားမြစ်တော့ ကြီးကြီး တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ မိုးလေးလက်ကို ဆောင့်ဆွဲ၏။

"လာ ဂြိုဟ်ကောင်မ၊ ဒီမှာ ညည်းမရှိမှဖြစ်မှာ"

"မိုး မိုးလေးတောင်းပန်ပါတယ် ကြီးကြီး အဟင့်"

အော်ဟစ်သံတွေ ငိုသံတွေကြောင့် မမော်နှင့်ဒေါ်ရွှေပါ အပြေးရောက်လာကာ မျက်နှာငယ်လေးတွေနှင့် ရှိနေကြသည်။ မိုးလေးကို ဘယ်သူမှ မကာယ်နိုင်ကြပါ။

"ငါ့ကို မျက်ရည်ခံမထိုးနဲ့ လာစမ်း"

"မ မမစိန်၊ သမီးလေးကို မ မလုပ်"

"ဟင် အန်တီမေ အန်တီမေ"

"မမေလေး လုပ်ပါဦး မမစိန်"

မမော်နှင့်ဒေါ်ရွှေတို့ အော်သံတွေကြောင့် မိုးလေးကော ကြီးကြီး ပါ လှည့်ကြည့်မိသည်။

"ဟင် မေမေ"

ဗိုးချဲလ်လေးပေါ်မှာ ခေါင်းငိုက်စိုက်ကျုံးကျ ငြိမ်သက်နေသော မေမေ့ကို ဒေါ်ရွှေတို့ ဖေးမထိန်းကိုင်ထားတာမို့ မေမေ မြို့လဲပြုတ်မကျခြင်းဖြစ်သည်။

ကြီးကြီးမျက်နှာလည်း သွေးပျက်ချောက်ချားသွားခဲ့ကာ

www.burmeseclassic.com

www.burmeseclassic.com



"မေလေး မေလေး ဟဲ့ ဖုန်းဆက် ဒေါက်တာရွှေအောင်ဆီ ဖုန်းဆက်ကြပါဟဲ့"

မိုးလေး ပြေးကာထွေးပွေ့ထားသော မေမေ့ခန္ဓာကိုယ်လေးက နွေးထွေးနေဆဲ။ ဒါပေမဲ့ မိုးလေးတို့အနားမှာ ရှိနေတာကို မေမေ သိနိုင်မည်မထင်ပါ။

"မေမေ ဘာမှမဖြစ်ပါစေနဲ့ အရှင်ဘုရား"

မိုးလေး မျက်ရည်တွေကြားက ဆုတောင်းရင်း မေမေ့ခန္ဓာကိုယ်လေးကို ထွေးပွေ့ထားမိဆဲ။

■ ■ ■

"မေမေ့ကို မကယ်နိုင်တော့ဘူးလား ကိုကိုရဲ့ အဟင့် ဟင့် မေမေ မေမေ"

ဗိမာန် ခန္ဓာကိုယ်ကို ဆုပ်ကိုင်လှုပ်ယမ်းကာ မိုးလေး မချိတင်ကဲ ရှိုက်ငိုနေသည်။

ကြီးကြီးလည်း မေမေ့အလောင်းကိုကြည့်ကာ မျက်နှာကိုလက်နှစ်ဖက်အုပ် ရှိုက်ငိုနေခဲ့၏။

မေမေ့အတွက် ဒေါ်ရွှေကော မိမော်အပါအဝင် အားလုံး မျက်ရည်တွေ ဖြေမဆည်နိုင်ခဲ့ကြပါ။ သူကိုယ်တိုင်လည်း ရှိုက်သံမဲ့မျက်ရည်တွေနှင့် မေမေ့ကိုစိုက်ကြည့်နေမိသည်။

ကြီးကြီး ဖုန်းဆက်တာကြောင့် သူ အိမ်ကိုအမြန်ပြန်ခဲ့ချိန်မှာ မေမေ့အသက်ကိုတောင် မမီတော့ပါ။

ရုတ်တရက် နှလုံးရောဂါဖောက်ကာ မေမေ ဆုံးပါးရခြင်းဟု ဆရာဝန်ကြီးက မှတ်ချက်ပေးသည်။



မေမေ လောကကြီးထဲက လျင်မြန်စွာ ထွက်ခွာသွားမည်ဟု သူ ဘယ်တုန်းကမှ တွေးမထားခဲ့မိပါ။

အခုတော့ မေမေချစ်သောသူတွေကို ထားရစ်ခဲ့ပြီ။

ကြီးကြီးနှင့်မိုးလေးတို့ ရှိုက်ငိုသံတွေ အခန်းထဲမှာ ပဲ့တင်နေသည်။

အားလုံးကို စွန့်ခွာကာ မေမေကတော့ ဖေဖေ့နောက်ကို လိုက်ပါသွားခဲ့ပြီ။ သူနဲ့မိုးလေးကို မေမေ စိတ်ချစွာ ကြီးကြီးလက်မှာ အပ်နှံသွားခဲ့တာလား။

ရှေ့ဆက်ရင်ဆိုင်ရမည့်အကြောင်းတွေကို လတ်တလောမှာ သူ ဘာမှမတွေးနိုင်ပါ။

မေမေ့အတွက် ဝမ်းနည်းပူဆွေးမှုတွေနှင့် ရင်ခွင်တစ်ခုလုံး ဟာလာဟင်းလင်း။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဗျာ မိုးလေး ထွက်သွားပြီ ဟုတ်လား ကြီးကြီး"

"ဟုတ်တယ် သား၊ ထွက်သွားတာမှ ဒင်းက အပိုင်လုပ်သွား တာလေ၊ သားမေမေရဲ့လက်ဝတ်ရတနာတွေကို ခိုးယူပြီးထွက်သွားတာ"

"မဟုတ်တာ မဖြစ်နိုင်ဘူး ကြီးကြီး"

သူ ဘယ်လိုမှ လက်မခံနိုင်စွာ ငြင်းဆိုမိတော့ ကြီးကြီးကလည်း

"ဘာကိုမဖြစ်နိုင်ဘူးလို့ သားကပြောချင်တာလဲ၊ မိညိုက အခု အိမ်မှာမရှိတော့ဘူး။ သားမေမေရဲ့ လက်ဝတ်ရတနာတွေလည်း မရှိတော့ ဘူး၊ မေလေး မရှိတော့ဘူးဆိုတော့ သူ အားကိုးမရှိတော့ဘူးလို့တွက်ပြီး လုပ်ချင်တာလုပ်သွားတာပဲ ဖြစ်မှာပေါ့"

သူ လုံးဝမယုံကြည်ပါ။ ဒါ ကြီးကြီးရဲ့စနက်ဟု သိနေသည်။ ကြီးကြီးရှေ့မှာ ရှိုရှိုလေးရပ်နေကြသော ဒေါ်ရွှေနှင့် မမော်တို့တွေလည်း





ဘာတစ်ခွန်းမှ ဝင်မပြောကြဘဲ ခေါင်းလေးတွေ ငုံ့နေကြသည်။

"မိုးလေးက အိမ်ကထွက်သွားစရာအကြောင်းမရှိဘူး ကြီးကြီး၊ ဒီအရိပ်မှာ ဟိုးငယ်ငယ်ကတည်းက မိုးလေး နေထိုင်ခဲ့တာပါ၊ မေမေ့ကို သိပ်ချစ်ပြီး အနီးကပ်ပြုစုပေးနေတဲ့ မိုးလေးက အခု မေမေရဲ့ရက်လည် တောင်မပြီးသေးဘဲ အိမ်ကထွက်သွားတယ်ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်စရာ မရှိဘူး"

"ဩော် ခက်ပါလား သားရယ်၊ ထွက်သွားလို့ပဲ အိမ်မှာမရှိ တော့ဘူးလေ၊ ဒီကောင်မ သန္ဓေမကောင်းဘူးဆိုတာ အိမ်စရောက်က တည်းက ကြီးကြီး သိနေတာ၊ ကြီးကြီး မျက်နှာသာမပေးလို့ တော်နေတာ၊ သားမေမေကတော့ သနားလို့အလိုလိုက်ထားတာလေ၊ အခုတော့ သူ အားကိုးစရာမရှိမှန်းသိတော့ ရနိုင်တာခိုးပြီး ထွက်သွားတာပေါ့"

ကြီးကြီးကတော့ မဖြစ်နိုင်တာကိုပဲ ဖွတ်ပြောနေသည်။ ဒီအချိန် မှာ ကြီးကြီးကို သူ ဘယ်လိုမှ အတိုက်အခံပြု ယှဉ်ပြောလို့မရဘူးဆိုတာ နားလည်နေသည်။

ဒါကြောင့်လည်း ဘာမှမပြောတော့ဘဲ သူ ချာခနဲ လှည့်ထွက် ခဲ့လိုက်သည်။

"သား သား"

နောက်က ကြီးကြီးခေါ်နေတာကိုလည်း သူ လှည့်မကြည့်ခဲ့ပါ။ ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီရောက်တော့ ကားတံခါးဖွင့် ကာ တက်လိုက်သည်။

"သား ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မိုးလေးကို မတွေ့တွေ့အောင်ရှာမယ် ကြီးကြီး"

စကားအဆုံးမှာ သူ ကားကိုမောင်းထွက်ခဲ့လိုက်သည်။ အနောက်က ကြီးကြီးခေါ်သံတွေက ကားစက်သံတွေနှင့် လုံးထွေးကျန်ရစ်ခဲ့၏။

ဘယ်ဆီကိုဟု ဦးတည်ရာ ရည်ရွယ်ချက်မရှိသော ကားလေးပေါ်မှာ သူ ရင်တွေပူလောင်လှုန်းနေသည်။

ကြီးကြီး သိပ်ရက်စက်လွန်းသည်။

မိုးလေးကို ကြီးကြီး အိမ်ကမောင်းထုတ်ပစ်လိုက်တာပဲဖြစ်မည်။ ကြီးကြီး မိုးလေးအပေါ် တစ်ခုခု စိမ်မှာကို သူသိတော့ သိနေ၏ ဒါပေမဲ့ မေမေ့အရေးကိစ္စတွေ ပြီးပြတ်မှ မိုးလေးကိစ္စကို သူ စီစဉ်မည်ဟု ဆုံးဖြတ်ထားခဲ့၏။

အခုတော့ ကြီးကြီးက လက်ဦးသွားခဲ့ပြီ။

ကြီးကြီး သိပ်ကိုရက်စက်လွန်းသည်။ မိုးလေးအပေါ်မှာ ဘာကြောင့် အမုန်းတရားတွေ သိပ်ကြီးမားနေခဲ့တာလဲ ကြီးကြီးရယ်။

"ပွမ် ပွမ်"

စူးရှကျယ်လောင်သော ကားဟွန်းသံရှည်ကြီးကြောင့် သတိကင်းလွတ်နေသော သူ့အသိတွေ ပြန်စုစည်းမိလိုက်ပေမယ့်

"ဟာ"

မျက်နှာချင်းဆိုင်က မြင်လိုက်ရသော ကားကြီးဦးခေါင်းပိုင်းက သူ့ရှေ့တည့်တည့်မှာ။

ရှောင်တိမ်းမရနိုင်တော့ဟု သိလိုက်ခြင်းနှင့်အတူ ကားစတီယာရင်ဘီးကို သူ ဆွဲကွေ့ချပစ်လိုက်သည်။



အထိန်းအကွပ် ကင်းမဲ့သွားသော ကားက လမ်းဘေးဓာတ်တိုင်ကြီးဆီ ဦးတည်သွားခဲ့ကာ

"ဒုန်း"

"ခွမ်း"

ပြင်းထန်သော နာကျင်မှုတွေက အသိတရားအားလုံးကို အမှောင်တိုက်ထဲ ပို့ဆောင်ပစ်လိုက်ချိန်မှာတော့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

''သား သားလေး သတိရလာပြီလားဟင်''

သူ အသိတရားတွေ ပြန်နိုးထလာလာခြင်း ကြားလိုက်ရတာ ကြီးကြီး၏စိုးရိမ်တကြီး မေးသံကိုပဲဖြစ်သည်။

မျက်ဝန်းတွေကို ဖြည်းညင်းစွာဖွင့်ကြည့်တော့ မျက်ရည်စတွေ နှင့်ကြီးကြီးမျက်နှာ။

''သားရယ် မသေကောင်း မပျောက်ကောင်းကွယ်''

ကြီးကြီး သူ့ပခုံးကိုဆုပ်ကိုင်ရင်း ငိုသံနှင့်ရေရွတ်နေ၏။ သူ မျက်နှာတစ်ခုလုံး တင်းတင်းကြပ်ကြပ် ဖြစ်နေတာကြောင့် နေရတာ တစ်မျိုးကြီး ဖြစ်နေသည်။

''သားမျက်နှာ ဘာဖြစ်နေတာလဲ ကြီးကြီး''

''ဘာမှမဖြစ်ပါဘူး သားရယ်၊ ပတ်တီးစည်းထားရလို့ပါ''



ကြီးကြီးနှစ်သိမ့်သံလေးနှင့် သူ့ကိုပြောနေချိန်မှာပဲ သူနာပြု ဆရာမလေး အနားကိုရောက်လာသည်။

''နေသာရဲ့လားဟင်''

သူ့ကိုပြုံးပြုံးလေးကြည့်မေးလာသော ဆရာမလေးစကားကြောင့်

''ဟုတ်ကဲ့ ဒါပေမဲ့ မျက်နှာတစ်ခုလုံး တင်းကြပ်နေတယ်၊ ကျွန် တော်နေရတာ အဆင်မပြေဘူးဆရာမ''

''ဒဏ်ရာတွေကြောင့် ပတ်တီးစည်းထားရတာပါ''

''ကျွန်တော့်မျက်နှာက ဒဏ်ရာတွေက အတော်များလို့လား''

''ကားအက်ဆီးဒင့်ဖြစ်တုန်းက မှန်ကွဲစတွေက မျက်နှာကို စိုက် ဝင်ကုန်တာလေ၊ ဆရာဝန်ကြီးတွေ အသေအချာ ခွဲစိတ်ထုတ်ပေးထားရ တယ်၊ ရှင်အရမ်းကံကောင်းပါတယ်၊ မျက်လုံးတွေကို မထိခိုက်မိဘူး''

''ဟုတ်တယ် သား၊ သားလေး ကံကောင်းတယ်၊ အခု မျက်နှာ ပေါ်က ဒဏ်ရာအမာရွတ်တွေလည်း ဘာမှမကျန်ရစ်အောင် ပါရဂူကြီး တွေနဲ့ ကုသဖို့ ကြီးကြီး စီစဉ်ထားတယ်၊ ပလပ်စတစ်ဆာဂျရီနဲ့ ကုသ ပေးရင် သားမျက်နှာနဂိုအတိုင်းဖြစ်သွားမှာပါ''

ကြီးကြီးက ဝင်ပြောတော့ သူ နာကျင်စွာ ပြုံးလိုက်မိသည်။ အားလုံးသည် အကောင်းပကတိအတိုင်း ပြန်ဖြစ်မှာတဲ့လား။

''ဟင့်အင်း သားမျက်နှာကို နဂိုအတိုင်းပြန်မရချင်တော့ဘူး ကြီးကြီး၊ ဒီအတိုင်းထားလိုက်ပါ''

''ဘယ်လို သား''

''ဟုတ်တယ် ဒီဒဏ်ရာအမာရွတ်တွေအတိုင်းပဲ ရှိစေချင်တယ်''

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ သားရယ်၊ ဒါ ကုသလို့ရတာပဲ၊ ကြီးကြီး သားကို ကြီးကြီးကုသပေးမှာပေါ့"

"သားမကုချင်ဘူး ကြီးကြီး၊ ဒဏ်ရာတွေနဲ့အတိုင်းပဲ ရှိပါစေ"

"အို သားလေးရယ်၊ ကြီးကြီး စိတ်မချမ်းသာအောင် မပြော ပါနဲ့၊ သားကို ကြီးကြီး ဆက်ကုသခွင့်ပေးပါနော်"

"ကြီးကြီးစိတ်တိုင်းကျ အရာရာလုပ်ခဲ့ပြီးပါပြီ ကြီးကြီးရယ် ဒီတစ်ခါတော့ သားစိတ်တိုင်းကျ နေခွင့်ပေးပါ၊ ကံကြမ္မာက ပေးခဲ့တဲ့ ဒီဒဏ်ရာတွေနဲ့ပဲ သားနေခွင့်ပြုပါ"

စကားအဆုံးမှာ သူ မျက်ဝန်းတွေမှိတ် ငြိမ်သက်နေလိုက်သည် ကြီးကြီးရှိုက်သံတွေကြားနေရပေမယ့် သူ့မျက်ဝန်းတွေမဖွင့်ဘဲ တိတ်ဆိတ် ငြိမ်သက်နေမြဲ။

အာရုံထဲမှာ မိုးလေး မျက်နှာလေးကို မြင်ယောင်လာမိပြန် သည်။ အခုလောက်ဆို မိုးလေး ဒုက္ခတွေရောက်နေပြီလား။

ကြီးကြီး ရက်ရက်စက်စက် မောင်းထုတ်ပစ်လိုက်သော မိုးလေး ခမြာ ဘယ်ဆီကိုရောက်နေပြီလဲ။

သူ သိချင်သည်။ တွေ့ချင်သည်။ ဒါပေမဲ့ သူ့အခြေအနေ မိုးလေးကို ရှာဖွေနိုင်ဖို့ အခွင့်အရေးမရှိပါ။

◼ ◼ ◼

"စိတ်မကောင်းမဖြစ်ပါနဲ့ အန်တီရယ်၊ အန်တို့သား နားလည် အောင် ဆရာဝန်ကြီးတွေနဲ့ ပိုင်းဝန်းဖျောင်းဖျကုသကြတာပေါ့"

မျက်ရည်စတွေနှင့် ရှိုက်ငိုနေသော သူမကို ဆရာမလေး



နှစ်သိမ့်ပေးသည်။ ဒါပေမဲ့ ဆရာမလေးပြောသလို အလွယ်တကူ ဖြစ်လာ မှာမဟုတ်ဆိုတာ သူမ သိနေသည်။

သားက မျက်နှာပေါ်မှာ ဒဏ်ရာအမာရွတ်တွေကို မကုသဘူး ဟုပြောသည်။ ဒီတစ်ခါတော့ သားကို သူမ ဘယ်လိုမှချော့မော့လို့ ရမှာ မဟုတ်တာ သေချာသည်။

အဒေါ်ဖြစ်သူအပေါ်မှာ သားနာကျည်းသွားခဲ့ပြီဆိုတာ သားရဲ့ မျက်ဝန်းတွေထဲမှာ မြင်တွေ့နေခဲ့ရ၏။

"ကြီးကြီး စိတ်တိုင်းကျ အရာရာလုပ်ခဲ့ပြီးပါပြီ ကြီးကြီးရယ်၊ ဒီတစ်ခါတော့ သား စိတ်တိုင်းကျ နေခွင့်ပေးပါ"

သား နာကျင်စွာဆိုခဲ့သော စကားသံတွေက နားထဲမှာပဲတင်နေ ဆဲ။

သားစကားလည်း မမှားခဲ့ပါ။ အရာရာကို သူမ စိတ်တိုင်းကျ စီမံခဲ့တာလည်း အမှန်ဖြစ်ခဲ့သည်။

သားအနားမှာ ရွှေမိုးညိုကို မရှိစေချင်တာကြောင့် အဝေးကို မောင်းထုတ်ဖို့ စီစဉ်ခဲ့သည်။

မေလေးကိစ္စတွေ မပြီးပြတ်ခင် ညိုလေးကို အပြတ်ရှင်းရမည် ဆိုတာ သူမ တွေးမိသည်။ ဒါကြောင့်လည်း မိခင်ဖြစ်သူ အရေးကိစ္စတွေ နှင့်သာ ရှုပ်ထွေးနေတုန်းမှာပဲ စီစဉ်လိုက်တာ ဖြစ်သည်။

ထိုနေ့က သားအိမ်မှာမရှိခိုက် ညိုလေးကို အိမ်ကထွက်သွားဖို့ အကွက်ကျကျ စီမံလိုက်၏။

"မိညို အခုချက်ချင်း ညည်းအဝတ်အစားတွေထည့်

www.burmeseclassic.com



"ကြီးကြီး မိုးလေး တောင်းပန်ပါတယ်"

"တော် တိတ် ငါ ဘာမှညည်းအသံထပ်မကြားချင်ဘူး။ ငါ ပြောသလိုလုပ်၊ ဟဲ့ မိမော် သွား၊ သူ့အခန်းထဲက အဝတ်အစားတွေ ထည့်ပေးလိုက်စမ်း"

"ဟုတ် ဟုတ်ကဲ့ ကြီးစိန်"

"ကြီးကြီး မိုးလေးကို ဘယ်ပို့မလို့လဲဟင်၊ မိုးလေး ဘယ်မှမသွား ပါရစေနဲ့နော်"

"မသွားလို့မရဘူး။ ညည်းကို ငါ အိမ်မှာဆက်မထားနိုင်ဘူး သားနဲ့လည်း ငါ လုံးဝသဘောမတူဘူး"

"မိုးလေး မေမေရက်လည်ပြီးတဲ့အထိ နေပါရစေ ကြီးကြီး မိုးလေး တောင်းပန်ပါတယ် ကြီးကြီးရယ်"

"ဘာမှ ငါ့ကိုအထွန့်မတက်နဲ့ မိညို၊ ညည်းမျက်နှာကို ငါ ဒီအိမ်မှာ တစ်မိနစ်တောင် မမြင်ချင်ဘူး၊ ဟော့ လာကြစမ်း သူ့ ကားပေါ်ခေါ်သွားကြ"

ဒေါ်စိန်စိန် အမိန့်ပေးလိုက်တော့ ဗလကောင်းကောင်း ယောက် ကြီးနှစ်ယောက် ချက်ချင်းရောက်လာကာ ရွှေမိုးညိုကို ချုပ်နှောင်ဆွဲ သွားကြသည်။

"ကြီးကြီး မိုးလေး တောင်းပန်ပါတယ်၊ မိုးလေးကို သနား

ရွှေမိုးညိုအသံတွေကို ဥပေက္ခာပြုရင်း ဒေါ်စိန်စိန် ကျော လိုက်သည်။

"ဟဲ့ မရွှေ မိမော် နင်တို့ပါးစပ်တွေလည်း ဒီကိစ္စမှာ ရေငုံ





ပိတ်နေကြပါ၊ သားမေးရင် ဘာမှမပြောနဲ့၊ ငါပြောတဲ့အတိုင်းပဲပြော၊ အေး ဒါကိုမှ မနာခံရင် ငါ့အိမ်ပေါ်က ချက်ချင်း ခေါင်းနဲ့ဆင်းရမယ်မှတ်"

"ဟုတ် ဟုတ်ကဲ့"

နဂိုကတည်းက ဒေါ်စိန်စိန်ကို ကြောက်ရွံ့ကြသော ဒေါ်ရွှေနှင့် မိမော် ဘာမှမပြောနိုင်ကြဘဲ ခေါင်းလေးညိတ် နာခံကြသည်။

ရွှေမိုးညိုကို တောက ဆွေမျိုးတွေဆီ ချက်ချင်းပို့လို့မဖြစ်တာ ကိုလည်း ဒေါ်စိန်စိန် သိသည်။ အိမ်က ရွှေမိုးညိုပျောက်သည်နှင့် သား က လိုက်ရှာမှာသေချာသည်။

ဒါကြောင့်လည်း မော်ဘီဘက်က ခြံတစ်ခြံမှာ ပို့ထားခဲ့သည်။ ထွက်ပြေးလို့မရအောင် အစောင့်အရှောက်တွေလည်း လုံခြုံအောင် စီမံ ထားခဲ့သည်။

အရေးကြီးတာက ဒီကာလအတွင်းမှာ သားကို ဖျောင်းဖျနားချ တာ ငွေတာရီနှင့်ပေးစားဖို့ ဖြစ်သည်။

အခုတော့ သူမရဲ့အစီအမံတွေအားလုံး မဖြစ်နိုင်တော့တာဆိုတာ သေချာခဲ့ပြီ။ အလင်းဗိမာန်ဆိုသော သားရဲ့နိုင်မာပြင်းပြသော စိတ်ဓာတ် ကို သူမ သိလိုက်ခဲ့ပြီ။

အားလုံးသည် သားကိုချစ်သော အတ္တနှင့် သူ ပြုခဲ့တာဖြစ်သည်၊ ဒါပေမဲ့ ထိုအတ္တချစ်ခြင်းတွေက အဆိပ်အတောက်ဖြစ်ခဲ့တာလည်း သေ ချာပါသည်။

သားရဲ့မေမေ မေလေး ဆုံးပါးခဲ့ရတာလည်း သူမ ပယောဂ ကောင်းတာအမှန်။ ညီလေးကို မုန်းတီးစိတ်နှင့် သူမ အိမ်ပေါ်က မောင်း

www.burmeseclassic.com



ချခဲ့တာကြောင့် မေလေး စိတ်ထိခိုက်ကာ အသက်ပါပါသွားခဲ့၏။

အခုတစ်ကြိမ်မှာလည်း သား အလင်းဗိမာန်ကို ဆုံးရှုံးရလုနီးပါး ဖြစ်ခဲ့ရသည်။

အားလုံးသည် သူမရဲ့အမှားတွေ၊ ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ မှားခဲ့ သောအမှားတွေ ဖြစ်သည်။

လောကကြီးမှာ သူမအချစ်ဆုံး သားကတောင် နာကျည်းရှုံ သွားခဲ့ပြီလား။ ဟင့်အင်း ဒီဘဝကြီးကို သူမ မပိုင်ဆိုင်ချင်ပါ။

သားအလင်းဗိမာန်အတွက် လိုအပ်သူက ရွှေမိုးညို။

သားကိုချစ်သော သူမက ဘာကြောင့် သားနှလုံးသားကို နင်း ချေဖို့ ကြိုးစားနေမိတာလဲ။

ကြီးကြီး သိပ်မှားခဲ့တယ် သားရယ်။ ကြီးကြီးကိုခွင့်လွှတ်ပါ။ သားနှလုံးသားလေး မထိခိုက်စေရပါဘူး။ ညိုလေးအပေါ် ထားခဲ့တဲ့ အမုန်းတရားတွေကို ကြီးကြီး ခဝါချလိုက်ပါပြီ။

နိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ဒေါ်စိန်စိန် ရင်ထဲက အပူ တွေ ငြိမ်းချမ်းသွားခဲ့၏။

အို့ညြစရာကောင်းလိုက်တာ။ မေတ္တာတရားရဲ့ စစ်မှန်ခြင်းက အေးချမ်းမှုဆိုတာ သူမ သိလိုက်ခဲ့ပြီ။

■ ■ ■



## အခန်း (၃၅)

ဗိမာန် နိုးလာပေမယ့် မျက်ဝန်းတွေ မဖွင့်သေးဘဲ ငြိမ်သက်နေ သည်။

သင်းပျံ့ပျံ့ သနပ်ခါးရနံ့လေးက နှာဝကို တိုးဝင်လာတော့ ရင်ထဲမှာ လှိုက်ခနဲ ခုန်သွားသည်။

ဒီသနပ်ခါးရနံ့လေးတွေကို ညစဉ်မက်သည့် အိပ်မက်ထဲမှာပဲ သူ ရှူရှိုက်ခဲ့ရသည်။ မိုးလေးဆီကပဲ ပိုင်ဆိုင်ဖူးသော ရနံ့လေး။

သူ အိပ်မက်မက်နေတာလား။ မယုံမရဲ မျက်ဝန်းတွေဖွင့်ကြည့် တော့

"ဟင် မိုး လေး"

"ကိုကို နိုးပြီလားဟင်"

သနပ်ခါးမှုန်မှုန်လေး ခြယ်သထားသော မိုးလေး ပြုံးပြုံးလေး သူ့ကိုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုး မိုးလေး ကိုကို့ဆီပြန်လာတယ် ဟုတ်လား၊ ကိုကိုအိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်"

"အိပ်မက်မဟုတ်ပါဘူး သားရယ်"

"ဟင် ကြီးကြီး"

သူ့ကိုပြုံးကြည့်နေသော ကြီးကြီးမျက်နှာကို မြင်လိုက်တော့ သူ အံ့သြမိသည်။ ကြီးကြီးမျက်နှာက သူ တစ်ခါမှမမြင်ဖူးသော ကြည်နူးခြင်းတွေ ရောင်စဉ်ဖြာနေသည်။ ပြီးတော့ မိုးလေးမျက်နှာကလည်း ကြည်နူးရိပ်တွေ ဖြာဝေနေ၏။

"ကြီး ကြီးကြီး မိုးလေးက ဟို ဟို ကြီးကြီးခေါ်လာတာလား ဟင်"

"ဟုတ်ပါတယ် သား၊ သားတို့ချစ်ခြင်းကို ကြီးကြီး ဘယ်တော့မှ မခွဲတော့ဘူး"

"ဟာ ဝမ်း ဝမ်းသာလိုက်တာ ကြီးကြီးရယ်"

သူပြောရင်း ကုန်းထထိုင်တော့ မိုးလေးက သူ့ကိုဖေးမထိန်းကိုင်ပေးရင်း

"ကိုကိုရယ် ကြီးကြီးလာပြောတော့ မိုးလေး အရမ်းစိတ်ပူသွားတာပဲ သိလား"

"ကိုကို ကံကောင်းပါတယ် မိုးလေးရယ်၊ ကိုကို ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ပေမယ့် သားမျက်နှာပေါ်က ဒဏ်ရာတွေကိုတော့ ခွဲစိတ်ကုသရဦးမယ်လေ သားရဲ့"





ကြီးကြီး ဝင်ပြောတော့ သူ မိုးလေးကို ပြုံးကြည့်ရင်း

"ဒဏ်ရာတွေကို ကုသရင် သား ဆေးရုံပေါ်မှာပဲ ဆက်နေရဦးမှာပေါ့၊ မိုးလေးနဲ့မခွဲနိုင်ဘူး၊ မိုးလေးကတော့ ကိုကို့မျက်နှာအကျည်းတန်နေလည်း အချစ်မလျော့ဘူးမဟုတ်လား"

"ကိုကိုရယ် မိုးလေးအချစ်တွေက ကိုကို့အပေါ် ဘယ်တုန်းကမှ မလျော့ပါဘူး"

"အမလေး အတိုင်အဖောက်ညီနေလိုက်ကြတာ၊ ကြီးကြီး တောင်းပန်ပါတယ် သားရယ်၊ သားမျက်နှာလေး မလှမပဖြစ်နေတာ ကြီးကြီး မမြင်ရက်ဘူး"

"ဟုတ်တယ် ကိုကို၊ ကြီးကြီး စိတ်ချမ်းသာအောင် ကိုကို ကုသလိုက်ပါနော်"

"ဘာလဲ မိုးလေးက ကိုကို့မျက်နှာအကျည်းတန်နေရင် မချစ်ဘူးပေါ့ ဟုတ်လား"

" ကိုကိုရယ် ကိုကို့နှလုံးသားကို မိုးလေးချစ်တာပါ၊ ကိုကို့မျက်နှာနဲ့မဆိုင်ပါဘူး၊ ဒါပေမဲ့ ကိုကို့မျက်နှာက ဒဏ်ရာတွေက ကုသလို့ရရက်နဲ့ ကိုကို ခေါင်းမာနေတာ မဖြစ်သင့်ဘူးလေ၊ ကိုယ့်ချစ်သူ ချောမောတာတော့ မိုးလေး မြင်ချင်တာပေါ့"

"ကြည့်စမ်း စကားတတ်လိုက်တဲ့ မိုးလေး၊ ကောင်းပါပြီဗျာ ကိုကို ကြီးကြီးနဲ့မိုးလေး စကားကို နာခံပါ့မယ်"

"ကိုကို့အနားမှာ မိုးလေး အမြဲပြုစုပေးမှာပါ"

"ကဲ ကဲ သားနဲ့သမီးနေကြဦး၊ ကြီးကြီး ဆရာဝန်ကြီးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားတွေဦးမယ်''

ကြီးကြီး အလိုက်တသိ ရှောင်ထွက်ပေးသွားတော့ သူ မိုးလေး ခန္ဓာကိုယ်လေးကို သိုင်းဖက်ရင်း

''ကိုကို မြတ်နိုးစွဲလန်းတဲ့ သနပ်ခါးနံ့လေးတွေ မရှူရှိုက်ရတာ ကြာပြီ''

''ကိုကိုနော် ဆေးရုံကြီးပေါ်မှာ''

မိုးလေး ရှက်သွေးလွှမ်းသော အပြုံးလေးနှင့်ဆိုတော့ သူ သဘောကျစွာရယ်လိုက်မိသည်။

သူ့ရင်ထဲမှာ ကြည်နူးလှိုက်ဖိုသောအပျော်တွေ ဝေနေသည့် မိုးလေးရင်ထဲမှာလည်း အပျော်တွေဝေနေမှာ သေချာသည်။

ကြီးကြီးရဲ့အမုန်းတွေ ကင်းစင်သွားသော မိုးလေးနှင့်သူ့ အနာဂတ်ဘဝလေးက ငြိမ်းချမ်းနေခဲ့ပြီ။

ထို့အတွက် ကြီးကြီးကို သူ အရမ်းကျေးဇူးတင်သည်။

အမုန်းတို့ကင်းစင်သော ချစ်ခြင်းတွေနှင့် ငြိမ်းချမ်းသော မိသားဘဝလေးက မဝေးတော့သော အနာဂတ်မှာ ပိုင်ဆိုင်ရတော့မှာ အသေအချာ။

ပရိသတ်အတွက်
အမြဲတမ်း
သျှိုး

BURMESE CLASSIC .com
www.burmeseclassic.com